www.burmeseclassic.com

# ပျူး

## နတ်ဆိုးကျိန်စာ




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ပျူစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း။
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စေ/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် ☎: ၀၉ ၄၂၀၂၄၃၃၂၂
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ ဧက်တင်ဘာ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ပျူစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
ပျူ
နတ်ဆိုးကျိန်စာ
ပျူစာပေ ၊ ၂၀၁၅။
၂၄၀ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) နတ်ဆိုးကျိန်စာ

# အခန်း (၁)

ဒိုရေ x မီ x ဖာဆိုလာ x x ဖာဆိုလာ x x ဖာ x x ဆို x x လာ ဒိုရေ x မီ x ဖာဆိုလာ x x x

ဦးသောင်းကျော် စန္ဒရားခလုတ်တွေပေါ် လက်ချောင်းတွေ လှုပ်ရှားတီးခတ်ရင်း ဖာဆိုလာတွင် တစ်နေသည်။ ရှေ့မဆက်တတ်တော့။

ရင်ထဲမှာ အနုပညာစိတ်ရှိနေပေမယ့် အသက်လေးဆယ်ကျော်မှ အနုပညာတေးသွားတွေကို မဖန်တီးတတ်တော့ ရမ်းသမ်းပြေးလွှားနေတဲ့ လက်ချောင်းတွေမှာ အနုပညာခံစားမှုတွေ မစီးဆင်းတော့။

ထို့ကြောင့် ဖာဆိုလာ ဖာဆိုလာနှင့်ပဲ ရှေ့ဆက်တက်၍ မရတော့တာ ဖြစ်သည်။

"လေးလေး မနက်စောစောစီးစီး ရုံထားစက်ခေါင်းလိုအသံမျိုးကြီးနဲ့ ပေါက်ကရမိန်းမတွေကို ခေါ်နေတာတော့ မကောင်းပါဘူးဗျာ၊ ခေါ်ချင်ရင်လည်း ညဘက်မှ သူတို့ရှိနေတဲ့နေရာတွေမှာ တိုးတိုးတိတ်တိတ်



www.burmeseclassic.com

www.burmeseclassic.com



သွားရှာပေါ့"

ဘယ်အချိန်တည်းက လှောင်ပြောင်ဖို့ ရောက်နေသည်မသိသော အာကာမင်းသျှံကို ဦးသောင်းကျော် ပြုံးကြည့်လိုက်ပြီး

"ဟာ ဟော့ကောင် ဘာတွေလျှောက်ပြောနေတာလဲ၊ တီးရင်းတီးရင်း သံစဥ်ပျောက်နေလို့ ဆန်တင့်ငင့်ဖြစ်နေရတဲ့ကြားထဲ"

"လေးလေးဘာတွေ ဆန့်တင့်ငင့်ဖြစ်နေလဲဆိုတာ ကျွန်တော်သိပါတယ်ဗျာ"

"ဟော့ကောင် မင်းက ဘာသိတာလဲ"

"ဟိုဘက်အိမ်က အပျိုကြီးကိုလေ"

အာကာမင်းသျှံစကားကြောင့် ဦးသောင်းကျော် ရှက်ကိုးရှက်ကန်း ရယ်လိုက်ပြီး

"သူ သူက ငါ့ကို ကြိုက်မယ့်ပုံမပေါ်ပါဘူးကွာ"

"ဒါကြောင့် လေးလေးက ဖာဆိုလာ ချည်းပဲ လိုမ့်အော်နေတာမဟုတ်လား၊ တော်ကြာ အိမ်ရှေ့က ဖြတ်သွားတုန်း ဦးလေးရဲ့ ဖာဆိုလာဆိုတဲ့အသံကြီးကြားပြီး သူတို့ကို ခေါ်တယ်ထင်ပြီး အိမ်ထဲဝင်လာဦးမယ်"

အမြဲတမ်း ဘရွတ်ရွတ်ပြောတတ်သော တူတော်မောင်ကို မကျေမနပ်ကြည့်ရင်း ဦးသောင်းကျော် စန္ဒရားခုံမှ ထလိုက်သည်။

"တော်ပြီကွာ မင်းလာတာနဲ့ မုဒ်ပျက်သွားပြီ"

"မုဒ်ပျက်ရင် မုန့်ဖိုးပေးလေ"

"မင်းမာမီဆီ လှမ်းတောင်းပါလား"





"ဟိုနေ့က တောင်းပြီးပြီ၊ ဆယ်သိန်းပို့လိုက်တာ ကုန်ပြီ၊ ဒီနေ့ပါ ထပ်တောင်းရင် မြင်သစ်ကာနဲ့ ကဆုန်ပေါက်ပြီး ပြေးလာလိမ့်မယ်"

ဆယ်သိန်းကို ရက်ပိုင်းအတွင်း ကုန်အောင်သုံးလိုက်သည်ဆို၍ ဦးသောင်းကျော် မျက်လုံးပြူးသွားသည်။

"မင်း ဘာတွေလုပ်လို့ ရက်ပိုင်းအတွင်း ကုန်သွားရတာလဲ၊ ဟာကွာ မင်းအဖေတွေ အမေတွေ ဟိုမှာရှာသမျှ မင်းက ဒိုင်ခံထိုင်ပြီး သုံးဖြုန်းပေးနေတာပဲ"

"ကုန်ကျစရာကိစ္စလေးတွေ ပေါ်လာလို့ပါ လေးလေးရာ၊ ကဲပါ တစ်သိန်းလောက်ပေးပါ"

"ရှိဘူး သွား ငါလည်း ငါ့ငွေနဲ့ငါ ချိန်သုံးနေရတာ၊ မင်းကိုပေးဖို့မရှိဘူး"

"ကိုယ်တစ်ယောက်ထဲတောင် ဟိုဘက်နည်းနည်းတိုးပါ ဖြစ်နေရတဲ့ကြားထဲ"

"ဟွန်း ကပ်စေးနည်းကြီး ရှိသမျှငွေတွေကျတော့ ဘဏ်ထဲထည့်ထားပြီး မသိတာကျနေတာပဲ၊ ဒါကြောင့် လူပျိုမှိုတက်ကြီး ဖြစ်နေတာ"

မကျေမနပ် တွတ်ပွတွတ်ပွပြောပြီး ခြေသံတဒုန်းဒုန်းနင်းကာ ထွက်သွားသော တူတော်မောင်ကိုကြည့်ပြီး အလိုလိုနေရင်း သက်ပြင်းချလိုက်သည်။

ဒီကောင် ငွေသုံးပုံက လမ်းပေါ်က ကျောက်ခဲခွေကောက်ပြီး

www.burmeseclassic.com



သုံးနေရတယ်များ ထင်နေသလားမသိ။ သုံးလိုက်တာမှ ပိုးစိုးပက်စက်။ တွေလေးနှစ်ယောက်ရှိပါတယ် စရိုက်ချင်းက ဆီနဲ့ရေ၊ ငပိနဲ့ချိုင်။ ကျောက်ခဲနဲ့ပတ္တမြားလို ယှဉ်လို့ကို မရတာ။ အကြီးကောင် ဝေယံမင်းသျှံက ဆရာဝန်။ စိတ်ခတ်ပိုင်းဆိုင်ရာ ပြောစရာမရှိအောင်ကို မြင့်မြတ်တည်ကြည်သူ။ ဝေယံမင်းသျှံတွင် အပြစ်ပြောစရာဆိုလို့ ဇီဇာကြောင်တတ်သော အမူအကျင့်တစ်ခုသာလျှင် ရှိ၏။

အငယ်ကောင် အာကာမင်းသျှံကတော့ ကောင်းကွက်တစ်ကွက်မှ မရှိလောက်အောင်ကို အရာရာကိုညံ့သူ။ ဆယ်တန်းတဘုန်းဘုန်းကျလွန်း၍ မိဘတွေက ဘော်ဒါပို့သည်။ ပညာအရည်အသွေးမပြည့်မီ၍ ဘယ်ဘော်ဒါကမှ လက်မခံ။ ဆယ်တန်းကို တဘုန်းဘုန်းကျလွန်း၍ မိဘတွေက ကျောင်းဆက်ထားရမှာပင် မျက်နှာပူလာရသည့်အဖြစ်။ ပညာရေးဝန်ကြီးက တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဖို့ မေးခွန်းနှင့် အဖြေလွှာလာပေးပြီး မင်း ဒါကိုသာ ကူးရေးပြီး ဖြေလိုက်တော့ဆိုလျှင်တောင် စုတ်ချာသောလက်ရေးတွေကို စာစစ်ဌာနမှ ဆရာမတွေ မဖတ်တတ်သည့်အပြင် စာလုံးပေါင်းသတ်ပုံတွေ မမှန်သဖြင့် ကြာပါတယ်ကွာ ကြာပါတယ်ကွာ ဆိုပြီး မင်နီနှင့်ပြီခနဲ ဖြန်းခနဲ ခြစ်ချလိုက်၍ ဘဲဥပင်ကွဲလောက်မည် မထင်။ အဲလောက်ကို တော်တာပါ။

ဆန့်ကျင်ဘက်ကွာဟနေသော တူနှစ်ယောက်နှင့် နေ့ရက်တွေကိုကျော်ဖြတ်၍ ဦးသောင်းကျော် ခေါင်းမီးခိုးထွက်မတတ်ပါပဲ။

■ ■ ■



ခုခံအားကျဆင်းမှု ကူးစက်ရောဂါ နှစ်သိမ့်ဆွေးနွေးပညာပေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အစည်းအဝေးခန်းမထဲမှ ထွက်လာသောဝေယံမင်းသျှံသည် ညက တစ်ညလုံး ဂျူတီဝင်ထားပြီး ဒီနေ့မနက်အိပ်တန်းမပြန်အားဘဲ ကူးစက်ရောဂါနှစ်သိမ့်ဆွေးနွေး ပညာပေးအစည်းအဝေးကို တက်ရသေးသည်။

သူ့အဖို့ တစ်နေ့တာပတ်လုံး အနားယူချိန်မရှိအောင် အလုပ်တွေက ဒေါင်ချာဆိုင်းနေရသည်မို့ အိပ်ချိန်စားချိန်ပင် သိပ်မမှန်တော့။ လူက ညောင်နာနာပင် ဖြစ်နေသည်။

"ဒေါက်တာသျှံ မဟုတ်လား"

ခပ်လေးလေးလှမ်းနေသော ခြေလှမ်းတွေ ရျုံကြည်ကြည်အသံလေးကြောင့် ခေတ္တရပ်ပြီး ငဲ့ကြည့်လိုက်သည်။ ဆရာဝန်မလေးတစ်ယောက်ဟု တန်းခနဲ သိရလောက်အောင် ဂျူတီကုတ်အဖြူရောင်လေးနှင့် ယှဉ်စပြုံးပြနေသော ထိုမိန်းကလေးသည် အလွန်လှသော မိန်းကလေးဟု ချက်ချင်း မှတ်ချက်ချရလောက်အောင် အလှတရားတွေထဲမှ အကြည့်တွေ မခွာချင်။

"ဟုတ်ပါတယ် ကျွန်တော့်ကို သိနေတာလား"

"ဒေါက်တာသျှံကို အရင်က နာမည်ပဲကြားဖူးနေတာပါ၊ ခုမှပဲ လူကိုယ်တိုင် မြင်ဖူးတော့တယ်၊ ကျွန်မ နာမည်က ကုံကော်ပွင့်ပါ၊ ဒီဆေးရုံကို ဒီနေ့ပဲ ပို့စ်စတင်ကျတာလေ၊ အလုပ်တာဝန်ကတစ်ဖက် Thesis (သီးဆစ်)တင်ချင်တာကတစ်ဖက်မို့ ဟောဒီ ကူးကာဆေးရုံကို

www.burmeseclassic.com



ရွေးမိသွားတယ်''

ဒီမိန်းကလေး အာဂသတ္တိပဲဟု စိတ်ထဲမှ ချီးကျူးလိုက်သည်။

''ဒါနဲ့ ကျွန်တော့်နာမည်ကို ဒေါက်တာ သိနေတယ်ဆိုတာက''

သူ့ အမေးကြောင့် ကံ့ကော်ပွင့် သေသေသပ်သပ်လေး ပြုံးလိုက်သည်။ ထိုအပြုံးသည် အင်မတန်နှစ်လိုဖွယ်ကောင်းသော အပြုံးဟု မှတ်ချက်ချမိပြန်သည်။

''ကံ့ကော်ရဲ့ဆရာအရင်းဖြစ်တဲ့ ပါမောက္ခဒေါက်တာ ဦးနိုင်ဝင်းရှိန်က ဒီဆေးရုံကိုလွှဲပေးလိုက်တာ အဲဒီဆေးရုံမှာ ဆရာ့ရဲ့တပည့် ဒေါက်တာ ဝေယံမင်းသို့ ရှိပါသတဲ့၊ ဆေးလောကမှာဆိုရင်တော့ ဒေါက်တာသို့လို့ သိထားကြတယ်တဲ့၊ လိုအပ်တဲ့အကူအညီမှန်သမျှ ဒေါက်တာသို့ဆီက တောင်းပါတဲ့''

''သြော်၊ ဆရာကြီးရဲ့တပည့်ပဲ''

''ဟုတ်ကဲ့ ကံ့ကော်က ဒေါက်တာသို့ရဲ့ ဂျူနီယာပါ''

''ဘယ်လိုပဲဖြစ်ဖြစ် တကယ်လိုအပ်နေတဲ့နေရာမှာ ဒေါက်တာကံ့ကော်တို့လို ဆရာဝန်မလေးတွေ ပြောင်းလာတာ ကျွန်တော် အားတက်မိပါတယ်''

''အဲဒါ ကံ့ကော်ရဲ့ဝါသနာလေ၊ ကံ့ကော်က သူများတွေစိတ်မဝင်စားတဲ့အကြောင်းအရာတွေကို ရှာဖွေလေ့လာချင်တာ အကျင့်တစ်ခုဖြစ်နေပြီ၊ ခုဆို မြန်မာနိုင်ငံမှာ AIDS လို ကူးစက်ရောဂါနှုန်းတွေကအရှိန်ကိုမြန်နှုန်းမြင့်လာပြီဆိုတော့ မြန်မာနိုင်ငံရဲ့ အနာဂတ်အရေးကအရှိန်ကို ရင်လေးစရာကောင်းနေပါပြီ၊ ဒါကြောင့် ဒီရောဂါရဲ့အခြေအမြစ်တွေကို အသေးစိတ်လေ့လာချင်တယ်၊ ဘယ်လိုနည်းလမ်းတွေသုံးပြီး ကာကွယ်တားဆီးရင် ရောဂါဖြစ်ပွားမှုနှုန်းကို ရပ်တန့်ပစ်လိုက်နိုင်မလဲဆိုတာကို အဖြေရှာချင်တယ်၊ ဒါကြောင့် ဒီကူးစက်ဆေးရုံကို တောင်းလိုက်တာပါ''





''ဒေါက်တာ ကံ့ကော်ရဲ့စိတ်ဓာတ်ကို လေးစားပါတယ်ဗျား ကွန်ဂရက်ကျူလေးရှင်းပါ''

ရင်ထဲမှာ အထင်ကြီးစိတ်တစ်ပုံတစ်ပင်နှင့် လက်ခွဲနှုတ်ဆက်လိုက်သည်။ အပြုံးတွေသည် နွေးမြနေသလို လက်ဖဝါးနုနုတို့သည်လည်း ထွေးအိနူးဖတ်နေပြန်ပါသည်။

ဝေါင်စင်းစင်းဖြစ်နေသော ဒေါက်တာသို့ ရင်ထဲ လတစ်စင်း အလိုလိုဝင်သာသွားသလိုပါပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟဲ့ သီတာလင်း၊ သီတာလင်း၊ ဘယ်သွားကြလဲ၊ တစ်ကောင်မှ မရှိကြဘူးလား"

အဖေ့ခေါ်သံကြောင့် ပိုင်း ရင်ထဲ ဒိန်းခနဲ ခေါင့်ခုန်သွားသည်။ စာကျက်ရင်း ကိုင်ထားသော လက်ထဲမှ ဘောပင်ကို ဒေါက်ခနဲချပြီး အိမ်ရှေ့သို့ ကပျာကယာ ထွက်ခဲ့လိုက်သည်။

"အဖေ ပြန်လာပြီလား"

"ငါပြန်လာလို့ နှင့်မျက်စိရှေ့ရောက်နေတာပေါ့၊ နှင့်သောက်လုံး မမြင်ဘူးလား"

ရင့်သီးသောစကားလုံးတွေက အဖေ့ထံမှ နေ့စဉ်ကြားနေကြမို့ ပိုင်းအတွက် မဆန်းတော့ပေမယ့် အဖေပြန်လာတာတောင် အိမ်ကို ပြန်မရောက်သေးသော အမေ့အတွက်တော့ ပိုင်း ပူပန်စိုးထိတ်မိပါသည်။

"နင့်အမေရော"





"အပြင်ခဏသွားတယ် အဖေ၊ ဟို ခု ခုလေးတင်ပါ အဖေ လမ်းထိပ်မှာမတွေ့ခဲ့ဘူးလား"

အမေ့ကို အပြစ်မဆိုသာအောင် စကားဖြင့် ချုပ်လိုက်သည်။

"အဲ့ကောင်မက ဘာလို့ အပြင်ခဏ ထွက်သွားရတာလဲ ဘယ်လင်ငယ်နဲ့ သွားချိန်းတွေ့နေလို့လဲ"

မကြားဝံ့ မနာသာတွေ ဆက်တိုက်ထွက်တော့မည်မို့ ပိုင်း အရှိန်မီ အကြောင်းပြချက်ပေးမှ ရတော့မည်။

"မဟုတ်ဘာ အဖေရယ်၊ အဖေပြန်လာရင် အရက်နဲ့မြည်းရအောင်ဆိုပြီး လမ်းထိပ်က ဒေါ်အမိနာဆီမှာ အမဲကြော် သွားဝယ်တာပါ"

အမေပြန်လာလျှင် အမဲကြော် ပါမပါတော့ မသိ။ ခုလောလောဆယ် အဖေ့ဒေါသမုန်တိုင်းတွေ ဒီထက်ပိုပြီး ပြင်းထန်မလာခင် မက်လုံးလေးပေးထားလိုက်ခြင်းပင် ဖြစ်သည်။

အဖေသည် မိသားစုကို ဝမ်းဝ၊ ခါးလှအောင် ရှာမကျွေးရင်သာနေရမည် မိသားစုအပေါ် နိုင်ထက်စီးနင်းပြောဆိုဆက်ဆံပြီး အမြဲအနိုင်ယူတတ်တာကတော့ အဖေ့ထံမှ ညာဉ်ဆိုးတစ်ခုဖြစ်သည်။

မိန်းမငယ်ငယ်လေးယူထားပြီး ချစ်ခင်ကြင်နာယုယမှုတွေမပေးဘဲ အမြဲတမ်း ကြမ်းတမ်းစွာဆက်ဆံသော အဖေ့ကို အမေကလည်း တစ်စက်ကလေးမှ မငြိုငြင်ခဲ့တာကိုတော့ ပိုင်း မအံ့သြဘဲ မနေနိုင်ခဲ့။

ပိုင်း သိချင်တာက အဖေက ဘာကြောင့် အမေ့ကို ပိုးစိုးပက်စက် နိုင်နင်းပြီး အမေက အဖေ့ကိုဘာကြောင့် အလျှော့ပေးဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတာပါပဲ။

"ဟဲ့ကောင်မ ဝိုင်း။ ဘာငိုင်နေတာလဲ နင်ပါ နင့်အမေလို လင်ပူမိနေပြီလား ဟမ်"

အိမ်ထရံချပ် အိခနဲချိုင့်ဝင်သွားအောင် မှီထိုင်ချရင်း ပြောလိုက်သော အဖေ့စကားက သမီးတစ်ယောက်ကို မပြောသင့် မပြောထိုက်သည့်စကား။ ဝိုင်းအဖို့တော့ ရိုးနေပါပြီ။

"ဟာ အဖေကလည်း ဘာလို့ လင်ပူမိရမှာလဲ၊ ဝိုင်းမှာ ပူစရာ လင်မရှိသေးဘူး။ အမေသာ အဖေ့အတွက်ကြောင့် လင်ပူမိနေရတာ"

"အောင်မာ ကောင်မ အဖေကိုများ တစ်ခွန်းမကျန် ဝက်ကန်း ပက်ပြန်ပက်နေတယ် ပါးရိုက်ထည့်လိုက်ရ"

ပါးရိုက်ဖို့ အဖေ လက်နှင့်ရွယ်တုန်းရှိသေးသည် ဝိုင်းကလည်း နပ်ပါသည်။ အိမ်နောက်ဖေးခန်းထဲသို့ လှစ်ခနဲ ထပြေးလာလိုက်သည်။

ပြီးမှ တယ်လီနောဖုန်းလေးဖြင့် အမေ့ဆီ လှမ်း၍ အဖေမသိ အောင် နှိုးဆက်လိုက်သည်။

"အမေ ဘယ်မှာလဲ၊ အဖေပြန်ရောက်နေပြီ၊ အမေ့ မတွေ့လို့ ဝိုင်းကိုရစ်နေတယ် အမေရ၊ မြန်မြန်ပြန်လာခဲ့ ပြန်လာရင်းနဲ့ လမ်းထိပ် မှာ အမဲကြော်ဝယ်ခဲ့ဦးနော်၊ အမေ အဲဒါသွားဝယ်တယ်ဆိုပြီး ညာပြော ထားတာ"

အတိုင်အဖောက်မညီမှာစိုး၍ အမေ့ကိုအသေးစိတ် လှမ်းမှာ ရသေးသည်။ အမေကတော့ ခုချက်ချင်းပြန်လာခဲ့မယ်ဟု ပြောသည်။





အမေ ဘယ်ရောက်နေတာလဲ။ ရုံဖန်ရံခါ ခုလိုမျိုး ထွက်သွားတတ်သည်။

ပြန်လာလျှင် အဖေ့အတွက် ယမကာနှင့် အမြည်းကအဆင် သင့် ပါလာပြီးသား။ ထိုသို့အခြေအနေမျိုးဆိုလျှင် အဖေသည် ဘယ် လောက်ပင်ဒေါသတွေ မီးပုံအောင်ထွက်နေပါစေ အမေ့အပေါ် ဒေါသ တွေ ထုတ်မသုံးတော့သလို အယုတ္တ အနတ္တစကားတွေလည်း မပြော တော့။

ခုလည်း အမေပြန်လာလျှင် ထိုအခြေအနေမျိုး ဖန်တီးလာနိုင် ကောင်းပါရဲ့။

"ဟဲ့ မိဝိုင်း အငယ်တွေရော"

ဝိုင်း အောက်မှ အငယ်သုံးယောက်ကိုတော့ အဖေ ချစ်ရှာပါ သည်။

"ကြယ်စင်က ကျူရှင်သွားတယ် အဖေ၊ နေခြည်နဲ့ကောင်းဆက် က ဟိုဘက်အိမ်မှာတီဗွီ သွားကြည့်နေကြတယ်"

အဖေ့ထံမှ ဘာသံမှ ထပ်မေးသံမကြားတော့။ အဖေသည် သားသမီးတွေ သူများအိမ်မှာ တီဗွီသွားကြည့်တာကို မနှစ်မြို့ပေမယ့် သွားမကြည့်ရဟုတော့ ဖွင့်မတားမြစ်။

'ငါ့သားသမီးတွေကို တီဗွီအပေါ်စက်အောက်စက်လေး ဝယ် ပေးရဦးမယ်' ဟု မကြာခဏ ညည်းတွားတတ်သေးသည်။ ထို့ကြောင့် အဖေ့မှာ သားသမီးတွေအပေါ်ထားသည့် မေတ္တာတရား ရှိပါသေးသလားဟု ဝိုင်းတွေးကာ ကျေနပ်မိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာလိုက် အမေ့အသံကို ကြားလိုက်ရသည်။

"ရှင် ရောက်တာ ကြာပြီလား ကိုထွန်းသစ်"

"ကြာပြီပေါ့ နင်က ဘယ်လင်ဆီသွားနေတာတုန်း။ ငါ ဒီအချိန် ပြန်ရောက်မယ်ဆိုတာ နင် မသိဘူးလား။ ပြောစမ်း နင် ဘယ်လင်ငယ်နဲ့ သွားတွေ့လဲ"

"မဟုတ်တမ်းတရားတွေနဲ့ လျှောက်မစွပ်စွဲပါနဲ့ ကိုထွန်းသစ် ရယ်၊ အိမ်မှာ ငွေလေးနည်းနည်းပြတ်နေလို့ ဒေါ်ခင်တုတ်ဆီမှာ နှမ်းပြန် တိုးလေးသွားထုတ်တာ၊ ရော့ ရှင့်အတွက် သောက်စရာ မြည်းစရာပါ တစ်ခါတည်း ဝယ်လာခဲ့တယ်"

"ကွမ်းရော"

သဒ္ဒါလွှန်း ဆွမ်းတော်တော်ရ ဆိုသလို အဖေ တစ်ဆင့်တက် ပြီး လောဘဝင်ပြန်သည်၊ အမေကလည်း နပ်သည်။ အဖေ့အပေါ်ချစ်တာ ရေမီးအစုံ။

"ပါပါတယ်တော် ရှင့်အကြိုက် ဆင်ကနယ်နဲ့ နှပ်ဆေးများများ"

အဖေ့ရှေ့ကို အရက်ပုလင်းရော အမြည်းထုပ်နှင့်ကွမ်းယာထုပ် ကိုပါ ချပေးနေသော အမေ့ကို ပိုင်း ထရံပေါက်ကနေ ချောင်းကြည့်ပြီး ရင်ထဲမှာမကောင်း။

တကယ်ဆို အမေ တော်တော်လှပါသည်။ အသက်လေးဆယ် ပင်မပြည့်သေးသော အမေသည် အသက်ငါးဆယ်ကျော် အဖေ့ကို ဘယ် သောအခါမှ ငြူစူပြောဆိုလေ့မရှိတာကြောင့် ပိုင်း အမေ့ကို အဖေ့ထက်





ပိုချစ်သည်ဟု ဝန်ခံပါသည်။

"သမီး ပိုင်းရေ"

"ရှင် အမေ"

ထရံပေါက်နား ထိုင်ချောင်းနေသော ပိုင်း အမေ့ခေါ်သံကြောင့် အသံလှမ်းပြူလိုက်သည်။

"ညည်းအဖေသောက်ဖို့ ဖန်ခွက်နဲ့ရေတစ်ခွက်ပါ ခပ်ခဲ့"

"ဟုတ်"

သစ်သားပန်းကန်စင်ဘေးရှိ ရေအိုးထဲမှ ရေတစ်ခွက်ခပ်လိုက်ပြီး ပန်းကန်စင်ပေါ်တွင် မှောက်ထားသော ဖန်ခွက်အပိုတစ်ခွက်ကိုယူပြီး အိမ်ရှေ့ကို ထွက်လာခဲ့လိုက်သည်။

ပိုင်း လက်ထဲမှ ရေဖန်ခွက်ကို လှမ်းယူသော အဖေ့မျက်နှာပေါ် လေပြည်တွေ ဖြတ်တိုက်ထားသလို ဒေါသဆိုတာ မြူတစ်မှုန်စာတောင် မရှိတော့။

တတ်လည်း တတ်နိုင်သည့် အဖေဟု စိတ်ထဲက မဲ့ပြီး ဝေဖန် လိုက်ပါသည်။

အမေ့မျက်နှာသည်လည်း ခုမှပင် သက်မတစ်ချက်ချကာ ပြဿနာမီးတစ်စကို ငြိမ်းလိုက်နိုင်ပြီဟု စိတ်ကို ဒုံးဒုံးချလိုက်ပုံပင်။

အမေရယ် ပိုင်း အမေ့ကိုကြည့်ပြီး စိတ်မောလိုက်တာ။

ပိုင်းရော ကျန်ရှိနေသေးတဲ့ သက်တမ်းတွေမှာ အမေ့လို အိမ်ထောင်ဖက်မျိုးနဲ့ တွေ့ပြီး အမေ့လို ဒုက္ခခံနေရဦးမှာလား။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း ဝိုင်းကတော့ ဆင်းရဲတဲ့ယောကျ်ားဆိုရင် လှည့်တောင် မကြည့်ဘူး။ ဝိုင်းကိုချစ်တဲ့သူဟာ ချမ်းသာတဲ့သူပဲ ဖြစ်ရမယ်။

ဝိုင်း ဆင်းရဲမှာကိုကြောက်တယ် အမေရယ်။ ဝိုင်း ဒီထက်ပိုပြီး ဆင်းရဲတွင်းမနက်ပါရစေနဲ့တော့။

ဘဝဆိုတာ ရောင့်စုံပန်းချီကားကြီးတစ်ချပ်လိုပဲတဲ့။ အဲဒီဘဝ တွေ စုစည်းရေးဖွဲ့ထားတဲ့ ရောင်စုံပန်းချီကားချပ်တွေထဲမှာ ဝိုင်းဘဝဟာ ကြယ်လေးတစ်ပွင့်လို နေရာမျိုးမှာ ထင်ထင်ရှားရှား ရှိချင်တာ။

နောက်ပြီး ဝိုင်းက သူများတွေကို မော့မကြည့်ချင်ဘူး အမေ။ ဝိုင်းကသာ သူများတွေကို ငုံ့ကြည့်လိုက်ချင်တာ။ ဒါကြောင့် ဝိုင်း ဆယ်တန်းစာမေးပွဲအောင်ဖို့ ကြိုးစားနေရတာပေါ့။

■ ■ ■

## အခန်း (၃)

"လေးလေး အာကာရော၊ ကျွန်တော် ဆေးရုံကပြန်လာတိုင်း အာကာ့ကို မတွေ့ဘူး"

စန္ဒရားခုံပေါ် ဖုန်သုတ်နေသော လေးလေးကို မမေးစဖူး မေး လိုက်ခြင်းဖြစ်သည်။ တစ်အိမ်ထဲအတူနေပြီး ဆေးရုံနှင့်ဆေးခန်းမှာသာ အနေများပြီး ညမိုးချုပ်မှသာ အိမ်ပြန်လာတတ်သော သူက အာကာ့ကို မတွေ့တာကြာပြီဟု ပြောမိတာ သိပ်တော့ အဆန်းတကြယ် မဟုတ်။

"မင်းညီက သူ့သူငယ်ချင်းတွေအိမ်မှ လျှောက်မလည်ရရင် ငါ့ကို ဂရောင်ကျနေတဲ့ကောင်ပဲ၊ ငါလည်း ဘယ်သိပ့်ါမလဲ၊ အိပ်ချိန်တန် လို့မှ ပြန်မလာရင် ဖုန်းဆက်ပြီးခေါ်လိုက်ရုံပဲ၊ အဝေးကြီးတော့ လျှောက် မသွားပါဘူး၊ ရပ်ကွက်ထဲက သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင် ဆော်ကြောင်ရင်ကြောင် မကြောင်ရင် ဘီလီယက်ခုံ ဒါမှမဟုတ် တစ်အိမ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ဖုန်းတစ်လုံးနဲ့ ချက်တင်ထိုင်နေမှာပေါ့"

ပြီးစလွယ် ပြောတတ်သော ဦးလေးနှင့် လမ်းပေါ်မှာ ကလေးကချေလိုနေချင်သော ညီ့ကြောင့် ဝေယံမင်းသျှံ သက်မတစ်ချက် ဟင်းခနဲချပြီး လက်ထဲမှ အတက်ချိုးကော့စ်ကို ရှိုးကော့စ်မှန်ဗီရိုပေါ် တင်လိုက်သည်။

"ဒီကောင် ခြေလှမ်းတွေများ ပျက်နေပြီလား လေးလေး"

ညီ လမ်းမှားရောက်သွားမှာကို စိုးရိမ်မိသဖြင့် လေးလေးဆီမှ ဘယ်လိုအဖြေမျိုးထွက်လာမလဲ မေးကြည့်လိုက်သည်။

"ငါ့အမြင်တော့ ခြေလှမ်းမပျက်သေးပါဘူး၊ အဲ ဒါပေမဲ့ မင်းအမေပို့လိုက်တဲ့ ငွေဆယ်သိန်းကတော့ ကုန်ပြီလေ၊ ငါ့ဆီကတောင် လက်ဝါးဖြန့်တောင်းနေတယ်၊ မင်းလည်း မုန့်ဖိုးလေးဘာလေး ပေးသုံးလိုက်ပါဦး"

"မာမီငွေပို့ထားတာ ဘယ်လောက်မှ မကြာသေးပါဘူး၊ ဘယ်လို သုံးလိုက်လို့ ငွေဆယ်သိန်းကုန်သွားရတာလဲ၊ ဒီကောင် ဘာတွေ မဟုတ်တရုတ်တွေ လုပ်နေလဲ လေးလေး။ တစ်ချက်လောက် စုံစမ်းကြည့်ပါဦး"

အစ်ကိုကြီး တစ်ယောက်အနေနဲ့ တာဝန်ယူရမည်ဆိုတာ သိပေမယ့် မအားလပ်သော ကိုယ့်အချိန်တွေထဲက ညီလေးအတွက် အချိန်အချို့ကို ဖဲ့ပေးဖို့ မစဉ်းစားမိ။

"ငါက ဘယ်နေရာသွားစုံစမ်းရမလဲကွ၊ မင်းညီက ငါးရှဉ့်လိုပဲ ဖမ်းရခက်ကခက်နဲ့၊ နောက်ပြီး ဟိုဆို ဒီရောက်သေးတယ်"





"ဒါများ လေးလေးရယ် သူ ဘယ်သွားမယ် ဘယ်လာမယ်ဆိုတာကို သူ အပြင်မထွက်ခင်ကတည်းက ကြိုပြီးမေးထားပေါ့"

"ဩော် ဒေါက်တာဆရာဝန်ကြီးရယ် အဲဒါတော့ ခင်ဗျားလေး ပြောမှလား။ စောစောက ပြောပြီးပြီလေ ခင်ဗျားလေး ညီတော်မောင်က ဒီဆိုရင် ဟိုရောက်ပါတယ်လို့၊ ကျွန်တော်မျိုးမှာလည်း ဒီတူနှစ်ယောက်ကို ထိန်းကျောင်းလာရလို့ တူပါးလည်းဝနေပါပြီ၊ ခရိုနိုထိ မိန်းမ မရသေးတာပဲကြည့်"

ထွေလုံးတွေ ငေါ့လုံးတွေဖြင့် စကားနာထိုးလာပြီမို့ လေးလေးကို ဘာမှဆက်မပြောတော့ဘဲ ဝေယံမင်းသျှံ အခန်းထဲဝင်လာလိုက်သည်။

ဒီကောင့်ကို ဖုန်းဆက်ကြည့်သည်။ ဖုန်းက စက်ပိတ်ထားသည်။

လိုက်ရှာရအောင်လည်း ဒီဆို ဟိုရောက်သည့်ကောင်မို့ ဝေယံမင်းသျှံ အပင်ပန်းမခံတော့။ ညက ဂျူတီကျထား၍ မျက်လုံးတွေကလည်း အိပ်ချင်စပ်၍လာသည်။

အဝတ်အစားပင် လဲမနေတော့ဘဲ ခုတင်ထက်မှ ထိုးအိပ်လိုက်သည်။ မှောက်လျက်ကြီးအိပ်ပြီးမှ ခေါင်းချက်ချင်းထောင်လာပြီး

"အိပ်လို့ မဖြစ်သေးပါဘူး၊ ရေအရင်ချိုးမှဖြစ်မှာပါ၊ ကူးစက်ဆေးရုံက ပြန်လာတဲ့အဝတ်အစားနဲ့ အိပ်ရာဝင်လို့ မဖြစ်သေးပါဘူး"

အိပ်ချင်စိတ်ကို ချိုးနှိမ်တာ ကိုယ်ပေါ်မှ အဝတ်အစားတွေချွတ်ပြီး ရေချိုးခန်း ဝင်ခဲ့လိုက်သည်။

ရေပန်းခလုတ်မှ စီးကျလာသော ရေတွေက ခန္ဓာကိုယ်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



အေးစက်သော အထိအတွေ့တွေဖြင့် ကျဆင်းလာသည်မို့ ရင်ထဲမှာရော စိတ်ထဲမှာပါ လန်းဆန်းသွားသည်။

ထိုလန်းဆန်းမှုတွေနှင့်အတူ အာရုံထဲ ဖျတ်ခနဲ တိုးဝင်လာသည်က ဒေါက်တာကံ့ကော်ပွင့်၏ ငြိမ်းအေးသော အပြုံးတစ်ပွင့်။

လှလိုက်တဲ့ မိန်းကလေး။

ဘဝမှာ မိန်းကလေးတစ်ယောက်၏ ဖမ်းစားခြင်းခံရတာ ဒီတစ်ကြိမ်ဟာ ပထမဆုံးအကြိမ်ဖြစ်လိမ့်မည်။

■ ■ ■

"ဟော့ကောင် ဌွန်၊ မိုးရေ မဟုတ်ဘဲ ကန်ရေနဲ့ ဖြစ်ပါ့မလား ကွ"

"မိုးရေမရှိတာကွာ ဆေးဆိုင်မှာ ဝင်ဝယ်ရအောင်လည်း ဆေးဆိုင်က ကောင်မလေးတွေ ရိပ်မိသွားလိမ့်မယ်"

"ဟာ အရေးထဲ ကောင်မလေးတွေ ရိပ်မိမှာများ ကြောက်နေရ သေးတယ်"

"မကြောက်လို့ရမလား ဆေးထိုးအပ်ဝယ်လိုက် ဝမ်းစီစီဝယ် လိုက်နဲ့ ဆရာဝန်မဟုတ်ဘဲ ဆေးထိုးအပ်ဝယ်နေတော့ သူတို့က ငါ့ကို ဆေးသမားလို့ ထင်နေပုံရတယ်"

ကန်ထဲမှ ရေတွေကို ဆေးထိုးအပ်ပြွန်နှင့် စုပ်ယူရင်း ဌွန်က တော့ ခပ်အေးအေးပင် ပြောသည်။ အာကာကတော့ ဌွန့်လိုမလုပ်ရဲ၊ ကန်ရေတွေထဲမှာ မမြင်နိုင်တဲ့ပိုးမွှားတွေရှိနေတာကို မသိကျိုးကျွံပြုပြီး





မထိုးနိုင်။

ဌွန်ကတော့ လက်ဖျံမှာ ဆေးသွင်းရင်း မျက်လုံးတို့မှေးစင်း လာသည်။ ဌွန့်ကိုကြည့်ပြီး အာကာပါ ဟိုကုတ် ဒီကုတ်ဖြင့် ယင်းထလာ သည်။

"ကြယ်စင် ကြယ်စင်ရေ ကြယ်စင်"

ကိုယ့်နာမည်ခေါ်တာ မဟုတ်ပေမယ့် ဌွန်ရော အာကာရော လန့်ဖျပ်သွားသည်။

"ဟော့ကောင် လူလာပြီကွ၊ မင်းပြောတော့ မင်းတို့ရပ်ကွက်ထဲ က ဒီဘုန်းကြီးကျောင်းပျက်ကြီးက လူရှင်းတယ်ဆို"

"အေးကွာ အရေးထဲ ဘယ်ကကောင်မကာ ဘီလာရှာနေသလဲ မသိဘူး"

ဌွန် ဆေးထိုးခြင်းအလုပ်ကို မြန်မြန်လက်စသတ်လိုက်သည်။ ကျောင်းပျက်ကြီးထဲသို့ ကြယ်စင့်နာမည်ခေါ်ပြီး ဝင်လာသော ပိုင်းကို မြင်သည်နှင့် လက်ထဲမှ ဆေးထိုးအပ်ကို ကမန်းကတန်း ဖွက်လိုက်ပြီး

"ဟင် ပိုင်း နင် နင်က ဒီထဲကို ဘာလာလုပ်တာလဲ"

ဌွန်နှင့်အာကာ့ကိုမြင်တော့ ပိုင်း မျက်လုံးအဝိုင်းသားဖြင့် ကြည့် ပြီး

"နင်ကရော ဒီကျောင်းပျက်ကြီးထဲမှာ ဘာထိုင်လုပ်နေကြတာ လဲ၊ နင်တို့မဟုတ်တာ လုပ်နေကြတာမဟုတ်လား"

အကဲခတ် တော်လွန်းသော ပိုင်းကိုကြည့်ပြီး အာကာ၏ယင်း



www.burmeseclassic.com

www.burmeseclassic.com



ထနေသောစိတ်တွေပင် ဘယ်ရောက်သွားသည် မသိ၊ တော်တော်လှတဲ့ ကောင်မလေးပါလား။ ဂျွန့်မှာ ဒီလောက်လှတဲ့ ကောင်မလေးနဲ့ သူငယ်ချင်းဖြစ်နေတာကို ဘာကြောင့် ခုမှသိရတာလဲ။

"ဂျွန် သူက ဘယ်သူလဲ မင်းအသိလား"

"ငါတို့ရပ်ကွက်ထဲကပါ"

"မိတ်ဆက်ပေး"

"နေစမ်းပါဦးကွာ အရေးထဲ"

"နင့်အမေနဲ့ ငါသွားတိုင်မယ်၊ နင်တို့ ဒီမှာ မဟုတ်တရုတ်တွေ လုပ်နေကြတယ်လို့"

"ဟာ ဟေ့ ဗိုင်း နင် မသိဘဲနဲ့ လျှောက်မပြောနဲ့၊ ငါတို့ သီချင်းဆိုကြဖို့ ဒီမှာဘော်ဒါတွေနဲ့ ချိန်းထားလို့ လာစောင့်နေတာ၊ နင်ကရော ရည်းစားနဲ့ချိန်းထားလို့ ဒီနေရာကိုလာတာလား"

"အံမယ် နင် ရမ်းမပြောနဲ့နော်၊ ငါ့မောင်ကို လာရှာတာဟဲ့၊ သူ့သူငယ်ချင်းတွေနဲ့ လျှောက်သော့နေလို့ ဒီမှာများ ရှိမလားဆိုပြီး လာရှာတာ၊ ကြယ်စင့်ကို တွေ့မိသေးလား"

"မတွေ့ပါဘူး၊ ဒီကျောင်းပျက်ကြီးထဲမှာ ငါတို့ သူငယ်ချင်း နှစ်ယောက်ပဲ ရှိသေးတယ်၊ ဒြော် နင့်ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ငါ့သူငယ်ချင်း အာကာမင်းသျှုံတဲ့၊ ဘောစိပေါ့ဟာ၊ သူ့မိဘတွေက နိုင်ငံခြားမှာ သူက ဒီမှာနေပြီး သုံးချင်တိုင်းသုံး ဖြုန်းချင်တိုင်းဖြုန်းတဲ့ သူငယ်ချင်းကောင်းလေး၊ အာကာ သူက ဗိုင်းတဲ့၊ ငါတို့အိမ်ရဲ့ဘေးအိမ်မှာ





နေတယ်"

ဗိုင်းထံမှ မပွင့်တပွင့် အပြုံးနှင့်အတူ

"အေးပါဟာ ဒါဆို ငါသွားတော့မယ်၊ ကြယ်စင်ကို ထပ်ရှာဦးမယ်၊ အဖေပြန်လာလို့ ခုလို လိုက်သော့နေရင် အရိုက်ခံရမှာဟဲ့"

အာကာအကြည့်ရဲရဲတွေကို ရင်မဆိုင်ရဲသော ရှက်ကိုးရှက်ကန်း ဟန်ဖြင့် လှစ်ခနဲ ပြေးထွက်သွားသည်။

"ဟာကွာ ဒီနေ့ ငါ အချစ်နတ်သမီးလေး တစ်ပါးကို တွေ့လိုက်ရလို့ ဆေးမသွင်းရဘဲနဲ့ကို ဗိုးလ်က လာနေပြီ"

"မင်း ငြိချင်လို့လား"

"အင်း"

"ဒါဆိုရင် လိုက်ပေါ့၊ အဲ ဒါပေမဲ့ သူတို့အဆင့်နဲ့ မင်းအဆင့်ကတော့ မိုးနဲ့မြေနော်၊ မင်းအသိုင်းအဝိုင်းနဲ့တော့ ရှောင်ရှိနိုင်တယ်"

"အချစ်မှာ အဲဒါတွေမလိုပါဘူးကွာ၊ ငါ ဒီကအပြန် မင်းတို့ အိမ်ကို လိုက်မယ်ကွာ"

"အိုကေ လိုက်ခဲ့ ရော့ ဒီမှာ ငါပိုတဲ့ဟာ၊ မင်းဆက်သုံးလိုက်"

ဆေးလက်ကျန်ရှိနေသော ဆေးထိုးအပ်ကိုယူပြီး အာကာ သူ့လက်မှာထိုးသွင်းလိုက်သည်။

ခံစားမှုတွေသည် ဒီရေလှိုင်းတွေလို တရိပ်ရိပ်တက်ကာ တကယ့်ကို နတ်ဘုံဗိမာန်လေးကို ရောက်ရှိသွားသလိုပါပဲ။

နှစ်ယောက်သား မျက်လုံးကိုယ်စီ မှေးစင်းကျကာ ဘဝကားမှ



www.burmeseclassic.com

www.burmeseclassic.com



မဆိုဖြစ်တော့။

■ ■ ■

''မင်း ဘယ်ကပြန်လာတာလဲ အာကာ''

အိမ်ပေါက်ဝက စည်းပြီးမေးသော ကိုကို့ကို မြင်တော့ အာကာ လန့်သွားသည်။ သူ ကလေရိုက်နေတာကို ကိုကိုသိလို့မဖြစ်။ ကိုကိုသိလျှင် မာမီတို့ပါသိပြီး သူ့ကိုမြန်မာပြည်မှာမထားဘဲ ဟိုကိုခေါ်လိမ့်မည်။

''သူငယ်ချင်းတစ်ယောက်အိမ်မှာ စာသွားကျက်နေတာပါ ကိုကို''

''ဘာ ဘယ်လို စာသွားကျက်တယ် ဟုတ်လား။ ဘာစာကျက်တာလဲ''

''ကျွန်တော် ဆယ်တန်းပြန်ဖြေမလို့ပါ ကိုကို၊ ဆယ်တန်းမအောင်မချင်း ကျွန်တော့်ဘဝက လူရာမဝင်သလို ခံစားရလို့ ဆယ်တန်းအောင်မှ ဖြစ်မယ်''

ညီလေးစကားက ကိုယ့်နားပင် ကိုယ်မယုံနိုင်။ ပညာတတ်တစ်ယောက်ဖြစ်ဖို့ တကယ်ပဲ အသိတရား ရသွားပြီလား။

''မင်း တကယ်ပြောနေတာလား''

''တကယ်ပေါ့ ကိုကို၊ ဟောဒီ ကျောပိုးအိတ်ထဲမှာ စာအုပ်တွေတောင် ပါသေးတယ် မယုံရင်ကြည့်''

ကျောပိုးအိတ်ကို ပုတ်ပြနေသဖြင့် ဝေယံမင်းသျှံ ယုံသလိုလိုတော့ ရှိသွားသည်။ ညီလေးက ဟိုးငယ်ငယ်ကတည်းက ဆိုးပေမယ့်





လိမ်တော့ မလိမ်တတ်။ ခုလည်း လိမ်ပြောမည်မဟုတ်ဘူးဆိုတာ စိတ်က ယုံကြည်ချင်နေသည်။

''အေးလေ ဒါဆိုရင်တော့ ကိုကို မင်းကို မဆူတော့ပါဘူး မင်း နားမလည်တာတွေ ကိုကို့ကိုပြော ဟုတ်ပြီလား''

''ဟုတ်ကဲ့ ကိုကို၊ ဒါဆို ညီ နားတော့မယ်နော်''

''ဩော် အေးအေး''

အာကာ လွတ်ပြီဟူသော မချိုမချဉ်အပြုံးကို အစ်ကိုမမြင်အောင် ပြုံးပြီး လှည့်အထွက်

''ဩော် ညီ ဒါနဲ့ မင်း ခုတလော ငွေတွေတအားသုံးနေတယ်၊ ဘယ်နေရာသွားပြီး ဘာတွေလုပ်ပစ်လဲ''

''တခြားနေရာမှာ အလကားဖြုန်းလိုက်တာ မဟုတ်ပါဘူး ကိုကို ဟိုလေ ညီသူငယ်ချင်းတွေနဲ့ စပ်ပြီး ဂိမ်းဆိုင်လေး ဖွင့်ထားလို့ပါ၊ ကိုကို့ကို တိုင်ပင်ချင်ပေမယ့် ကိုကိုက မအားဘူးလေ၊ လေးလေးကိုလည်း မပြောဖြစ်လိုက်ဘူး။ လုပ်ငန်းအောင်မြင်မှပဲ ပြောတော့မယ်ဆိုပြီး နေလိုက်တာပါ''

ဆီလျော်သော အကြောင်းပြချက်တွေဖြင့် ယုံအောင်ပြောလိုက်သည်။

အာကာမင်းသျှံဆိုတဲ့သူဟာ ပညာရေးမှာသာ သူများနောက်ကျချင်ဖြစ်မယ် ဖြတ်ထိုးဉာဏ်သုံးပြီး လှည့်စားဖို့ဆိုလျှင် အင်မတန်ထူးချွန်ထက်မြက်တဲ့ ဆရာဝန်ကိုကိုတောင် ပါးစပ်အဟောင်းသားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ငုတ်တုတ်မေ့သွားရမယ်။

ခုပဲ ကြည့်လေ ကိုကို့အကြည့်တွေထဲမှာ အပြစ်မြင်တာတွေ သံသယတွေ တစိုးတစိမှ မရှိ။ ပြောသမျှကို ယုံနေတဲ့ပုံစံမျိုးဖြင့် ခေါင်း တညိတ်ညိတ်။

"အေးလေ အဲဒီလို အကျိုးအမြတ်ရမယ့် ရင်းနှီးမြှုပ်နှံမှုထဲမှာ အသုံးချထားတယ်ဆိုရင်တော့ ပြီးတာပါပဲ ညီရာ၊ ကဲ ကဲ သွားနားတော့ ကိုကိုလည်း ဆေးရုံက အလုပ်တွေပါလာလို့ စာဖတ်ခန်းထဲ ဝင်တော့မယ်"

"ဟုတ် ကိုကို"

နောက်ထပ်မေးခွန်းတွေထပ်မလာခင် အာကာ အခန်းထဲသို့ လှစ်ခနဲ ဝင်ခဲ့လိုက်သည်။

အာကာ့နောက်ကျောပြင်ကို ငေးကြည့်ကျန်ခဲ့ရင်း ဝေယံမင်းသျှံ သက်မခပ်ဖျော့ဖျော့ ချလိုက်သည်။

စီးပွားရေးနောက်ကိုပဲ သဲကြီးမဲကြီးလိုက်နေသော မိဘတွေနှင့် တာဝန်ဆိုသော အလုပ်တွေကြားထဲ ခေါင်းမဖော်နိုင်အောင် ပိတ်လှောင် နေသော အစ်ကိုဖြစ်သူထံမှ မေတ္တာတရား၏နွေးထွေးလုံခြုံမှုကို မရရှာ သော ညီလေး။ သူ့အနာဂတ်ကို သူ့ဖာသာသူ ပုံဖော်နေရသတဲ့။

သနားစရာကောင်းလိုက်တဲ့ ညီလေးရယ်။

■ ■ ■

## အခန်း (၄)

"ဒေါက်တာသျှံ ကော်ဖီရပါပြီ"

ရုံးခန်းထဲဝင်လာသော ဒေါက်တာ ကုံကော်ပွင့် လက်ထဲမှ ကော်ဖီခွက်ကို အားတုံ့အားနာ လှမ်းယူပြီး

"နှစ်တစ်ယောက်လာပေးမှာပေါ့ ဒေါက်တာ၊ ဘာလို့ ကိုယ်တိုင် လာပို့ရတာလဲ"

"ကုံကော်က တမင်ယူလာပေးတာပါ၊ လမ်းလည်းကြုံလို့လေ၊ ဒီနေ့ ဝပ်ထဲကို ဒေါက်တာဆင်းမှာလား"

ကုံကော်ပွင့်၏အမေးကို ကော်ဖီတစ်ငုံအရင်ငုံပြီးမှ

"ညီတွေ့ချိန်ပြီးတာနဲ့ ဝင်မယ်လေ၊ ဒေါက်တာ အထွေအထူး တစ်ခုရှိလို့လား"

"ရှိတော့ မရှိပါဘူး၊ ဒီနေ့ ကုံကော် ဂျူတီမဟုတ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဝပ်ထဲဆင်းရင် ကံ့ကော်လည်း လူနာတွေရဲ့အခြေအနေတွေကို တစ်ဦးချင်း လေ့လာချင်တယ်၊ သိုးဆစ်အတွက်ပါ''

''ဩော် အိုကေပါတယ်၊ ဒေါက်တာပါ ဝပ်ဆင်းတော့ ဒီလူနာတွေရဲ့အခြေအနေကို ကြည့်ပြီး သုံးသပ်လို့ရတာပေါ့''

''သင့်ခ်ယူပါ ဒေါက်တာ ကံ့ကော်က ဒေါက်တာနဲ့ဝပ်အတူဆင်းရင်း အတွေ့အကြုံယူချင်တာပါ၊ ဒီဆေးရုံမှာ အလုပ်စဝင်ကတည်းက ကံ့ကော်ပွင့် အဲ ဒေါက်တာနဲ့ အေးအေးဆေးဆေးကို စကားမပြောရသေးတာဗျာ''

''ကံ့ကော်လို့ပဲ ခေါ်ပါ ဒေါက်တာသျှ''

''ဩော် အင်း အိုကေလေ ဒါနဲ့ ဝပ်ထဲက လူနာတစ်ယောက်နဲ့ ရင်းရင်းနှီးနှီး စကားပြောနေတာ တွေ့တယ်၊ အသိတွေလား''

အသိတွေလားဟု မေးပြီးမှ ဝေယံမင်းသျှ အားနာသွားသည်။ ဘယ်ဆရာဝန်က HIV ပိုး ကူးစက်နေသည့်လူနာတွေနှင့် အရင်းနှီးဆုံး မိတ်ဆွေတွေပါဟု ဂုဏ်ယူချင်ပါ့မလဲ။

''ဟို မဖြေချင်လည်း ရတယ်နော်''

''အို ဘာလို့ မဖြေချင်ရမှာလဲ ဒေါက်တာသျှရယ်၊ သူ့နာမည်က ရဲဉ်ပိုင်တဲ့၊ အရင်တုန်းက ကံ့ကော် ကျောက်ကပ်ဌာနမှာ တာဝန်ကျတုန်းက ကံ့ကော်ရဲ့ပေးရှင့် ဖြစ်ခဲ့ဖူးတယ်လေ၊ ခုတော့ သူ့ဆီမှာ HIV ပိုး ရှိ မရှိ လာစစ်ရင်း ရှိနေလို့ စိတ်ဓာတ်ကျတွေ ကျနေရှာတာ''

''သူ့ကို Post Test Counselling ဝင်ပြီးသားပါ၊ သွေးပေါင်ချိန်





လည်း တိုးလာလို့ တော်တော်လေး ထူထူထောင်ထောင် ဖြစ်နေပါပြီ၊ သူ့အဖြစ်က တခြားအမျိုးသားတွေလို hetrosexual (လိင်ကွဲဆက်ဆံသူ) မဟုတ်ဘဲနဲ့ homo (လိင်တူဆက်ဆံ)ကြောင့် ရတာတဲ့လေ''

''ဟုတ်ကဲ့ ကံ့ကော်လည်း သိပြီးပါပြီ၊ ဒါကြောင့် အဲဒီနေ့က သူ့ကို အားပေးစကားပြောနေရတာ ဒေါက်တာရဲ့''

ထိုစဉ် နာ့စ်တစ်ယောက် ပြူးပြူးပျာပျာဖြင့် ဝင်လာသည်။

''ဒေါက်တာ အဆောင် ဘီက လူနာ ကိုဝင်းလှိုင် gasping (အသက်ငင်နေ) ဝင်နေပြီ၊ ဒေါက်တာ မြန်မြန်လာကြည့်မှ ဖြစ်တော့မယ် ထင်တယ်''

''ဟင် ဟုတ်လား၊ အိုကေ ကိုယ် ခုပဲလာမယ်''

ကော်ဖီပင် ဖိမ်ခံမသောက်လိုက်ရဘဲ နားကြပ်ကိုဆွဲကာ ရုံးခန်းထဲမှ ခပ်သုတ်သုတ် ထွက်ခဲ့လိုက်သည်။ ကံ့ကော်ပွင့်လည်း အချိန်ကို အကျိုးရှိရှိ အသုံးချချင်တာနှင့် ဒေါက်တာသျှနောက်မှ လိုက်ခဲ့လိုက်တော့သည်။

ကူးစက်ဆေးရုံကို မရောက်ခင်က HIV/AIDS ဝေဒနာရှင်တွေ နည်းတော့ရှိကြမည် ဒီလောက်မများဟု ထင်ခဲ့မိသည်။ ခုတော့ ဆေးရုံကို ရောက်လာကြတာများ တဖွဲဖွဲ တသဲသဲ။ ကြည့်ရင်းကြည့်ရင်း ရင်တုန်စရာဟိုက်လာသူက ကံ့ကော်ပွင့်ရယ်ပါ။

ခုတောင် HIV/AIDS ဝေဒနာရှင်တွေ ၂.၅ သန်းမှ ၄ သန်းတိုးမြှင့်လာခဲ့ပြီဆိုလျှင် နောင်နှစ်တွေဆိုလျှင်တော့ မတွေးဝံ့စရာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ဘာကြောင့် သတိမမူ ဂူမမြင်နှင့် နေထိုင်ပြုမူဆက်ဆံနေကြရတာလဲ။

■ ■ ■

"သောင်းကျော် ပေါ်လာသေးတယ်နော်၊ ငါ့မှာ မင်းမလာတော့ဘူးထင်ပြီး ငါတစ်ယောက်ထဲ သွားတော့မလို့"

"ငါ လာဖို့ ချီတုံချတုံ ဖြစ်နေတာပါကွာ"

"ဟာ မင်းကလည်း ငါက အသန့်ပဖယားလေးတွေပဲရွေးတာပါဆို မင်းက အတွေ့အကြုံမရှိသေးလို့ပါကွာ၊ အဟဲ ဇမာမလေးတွေဆိုပေမယ့် sex ခွေထဲကလို ပစ်ရက်စရာမရှိတဲ့ ရုပ်ရည်လေးတွေချည်းပဲမို့ မင်းနောက်မှ ကောင်းမှန်းသိပြီး အဲဒီကကို မခွာဖြစ်နေမယ်"

"အေးပါ မင်းကညွှန်းလွန်းလို့သာ ငါလည်း တစ်ကြိမ်တစ်ခါလောက် စမ်းကြည့်ဖို့ စိတ်ပါသွားတာ၊ ဟိုရောက်လို့ အထာမကျရင် လှည့်ပြန်မှာနော်"

"အေးပါဆိုကွာ မင်းကလည်း ပြီးမှ မင်း ငါ့ကိုကျေးဇူးတွေတင်မနေနဲ့၊ အဟဲ အဲကျရင်တော့ မင်းပဲ ဒကာခံရမှာနော်"

အမြဲတမ်း ကုန်းဆင်းဖို့ချောင်းနေသော သူငယ်ချင်း ခင်မောင်မောင်ကို ခေါင်းညိတ်ပြလိုက်ပြီး

"ရတယ် ဒကာခံမယ် မင်း HIV positive မဖြစ်မချင်းကို ဒကာခံမယ်ကွာ၊ sex အလှူလေးပေါ့၊ ကမ္ဘာပေါ်မှာ ဘယ်သူမှ မလှူသေးတဲ့ အလှူလေ"





"ဟာ လခွီးမှပဲ၊ ငါက သန့်သန့်လေးတွေပဲသုံးတာ၊ အချိန်မရွေးစစ်ကြည့် negative ပဲ ကဲပါကွာ မြန်မြန်လာ နောက်ကျရင် အမှန်အကန်မရဘဲ ရွေးကျပဲ ရနေမယ်"

ဦးမောင်မောင်ဦး ကားပေါ်သို့ ဦးသောင်းကျော် တက်ထိုင်လိုက်သည်။ တစ်ခါမှ မိန်းမတွေနှင့် ထိတွေ့ဖူးခြင်းမရှိခဲ့ဖူးသော လူပျိုကြီးစစ်စစ်မှာ ယခုလို မောင်မောင်ဦး မဲဆွယ်၍ နုဖူးတွေ့အူးတွေ့ တွေ့ရတော့မည်ဆိုတော့ စိတ်တော့လှုပ်ရှားသား။

တူတွေရှေ့မှာသာ ရုပ်တည်ကြီးတွေနှင့်နေရပေမယ့် တကယ်တမ်း ဦးသောင်းကျော် မိန်းမလိုချင်နေတာမှ တစ်ပိုင်းသေရုံတင်မဟုတ်ဘူး နှစ်ပိုင်းစလုံးပင် သေလောက်သည်။

ဘေးအိမ်က အပျိုကြီးကို မိန်းမရလိုရငြား လိုက်ရောကြည့်ခဲ့ဖူးပါသည်။ အဲဒီအပျိုကြီးကလည်း လိုက်လိုက်လျောလျော ဆက်ဆံရှာပါသည်။

တကယ်တမ်းလည်းကျရော အဲဒီအပျိုကြီးဟာ သားအိမ်မရှိတဲ့ မလာကြီးဆိုတော့ ကိုယ့်မှာ မစားရအညှော်ခံဖြစ်ပြီး နောက်ပြန်လှည့်လျှောက်ခဲ့ရသည်ပေါ့။

ခုလို မောင်မောင်ဦးနဲ့တွေ့တော့ ဒီလိုကိစ္စမျိုးတွေမှာ အတွေ့အကြုံတွေရပြီးသား သူ့ကို အပူကပ်ကြည့်ရသည်။

မောင်မောင်ဦးက ပြောဖူးသည်။ သန့်သန့်လေးတွေကို ဝယ်စားလိုက်ပါတဲ့။ တစ်သက်လုံး ရှာကျွေးစရာမလိုဘူး လိုတဲ့အချိန်လေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ငွေအကုန်ခံရမယ့်နည်းလမ်းမျိုးကို သူက ချိတ်ပေးမည်ဆို၍ မျက်နှာ ပွပွနှင့်ပဲ မောင်မောင်ဦး ခေါ်ဆောင်ရာကို လိုက်ခဲ့ရပါ၏။

လှုပျိုသိုးကြီး ရင်တွေတဒိတ်ဒိတ် ခုန်နေသည်။

■ ■ ■

"ဟယ် ဖောက်သည်ကြီး၊ ပျောက်ချက်သားကောင်းနေပါလား ကေသရီလေးက မျှော်နေရှာတာ ကြာလှပေါ့"

မာမီဆောင် အသံပြာပြာဖြင့် အိမ်ပေါက်ဝမှ ထွက်ပြီး ဆီးကြိုသည်။

"ကျွန်တော်အလုပ်ကိစ္စတွေနဲ့ နယ်ကိုခရီးထွက်နေရလို့ မာမီဆောင်ရေ၊ စိတ်ကတော့ ကေသရီလေးဆီမှာ အမြဲရောက်နေတာ"

"အမလေး ယုံပါတယ်တော် ယုံပါတယ်၊ တူတော်မောင်ရော ဧည့်သည်အသစ်ပါ ထပ်ပါမယ်ဆိုလို့ ကေသရီကို ဒီနေ့ရှယ်ဥထားပေးတယ်၊ ဧည့်သည်ကတော့ ကြိုက်တဲ့သူကို စိတ်ကြိုက်ရွေးပေါ့ အားလုံးက ရှယ်လေးတွေပဲနော်"

"မာမီဆောင်ဆီမှာ ရှယ်သန့်လေးတွေ ရှိမှန်းသိလို့ သူငယ်ချင်းတွေကိုပါ ခေါ်လာပေးတာ"

"ကျေးဇူးတင်ပါတယ်ရှင် ဖောက်သည်သစ်လေး ခေါ်လာပေးလို့"

"ဟဲ ဟဲ ကျေးဇူးတင်ရင် ရှယ်ပြုစုနိုင်းလိုက်ပေါ့ဗျာ"

"ဒါပေါ့ စိတ်တိုင်းကျဖြစ်စေရမယ် မသီတာ မသီတာရေ"





"ရှင် မမဆောင်"

"လာဦး ဒီကို"

"ဟုတ်ကဲ့"

သီတာလင်း အိမ်ရှေ့ကို ထွက်လာသည်။

"ဖောက်သည်အသစ်ကို ဝတီမိုးအခန်းကို ပို့ပေးလိုက်"

"ဟုတ်ကဲ့ မမဆောင်"

သီတာလင်းကို မြင်ပြီး ဦးသောင်းကျော် မျက်တောင်ခတ်ဖို့ပင် မေ့နေသည်။

"သူ သူကရော"

အယောင်ယောင်အမှားမှားဖြင့် သီတာလင်းကို လက်ညှိုးထိုး မေးလိုက်သည်။ သီတာလင်းမှာလည်း တအံ့တသြဖြစ်နေသည်။

"ဘာလဲ မောင်လေးက သူ့ကို သဘောကျလို့လား"

"ဗျာ"

"ဩော် သူ့ကို သဘောကျလည်း ရတယ်လေ၊ သူက နည်းနည်းအသက်ကြီးနေလို့ မာမီဆောင်က အငယ်ဖယားလေးတွေနဲ့ ချိတ်ပေးတာ၊ သူ့ကိုမှဆိုရင်လည်း သဘောပေါ့၊ ကဲ သီတာလင်း နင့်ဧည့်သည် ကိုခေါ်သွား ကောင်းကောင်းပြုစုလိုက်"

သီတာလင်းမျက်နှာပေါ်မှာ အံ့ဩမှု ရှက်ရွံ့မှု၊ သိမ်ငယ်မှုတွေ ရောထွေးလိပ်ကာ မျက်နှာတစ်ပြင်လုံး ထူအမ်းနေသည်။

ကြုံမှ ကြုံတတ်ပလေတယ် ကိုသောင်းကျော်ရယ် ရှင့်လို ရိုး



www.burmeseclassic.com

www.burmeseclassic.com



သားတဲ့ယောက်ျားက ဒီလို ဆောင်ကြာမြိုင်ကို လာသတဲ့လား။

အင်း ကျွန်မလည်း တစ်ချိန်က ရိုးသားခဲ့တာပါပဲလေ။ ကျွန်မ မရိုးသားခဲ့တာ ရှင်နဲ့လမ်းခွဲခဲ့ပြီးမှပေါ့။

■ ■ ■

## အခန်း (၅)

အခန်းထဲ ရောက်ရောက်ချင်း အရင်ဆုံးမေးမိတာက

"နင် ဘာကြောင့် ဒီအလုပ်ကို လုပ်ရတာလဲ၊ ငါလေ နင့်ကို ဒီလိုနေရာမျိုးမှာတွေ့လိမ့်မယ်လို့ လုံးဝ ထင်မထားဘူး။ ငါ ထင်ထားတာက နင်ဟာ နင့်မိသားစုတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ရပ်တည်နေလောက်ပြီလို့ ထင်ထားတာ"

"ကျွန်မကလည်း ကိုသောင်းကျော်ကို ဒီလိုနေရာမျိုးကို လာလိမ့်မယ်လို့ ထင်မထားဘူး။ ခုလို မြုန်းခနဲ မြင်လိုက်ရတော့ အံ့ဩလွန်းလို့ ပြောစရာ စကားတောင် မရှိတော့ဘူး"

သီတာလင်းဆီမှ ထိုသို့သော စကားကြားရ၍ ရှက်မိပေမယ့် ခုအခြေအနေက အကြောင်းပြချက်ပေးပြီး ကိုယ့်သိက္ခာမကျအောင် စကားလုံးသပ်သပ်ရပ်ရပ်နဲ့ လိမ်ညာ၍ရတာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ခုတစ်ကြိမ်က ပထမဆုံးအကြိမ်ပါ"

ဒါကတော့ အမှန်ပင်ဖြစ်သည်။ မုသား လုံးဝမပါ။

"ဒါဆို ကိုသောင်းကျော်က မိန်းမတွေနဲ့ တစ်ခါမှ မဆက်ဆံဖူးဘူးပေါ့"

"ဒီအရွယ်ကြီးရောက်မှ ဒီလိုကိစ္စမျိုး တစ်ခါမှ မကြုံဖူးပါဘူးလို့ ပြောရမှာ ရှက်ပါတယ်၊ ဒါပေမဲ့ ဒါက အမှန်ပဲ၊ မိန်းမတစ်ယောက်ကို ပါးလေးနမ်းရုံ ဖက်ဖူးရုံလောက်နဲ့ ဘဝရဲ့ဆန္ဒတွေဟာ ရှေ့ဆက်မတိုးနိုင်လောက်အောင် ရပ်တန့်ခဲ့ရတယ်၊ အဲဒါဟာ နင်နဲ့ဝေးခဲ့ပြီးကတည်းကပဲ"

သနားစရာကောင်းလိုက်တာ ကိုသောင်းကျော်ရယ်ဟု စိတ်ထဲမှ ရေရွတ်လိုက်သည်။

"ကိုယ့်ရဲ့လူပျိုဘဝကို ဒီလိုနှိမ့်ကျပြီး ဂုဏ်သိက္ခာတစ်စက်မှ မရှိတဲ့နေရာမှာ လာပြီး အပြီးသတ်မလို့လား ကိုသောင်းကျော်ရယ်"

"ငါ အဲလောက်ထိ မစဉ်းစားမိဘူး၊ ဒါနဲ့ နင်ကရော အိမ်ထောင်ရှိရဲ့သားနဲ့ ဘာကြောင့် ဒီလိုနေရာမျိုး ရောက်နေရတာလဲ"

ဦးသောင်းကျော် အမေးကြောင့် သီတာလင်း ရင်နာနာနှင့် မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ကျွန်မဘဝမှာ ဒီနေရာကိုလာပြီး ဒီလိုယောကျ်ားမျိုးတွေနဲ့ ပတ်သက်နေရတာထက် သေသွားတာကမှ ကောင်းပါဦးမယ်ရှင်၊ ဒါပေမဲ့ ကျွန်မသေလို့ မဖြစ်သေးဘူး၊ ကျွန်မသားသမီးသုံးယောက်အတွက် ကျွန်မ အသက်ဆက်ရှင်ရဦးမယ်လေ"





"ယောကျ်ားကရော"

"သူက ရှာမှမကျွေးတာ၊ သူ့ကို ကျွန်မ သတ်ပစ်ချင်လောက်အောင် မုန်းတယ်၊ သားတွေ သမီးတွေရဲ့အဖေမို့လို့ ကျွန်မရဲ့အမုန်းတရားတွေကို အသိတရားနဲ့ ချိုးနှိမ်ခဲ့ရတာ"

နာကြည်းစိတ်တွေဖြင့် မာကျောခက်ထန်သွားသော မျက်နှာပေါ်မှာ ဟိုးတစ်ချိန်က မက်မောခဲ့သော အလှတရားတွေ ရှိနေဆဲပါ။ လောကစံကြောင့် ရုပ်ရင့်သလို ရှိနေပေမယ့် ဦးသောင်းကျော်အဖို့တော့ သီတာလင်းဟာ အမြဲလှပနေတာပါပဲ။ ဒါဟာ စွဲလမ်းမှုတစ်ခုဆိုလျှင် ခုချိန်မှာ ထိုစွဲလမ်းမှုကို ကောင်းကောင်းအသုံးချ၍ ရနေသည်ပဲ။

"ဒီအလုပ် မလုပ်ဘဲ တခြားကောင်းရောင်းကောင်းဝယ် လုပ်စားပါလား"

နှုတ်ပြောလွန်းတာရော ကိုယ်ချစ်ခဲ့ဖူးသည့်မိန်းမတစ်ယောက်ကို တခြားယောကျ်ားတွေနှင့် ထိတွေ့ဆက်ဆံမှာကို မလိုလားတာရော ရောမွှမ်းကာ ဝင်၍စွက်ဖက်မိသည်။

"ကျွန်မ အလုပ်တွေစုံအောင် လုပ်ကြည့်ပြီးပါပြီ၊ ဈေးရောင်းတော့လည်း အရင်းပြုတ်၊ စက်ရုံမှာ လခစားဝင်လုပ်တော့လည်း ရတဲ့လစာနဲ့ ထွက်ငွေကမညီမျှ၊ ရပ်ကွက်ထဲ အဝတ်လည်လျှော်တော့လည်း တစ်ထောင်လောက်ပေးပြီး တစ်နေကုန်နှိုးနှိုး ခိုင်းချင်ကြတဲ့လူတွေကြောင့် သမာအာဇီဝကျတဲ့အလုပ်က သားသမီးတွေအတွက် ဗိုက်မပြည့်ဘူးလေ၊ ဒါကြောင့် မာမီဆောင်အိမ်မှာ အိမ်သန့်ရှင်းရေး ဗာဟီရလာလုပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကြုံရင်ကြုံသလို မာမီဆောင်က စပ်ပေးတယ်လေ''

မလွှဲသာမရှောင်သာ ဒီအလုပ်လုပ်နေရမှန်း မြင်ရုံနှင့်သိသည့်မို့ ငိုသံပါနေသော သီတာလင်း၏သိမ်ငယ်မှုတွေကို ဘယ်လိုနှစ်သိမ့်ပေးရမလဲ။ ဘယ်လိုကူညီပေးရမလဲ။

''ကဲပါ ကျွန်မ ဒုက္ခတွေကို ထိုင်ရွတ်ပြနေလို့ ကိုသောင်းကျော်စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှအကျိုးထူးလာမှာ မဟုတ်ပါဘူး။ ဟိုဟိုလေ ရှင် စိတ်တိုင်းကျပြောပါ၊ ကျွန်မ ရှင်စိတ်ကျေနပ်လောက်တဲ့အထိ ပြုစုပါ့မယ်''

တိုးသက်ရက်ရွံ့စွာ ပြောထွက်လာသော သီတာလင်းစကားကြောင့် ဦးသောင်းကျော် ကြက်သီးမွေးညင်းတွေ ဖြာခနဲ စိမ့်ဝင်လာသည်။

ကိုယ့်အတွက် ကံကောင်းတာလား ကံဆိုးတာလားဟုပင် မဝေခွဲချင်တော့။ အလာတုန်းက စိတ်ထဲမှာ ရှုန်းရင်းဆန်ခတ်ဖြစ်နေကြသော ရာဂစိတ်တွေသည် ခုတော့ အင်မတန် နူးညံ့သော လေပြည်လေညင်းလေးလို ရင်ခုန်သံတွေထဲ စီးဝင်ကုန်ကြသည်။

တစ်ချိန်က ချစ်ခဲ့ဖူးသူနှင့် ခုလို အခန်းတစ်ခုထဲက အိပ်ရာပေါ်မှာ အသွေးအသားချင်း ဖလှယ်ဖို့အတွက် ငွေကြေးပမာဏကကန့်သတ်စည်းတားပေးခဲ့သည်။

တကယ်ဆို ကိုယ့်ချစ်သူက ပြည့်တန်ဆာ။ ကိုယ်က မိန်းမတစ်ယောက်၏အသွေးအသားတွေကို ငွေနဲ့ဝယ်ယူပြီး ဆန္ဒတွေကို ဖြည့်ဆည်းသူ။





ဟင့်အင်း ဒါ လုံးဝအဓိပ္ပာယ်မရှိဘူး။ ဒီလို မဖြစ်သင့်တော့ဘူး။

ခုချိန်မှာ ဆန္ဒထက် သီတာ့ကို ဒုက္ခတွင်းထဲမှ လွတ်အောင် ဘယ်လိုကယ်တင်ရမလဲဆိုတာပင် ဖြစ်သည်။

''ဒီနေ့တော့ ငါတို့တွေ စကားအေးအေးဆေးဆေး ထိုင်ပြောကြတာပေ့ါ''

''ရှင်''

''ဟုတ်တယ် ငါ နင့်ကို အဲလို မဆက်ဆံရက်ဘူး၊ နင်ဟာ ငါ့အတွက်တော့ ခုချိန်ထိ တန်ဖိုးထားရမယ့် မိန်းမတစ်ယောက်ပဲ''

သီတာလင်း မျက်ရည်တို့ဝေ့ကာ ခေါင်းငုံ့သွားသည်။ ဘာစကားမှတော့ မဆိုဖြစ်တော့။

''နင် ငါ့အိမ်မှာ အိမ်မှုကိစ္စကို လာပြီး စီမံခန့်ခွဲပေးပါလား''

''ရှင်''

''ဟိုလေ ငါ ဒီလိုပြောလို့ နင့်ကို အထင်သေးတယ်လို့တော့ ထင်ပါနဲ့၊ နင့်ကို ဒီလိုဘဝမျိုးကြီးနဲ့ ဖြတ်သန်းနေစေမယ့်အတူတူ ငါ့မျက်စိရှေ့မှာထားပြီး နင့်မိသားစုအတွက် လိုအပ်တဲ့ငွေကြေးကို လစဉ်ထောက်ပံ့ပေးချင်တယ်ဟာ၊ ငါ့အိမ်မှာ မိန်းမသားမရှိတော့ အိမ်မှုကိစ္စကို ငါတို့တူကြီးသုံးယောက် ဘယ်နိုင်နင်းမှာလဲ၊ ဒါကြောင့် အကူအညီတောင်းတာပါ၊ လစာတစ်လကို တစ်သိန်းသီးသန့်ပေးမယ်၊ ဒီကြားထဲ နင်လိုအပ်တာမှန်သမျှကိုလည်း ငါ ထပ်ပြီးထောက်ပံ့မယ်ဟာ''



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားသည် သီတာလင်းအတွက် မင်္ဂလာအရှိဆုံး စကားပါ။

"တကယ်လား ကိုသောင်းကျော် လစာတစ်သိန်းဆိုတာနဲ့တင် လုံလောက်နေပြီမို့ မထောက်ပံ့လည်း ရပါတယ်"

"ဟင် ဒါဆို နင် ငါလိုအပ်တဲ့အလုပ်ကို လက်ခံတယ်ပေါ့"

"အင်း လက်ခံရမှာပေါ့။ ကျွန်မအဖို့ ဒီနေရာက လွတ်မြောက်တာဟာ ရာဇဝင်ရဲတွင်းထဲက လွတ်မြောက်သွားသလိုပါပဲ။ ရှင့်ကို ကျေးဇူး တင်တယ်"

ကူညီပေးမှုက အရာရောက်သွားပြီမို့ ဦးသောင်းကျော် လာရကျိုးနပ်သွားပါသည်။ ထို့ကြောင့် အားလုံး၏အမြင်မှာ ဦးသောင်းကျော်နှင့်သီတာလင်းကို အလုပ်သဘောအရ ဆက်ဆံကြပြီး ဦးသောင်းကျော်က သီတာလင်းကို သဘောကျသွားသည်ဟု ယူဆပုံရသွားကြသည်။

အမှန်ဆို နှစ်ယောက်သား သူတို့ထင်သလို ဆက်ဆံခဲ့ခြင်း မရှိဘဲ စကားထိုင်ပြောကြရုံသာ။

ဦးသောင်းကျော် ပြန်သွားသည်နှင့် သီတာလင်းစိတ်တွေသည် ငှက်ကလေးတစ်ကောင်လို လွတ်လပ်ပေါ့ပါးနေသည်။

ချစ်ဦးသူနှင့် ပြန်တွေ့ရမှတော့ ။ ။

■ ■ ■

## အခန်း (၆)

"အမေ အလုပ်အသစ်ရပြီ သမီးရေ"

ဒီနေ့ ထူးထူးခြားခြား လန်းဆန်းကြည်လင်နေသော အမေ့မျက်နှာကြောင့် ဝိုင်း အံ့သြရသည်။ ထိုအံ့သြမှုတွေ ဘာကြောင့်ဆိုတာ ခုတော့ သိလိုက်ရပြီ။ အမေ အလုပ်အသစ်ရပြီဆိုပဲ။

အလုပ်အသစ်ရပြီဆိုတော့ အမေအရင်ကလုပ်သည့် အလုပ်အဟောင်းက ပြုတ်ခဲ့ပြီလား။ ထိုအလုပ်အဟောင်းက ဘာလုပ်ရသည် ဘယ်မှာရှိသည်ဆိုတာ ဝိုင်း မသိ။

ထို့ကြောင့် အလုပ်အဟောင်းအကြောင်း မမေးတော့ဘဲ အလုပ်သစ်အကြောင်းကိုပဲ စိတ်ဝင်တစားမေးလိုက်သည်။

"ဘာအလုပ်သစ်လဲ အမေ"

"အိမ်မှုကိစ္စစီမံခန့်ခွဲဖို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း အိမ်အကူဆိုလည်း အိမ်အကူပေါ့၊ အိမ်မှုကိစ္စစီမံခန့်ခွဲဖို့ဆိုတော့ အဲဒီအိမ်မှာ ရှိနေတဲ့ အိမ်ဖော်တွေကို အမေက စီမံခန့်ခွဲဖို့ပေါ့ ဟုတ်လား"

"အဲဒါတော့ အမေလည်း အတိအကျ မသိဘူး။ အလုပ်ရှင်က အိမ်မှုကိစ္စစီမံခန့်ခွဲပေးရမယ်ဆိုပြီး အလုပ်အပ်တာပဲ သိတယ်၊ လစာက တစ်လတစ်သိန်းကြီးများတောင် သမီးရဲ့"

"ဟင် တစ်သိန်းတောင် ဟုတ်လား"

"ဟုတ်တယ် သမီးရဲ့၊ မာမီဆောင်ဆီမှာ အိမ်သန့်ရှင်းရေး သွားသွားလုပ်ပေးပြီး သူ ပေးသမျှ နှစ်ထောင်မျိုး သုံးထောင်မျိုးရလာတာထက်စာရင် ခု တစ်လတစ်သိန်းရပြီဆိုတော့ အမေ့သားသမီးတွေ ကျောင်းစရိတ်နဲ့အိမ်စရိတ်လေးတော့ ဖူလုံသွားမှာပါ သမီးရယ်"

"အဲဒီမှာ အမေသွားနေရမှာလား"

"မနက်သွား အလုပ်ပြီးတာနဲ့ ပြန်လာပေါ့ သမီးရယ်၊ နင့်အဖေပြန်မလာခင်တော့ ပြန်လာရမှာပေါ့၊ အဲဒီ လူ့ငနွားက သူ့သားမိသားစုကို ရှာမကျွေးရင်နေရမယ်၊ သူပြန်လာရင် အမေက အိမ်မှာရှိနေမှ"

"အဖေလည်း အရက်တွေ ပိုပိုပြီး သောက်လာသလိုပဲနော် အမေလည်း တားပါဦး"

အမေ့အပေါ်မှာရော ဝိုင်းတို့မောင်နှမအပေါ်မှာရော အဖေ မကောင်းမှန်းသိပေမယ့် အဖေ သေမှာကိုတော့ ဝိုင်း ကြောက်ပါသည်။





"နင့်အဖေက ဘယ်တုန်းကများ တားလို့ရလို့လဲ၊ သူ့ကိုဆရာလုပ်တယ်ဆိုပြီး အမေ့ကို ထချရုံပဲရှိမယ်၊ သေတော့လည်း သူ့ဝဋ်ကြွေးခံနေရတဲ့ဘဝက မြန်မြန်လွတ်မြောက်တာပေါ့၊ အမေတို့သားအမိတွေကို ဘာကောင်းကျိုးမှ ပြုခဲ့တဲ့သူ မဟုတ်ဘူး။ ငါ့သားသမီးတွေ အသက်ရှင်နေရတာ အမေ ရှန်းကန်ရှာဖွေခဲ့လို့ပါ"

"အမေ ခေါက်ဆွဲကြော် ရလာတယ် စားကြမယ်"

နေခြည်နှင့် ကောင်းဆက် ပျော်ကျော်ဆော့ပြီး မောလာဟန်ရှိသည်။ အိမ်ပေါ်သို့ တက်လာကြသည်။ လက်ထဲမှာ ခေါက်ဆွဲကြော်ထုပ်တိုယ်စီကိုင်လာကြသည်မို့ ဝိုင်းရော အမေရော ဘယ်ကရလာတာလဲဟု သိချင်နေကြပြီ။

"ဟဲ့ သားနဲ့သမီး ဒီခေါက်ဆွဲကြော်ထုပ် ဘယ်ကရလာသလဲ တယ်"

"ဟိုဘက်အိမ်က ကိုကြီးဌွန်းနဲ့ သူ့သူငယ်ချင်းက ဝယ်ပေးလိုက်တာ၊ သားတို့စားဖို့တဲ့ နေပူထဲ မဆော့ဘဲ အိမ်မှာခေါက်ဆွဲကြော် သွားပြန်စားကြဆိုလို့ ပြန်လာတာ"

"ဟော့တော် ဌွန်းက ဝယ်ပေးလိုက်တာဆိုတော့ ကျေနပ် သူ ချဲပေါက်လို့ထင်တယ်"

"ဟုတ်လို့လား အမေရယ်၊ တစ်ခါမှ ဝယ်မပေးစဖူး ဝယ်ပေးနေတာယ်"

ပေါ့ပေါ့ပါးပါး အမေ့အတွေးကို ဝိုင်း ကန့်ကွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနံ့ဆိုတဲ့ကောင်က သူ့ဟာသူတောင် ဆေးလိပ်ဖိုး ကွမ်းဖိုး နိုင်နိုင်ရယ် တစ်ခါတလေ သူ့အမေ အစ်မတွေဆီကနေ ပိုက်ဆံခိုးသုံးလို့ ပြဿနာတွေတက် ရန်တွေဖြစ်ကြနှင့် ဘေးအိမ်တွေပင် နားမခံသာ။

"မမဝိုင်း ရှော့သားတို့ကို ထည့်ပေးလေ ဗိုက်ဆာပြီ"

"ကဲ ပေး ပေး နောက်တစ်ခါ သူများပေးတိုင်း ယူမလာရဘူး နော်"

"ဟုတ်ကဲ့"

အစ်မကြီးတစ်ယောက်မို့ ဝိုင်းကိုတော့ မောင်လေး ညီမလေး တွေ ကြောက်ကြပါသည်။

"ကဲပါ သမီးရယ် မြန်မြန်ထည့်ပေးလိုက်ပါ၊ ကလေးတွေ စား ချင်နေကြပြီ၊ ဘယ်သူပဲပေးပေး အမေ့သားတွေ သမီးတွေ ခေါက်ဆွဲ ကြော်ထုပ်တွေယူပြီး မီးဖိုခန်းထဲ ဝင်ခဲ့လိုက်သည်။

"ဟဲ့ သမီးဝိုင်း လာလေ၊ ခေါက်ဆွဲကြော်က နှစ်ပွဲကြီးများ တောင် ညည်း မောင်နဲ့ညီမ ဘယ်လာကုန်မှာလဲ"

"ကြယ်စင်ပိုင့်အတွက် ချန်ထားလိုက်ပေါ့ အမေရယ်"

"ချန်ပြီးပါပြီ လာပါ လာစား သမီး၊ ခေါက်ဆွဲကြော် မစားရတာ ကြာလို့လားမသိဘူး စားလို့ကောင်းလိုက်တာအေ လာပါ သမီးရဲ့၊ အမေ စားရတာ မျိုမကျဘူး"

စတီးဇလုံထဲ ထည့်ပြီး စားနေကြသော အမေနှင့်မောင်လေး ညီမလေးကိုကြည့်ပြီး ဝိုင်း ရင်ထဲမှာ စိတ်မကောင်းဖြစ်မိသည်။ ဝိုင်းတို့





ဘဝက ခေါက်ဆွဲကြော်လေးတောင် ဝယ်မစားနိုင်တဲ့ဘဝပါလားဟု တွေး ပြီး ကိုယ့်ကိုကိုယ် လူဖြစ်ရှုံးသလို ခံစားလာရသည်။

တကယ်ဆို ဝိုင်းက အမေနှင့်တူသည်။ ခေါက်ဆွဲကြော်ကို အရမ်းကြိုက်သည်။ ဝင်စားချင်ပေမယ့် ဝိုင်းပါ ဝင်စားလိုက်လျှင် မောင် လေးနဲ့ညီမလေး ဝဝလင်လင် မစားရမှာကြောက်သည်။ ထို့အတွက် ကြောင့် စားချင်စိတ်ကို မျိုသိပ်ကာ လုံးဝမစားချင်သည့်ပုံဖြင့် ဟန်လုပ် နေရခြင်းပါ။

"ဟဲ့ လာ ဆို၊ ဒီမှာ ကုန်တော့မယ်၊ ဒီနှစ်ယောက် လက်သွက် နေတာ ခေါက်ဆွဲကြော်ဇလုံထဲ ခေါင်းတွေစိုက်တော့မယ်"

"သမီး မစားချင်ဘူး အမေရဲ့၊ ထမင်းနဲ့ငပိရည်ကို အားရ ပါးရနယ်ပြီး ခညင်းသီးဆားရည်စိမ်လေးနဲ့ တို့စားချင်လို့ အဲဒီခေါက်ဆွဲ ကြော်စားလိုက်ရင် သမီး အဲသလို စားနိုင်မှာမဟုတ်တော့ဘူး အမေရဲ့"

အပြင်အစားအစာကို ပိုက်ဆံမရှိ၍ တော်ရုံဝယ်မစားဖြစ်သည့် ဝိုင်းစကားကြောင့် အမေ ယုံသွားပုံဖြင့်

"အေးလေ ညည်းက ထမင်းပဲမက်တဲ့သူကိုး၊ ခညင်းသီးတွေ နှံ့တော့ တရားလွန် မစားပါနဲ့ သမီးရယ်၊ ကြာရင် ကျောက်ကပ်ထိမှာ"

"ဟုတ်ကဲ့ပါ အမေရဲ့"

ရေအိုးထဲမှ ရေကိုခပ်ပြီး အမေ့ကို လှမ်းပေးလိုက်သည်။ အမေ ... ထဲမှ စတီးရေခွက်ကို အငယ်မ နေခြည် လှမ်းယူကာ အားရပါးရ ... သောက်သည်။ ခေါက်ဆွဲကြော်ကြောင့် တော်တော်လေး ဗိုက်ဟာသွားပုံ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ဘာပဲဖြစ်ဖြစ် ဒီမနက်တော့ မောင်လေးနဲ့ညီမလေး ငပိရည်နဲ့ လွေးရမည့်မနက်စာနဲ့ လွဲသွားတာဟာ ကံကောင်းခြင်းပါပဲ။

ဝိုင်း အတွေးပင် မဆုံးသေး။ အိမ်ရှေ့မှ ခြေသံတဖုတ်ဖုတ်ကြောင့် ထရံကိုကျော်ကာ အိမ်ရှေ့ကို ကဲကြည့်လိုက်သည်။ ပန်းရံဆရာ ကိုတရုတ် မောကြီးပန်းကြီးနှင့် အိမ်ပေါက်ဝ ရောက်နေပြီ။

"အမေ ဟိုမှာ ကိုတရုတ် လာနေတယ်၊ ဘာဖြစ်လို့လဲ မသိဘူး ပျာတိပျာယာနဲ့"

ဖလုံထဲမှ လက်ကျန် ခေါက်ဆွဲဖတ်တွေကို ဖွန်းဖြင့်ခြစ်ခပ်ရင်း ကောင်းဆက်ကို ခွံ့နေရာမှ အမေ အိမ်ပေါက်ဝကို လှမ်းကြည့်ကာ

"တရုတ်ရေ နင်တို့ဆရာက ဘာမှာလိုက်လို့လဲ အရက်ဖိုးလာတောင်းခိုင်းတာလား"

သူ့လုပ်ခမရသည့်အပြင် အမြဲတမ်း အရက်ဖိုးပေးနေကြမို့ တမင်ကြုံမေးလိုက်ခြင်းပင် ဖြစ်သည်။

"မ မဟုတ်ဘူး အစ်မ သိတာ၊ ဆ ဆရာ ငြိမ်းပေါ်က ပြုတ်ကျပြီး ကျောက်တိုင်နဲ့ခေါင်းရိုက် ရိုက်မိပြီး ဆုံး ဆုံးသွားပြီ အစ် အစ်မ"

"ဘာ"

"အမလေး အမေ လုပ်ပါဦး အဖေ ဆုံးပြီတဲ့"

အမေက သွေးအေးသလောက် ဝိုင်းကတော့ သွေးမအေးနိုင်ပါ။ ထိုင်ရာမှ ဝုန်းခနဲထကာ ကိုတရုတ်ဆီသို့ ပြေးလာပြီး





"ဦးတရုတ် အဖေ အခုဘယ်မှာလဲ၊ အဖေဆုံးတာ ဟုတ်လို့လား။ သတိတွေဘာတွေ လစ်တာ ဖြစ်မှာပေါ့"

"သတိလစ်တာ မဟုတ်ဘူး ဝိုင်းရဲ့၊ ဟို ဟိုလေ နင့် နင့်အဖေ တကယ် အသက်မရှိတော့တာပါ၊ လုပ်ငန်းခွင်ဆရာဝန် ဆေးစစ်ချက်ယူပြီးပြီ အသက်ထွက်သွားတာ တကယ်ပါ၊ အခု ရေခဲတိုက်ကို ခေါ်သွားတော့မှာမို့ မိသားစုကို လာအကြောင်းကြားတာ၊ ဖုန်းဆက်ရအောင်လည်း နင်တို့ဖုန်းနံပါတ်ကို နင့်အဖေကလွဲပြီး ငါတို့လည်းမသိဘူးဟ"

ကိုတရုတ်ပြောတာတွေ ဝိုင်း နားထဲ ဝင်တစ်ချက် မဝင်တစ်ချက်။ မျက်လုံးအိမ်မှ မျက်ရည်တို့ ရေကာတာကြီးကျိုးပျက်သလို စီးဆင်းလာပြီး လူက ဆောက်တည်ရာမရချင်တော့။

အဖေဟာ ဝိုင်းတို့မိသားစုအပေါ်မှာ မေတ္တာအပြည့်မပေးပေမဲ့ ဝိုင်းတို့မောင်နှမတွေ အဖေ့အရိပ်မှာ ခိုခွင့်ရခဲ့တာဟာ လုံခြုံမှုတစ်ခုပါပဲ။ ဝိုင်းတို့ကို ဘယ်သူမှ စော်စော်မကြည့်ရဲအောင် အဖေဟာရပ်ကွက်ထဲမှာ သားသမီးထိ ဓားကြည့်ဆိုပြီး လူရမ်းကားလုပ် ကာကွယ်ပေးခဲ့တဲ့ ကျေးဇူးတွေ မိဘမဲ့တွေထက်စာလျှင် ဝိုင်းတို့မောင်နှမတွေ အဖေဟု ခေါ်ခွင့်ရအောင် အဖေဟာ ဝိုင်းတို့အနားမှာ နေပေးခဲ့တဲ့သူပါ။ ခု အဖေ မရှိတော့ဘူး၊ ဝိုင်းတို့ ဘယ်သူ့ကို အဖေခေါ်ရမှာလဲ၊ ဝိုင်းတို့ကို ထိပါး စော်ကားလာရင် အဖေ အရင်လို မကာကွယ်ပေးနိုင်တော့ဘူး။

"အ အမေ အဖေ့ဆီ သွားကြရအောင် မြန်မြန်လာပါ အမေ"

တကယ်တမ်းတော့ အမေလည်း မျက်ရည်အဝဲသားနှင့် ဒီ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းငြိမ်မနေပါဘူး။ ကလေးနှစ်ယောက်လက်တွဲပြီး အဖေ့နောက်လိုက်ဖို့ ဟန်ပြင်တော့သည်။

"ဦးတာရှတ် မောင်လေး ကြယ်စင် ဟိုတက်လမ်းကကျူရှင်မှာ သွားခေါ်ပေးပါလား"

ငိုသံပါကြီးနှင့် အကူအညီတောင်းနေသော ဝိုင်းကိုကြည့်ပြီး ဦးတာရှတ် ရင်ထဲမှာလည်း နည်းနည်းမှ မကောင်းပါဘူး။

"အေးပါ ငါ ခုပဲ သွားခေါ်ပေးပါ့မယ်"

ဝိုင်း အမေ့ကိုပင် စောင့်မခေါ်နေတော့။ အဖေ့ဝိညာဉ်နှင့် အဖေ့ရုပ်ကလာပ် သပ်သပ်စီရှိနေသော ဆောက်လုပ်ရေးဆိုဒ်ထဲသို့ သွေးရူးသွေးတန်း ခြေလှမ်းတွေဖြင့် ဒုန်းဆိုင်းပြေးလာလိုက်တော့သည်။ ဖိနပ်ပင်မပါ ခြေဗလာနှင့် အပြေးနှင်နေသည့် ဝိုင်းရင်ထဲမှာ မြင်းမိုရ်တောင် တစ်ခြမ်းပဲ့ကျသွားပြီပဲ။

အဖေရယ် ဝိုင်း အဖေ့ကိုချစ်ပါတယ်။

■ ■ ■

## အခန်း (၄)

"အာကာ ဝိုင်းတို့အဖေ ဆုံးပြီ"

"ဟင် ဟုတ်လား ဘာဖြစ်လို့လဲ၊ မင်းပြောတော့ သူ့အဖေက ရုပ်ကွက်ထဲမှာ ရှာစော်ဆို"

"ဟ ရှာစော်တိုင်း မသေရတော့ဘူးလား"

"အေးလေ အလတ်ကြီးရှိသေးတာ မဟုတ်ဘူးလား"

"သေမင်းက အလတ်ကြီးရှိသေးတယ်ဆိုပြီး မခေါ်ဘဲနဲ့ နေတာမဟုတ်တာ၊ ခု ခေါ်သွားပြီလေ"

ဂျွန်ရဲ့စကားကြောင့် ဝိုင်းကို အရင်ဆုံးပြေးပူမိပါသည်။ ဝိုင်းဆိုသော ကောင်မလေး သူ့အဖေသေဆုံးမှုကြောင့် ဘယ်လောက်တောင် ပူဆွေးသောကတွေ ရောက်နေလိမ့်မလဲ။

"မင်း အဲဒီအိမ်ကို သွားမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ညက တစ်ညလုံး ဖဲတောင်သွားထိုင်ရိုက်လိုက်သေးတယ်"

"ငါလည်း လိုက်ချင်တယ်"

အာကာမင်းသျှံ၏အရင်းမရှိ အဖျားမရှိစကားကြောင့် ဆေးလိပ်မီးခိုးတွေကို ရှိုက်သွင်းနေသော ဂျွန် မျက်ခုံးနှစ်ဖက်ပင့်ကြည့်ပြီး

"ဘယ်ကိုလဲ ပိုင်းအဖေနောက်ကိုလား"

"ဟာ ငါက ဘာလို့ ပိုင်းအဖေနောက်လိုက်ရမှာလဲ၊ ငါ လိုက်ချင်တယ်ဆိုတာ ဟိုလေ ပိုင်းတို့အသုဘအိမ်ကို လိုက်ချင်တာကွာ၊ နောက်ပြီး ကူငွေလေးဘာလေးထည့်ရင်း မင်းဖဲရိုက်တဲ့ဘေးမှာ မင်းနဲ့အဖော်လိုက်လာသလိုလို ဘာလိုလိုနဲ့ ငါ ပိုင်းကို အရိပ်လိုကြည့်နေချင်တယ်"

လေးလေးနက်နက် တောင်းဆိုနေသော အာကာမင်းသျှံ၏စကားကြောင့် ဂျွန် ပခုံးတွန့်လိုက်သည်။

"ဒါဆို ငါဖဲရိုက်ဖို့ မင်းအရင်းအနှီးထုတ်ပေးမလား၊ မနေ့ကကိုးမီးဆော့တာ ငါ ရှုံးတယ်ကွ၊ ဒီနေ့ ဖဲရိုက်ဖို့ အရင်းအနှီးကို ငါ့အစ်မဆီက ခိုးရင်ကောင်းမလားလို့ စဉ်းစားနေတာ"

ပိုင်းနှင့်ပတ်သက်ခွင့်ရမည်ဆိုလျှင် ဂျွန် ဖဲကစားဖို့အရင်းအနှီးတင်မဟုတ် ပိုင်းအဖေ၏နာရေးစရိတ်တွေကိုပါ အကုန်အကျခံလိုက်လို့ရသည်။

"အေးကွာ ငါ ထုတ်ပေးမယ်၊ ဒါပေမဲ့ မင်းဟိုမှာ တစ်ညလုံးနေရမှာနော်"

"မိုးလင်းပေါက်ကိုဆော့မှာ ဟော့ကောင်၊ မင်းသာ မင်းအိမ်ကို





ပိုင်အောင်လုပ်၊ အိမ်မပိုင်ဘဲနဲ့ ဂေါ်လီတော့ မရိုက်နဲ့"

"စိတ်ချ ငါ့လေးလေးနဲ့ ငါ့အစ်ကိုက ဘယ်လိုရှိရှိ ယုံပြီးသား၊ မင်းသာ ငါ့ကို အပါခေါ်ပြီး ပိုင်းနဲ့နီးစပ်အောင်လုပ်ပေး"

"စိတ်ချ ငါသွားမယ့်နေရာတိုင်းမှာ မင်းသာ ရှေ့ကနေ ငွေလမ်းခင်းပေး။ တစ်လအတွင်း မင်းနဲ့ပိုင်း ငြိအောင် ငါလှော်ပေးမယ်"

"တကယ်နော်"

"ဂျွန်ပါကွ မဟုတ်တမ်းတရားကို နည်းနည်းမှ မပြောဘူးလေကုန်လို့"

"အိုကေ ဒါဆို ငါတို့ ဒီည သွားကြရအောင်"

ဖြစ်နိုင်လျှင် ခုပဲ ထသွားချင်တာပါ။

■ ■ ■

"မမပိုင်း ဟိုနေ့က ခေါက်ဆွဲကြော်ဝယ်ပေးတဲ့ အစ်ကိုကြီးနဲ့ တို့ဂျွန်လာတယ်"

ဖဲပိုင်းသမားတွေအတွက် ဆေးလိပ်နှင့်ရေနွေးကြမ်း ပြင်ပေးနေတုန်း ကောင်းဆက်ကလေး လာပြောသဖြင့် ပိုင်း အိမ်ရှေ့ကို ကပျာကယာ ထွက်ခဲ့လိုက်သည်။

ဂျွန်လာတာ မဆန်းပေမယ့် ခေါက်ဆွဲကြော်ဝယ်ပေးတဲ့အစ်ကိုကြီးဆိုတာကတော့ ပိုင်းအတွက် ဆန်းနေသည်။

အိမ်ရှေ့ခန်းရောက်မှ နေခြည်ရောင်လေးအား ခေါင်းတပုတ်ပုတ်ပြုံးပြောနေသော အာကာ့ကိုမြင်ပြီး ဟိုနေ့က ဂျွန် မိတ်ဆက်ပေးတာကို



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသွားသည်။

ဩန် မိတ်ဆက်ပေးသလို အာကာမင်းသျှံဟာ ဘောစိဆိုတာက တော့ ရုပ်ရည်သန့်ပြန့်ချောမောပုံကိုကြည့်ပြီး သိနိုင်ပါသည်။ မျက်ခုံး မျက်လုံး နှာတံနှင့်နှုတ်ခမ်းမွှေးခပ်ရေးရေးလေးတွေက အာကာ့မျက်နှာကို ပိုပြီး ခန့်ညားစေနိုင်တာမို့ လူကြားထဲမှာ ထင်းခနဲ။

"ကိုအာကာမင်းသျှံပါလား ဝင်ပါ"

ညှိုးငယ်နေသော ဝိုင်းမျက်နှာလေးကိုကြည့်ပြီး အာကာမင်းသျှံ ရင်ထဲမှာမကောင်း။ ဆင်းရဲနွမ်းပါးလွန်းသည့် တဲအကြီးစားဟု ပြော၍ရ သော ယိုင်နဲ့နဲ့ အိမ်လေးနှင့် ဝိုင်းအလှတရားက ဘယ်လိုမှ မလိုက်ဖက် မတင့်တယ်။

"ဝိုင်းအဖေ ဆုံးသွားတဲ့အတွက် စိတ်မကောင်းပါဘူး"

နာရေးအိမ်လာပြီး သတင်းမေးပြီဆိုမှတော့ ပဋိသန္ဓာရစကား ကိုတော့ မပြောမဖြစ် ပြောရသည်။ ဝိုင်း မျက်ရည်လေးဝဲပြီး ခေါင်းညိတ် ပြရုံမှအပ ဘာမှပြန်မပြောနိုင် မျက်ရည်လေးစို့နေသည်။ ဝိုင်းတို့မောင်နှမ တွေ အဖေမဲ့ရပြီဆိုသည့်အသိက လောကကြီးထဲမှာ စိတ်ပျက်သိမ်ငယ် စွာ ရပ်တည်ရဦးမည်ဆိုသော အတွေးနှင့်ထပ်တူကျနေမှတော့ ဘယ်မှာ လာ စိတ်ချမ်းမြေ့နိုင်ပါတော့မလဲ။ တကယ်ဆို အဖေ မသေသင့်ဘဲ သေရတာပါ။

"မမဝိုင်း ညှော်သည့်အတွက် ကော်ဖီ"

ကြယ်စင် ကော်ဖီခွက်တစ်ခွက် လာချပေးသည်။





"အမေရော"

"အမေ ဘုန်းကြီးကျောင်းကို ခဏသွားတယ်၊ အဖေ့အတွက် ရည်စူးပြီး သင်္ကန်းလှူဖို့ကိစ္စ သွားလျှောက်မလို့တဲ့"

အမေနှင့်အာကာ့ကို မိတ်ဆက်ပေးရန် ရည်ရွယ်ပြီး မေးလိုက် ခြင်းဖြစ်သည်။

"သောက်ပါဦး ကော်ဖီ"

အာကာ့ရှေ့သို့ ကော်ဖီခွက်ကို ချပေးလိုက်သည်။ ဝိုင်းကိုချစ် ပေမယ့် အသုဘအိမ်က ကော်ဖီကိုသောက်ဖို့တော့ စိုးရွံ့ပါသည်၊ သို့သော် ဝိုင်းကိုမြတ်နိုးသည့်စိတ်ကြောင့် ဝိုင်း ကျေနပ်အောင် အားရပါးရ သောက် ပြလိုက်သည်။

ပြီးမှ ဘောင်းဘီအိတ်ထဲမှ တစ်သောင်းတန်ငွေစက္ကူထပ်တွေ ထုတ်ယူလိုက်ပြီး

"ဝိုင်း ဒီငွေတွေက နာရေးအတွက် ကူငွေပါ"

တစ်သောင်းတန်အရွက် သုံးလေးဆယ်ခန့်ရှိမည်ဟု ခန့်မှန်းမိ သည့်အတွက် ဝိုင်း မျက်လုံးလေး အပြူးသားဖြင့် ကြည့်ပြီး

"အို ငွေတွေအများကြီးပဲ၊ ဟင့်အင်း အဲလောက် ကူငွေမပေး ပါနဲ့"

"သုံးသိန်းဆိုတဲ့ငွေက ကိုယ့်အတွက် ဘာမှမပြောပလောက်ပါ ဘူး ဝိုင်း။ လက်ခံပေးပါ"

သုံးသိန်းဆို၍ ဩန် အံ့သြသွားပေမယ့် ဝိုင်းကို ယူလိုက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းလိုက်သည်။

"ဟုတ်တယ် ဝိုင်းရဲ၊ ယူလိုက်ပါ၊ ဒီကောင်က နင့်ကိုအရမ်း သဘောကျနေတာ၊ ဒီငွေလောက်က သူ့အတွက် ကလပ်တစ်ခါတက် လောက်ပဲရှိတာ၊ နင်တို့အဖေ နာရေးအတွက် သူ့ရဲ့စေတနာကို အသိ အမှတ်ပြုပေးလိုက်ပါ"

လူကြီးတစ်ယောက်လေသံဖြင့် ဆရာကြီးဝင်လုပ်နေသော ဠွန့် စကားကြောင့် ဝိုင်း မျက်နှာ ဖျဉ်းခနဲ ဖြစ်သွားသည်။ ဠွန့်ကို အာကာ မသိမသာ လက်တို့လိုက်သည်။ ဆက်မပြောနဲ့တော့ဆိုသည့် သဘော ဖြစ်သည်။

"ဠွန် နင်ဘာတွေလာပြောနေတာလဲ"

အိမ်နီးနားချင်း ပြောမှနာဆိုမနာမို့ ဠွန့်ကိုသာ ဝိုင်း လှမ်းဟန့် လိုက်သည်။ ဝိုင်း အနေခက်နေသလောက် အာကာကတော့ ကျေနပ်နေ သည်။

ဖြစ်နိုင်လျှင် ဒီထက်ပိုပြောစေချင်တာပါ။

■ ■ ■

"လေးလေး ဘာဖြစ်လို့ ဖုန်းဆက်ပြီး လူကိုအိမ်ပြန်လာဖို့ အတင်းပြောရတာလဲဗျာ"

ဝိုင်းတို့အိမ်မှာ အချိန်ဘယ်လောက်မှပင် မနေလိုက်ရ လေး လေးကြောင့် ဖုန်းဆက်တာနှင့် ချက်ချင်းထပြန်လာရသည်။

"ငါ သွားစရာရှိလို့ပေါ့ကွ"





"သွားစရာရှိရင် သွားလေ၊ အိမ်ရောခြံရော သော့ခတ်သွား ပေါ့"

"သော့ခတ်လို့မရဘူး မင်းအစ်ကို ဒီနေ့ ဆေးရုံသွားတာ အိမ် သော့ပို ပါမသွားဘူး၊ ဒါကြောင့် ပြန်လာရင် အိမ်မှာ လူတစ်ယောက် ရှိမှဖြစ်မှာ"

"လေးလေးက ဘယ်သွားမလို့လဲ"

"မိတ်ဆွေတစ်ယောက်ရဲ့နာရေးအိမ်သွားမလို့၊ မနက်ဖြန် ရက် လည်မှသွားရင် လူရှုပ်တယ်၊ ဒါကြောင့် ဒီနေ့ ကြိုသွားပြီး သတင်းလေး ဘာလေးမေးရတာပေါ့"

တူကြီးနှစ်ယောက် နာရေးအိမ်သွားတာချင်း တူနေကြသည်။

"ဒါဆိုလည်း မြန်မြန်သွားပြီး မြန်မြန်ပြန်လာနော်"

"အောင်မာ မင်းကျတော့ အလေနတော ကလေကချေလို လျှောက်သွားနေပြီးတော့ ငါက တစ်ခါတလေမှသွားတာ ဒီနေ့ မြန်မြန် ပြန်မလာရုံတင်မဟုတ်ဘူး၊ အဲဒီနာရေးအိမ်ကအပြန် ငါ့မိတ်ဆွေတစ် ယောက်နဲ့ အလုပ်ကိစ္စတစ်ခုခု တစ်ညအိပ်ခရီးဆက်ထွက်မှာ၊ ဒါကြောင့် ဒီနေ့ခင်းရော ဒီညရော ဘယ်ကိုမှသွားဖို့ စိတ်မကူးပါနဲ့"

"ဟာ ဒီည ကျွန်တော် ဘော်ဒါတွေနဲ့ ချိန်းထားတယ်"

"ချိန်းထားရင် နောက်နေ့မှသွား"

တစ်ချက်လှွတ်အမိန့်ပေးပြီး ကားသော့နှင့်လက်ပွေ့ပိုက်ဆံအိတ် ကြီးပိုက်ကာ ထွက်သွားသော လေးလေး၏ကျောပြင်ကို မကျေမနပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ကျန်ရစ်ခဲ့၏။

ဒီည ပိုင်၊တို့အိမ်မှာ ဌါန် ဖဲရိုက်တာကို ဘေးမှလိုက်ထိုင်ပြီး ပိုင်းနှင့်ပိုရင်းနီးခွင့်ရအောင် ကြိုးစားမည်ဟု အားခဲထားသမျှ နတော့သွားပါပြီ။

■ ■ ■

## အခန်း (၈)

အဆောင်ဘီထဲမှ ထွက်လာသော ဒေါက်တာ ကံ့ကော်ပွင့်ကို လှမ်းမြင်လိုက်သည်နှင့် ဓာတ်ခွဲခန်းထဲဝင်မည့် ဒေါက်တာသုံ့၏ခြေလှမ်းတွေ ခဏတော့ တုံ့ဆိုင်းသွားသည်။

ကံ့ကော်ပွင့်ကလည်း ဒေါက်တာသုံ့ကို လှမ်းမြင်နေသည့်အနေအထားဖြင့် ပြုံးပြကာ ဒေါက်တာသုံ့ရှိရာသို့ ရှည်လျားသော ခန္ဓာကိုယ်အချိုးအစား ခပ်နွဲ့နွဲ့လေးဖြင့် ကြွပ်ကြွပ်ရွရွလေး လျှောက်လာသည်။

ပြင်ပမှ ဝှေ့ခနဲ တိုက်ခတ်လာသော လေကြောင့် ကံ့ကော်ပွင့်၏ဆံစတွေ ယိမ်းနွဲ့လွင့်မျောပုံက ဒေါက်တာသုံ့ရင်ကို သိမ့်ခနဲ လှုပ်ခတ်သွားစေသည်။

"ဒေါက်တာသုံ့ ဒီနေ့ သင်တန်းကျမှ ဒေါက်တာသုံ့ လက်ချာတွေနားထောင်ရင်း မသိတဲ့ ဒေတာတွေကို မေးရဦးမယ်၊ ဒါကြောင့်ကံ့ကော်က ညကတည်းက ကိုယ်မေးမယ့် ဒေတာတွေကို ရေးပြီးပြုစု

www.burmeseclassic.com



ထားတယ်''

ကူးစက်ရောဂါထိန်းသိမ်းရေး ပညာပေးသင်တန်းဖေါ်လေးရက်တာကာလအတွက် ဒေါက်တာသျှံက သင်တန်းဆရာဖြစ်ပြီး နာ့စ်တွေနှင့် ကာလသားရောဂါဆိုင်ရာ လူမှုဆက်ဆံရေး စုံစမ်းရေးမှူးများဖြစ်သော ကျန်းမာရေးဝန်ထမ်းတွေကို အဓိကထား သင်ကြားပို့ချဖို့ သီးသန့်သင်တန်းဖြစ်ပြီး ထိုသင်တန်းတွင် ဆရာဝန်ဆိုလို့ ဒေါက်တာကုံကော်ပွင့်နှင့် အတူ ပိုးမွှားဗေဒဌာနမှ အလုပ်သင်ဆရာဝန်လေးတွေသာပါသည်။

''ဒါပေါ့ သင်တန်းဆိုတာ စာသင်ကြားတာထက် ခုလို အပြန်အလှန် မေးမြန်းဆွေးနွေးကြတာက ပိုပြီးအကျိုးသက်ရောက်မှုရှိတယ်၊ ဒါမှ ဒေါက်တာ Thesis (သီးဆစ်)အတွက် ပိုပြီး အထောက်အကူပြုနိုင်မှာ''

တည်ကြည်ခန့်ညားစွာ စကားပြောဆိုတတ်သော ဒေါက်တာသျှံကိုကြည့်ပြီး ကုံကော်ပွင့် သိမ်မွေ့စွာပြုံးလိုက်ပြီး

''အဲဒီအတွက် သဲင့်ခယူးပါ ဒေါက်တာသျှံ''

''ဘာအတွက်လဲ''

''ဒီသင်တန်းသာစာရင်းထဲမှာ ကုံကော်ကို ပါဝင်တက်ရောက်ခွင့်ပေးလို့ပေါ့''

''ဩော် ဒါလား၊ ကိစ္စမရှိပါဘူးဗျာ၊ ကုံကော်က ပြည်သူ့အကျိုးပြုလုပ်ငန်းလုပ်မှာမို့ ကျွန်တော်က လိုအပ်လို့ ပါဝင်ခွင့်ပေးလိုက်တာပါ''

''ဒါကြောင့် ကျေးဇူးတင်တယ်လို့ ပြောတာပေါ့''





''ဒါဆိုရင် ဒီအတိုင်းတော့ ကျေးဇူးတင်လို့ မရဘူးနော်၊ ကော်ဖီလေးတစ်ခွက်လောက်နဲ့ ကျေးဇူးတင်မှ အထမြောက်မှာ''

ဝေယံမင်းသျှံစကားကြောင့် ကုံကော်ပွင့် ပေါ့ပေါ့ပါးပါးလေး ရယ်လိုက်ပြီး

''ကော်ဖီက ဆေးရုံမှာ အလကားသောက်နေရတာပဲ ဒေါက်တာသျှံရယ်၊ ကုံကော်က ကော်ဖီလောက်နဲ့ ကျေးဇူးမဆပ်ချင်ပါဘူး၊ ဟိုလေ ဒီနေ့သင်တန်းကအပြန် ဒေါက်တာသျှံကို ဆူရှီလိုက်ကျွေးချင်တယ်''

လောဘနည်းလွန်းသော ယောကျ်ားတစ်ယောက်ကို ကုံကော်ပွင့် ရင်ထဲမှာ မနှစ်သက်ဘဲ မနေနိုင်မိအောင်ကို ရင်မှာမြတ်မြတ်နိုးနိုး နှစ်သက်မိပါသည်။

''သိပ်ကောင်းတာပေါ့၊ ကျွန်တော်က ဆူရှီသိပ်ကြိုက်တယ်၊ တစ်ခါတလေ ညနေစာကို ဆူရှီနဲ့ပြီးလိုက်တဲ့နေ့မျိုးတွေတောင် ရှိတယ်၊ ကျွန်တော့်အကြိုက်က ကုံကော်ရဲ့စေတနာတွေနဲ့ တစ်ထပ်တည်း ကျနေပါလား''

ဒေါက်တာသျှံ စကားကြောင့် ကုံကော်ပွင့် ပခုံးလေးကို ဟန်ပါပါ တွန့်ရင်း

''ကျမှာပေါ့ ဒေါက်တာသျှံရဲ့၊ ကုံကော်က ဒေါက်တာသျှံ ဘာကြိုက်တတ်သလဲသိချင်လို့ စွေတာကြီး နော်အေးလှကို မေးထားတာ စွေတာကြီးက ဒေါက်တာက ဆူရှီအစားများတယ်ဆိုလို့ လိုက်ကျွေးချင်စိတ်တွေ တဖွားဖွားပေါ်လာတာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ပိုပြီးတော့တောင် ကျေးဇူးတင်ထိုက်သွားပြီဗျာ၊ အင်း ဒီနေ့တော့ ဆူရှီတွေ တစ်ဝစားရမယ်ဆိုပြီး စာသင်တောင် ဖြောင့်ပါတော့မလား"

ဒေါက်တာသို့ စကားအဆုံး နှစ်ယောက်သား ပြိုင်တူရယ်လိုက်ကြသည်။

■ ■ ■

## အခန်း (၉)

"အမေ့သူငယ်ချင်းကလည်း ကူငွေ ငါးသိန်းတောင် ကူသွားတယ် ဟုတ်လား"

မနက်ဖြန် ရက်လည်အတွက် ကူငွေတွေ လာကြိုပေးတဲ့သူတွေထဲမှာမှ အာကာမင်းသျှံနှင့် အမေ့သူငယ်ချင်းဆိုသည့် ဦးသောင်းကျော်ပေးသွားသော ကူငွေက အများဆုံးဖြစ်သည်။

ရပ်ကွက်ထဲမှာ တချို့ကူငွေလာပေးကြသည်က တစ်ထောင်မျိုးနှစ်ထောင်မျိုးလောက်သာ ကူငွေပေးကြတာ။

"အေးလေ အမေလည်း စာအိတ်ထဲ ထည့်ပြီး အိတ်ပိတ်ပေးတော့ အထဲမှာ ဘယ်လောက်ရှိမှန်း မသိပါဘူးအေ၊ ငါတော့ အားနာပြီး ကျေးဇူးလည်းတင်တယ်"

"ဟင် အမေကလည်း သူ့ဟာသူ လာပေးတာပဲ၊ ရှင်းသူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း အာကာမင်းသျှံဆိုတဲ့သူကလည်း သုံးသိန်းကြီးများတောင်''

''ဘာပဲဖြစ်ဖြစ် ညည်းအဖေရဲ့ကုသိုလ်ကံပေါ့အေ၊ သွားလေသူကြီး သူ့စရိတ်နဲ့သူ သွားရှာတာ၊ သူ့နာရေးအတွက် တစ်ပြားတစ်ချပ်တောင် မချေးငှားလိုက်ရဘူး''

ဒီခေတ်ကြီးက သေဖို့အတွက် ရပ်ကွက်နာရေးကူညီမှုအသင်းတွေရှိ၍ ဟိုတုန်းကလောက် မရှိဆင်းရဲသားတွေ ဒုက္ခမများတော့။

ကျော်သူဆီ ဖုန်းဆက်ပြီး အလောင်းကို ရေခဲတိုက်ပို့ဖို့လည်း မပူရ။ ရပ်ကွက် ပရဟိတနာရေးကူညီမှုအသင်းကလည်း ငွေငါးသောင်းအသုဘပို့ယာဉ် ငါးစီး၊ နာရေးဖိတ်စာ ယပ်တောင် ရေဘူးအပြင် ရက်လည်အတွက် ချက်ပြုတ်စီမံညှိခံကျွေးမွေးဖို့ အိုးခွက်ပန်းကန်ခွက်ယောက်နှင့် ထိုင်ခုံပါမကျန် ယုတ်စွအဆုံး မဏ္ဍပ်နှင့်အတူ ဝိုင်းကူလုပ်ပေးဖို့ ပရဟိတလူငယ်တွေကိုပါ စေလွှတ်ပေးသည်။

ခုလည်း ကူငွေတွေက မနည်းမနောမို့ ရပ်ကွက်ထဲ ဟိုဟိုဒီဒီအကြွေးလေးတွေကိုပါ ဆပ်နိုင်ပြီမို့ ဒေါ်သီတာလင်းရင်ထဲမှာ သူ့ကိုအင်မတန်နှိပ်စက်အနိုင်ယူချင်သည့် ချစ်လင်ကြီးကိုပင် ကျေးဇူးတင်ရတော့မလို။

သားသမီးလေးယောက်နဲ့ ဘဝဆက်လက် ရပ်တည်ဖို့အတွက်ကိုသောင်းကျော်အိမ်မှာ အလုပ်ဝင်မည်ဆိုလျှင် လစဉ်ဝင်ငွေလည်းရှိပြီးအနာဂတ်ကို ဒီသားဒီသမီးတွေလက်ကို ဆွဲပြီး ရဲရဲကြီး လျှောက်လှမ်းနိုင်ပါပြီ။





''သမီးလည်း ကျောင်းဆက်မတက်တော့ဘဲ အလုပ်တစ်ဖက်လုပ်မယ် အမေရယ်''

''ဟဲ့ ညည်းမောင်တွေ ညီမတွေကို ဘယ်သူထိန်းမလဲ''

''ကြီးကြီးတို့အိမ်မှာ အပ်ထားလိုက်ပေါ့၊ ညနေ သမီးအလုပ်ကပြန်လာမှ ဝင်ခေါ်မှာပေါ့၊ ကြီးကြီးကလည်း အဲလိုလုပ်ဖို့ အကြံပေးတယ်လေ၊ အဲလိုမှ မလုပ်ရင် ညည်းတို့မိသားစုတွေ ရှေ့ဆက်ဘယ်လိုရပ်တည်မလဲတဲ့''

''ဒါဆို သမီးက ဘာလုပ်မယ် စိတ်ကူးလဲ''

''စိန်ခြယ်လမ်းထဲက ဝိုင်းသူငယ်ချင်း တစ်ယောက်ရဲ့ အလှပြင်ဆိုင်မှာ သွားလုပ်မယ်လေ''

''ညည်းက ဘာတတ်လို့လဲ''

''သူလည်း အလုပ်ဝင်စက ဘာမှမတတ်ဘူး၊ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ အလုပ်က သင်သွားတာ''

''အေးလေ ညည်းဆန္ဒရှိမယ်ဆိုရင်တော့ သဘောပေါ့၊ ညည်းတို့ကြီးကြီးကိုလည်း ငွေပိုငွေလျှံလေးရှိတော့ ထောက်ပံ့လို့ရတာပေါ့''

သားအမိနှစ်ယောက် ရှေ့ရေးအတွက် အကွက်ချချ စီစဉ်ပြီးအင့်အားသစ်တွေ မွေးလိုက်ကြသည်။

''ဟဲ့ သီတာ၊ အမလေး ယောက်ျားသေမှ အလုပ်လုပ်စရာလေ့တော့ဘူးလား၊ ငါ့မှာ မျှော်လိုက်ရတာ''

ပြောလည်းပြော အိမ်ပေါ်လည်း တက်လာသော မင်းဆောင်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်တော့ ဒေါ်သီတာလင်း မျက်နှာပျက်သွားသည်။

"ဪ မာမီဆောင် လာလေ"

မာမီဆောင် ချိုင်းကြားမှာ ညှပ်ထားသော လက်ဆွဲအိတ်ကို ချပြီး သူ့ကိုယ်လုံးကြီးဖြင့် အိခနဲ ထိုင်ချလိုက်သည်။

"ဘယ်လိုလဲ ညည်း ဖောက်သည်တွေက မျှော်နေကြသလို ငါ့ အလုပ်တွေလည်း ပုံနေပြီလေ"

ပိုင်းရှေ့မှာ ပြောလိုက်သော စကားကြောင့် ဒေါ်သီတာလင်း မျက်နှာ ဖျဉ်းခနဲ ပျက်ဆင်းသွားသည်။ ကိုယ် ဒီအလုပ်လုပ်တာ မိသားစုတွေ သိတာမဟုတ်။ အထူးသဖြင့် သမီးပိုင်းရဲ့အညွှန့်တလူလူ တက်နေသည့် အနာဂတ်မှာ မိခင်ဖြစ်သူ၏အရိပ်မည်းကြီးက ထင်ချပ်မကျွာ အလိုက် မခံနိုင်။

"မာမီဆောင် ကျွန်မတို့ အပြင်မှာသွားပြောကြရအောင်"

"အိုအေ နေပူကပူနဲ့ ခုပဲ နေပူထဲက လာတဲ့ညည်းသည်ကို အပြင်ပြန်ထွက်ခိုင်းနေတယ်၊ ကျုပ်လည်း ပြောစရာရှိတာပြောပြီး ပြန်မှာ"

"သမီး ပိုင်းရေ၊ အိမ်ထဲမှာ ရေနွေးကြမ်းနဲ့လက်ဖက် သွား ပြင်ခဲ့စမ်း"

မာမီဆောင် ဘာပြောမည်ဆိုတာ သိနေ၍ ပိုင်းကို တမင် ပထုတ်လိုက်ခြင်း ဖြစ်သည်။

"ညည်း သမီးနာမည်က ပိုင်း ဟုတ်လား"





"ဟုတ်ပါတယ် ကြီးကြီး"

ဒေါ်သီတာလင်း မဖြေခင် ပိုင်းက အရင်ဦးအောင် ဝင်ဖြေ လိုက်သည်။

"ရုပ်ကလေးက လှလိုက်တာအေ၊ ညည်းသမီးက တစ်သွေး တစ်မွေးနဲ့ ညည်းနဲ့တောင် သိပ်မတူပါဘူး။ ငါတို့ဆီက ကောင်မတွေထက် အပုံတစ်ရာမက သာတယ်"

မာမီဆောင် ရှေ့ဆက်ဘာပြောမည်ဆိုတာ သိနေ၍

"ဟဲ့ ပိုင်း လက်ဖက်သွားပြင်လို့ ပြောနေတာ မကြားဘူးလား။ ခိုင်းရင်တစ်ခွန်းထဲနဲ့ ထမလုပ်ဘူး သွား ခုချက်ချင်းထ"

သမီးလုပ်သူကိုမအော်ချင်ပေမယ့် မာမီဆောင် မျက်စိကျနေပုံ ကိုတော့ ဒေါ်သီတာလင်း ဘယ်လိုမှမနှစ်မြို့။

ကိုယ့်သမီး အပျိုစင် နုနုထွတ်ထွတ်လေးကို သားသမီးချင်း စာနာဘဲ ခိုင်းစားဖို့ ဈေးကွက်မြင်နေသော မာမီဆောင်ကိုလည်း မကျေ နပ်စိတ်ရှိတိုင်းသာ ဆဲရေးတိုင်းထွာလိုက်ရင် မကောင်းဘဲရှိတော့မည်ဟု စိတ်ထဲက ပျစ်ပျစ်နစ်နစ်ကို ကျိန်ဆဲပစ်လိုက်သည်။

ပိုင်း မျက်လုံးလေး ကလယ်ကလယ်ဖြင့် ဒေါသသံဖြင့် ပြော လိုက်သော မိခင်ကိုကြည့်ပြီး ထိုင်ရာမှ ထထွက်လာခဲ့လိုက်သည်။

အမေ ဘာကြောင့် ချက်ချင်းကြီး စိတ်တိုသွားရတာပါလိမ့်၊ ဒီအဒေါ်ကြီးနှင့် ဘာများပတ်သက်နေလို့လဲ။ ဒီအဒေါ်ကြီးက မကောင်း သောလုပ်စားသည့် မိန်းမတွေကို အုပ်ချုပ်သည့် ခေါင်းဆောင်။ ပိုင်းတို့



www.burmeseclassic.com

www.burmeseclassic.com



နှင့်တစ်ရပ်ကွက်ထဲမဟုတ်၍ ဝိုင်းမသိပေမယ့် ဝိုင်းသူငယ်ချင်း ပြောပြထား၍ သိထားသည်။

ဒီတော့ အမေတို့ ဘာတွေပြောကြမည်ဆိုတာကို ဝိုင်း သိချင်စိတ်ဖြစ်လာ၍ မီးဖိုခန်းထဲ တန်းမဝင်သေးဘဲနှင့် ထရံအကွယ်ကနေရပ်ပြီး နားထောင်လိုက်သည်။

"ကဲ ခု ညည်းတို့မိသားစု ငါးယောက်ကျန်ခဲ့ပြီ၊ လင်မရှိတဲ့ မုဆိုးမဘဝနဲ့ ဘယ်လိုစခန်းသွားကြမလဲ"

"ဒီလိုပဲ မီးစင်ကြည့်ကရမှာပေါ့ မာမီဆောင်ရယ်၊ ကျွန်မက အမေပါ၊ ကိုယ့်သားသမီးတွေကို ငတ်အောင်တော့ မထားပါဘူး"

"ငတ်အောင်မထားဖို့အတွက် အရင့်တုန်းကလို ကြုံဒိုးလေး လုပ်လို့မရတော့ဘူး၊ ဒီတော့ ကျုပ် ဟိုဘက်မြို့သစ်မှာ ခြံရောအိမ်ရော ဝယ်ထားတာရှိတယ်၊ မြို့သစ်ဆိုတော့ နည်းနည်းတိတ်ဆိတ်တယ်၊ ဒါကြောင့် နောက်ထပ် ဘီအသစ်တစ်ခု ထပ်ချဲ့မယ်၊ အဲဒီဘီမှာ ညည်း သွားပြီး တာဝန်ယူပေး၊ ညည်းရဲ့ဖောက်သည်အချို့က ညည်းလာရှာလည်း ကျုပ် အဲဒီကိုလွှတ်ပေးမယ်၊ အဲဒီမှာ တာဝန်ယူပေးခ ညည်းကို တစ်လနှစ်သိန်းပေးမယ်"

"ကျွန်မ အဲဒီအလုပ်ကို မလုပ်တော့ဘူး မာမီဆောင်"

မာမီဆောင် ပြောတာရော အမေ ငြင်းတာရောကို ဆက်စပ်တွေးမိလိုက်သည့် ဝိုင်းမှာ ခေါင်းနပန်းကြီးသွားသည်။

မဟုတ်မှလွဲရော အမေ့ကို ခေါင်းလုပ်ခိုင်းနေသည့်ပုံစံမျိုးလား





"ညည်းက ပြောင်းပြန်ပါလား၊ လင်ရှိတုန်းကတော့ လင်လစ်ရင်လစ်သလို ငါ့ဆီပြေးလာပြီး အိမ်မှုကိစ္စလေးလုပ်လိုက်၊ ညည်းဖောက်သည်တွေနဲ့ အောက်ဆိုဒ်လေးရှာလိုက်နဲ့လုပ်ပြီး အခုလင်မရှိတော့မှ ဒီအလုပ်မလုပ်တော့ဘူးဆိုတော့ မဟုတ်မှလွဲရော ညည်းလင်ထပ်ယူမလို့လား၊ ဒါမှမဟုတ် ညည်းသမီးကို ညည်းနေရာလွှဲပေးမလို့လား၊ အဲဒါဆိုရင်တော့ ညည်းအကြံမဆိုးပါဘူး၊ ညည်းသမီးက ရုပ်ကလေးရော ကိုယ်လုံးကိုယ်ပေါက်ရော ပြောစရာမရှိအောင် လှတော့ တစ်နေ့တစ်နေ့ ပုရိသတွေ သမင်ယမဆိုင်မှာ ဆီတိုးသလို ကြိတ်ကြိတ်ကိုတိုးနေမှာ မလွဲဘူး"

ပြောရက်လိုက်တာဟူသော အကြည့်ဖြင့် ကြည့်လိုက်ပြီး

"သားသမီးချင်းစာနာပြီး ပြောပါ မာမီဆောင်ရယ်၊ ကျွန်မသာ အခြေအနေအရပ်ရပ်ကြောင့် အပျက်မဘဝကို ရောက်ရင်ရောက်မယ်၊ ကျွန်မသမီးကိုတော့ ဘယ်တော့မှ အရောက်မခံဘူး၊ ဒီစကားကို နောက်ထပ် မပြောပါနဲ့"

"အိုအေ ကျုပ်က ညည်းတို့မိသားစုအတွက်ပြောတာ"

"ဟုတ်တယ် အဲဒီမိသားစု ဂုဏ်သိက္ခာကြောင့် ကျွန်မ ဒီအလုပ်မလုပ်တော့ဘူး၊ မာမီဆောင့်အိမ်ကိုလည်း ကျွန်မ ဘယ်တော့မှ မလာတော့ပါဘူး၊ ပတ်လည်းမပတ်သက်တော့ဘူး၊ ကျွန်မကိုလည်း ဒီအလုပ်လုပ်ဖို့ ထပ်မပြောပါနဲ့တော့"

ယတိပြတ် ပြောနေသော အမေ့စကားကြောင့် ဝိုင်း ရင်ထဲမှာ ဝမ်းသာဝမ်းနည်း ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာတာက အမေဟာ ဝိုင်းတို့မောင်နှမတွေရဲ့ဂုဏ်သိက္ခာကြောင့် ဒီအလုပ်မလုပ်တော့ဘူးဆိုတာကိုဖြစ်ပြီး ဝမ်းနည်းတာကတော့ အဖေရှိခဲ့စဉ်တုန်းက အမေမကြားဖူးသော ထွက်ထွက်ပြီး အလုပ်သွားလုပ်သည်ဆိုတာ ဒီလို ပုရိသတွေကို အသွေးအသားနှင့် ဝန်ဆောင်မှုပေးရသည့်အလုပ်ကို သွားလုပ်တာတဲ့လား။

ထရံကြားထဲကနေ အမေ့ကိုကြည့်ပြီး ဝိုင်း မျက်ရည်တို့ ဝေ့ဝဲလာသည်။

အမေရယ် ဝိုင်း ရင်ထဲမှာ တဆစ်ဆစ်နဲ့ နာကျင်လိုက်ရတာ။ အဖေရှိစဉ်တုန်းက အဖေဟာ မိသားစုအတွက် အလုပ်လုပ်ခဲ့ပေမယ့် ဝိုင်းတို့ ဝလင်အောင်မစားခဲ့ရဘူး။ အမေ့ကြောင့်တော့ ဝိုင်းတို့ ဝဝလင်လင် စားခဲ့ရပါတယ် အမေ။ အဲဒီလို စားခဲ့ရတာတွေဟာ အမေ ခုလို ဘဝမျိုးကို ဖြတ်သန်းပြီး ရှာကျွေးခဲ့တာတဲ့လား။

ဝမ်းနည်းလွန်း၍ မျက်ရည်တို့ တသွင်သွင် စီးကျလာကာ ထရံကို ကျောမှီ၍ ထိုင်ချလိုက်သည်။

အမေနှင့်မာမီဆောင် ဒီထက်အခြေအတင် ဖြစ်ကြသည်ထင်သည်။ အိမ်ပေါ်မှ ဆောင့်အောင့်ဆင်းသွားသော မာမီဆောင့် ခြေသံ ခပ်ကြမ်းကြမ်းကြောင့် ယိုင်နဲ့နေသော အိမ်ကလေးမှာ သိမ့်ခနဲ သိမ့်ခနဲ

■ ■ ■

## အခန်း (၁၀)

"ဝါး ဒီနေ့ ထူးထူးခြားခြား မီးဖိုခန်းထဲက ဟင်းနံ့တွေ တလှိုင်လှိုင်ထွက်နေပါလား"

ဘဲသားဟင်းနံ့ကိုရှူရှိုက်ရင်း မီးဖိုခန်းထဲဝင်လာသော အာကာမင်းသျှံ၏ခြေသံကြောင့် ကြိမ်ဆိုင်တွေကို အိုးထဲထည့်ပြီး ချက်ဖို့ပြင်နေသော ဒေါ်သီတာလင်း မီးဖိုခန်းဝကို လှည့်ကြည့်လိုက်သည်။

အာကာမင်းသျှံနောက်မှ ဦးသောင်းကျော် လိုက်ဝင်လာသည်။

"ဟုတ်တယ် အာကာရေ ဒီနေ့တော့ ဒီအိမ်ကို စားဖိုမှူးအသစ်ရောက်တယ်၊ နောက်နေ့တွေလည်း ဒီလိုအရသာရှိရှိ ဟင်းအနံ့တွေ မွှေးကြိုင်လှိုင်နေတော့မှာကွ၊ သူက လေးလေးရဲ့ငယ်သူငယ်ချင်းလေ"

"ဒါဆို ကျွန်တော်တို့ ဟင်းကောင်းကောင်း ထမင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကို နေ့တိုင်းစားရတော့မှာပေါ့''

''ဟုတ်တယ် ဒါကြောင့် မင်းတို့က အိမ်မှာနေ့တိုင်း ပြန်စားရမယ် ကြားလား။ ငါသူငယ်ချင်းကို လာကူဖို့ ငါမှာမနည်း အကူအညီတောင်းထားရတာ''

''အဒေါ်ကြီးက ဒီမှာနေမှာလား''

အာကာ့အမေးကြောင့် ဒေါ်သီတာလင်း ကြမ်းဆိုင်အိုးကို ဂက်စ်မီးဖိုပေါ်တင်ရင်း

''မနက်လာပြီး အိမ်မှုကိစ္စပြီးတာနဲ့ ပြန်မှာပါ''

''ဒီမှာပဲ နေလိုက်တာမဟုတ်ဘူး အဒေါ်ကြီးရာ၊ ပြန်လိုက်သွားလိုက်နဲ့ဆိုတော့ အဒေါ်ကြီး ပင်ပန်းတာပေါ့၊ အဟဲ ကျွန်တော့်ဦးလေးက လူမျိုးကြီးဗျ''

တစ်ခါထဲ ဒွဲရွှေနေသော အာကာ့စကားကြောင့် ဒေါ်သီတာလင်း မျက်နှာပူသွားသည်။ ဦးသောင်းကျော် ရယ်ကျဲကျဲဖြင့်

''မင်းက ဦးလေးကို မိန်းမတော်တော်ပေးစားချင်နေတယ်ဟုတ်လား''

ဦးသောင်းကျော် ပြောမှ ပို၍ပင် အနေခက်သွားသည်မို့ ဒေါ်သီတာလင်း အယောင်ယောင်အမှားမှားတွေဖြစ်ကာ ဟင်းအိုးအပူကို လက်နှီးမပါဘဲ အဖုံးဖွင့်လိုက်မိသည်။

''အမလေး ပူလိုက်တာ''

''ဟာ သီတာ ပူသွားပြီလား၊ ပူသွားပြီလား၊ ဒီကောင်ကွာ





လူကြီးအလုပ် လုပ်နေတာကို ဘေးကနေ အာရုံလာစားနေတယ်''

ဦးသောင်းကျော် ပျာပျာသလဲဖြင့် ဒေါ်သီတာလင်းအနားသို့ ရောက်သွားကာ ပူသွားသော ဒေါ်သီတာလင်း လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

''ကဲ လေးလေးရေ ကျွန်တော်က အရောက်ပို့ခဲ့ပြီးပြီ၊ ဟဲ ဟဲ ဟင်းတွေကျက်ရင် လှမ်းခေါ်လိုက်နော်၊ ကျွန်တော် မိုက်ဆာပြီဗျ''

အခြေအနေက လပ်ဖ်ဆင်းတစ်ခုသီသို့ ဦးတည်နေပြီမို့ အာကာမင်းသျှံ အလိုက်တသိ ရှောင်ထွက်လာခဲ့လိုက်သည်။

■ ■ ■

''ညီ မင်းဘာတွေ ချောင်းနေတာလဲ''

ထမင်းစားခန်းဝတွင် ပြူတစ်ပြူတစ်ရပ်နေသော အာကာ့ကို ကြည့်ပြီး ဆေးရုံမှပြန်လာသော ဝေယံမင်းသျှံ ထူးထူးဆန်းဆန်း မေးလိုက်သည်။

''ရှူး ကိုကို''

လက်ညှိုးဖြင့် ပါးစပ်ကိုတေ့ပြီး ရှူးခနဲ လုပ်ပြလိုက်သည်မို့ မီးဖိုခန်းထဲတွင် ဘာတွေဖြစ်နေသည်ဆိုသည်ကို သိချင်သွားသည်။

''အထဲမှာ လပ်ဖ်ဆင်းရိုက်နေတယ်''

''ဟင် ဟုတ်လား ဘယ်သူလဲ''

''လေးလေးပေါ့''

''လေးလေးက ဘယ်သူနဲ့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"တဖိုမှူးအနိတ်ကီနဲ့ သူ့ငယ်သူငယ်ချင်းတဲ့၊ ညီတော့ မထင်ပါဘူး၊ ငယ်ရည်းစားဖြစ်မှာပေါ့"

ဝေယံမင်းသျှံ မီးဖိုခန်းထဲသို့ မသိမသာ ချောကြည့်လိုက်သည်။

လေးလေးက အမျိုးသမီးကြီးဓါးပုံနှစ်ဖက်ကို ကိုင်ပြီး ဘာတွေ ပြောနေသည်မသိ။ ဝေယံမင်းသျှံ ဆက်မကြည့်ချင်တော့။ ကိုယ်နှင့်မဆိုင်တာ။ ခုလို ချောင်းကြည့်တာ လူ့ယဉ်ကျေးတွေရဲ့အလုပ်မှမဟုတ်တာ။

"လာပါ ညီရာ၊ လေးလေးကို သွားမနှောင့်ယှက်ပါနဲ့ သူ့ဟာသူ လွတ်လွတ်လပ်လပ် နေပါစေ"

အာကာ့လက်ကိုပါ ဆွဲခေါ်လာလိုက်သည်။ ခုချိန်ထိ မိန်းမ မရသေးသော လေးလေးကို အရွယ်တွေ ဒီထက် ဒီထက် မလွန်ခင်မှာ မိသားစုလေးနဲ့ဖြစ်စေချင်ပါသည်။

"ကိုကို လေးလေး အကြံအဖန်လုပ်ပြီး ခေါ်လာတာ ထင်တယ်နော်၊ ပြောတော့ ငယ်သူငယ်ချင်းတဲ့ ခုတော့ နှစ်ကိုယ်ကြား ဘာတွေပြောနေကြလဲမသိဘူး"

"ဘာပြောပြောကွာ၊ သူ့အရွယ်က ပြောရမယ့်အရွယ်တောင် ကျော်လွန်နေပြီမို့ သိပ်မှမထူးဆန်းတော့တာ"

လူပျိုကြီးဘဝနှင့် တူနှစ်ယောက်ကို ထိန်းကျောင်းလာခဲ့သော ဦးလေးကို ခုမှ ကြင်ယာရှာတာကို ကန့်ကွက်စရာအကြောင်းမရှိ။

"ဒါပေမဲ့ အိမ်ဖော်ကြီးနဲ့လေ ကိုကိုရာ"





"အိမ်ဖော်လည်း လူပဲလေ ညီရဲ့၊ ညီမှာ ဘယ်တုန်းက လူတန်းစားခွဲခြားတဲ့စိတ် ဝင်သွားတာလဲ"

"ခွဲခြားတာမဟုတ်ပါဘူး စိတ်ထဲ တစ်မျိုးဖြစ်နေရုံပါ"

"အဓိကက ကိုယ်ကျင့်တရားကောင်းဖို့ပဲ မဟုတ်လား ညီရာ၊ ကဲ လာ ကိုကိုတို့ညီအစ်ကို ရေအတူချိုးရအောင် ညီက ကိုကို့ကျောကို ကျီးတွန်းပေး အိုကေ"

ဝေယံမင်းသျှံ တမင်အာရုံလွှဲလိုက်ခြင်းပါ။ လေးလေးတို့ လွတ်လွတ်လပ်လပ် အကြည်စိုက်ကြပါစေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဒီနေ့ သဲစုနှင့် အလှပြင်ဆိုင်တွင် အလုပ်စဆင်းသည့်နေ့ ဖြစ်သည်။ အလှပြင်ဆိုင်ဆိုပေမယ့် အတွင်းဘက်တွင် အနှိပ်ခန်းသုံးလေးခန်းကို လျှို့ဝှက်ဖွင့်ထားသည်။

အလုပ်ဝင်ပြီးမှ အနှိပ်ခန်းက အဓိကလုပ်ငန်းဖြစ်ပြီး အပြင်မှ အလှပြင်ဆိုင်က ဟန်ပြသက်သက်သာ ဖြစ်သည်။ ဝိုင်းကတော့ အလုပ်ဝင်စမို့ထင်သည် အလှပြင်ဆိုင်မှာ တောက်တိုမယ်ရလောက်သာ လုပ်ရသေးသည်။

သဲစုတို့က အနှိပ်ခန်းတွင် အနှိပ်သမများအဖြစ် တာဝန်ကျသည်။

အလှပြင်ဆိုင်မှအပြန်တွင် သူ ဒီနေ့ နိုင်လာသည်ဟုပြောပြီး ဝိုင်း တစ်ခါမှမထိုင်ဖူးသော ကော်ဖီဆိုင်တွင် ဝင်ထိုင်ကြသည်။

"ဒီကော်ဖီကို ကပချီနိုကော်ဖီလို့ ခေါ်တယ်၊ ရပ်ကွက်ကုန်စုံ





ဆိုင်တွေမှာရောင်းနေတဲ့ မန်းကီးကော်ဖီမစ်တို့ ရှုပါကော်ဖီမစ်တို့လို အရသာမျိုး မဟုတ်ဘူးဟဲ့၊ ဒီလို ကိုယ်ပိုင်အခန်းလေးတွေနဲ့ဆိုတော့ အတွဲတွေနဲ့ ထိုင်ရင် လုံးဝအငြိမ်ပဲ အဟဲ အီစီကလီရိုက်လို့ ရတာပေါ့ဟာ"

"ဘာလဲ နင်က နင့်ဘဲနဲ့ လာဖူးလို့လား"

"လာဖူးတာပေါ့ဟ ဟိုဘက်အတွင်းခန်းတွေဆို ဘယ်သူမှ မမြင်ရဘူး၊ ဒီနေရာတွေကမှ တစ်ဝိုင်းနဲ့တစ်ဝိုင်း မျက်နှာတွေ လှမ်းမြင်နေရသေးတယ်၊ ဟိုဘက်အခန်းတွေက မမြင်ရဘူး၊ ငါ့ဘဲနဲ့ထိုင်ရင် ဟိုးဘက်က အခန်းတွေမှာ ဝင်ထိုင်တာ၊ ငါ့ဘဲဆို မပြန်မချင်း နမ်းနေလို့ ငါ့နှုတ်ခမ်းတွေ ငါ့ပါးတွေ ပေါက်ထွက်ပွဲထွက်မလား မှတ်တာ၊ အနမ်းကတော့ ရေလည်ကြမ်းတယ်ဟာ"

သဲစု၏ ထူးဆန်းသောစကားတွေကြောင့် ဝိုင်း ပြုံးပဲပြုံးမိသည်၊ သဲစု ရည်းစားအထားပက်စက်တာ ခုမှမဟုတ် ဟိုးအလယ်တန်းကျောင်းသူဘဝကတည်းက။

"နင်ရော ရည်းစားရှိလား"

"မရှိသေးပါဘူးဟာ"

"ထားရင် ကိုယ်ခြွေလို့ရမယ့် ယောက်ျားမျိုးကို ထားနော်၊ ကိုယ့်အတွက် ချူးတစ်ပြားတောင်မကျနိုင်တဲ့ယောက်ျားမျိုးဆိုရင်တော့ ဘာမှထိခွင့်ကိုင်ခွင့် မပေးနဲ့"

"ဟဲ့ ငါက ဘာကိုထိခွင့်ကိုင်ခွင့်ပေးရမှာလဲ၊ နင့်ဘာကလည်း



www.burmeseclassic.com

www.burmeseclassic.com



အရင်းမရှိအဖျားမရှိ''

''ဪ နင်ကလည်း ပိန်းလိုက်တာ၊ ယောကျ်ားတွေက ချစ်သူဖြစ်ပြီဆိုတာနဲ့လေ ပါးလေးကိုင်ရုံ လက်ကလေးကိုင်ရုံနဲ့ တင်းတိမ်ရောင့်ရဲတဲ့ယောကျ်ားမျိုး မရှိဘူး။ ခုခေတ်က ချစ်သူဖြစ်ရင် လူ့ရှင်းတဲ့ကော်ဖီဆိုင်ထိုင် လူမသိသူမသိ ဟိုကိုင်ဒီကိုင်နဲ့ဟာ၊ ငါတို့ရဲ့ အမြဲ လျှို့ဝှက်ထားရတဲ့ ကန့်သတ်နယ်မြေတွေကိုလေ''

ခါးအောက်ပိုင်းနှင့်ရင်ဘတ်အစုံကို မျက်လုံးနှင့်ဝေ့ကြည့်ပြီး အပြောရဲလွန်းသော သဲစုကိုကြည့်ပြီး ဗိုင်း အံ့သြမိသည်။

ဒီလိုကိစ္စမျိုးကို အကျယ်ကြီးပြောရသလား။

''ဒီထက်ပိုဆိုးတာကလေ ဒီခေတ်က တည်းခိုခန်းမှာ လွတ်လွတ် လပ်လပ်တွေ့ကြတဲ့ခေတ်၊ လွတ်လပ်လွန်းလို့ ကိုယ်ပေါ်မှာ ဘာမှတောင် မပါတော့ဘူး အဟိ ခစ် ခစ် ခစ်''

''ဟာ နင်ကလည်း တိုးတိုးပြောစမ်းပါ''

''အေးပါဟာ ပြောရင်း စိတ်ပါသွားလို့ပါ အဟဲ''

''ငါကတော့ ချစ်သူထားရင် အဲလို ယောကျ်ားမျိုးကို မထားဘူး၊ ကိုယ်ကျင့်သိက္ခာလည်းကောင်းရမယ်၊ နောက်ပြီး ပိုက်ဆံလည်း ချမ်းသာရမယ်''

''နင့်ရုပ်ရည်လေးက ပိုက်ဆံချမ်းသာတဲ့လူနဲ့ ရမှာပါဟာ၊ အခု နင့်ကိုလာကြောင်နေတဲ့ကောင်က ဘောစိဆို၊ ကူငွေတောင် သုံးသိန်း ကူသွားတယ်လို့ ဩန် ပြောတယ်''





ပါးစပ်ဖွာလွန်းသော ဩန့်ကို စိတ်ထဲကကြိတ်ပြီး အပြစ်တင်လိုက်သည်။

''သူ ငါ့ကိုစိတ်ဝင်စားနေတယ်ဟာ၊ ငါသိတာပေါ့ ဒါပေမဲ့ ငါက မသိချင်ယောင်ဆောင်နေတာ၊ အကယ်၍ ငါ့ကိုလက်ထပ်ဖို့ ပြောရင် ငါကတော့ လုံးဝ မငြင်းဘူး''

မိသားစုအတွက် ဒီလောက်ချမ်းသာတဲ့ယောကျ်ားတစ်ယောက်ကို ဗိုင်းက ဘယ်လိုအကြောင်းပြချက်မျိုးနဲ့ ငြင်းဆန်ရမလဲ။ ငြင်းစရာ ရုပ်ရည်မျိုးလည်းမဟုတ်။

အာကာမင်းသျှံလို ရုပ်ရည်ချောမောခန့်ညားပုံကို ဗိုင်း တွေ့တတည်းက သဘောကျသည်။

''ငြင်းရင် နင့်လောက်မိုက်တဲ့သူ ရှိတော့မလားဟဲ့၊ ငါတို့လို ဘဝအခြေအနေမလှတဲ့မိန်းမတွေအဖို့ ရှတ်ခမ်းပဲ့ချင်း မီးမှုတ်လို့ကတော့ ဒီဆင်းရဲတွင်းထဲကနေ လွတ်မှာမဟုတ်တော့ဘူး''

သဲစု စကားကို ဗိုင်းလည်း ထောက်ခံပါသည်။ ဗိုင်း အမေပဲ ကြည့် အဖေ့ကိုလက်ထပ်ခဲ့လို့ ဘဝတွေကို ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ရတာ ဗိုင်းအမြင်ပဲ။ ယုတ်စွအဆုံး ကိုယ့်အသွေးအသားကိုတောင် ယောကျ်ားတွေဆီမှာ အခကြေးငွေနှင့် ရောင်းစားခဲ့ရသည့်ဘဝ ရောက်ခဲ့ရသည်။

''ဒါနဲ့ နင့်အမေကရော နောက်အိမ်ထောင်ထပ်ပြုဦးမှာလား''

''အင်းလေ ပြုချင်လည်း ပြုပါစေပေါ့။ ငါ့အဖေနဲ့တုန်းက အိမ်

www.burmeseclassic.com



ထောင်ရေးကံမကောင်းခဲ့တူးမဟုတ်လား၊ အခု သူ့ငယ်ရည်းစားဆိုလား ဘာလား မသိပါဘူးဟာ''

''ဘာလဲ ပြန်ချိတ်နေလို့လား''

''အေး အဲလိုပဲ ပြောရမှာပေါ့၊ ငါကတော့ တခြားသားသမီးတွေလို နောက်အိမ်ထောင်မပြုနဲ့လို့ မကန့်ကွက်ဘူး။ ငါတို့မိသားစုဘဝလေး မရုန်းကန်ရဘူးဆိုရင် ငါ့အမေ နောက်အိမ်ထောင်ပြုတာကို ငါတို့က အားပေးတယ်''

ဝိုင်းနှင့်သဲစု ပြောနေကြသော စကားတွေကို တမင်ခိုးနား မထောင်ဘဲ နားထဲဝင်နေသူက တစ်ဖက်ကော်ဖီဝိုင်းတွင် ကော်ဖီသောက်နေသော ဒေါက်တာဝေယံမင်းသျှံပဲ ဖြစ်သည်။

''နင် အနှိပ်ခန်းဝင်ရင် ငွေရှင်မှာပါဟာ၊ ငါတောင် ဒီနေ့ သုံးသောင်းလောက် ရိုင်လာတယ်ဟာ''

''အလုပ်ရှင်က ပေးတာလား''

''ဘယ်ကလာဟာ ကာစတန်မာတွေက သူတို့နှိပ်နိုင်းချင်တဲ့နေရာတွေကို နှိပ်ပေးလို့ ပေးတာ''

''ဘာ ဘယ်လို နင့်ကို ဘယ်နေရာကို နှိပ်ခိုင်းလို့လဲ''

''ခြော် နင်ကလည်း သူတို့ နှိပ်ခိုင်းချင် ထိခိုင်းချင်တဲ့နေရာတွေကိုပေါ့ဟာ၊ ငါကလည်း မူတာပေါ့ဟာ၊ ပထမတော့ ဘယ်၍ပေးပို့မယ်၊ ဘယ်မျှပေးပါ့မယ်ပေါ့၊ သူတို့ အဲလိုဟလာတာနဲ့ ငါက ဘယ်လောက်ပေးမှလို့ ဈေးဖြတ်လိုက်တော့ သူတို့က ပိုပြီး လောဘတက်တော့





တာပဲ၊ တစ်ခါဆိုရင် တစ်သောင်း အပို နှစ်ခါဆိုရင် နှစ်သောင်း ငါတို့အတွက် ဘာမှအပန်းကြီးသွားတာ မဟုတ်ဘူးလေ၊ အဓိကက ငါတို့မှာ အဲလိုကြားပေါက်လေးတွေရှိတော့ လစာနဲ့ကော်မရှင်ခအပြင် အပိုဝင်ငွေလေးရတာပေါ့''

နားထောင်နေရင်းနဲ့ စိတ်ပျက်မိတာတော့ အမှန်ပါ။ သို့သော် ဒီအလုပ်ကြီးက ဘယ်လိုဂုဏ်သိက္ခာကျတယ် ဘယ်လိုရုက်စရာကောင်းတယ်ဟူ၍တော့ မပြောရက်တော့။ ထိုသို့ ဝေဖန်ရှုတ်ချလိုက်လျှင် သဲစုကို အထင်သေးသလို ဖြစ်သွားလိမ့်မည်။

''နင် နှစ်ရက်သုံးရက်လောက်နေရင် တစ်ဆက်ရုက်ဝင်လို့ရအောင် ငါ ဘောစိကို ပြောပေးမယ်ဟာ၊ ခော့စ်က နင့်ကို ဒီနေ့ အပြတ်ခိုက်နေတာနော် မယုံမရှိနဲ့၊ သူ့အလုပ်နဲ့ နင့်ရုပ်ရည် လုံးဝ အံကိုက်ပဲတဲ့''

ဒီအချိန်မှာ ဟင့်အင်း ငါ ဒီအလုပ်မျိုး မလုပ်ဘူးဟု မပြောရက်။ အဲဒီအချိန်ရောက်မှ ဝိုင်း ကိုယ့်နည်းကိုယ့်ဟန်နှင့် ရှောင်ရှားရမှာပင်။

''ဘယ်လိုလဲ နင် လုပ်မယ်မဟုတ်လား''

''ဟင် အင်း လုပ် လုပ်မှာပေါ့''

အပေးအယူ တည့်စွာ ပြောဆိုနေသော မိန်းကလေးနှစ်ယောက်၏စကားကို နားထောင်ပြီး ဝေယံမင်းသျှံ ဘာကြောင့်မှား သက်ပြင်းတွေ အကြိမ်ကြိမ် ချမိနေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စပ်စုချင် သိချင်မြင်ချင်သော လူ့သဘာဝအရ ဟိုလိုလို ဒီလိုလိုနှင့် လှည့်ကြည့်မိသည်။

ဝိုင်းက အကြည့်နှင့် မျက်နှာချင်းဆိုင် ဆုံမိသွားသည်။

ဝေယံမင်းသျှ စိတ်မလုံမလဲဖြစ်ပြီး အကြည့်ကို ချက်ချင်း လွှဲပစ်လိုက်သည်။ မိန်းကလေးက အပြစ်ကင်းကင်းနှင့်လှသည်။

ဒီခေတ်က အပေါ်ယံအရေအပြားတစ်ထောက်စာလောက်လေး ပေါ်မှ အလှတရားကိုကြည့်ပြီး မိန်းမတစ်ယောက်၏တန်ဖိုးကို ဖြတ်လို့မရ

ခုပဲကြည့်လေ သိပ်လှတဲ့ မိန်ကလေးတွေက ပုရိသတွေကို သူတို့အလှနှင့် ငွေကို တန်ဖိုးဖြတ် ဝမ်းစာရှာနေကြသည်။

ကမ္ဘာပေါ်မှာ HIV ရောဂါကို လူဘယ်နှယောက်လောက် မျိုး ပွားပျံ့နှံ့အောင် လုပ်ကြဦးမည်လဲ မသိ။

ကုသဆွေးနွေးနှစ်သိမ့်ပေးသော ဆရာဝန် ဆရာမတွေနှင့် ကျန်းမာရေးဝန်ထမ်းတွေသာ ပါးစပ်က အမြှုပ်တစီစီထွက်ပြီး လေကုန် အာကုန်ရှုံးသာ ရှိမည်။ ဒီလို မိန်းကလေးမျိုးတွေရှိနေလို့ကတော့ HIV/ AIDS ပိုးဆိုတာ လူသားတွေဆီမှာ ဓာစ်ပတ်မညှိုးသော နတ်ဒိုးနှင့် စင်ပေါ်တက်ပြီး ကနေဦးမှာ အမှန်ပင်။

ဒေါက်တာသျှ ဒီလို မိန်းကလေးမျိုးတွေကို အရမ်းအထင်သေး ရှုတ်ချမိသည်။ ထို့ကြောင့် သောက်လက်စ ကော်ဖီကို လက်စသတ်ကာ အမြန်ထလာလိုက်သည်။

ဝိုင်းနှင့်သဲစု စကားဝိုင်းလေးကတော့ အရှိန်ကောင်းနေဆဲပင်





ဝိုင်းစိတ်ထဲမှာ ဒီအလုပ်ကို ရေရှည်ဆက်မလုပ်ဖို့ စိတ်ထဲမှ ကြိတ်ပြီး ကြံစည်နေသည်ဆိုတာကို သဲစု နည်းနည်းလေးမှ မရိပ်မိ သလို ဒေါက်တာသျှလည်း ဆက်မကြားနိုင်တော့။

ဝိုင်း အမေ့လို အဖြစ်မခံနိုင်ပါဘူး။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီတာလင်းပခုံးကိုဆွဲလှည့်ပြီး မျက်နှာကို နမ်းရှိုက်လိုက်သည်။

"အို ဒါဘာလုပ်တာလဲ တူလေးတွေမြင်သွားရင် ပြုံးသနာ တက်ကုန်မှာပေါ့"

"မတက်ပါဘူးကွာ သီတာ့ကို လက်ထပ်မယ်လို့ သူတို့ကို ပြောထားပြီးသား"

ထိုစကားကြောင့် ဒေါ်သီတာလင်း တုန်လှုပ်သွားသည်။ မုဆိုးမ လတ်လတ်ဆတ်ဆတ်အပြင် ကလေးလေးယောက်အမေကို တူတွေက သဘောတူမတဲ့လား။

"ဒီစကားတွေက ကျွန်မကို လှောင်ပြောင်လိုက်သလိုပါပဲ အစ်ကိုရယ်၊ ကျွန်မ နေရခက်တယ်၊ ဒီအလုပ်လှာလှုပ်တာ ကျွန်မ သားသမီးတွေအတွက်ပါ၊ ကိုသောင်းကျော်နဲ့ လက်ထပ်ဖို့ဆိုတာ တွေးတောင် မတွေးမိပါဘူး"

"ကိုယ်ကတော့ တွေးထားတယ်၊ သီတာ့အတွက်တင်မဟုတ်ဘူး။ သီတာ့သားသမီးတွေအတွက်ပါ တွေးထားပြီးသား၊ သီတာ့ကိုချစ်ရင် သီတာ့သားသမီးတွေကိုပါ ချစ်ရမှာပေါ့"

ဘယ်လိုမှ မျှော်လင့်မထားသော ကမ်းလှမ်းမှုကြောင့် ကိုယ့်နားပင် ကိုယ်မယုံချင်ပါ။ အမှန်အတိုင်း ဝန်ခံရရင် ဒေါ်သီတာလင်းအဖို့ ကိုယ့်ငယ်ရည်းစားနှင့် ဒုတိယအကြိမ် ပြန်ဆုံဆည်းရမည့်အရေး ဘယ်မှာလာပြီး ငြင်းချင်ပါ့မလဲ။

■ ■ ■



## အခန်း (၁၂)

"သီတာ ငါတို့အိမ်အလုပ်တွေလုပ်ရလို့ အရမ်းပင်ပန်းနေပြီလား"

လျှော်စက်ထဲ အဝတ်တွေထည့်လျှော်နေသော ဒေါ်သီတာလင်းမှာ ဘယ်အချိန်ကတည်းက အနောက်မှာရပ်နေသည်မသိသော ဦးသောင်းကျော်ကို ခပ်နွမ်းနွမ်း ပြုံးပြရင်း

"မပင်ပန်းပါဘူး အစ်ကိုရယ်၊ ဒီအလုပ်တွေက မိန်းကလေးတိုင်းနဲ့ အသားကျနေတဲ့အလုပ်တွေပဲ၊ ကျွန်မ လုပ်နိုင်ပါတယ်"

အသက်ကလေးရလာပေမယ့် လှနေဆဲဖြစ်သော ချစ်ခဲ့ဖူးသူ၏ ခုလိုနီးနီးကပ်ကပ်ပြန်နေရတော့ ဦးသောင်းကျော်စိတ်တွေ ပြန်ပြီး နုလာသလို ခံစားလာရသည်။

ထို့ကြောင့် ချုပ်တီး၍မရတော့သော စိတ်ခံစားမှုအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



"ဟင် အာကာ"

အလှပြင်ဆိုင်တွင် တောက်တိုမယ်ရ ဝန်ဘမ်းမလေးဘဝနှင့် အလုပ်ဝင်သည့် ဆယ်ရက်မြောက်နေ့တွင် အာကာ့ကို တွေ့ရသည်။

"ဝိုင်း ဒီဆိုင်မှာ ဘာလို့လုပ်တာလဲ"

အလှပြင်ဆိုင် သီးသန့်မဟုတ်ဘဲ မာဆတ်နှင့်တွဲနေသည်ဆိုတာ သိထား၍ ဝိုင်းကို ဒီဖြူတီစလွန်းမှာ မလုပ်စေချင်။ ဂျွန့်ထံမှတစ်ဆင့် သိလိုက်ရ၍ ချက်ချင်း ရောက်ချလာခြင်းဖြစ်သည်။

"ဝိုင်း အခြေအနေက အလုပ်ရွေးနေရမယ့် အခြေအနေမှ မဟုတ်တာ အာကာရယ်"

"သိတယ် ကိုယ် သိပါတယ်၊ ဒါပေမဲ့ ဒီနေရာက ရှိုးသားတဲ့ နေရာမဟုတ်ဘူး၊ သူတို့ သိပ်မကြာခင်မှာ ဝိုင်းရဲ့အလှကို အသုံးချတော့ မယ်၊ အဲဒါကို ဝိုင်း ကြုံတွေးမိရဲ့လား"

စိုးရိမ်ကြောင့်ကြစိတ်တွေဖြင့် အားမလိုအားမရ ပြောနေသော အာကာမင်းသျှံကို ဝိုင်း ပြန်ပြောဖို့ စကားလုံးမရှိ။ သူ ပြောသည့်အခြေ အနေမျိုး ဝိုင်း တစ်ချိန်ချိန်မှာ ကြုံတွေ့ရမယ်ဆိုတာ ဝိုင်း သိနေတာပဲ။ ဝိုင်းကိုယ်၌ကလည်း ဒီလိုအခြေအနေမျိုး ရောက်မှာကို ကြောက်နေတဲ့ သူပါ။

"တွေးမိပေမယ့် ခုလောလောဆယ်တော့ ဝိုင်း တာဝန်ယူထား တဲ့နေရာက ရိုးသားသန့်ရှင်းတဲ့နေရာပါ"

"ဝိုင်းရေ ဟိုဘက်က ဆံပင်တွေ သိမ်းလိုက်ဦး၊ ညှပ်သည်း





ရင်လည်း အလုပ်ချိန်ပြီးမှ အပြင်မှာတွေ့ကြ၊ ဆိုင်မှာ ဒီလောက်လူကျ နေတာကွယ်"

မန်နေဂျာ မမချို ဆူတာမဟုတ်သော လေယူလေသိမ်းဖြင့် ပြတ်သားစွာပြောနေသည်မို့ ဝိုင်း သိမ့်ငယ်စိုးရွံ့သွားသည်။

"ကဲ ပြန်တော့နော်၊ ဝိုင်း အလုပ်ချိန် မပြီးသေးဘူး"

"ကိုယ်ကလည်း ဝိုင်းအလုပ်ချိန်ကို မနှောင့်ယှက်ပါဘူး၊ ကိုယ် ခေါင်းလျှော်မှာ ဝိုင်းကိုယ်တိုင် လျှော်ပေး"

"အို ဝိုင်း မလျှော်တတ်ဘူး"

အာကာမင်းသျှံ ဝိုင်း၏ငြင်းဆန်သောစကားကို စောင့်နား ထောင်မနေတော့ဘဲ မန်နေဂျာ မမချိုဆီသို့ ခပ်တည်တည်နှင့်လျှောက် သွားသည်။

"မမ ကျွန်တော် ခေါင်းလျှော်မယ်"

"အို သိပ်ရတာပေါ့၊ နီနီရေ လျှော်ခေါင်းတစ်ခေါင်း ကိုင်မယ်"

"မဟုတ်ဘူး ကျွန်တော် သူနဲ့လျှော်မယ်"

"ဟင်"

မန်နေဂျာမမချို အာကာမင်းသျှံ လက်ညှိုးထိုးပြနေသော ဝိုင်း ကို တအံ့တဩ ကြည့်လိုက်ပြီး

"ဟယ် သူက မကျွမ်းကျင်သေးဘူး၊ ခုမှ အလုပ်သင်ပဲ ရှိ သေးတာ"

"ရတယ် ကျွန်တော် သူနဲ့ပဲ လျှော်မယ်၊ မကျွမ်းကျင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမရှိဘူး၊ ခေါင်းလျှော်ခ နှစ်ဆတိုးပေးဆိုလည်း ပေးမယ်ဗျာ''

အာကာမင်းသျှံ၏တောင်းဆိုမှုကို မန်နေဂျာမမချို ငြင်းဆန်၍ မဖြစ်။ ကိုယ့်ဆိုင်လာသည့် ကာစတန်မာ၏စိတ်တိုင်းကျ ဝန်ဆောင်မှုပေးရမှာက အလုပ်သမီးဖြူဖြူတို့စလွန်းရဲ့ မူဝါဒမဟုတ်လား၊ ခုလို ခပ်ကြောင်ကြောင် ကောင့်လေးတွေဆို ပိုလို့တောင် တာဝန်ကျေရမှာပေါ့။

''အိုကေ ကောင်းပါပြီ မောင်လေးရယ်၊ မင်းစိတ်တိုင်းကျ ဖြစ်စေရမယ် ဟုတ်ပြီလား''

''အိုကေ''

အာကာမင်းသျှံ ခုမှ စိတ်ကျေနပ်မှုရသွားဟန်ဖြင့် မျက်ဝန်း အဝိုင်းသားလေးနှင့် ကြောင်ကြည့်နေသော ဝိုင်းကို လှည့်ကြည့်ပြီး မျက်စိ တစ်ဖက်မှိတ်ပြလိုက်သည်။

ဝိုင်း မသိမသာ ပခုံးတွန့်ပြန်လိုက်သည်။

တတ်လည်းတတ်နိုင်သည့် အာကာမင်းသျှံဟု စိတ်ထဲမှ ကျေကျေနပ်နပ်ကြီး မှတ်ချက်ချလိုက်သည်။

''ကဲ ဝိုင်းရေ ဒီနေ့တော့ မင်းရာထူး ခဏတက်ပြီလို့ သဘောထားပြီး ဒီပုဂ္ဂိုလ်လေးကို စိတ်တိုင်းကျ ဝန်ဆောင်မှုပေးလိုက်ပါကွယ်''

စောစောကလို ပြတ်ပြတ်သားသား အမိန့်ပေးကန့်ကွက်သော လေသံမျိုး မဟုတ်တော့သော မမချိုကို ဝိုင်း မံ့မရဲကြည့်ကာ ခေါင်း ဆတ်ပြပြီး

''ဟုတ်ကဲ့ မမ''





မမချို မျက်ရိပ်ပြသည်။ နောက်ထပ် ခဏခဏလာဖြစ်အောင် အကောင်းဆုံး ဝန်ဆောင်မှုပေးလိုက်ဆိုသည့် အကြည့်မျိုးမို့ ဝိုင်း ရင်ထဲ မရှင်းမလင်းစွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

''ကဲ လာလေ''

ခေါင်းလျှော်စင်ဘက်သို့ ဝိုင်း ဦးဆောင်ပြီး လျှောက်သွားသည်။ ယောကျ်ားလေးများအတွက် သီးသန့်အခန်းတွေရှိသည်မို့ ဝိုင်းနှင့်အာကာ စကားတော့ ပြောလို့ရလောက်သည်။

ဘာကြောင့်ရယ်မသိ ဝိုင်း ရင်တွေခုန်နေတာတော့ ကိုယ့်ကို ကိုယ် ကောင်းကောင်း ရိပ်မိနေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဟာ ကိုကို ဒီနေ့ ဆေးရုံမသွားသေးပါလား၊ ကွန်ပျူတာရှေ့မှာ ငူငူကြီးထိုင်ပြီး သက်ပြင်းတချချနဲ့ ဘာတွေဖြစ်နေတာလဲဗျာ"

ကြည်လင်မှုမရှိ မှုန်မှိုင်းနေသော မျက်နှာကြောင့် ညီလေးမေးလာတာ သိပ်တော့မဆန်း။ မာမီတို့ ပို့လိုက်သော ဓာတ်ပုံတွေကြောင့် စောစောစီးစီး စိတ်အနှောင့်အယှက်ဖြစ်လိုက်တာ ပြောဖွယ်ရာမရှိတော့။

"ဘာဖြစ်ရမှာလဲကွာ မာမီတို့က ငါနဲ့သင့်တော်မယ့် မိန်းကလေးတွေရဲ့ဓာတ်ပုံတွေ ပို့လိုက်တယ်၊ အဲဒီထဲက ကြိုက်တဲ့တစ်ယောက် ရွေးရမယ်တဲ့ကွာ"

ဝေယံမင်းသျှ စကားကြောင့် အာကာပင် တအံ့တဩ ဖြစ်သွားသည်မို့ အကြည့်တွေကို ကွန်ပျူတာစကရင်ပေါ်သို့ ပို့လိုက်သည်။ မျက်နှာမှာ ချက်ချင်း ပြုံးယောင်သမ်းသွားပြီး





"ဝါး ပုံတွေက လန်းလှချည်လား ကိုကို၊ ရွေးရခက်နေလို့ စိတ်ညစ်နေတာ ထင်တယ်"

အာကာ ပုံတွေကို တစ်ပုံချင်းကြည့်ပြီး ပြုံးသွားလိုက် မဲ့သွားလိုက်၊ ရှုံ့သွားလိုက်နှင့် မျက်နှာမှာ မချိုမချဉ် ဖြစ်နေသည်။

"ကိုကို ဘယ်သူ့ကို ခံစားလို့ရလဲ"

အာကာ့အမေးကို ဝေယံမင်းသျှ စိတ်ပျက်စွာ ခေါင်းခါရမ်းလိုက်ပြီး

"ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး"

"မိန်းကလေးတွေက ခေတ်ရှေ့ပြေးလွန်းမနေဘူးလားဗျာ၊ အဟက် ရိုင်းရိုင်းပြောရရင် sex ရုပ်တွေလို့တောင် ထင်ရတယ်၊ အင်းလေ အနောက်တိုင်းက မြန်မာမတွေဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့"

"ညီ စိတ်ဝင်စားလား"

"အဟက် မာမီက ကိုကို့အတွက် ရွေးထားတဲ့ချွေးမတွေလေ၊ ညီက စိတ်ကူးနဲ့တောင် မပြစ်မှားဘူး၊ ပြစ်မှားချင်စရာ တစ်ကွက်မှလည်း မရှိပါဘူး"

"ကိုကိုက လျှပ်ပေါ်လော်လီ မိန်းကလေးမျိုးတွေဆိုရင် သဘောမကျတတ်ဘူး။ ကိုကို့ရင်ထဲမှာ ကိုကို ရွေးချယ်ထားတဲ့ မိန်းကလေးတော့ သတ်သတ်ရှိပြီးသား"

"ဟင် ဟုတ်လား။ ဘယ်ကလဲ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ရဲ့လုပ်ဖော်ကိုင်ဖက်ထဲကပဲ"

"ဆရာဝန်ပဲလား"

"ဒါပေါ့ ကိုကို့နဲ့ဂုဏ်ရည်တူ အဆင့်အတန်းတူ စိတ်သဘောထားတူတဲ့သူပဲဖြစ်ရမှာပေါ့၊ သူ့နာမည်က ကံ့ကော်ပွင့်တဲ့"

"ဟာ မြန်မာဆန်လိုက်တာကွာ၊ လှရောလှလား"

"ယဉ်ယဉ်လေးနဲ့ လှတယ်၊ ပြစ်မျိုးမဲ့မထင် အလှမျိုး၊ သူ့အတွေးအခေါ်တွေက အင်မတန် နက်နဲတယ်၊ ပင်လယ်ပြင်ကြီးလို ကျယ်ပြောတယ်၊ သိမ်မွေ့တယ်၊ ပန်းချီကားတစ်ချပ်လို မဟာဆန်တယ်၊ သူ့အပြုံးတွေက သိဝ်လှတယ်"

"ဝါး တင်စားတာတွေက များလှချည်လား။ ပြောပြတာနဲ့တောင် ခုချက်ချင်း ပြေးတွေ့လိုက်ချင်ပြီဗျာ"

"တွေ့ပြီး ဘာလုပ်မလို့လဲ"

"အယ် ကြည့် ကိုကို သဝန်တိုနေတာလား"

"သဝန်မတိုပါဘူး၊ မင်းက တွေ့ပြီး ဘာပြောမလဲလို့ သိချင်ရုံသက်သက်"

"တွေ့ပြီးရင် ကျွန်တော့်အစ်ကိုလို လူတော်လူကောင်းကို တစ်သက်လုံး ချစ်ပေးပါလို့ ပြောမလို့ပေါ့"

အာကာ့စကားကြောင့် ဝေယံ ရယ်သည်။

"ဘာရယ်တာလဲ ကိုကိုရ"

"မင်းက အဆင့်ကျော်ပြီး တွေးနေတာကိုး"





"ဟင် အဆင့်ကျော်တယ် ဟုတ်လား"

"အင်းလေ ငါတောင် ချစ်တယ်လို့ မပြောရသေးဘူး၊ တစ်သက်လုံးချစ်ပေးပါသွားပြောတော့ နည်းနည်းလောဘကြီးမနေဘူးလား"

"ဩော် ချစ်သူအဆင့်မရောက်သေးဘူးလား"

"မရောက်သေးဘူး"

"ဒါဆိုလည်း မြန်မြန်ပြောတော့၊ တော်ကြာ နောက်ကားက ကျော်တက်သွားမယ်နော် အဟက်"

"ဘာလဲ ညီ့ဆီမှာ ရှိနေပြီလား"

ပြုံးစစဖြင့် မေးလာသော ဝေယံ့ကိုကြည့်ပြီး

"ညီလည်း ကိုကို့လိုပဲ"

"ဖွင့်မပြောရသေးဘူးလား"

"အဟဲ ဟုတ်တယ် မပြောရသေးဘူး"

ကိုယ့်ရဲ့ကြင်ဖက်အတွက် အမျိုးကောင်းသမီးကို ရွေးချယ်ထားပြီမို့ ညီဖြစ်သူကိုလည်း အမျိုးကောင်းသမီးနှင့်သာ ဆုံဆည်းစေချင်တာ ဝေယံ၏အတ္တတစ်ခု ဖြစ်လိမ့်မည်။

"ဘယ်သူ့သမီးလဲ၊ ညီ ကိုကိုတို့ အသိုင်းအဝိုင်းထဲကပဲလား"

"မဟုတ်ဘူး သူက လှတယ်၊ ဒါပေမဲ့ မချမ်းသာဘူး"

"လောကမှာ ချမ်းသာတာ ဆင်းရဲတာထက် ကိုယ်ကျင့်တရားကောင်းဖို့က အဓိကပဲမဟုတ်လား ညီရာ၊ ညီ့ချစ်သူက ချမ်းသာဖို့မလိုဘူး။ မိန်းမကောင်းမိန်းမမြတ် ဖြစ်ဖို့ပဲ လိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ စိတ်ချ ကိုကို၊ ပိုင်းက ဆင်းရဲတာကလွဲပြီး ကျန်တာအားလုံး အပြစ်ကင်းစင်တယ်၊ ဒါကြောင့် ကျွန်တော် သူ့ကို ချစ်တယ် လက်ထပ်မယ်"

မျက်စိအောက်တွင်ပင် တဖြည်းဖြည်း အရွယ်ရောက်လာပြီဖြစ်သော ညီကိုကြည့်ပြီး ဝေယံမင်းသို့ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ညီလေးတောင် ချစ်ရမယ့်သူ တွေ့နေပြီပဲ။

■ ■ ■

## အခန်း (၁၄)

"ဟယ် အမေ့ကို အဲဒီဦးလေးက လက်ထပ်ခွင့်တောင်းတယ် ဓာတ်လား"

"ဟုတ်တယ် သမီး"

"အ အမေက ဘာပြောလိုက်လဲ"

ပိုင်း သိချင်စိတ်တွေကြောင့် စကားလောနေသည်။

"ခုလောလောဆယ်တော့ တိတိကျကျ အဖြေမပေးလိုက်သေး ပါဘူး သမီးရယ်"

"ဟာ အမေကလည်း သူက ဘောစိပဲ၊ လက်ခံလိုက်ပါ အမေ များ ဒါမှ မောင်လေး ညီမလေးတွေ ချမ်းချမ်းသာသာ နေရမှာ"

ကန့်ကွက်ဖို့ဝေးစွ တွေဝေနေသော အမေ၏စိတ်တွေ့ပိုပင် ပိုင်း အားမလိုအားမရ ဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေကလည်း ဦးသောင်းကျော်ကို လက်ခံ၊ ဝိုင်းကလည်း အာကာ့အချစ်ကို လက်ခံလိုက်မယ်ဆိုလျှင် ဝိုင်းတို့ဘဝက ဆင်းရဲတွင်းက လွတ်မှာသေချာသည်။

"သူက လူပျို၊ အမေက ကလေးလေးယောက်အမေဖြစ်နေ တော့ လက်ခံရမှာကို အမေ မဝံ့မရဲဖြစ်နေတယ်၊ နောက်ပြီး အဲလို လက်ထပ်လိုက်တာနဲ့ အမေ့ဘဝ ငြိမ်းချမ်းသွားမယ်လို့ ထင်လား သမီး"

ကိုယ့်ဘဝရဲ့အနာဂတ်ဟာ သားသမီးတွေအတွက် ရှင်သန်နေ တာမို့ ချစ်ဦးသူနဲ့ လက်ထပ်ပြီး အပြည့်အဝ ရင်ခုန်ကြည်နူးရမယ့်အရွယ် လည်း မဟုတ်တော့။

ဖခင်အရင်းခေါက်ခေါက်ကတောင် ဖခင်မေတ္တာ အပြည့်အဝ မပေးနိုင်ခဲ့တာ။ ကိုသောင်းကျော်ကရော အပြည့်အဝ ပေးနိုင်ပါ့မလား ထိုစိုးရိမ်စိတ်တွေ အားကြီးကာ လက်ထပ်ဖို့ကို အချိန်ဆွဲနေခြင်းသာ ဖြစ်သည်။

သို့သော် ချစ်သူ၏ဆန္ဒတွေကိုတော့ ဒေါ်သီတာလင်း ဖြည့် ဆည်းပေးချင်ပါသည်။

■ ■ ■

"ကိုယ် သီတာ့ကလေးကိုလည်း ဖခင်မေတ္တာအပြည့်အဝ ပေး နိုင်ပါတယ်"

"ယုံပါတယ် အစ်ကို၊ ကျွန်မ မယုံတာ ကံကြမ္မာကိုပါ၊ နောက် ပြီး အစ်ကို့အသိုင်းအဝိုင်းက အစ်ကို့ကို မေးငေါ့ကြမယ်၊ ဘာဖြစ်လို့လဲ





ဆိုတော့ ကျွန်မက အပြစ်အနာအဆာတွေနဲ့ ပြည့်နှက်နေတဲ့ မိန်းမ တစ်ယောက်မို့ပါ"

မျက်ရည်ဝဲကာ ငြင်းဆန်နေသော ဒေါ်သီတာလင်းကို ကြည့် ပြီး ဦးသောင်းကျော် ငိုမလို ရယ်မလို မျက်နှာမျိုးဖြင့်

"ဘာလို့ အဲလိုစကားတွေနဲ့ အကြောင်းပြချက်ပေးနေရတာလဲ၊ မင်း ဘာပဲဖြစ်နေ ဖြစ်နေ ကိုယ် မြတ်နိုးနေမှာပါ၊ ဒါကို မင်းယုံကြည် နေရင် ပြီးတာပဲ မဟုတ်လား သီတာရယ်"

"ယုံကြည်တာပေါ့ ဒါ့ကြောင့်လည်း ကျွန်မဘက်က အစ်ကို့ဆန္ဒ တွေကို ကြည်ကြည်ဖြူဖြူ လိုက်လျောခဲ့တာပေါ့၊ လက်မထပ်လည်း ချစ်လို့ ရနေတာပဲ မဟုတ်လား အစ်ကိုရယ်"

ခုရက်တွေမှာ ဦးသောင်းကျော်၏ဆန္ဒအလိုအရ သုံးလေးကြိမ် မက ကြည်ဖြူစွာ လိုက်လျောပေးဆပ်ခဲ့သည်ပဲ။

ဒီအတွက် ဒေါ်သီတာလင်း ဘာအခွင့်အရေးမှ မတောင်းဆို ခဲ့ပါဘူး။ အသက်ကြီးမှ ချစ်ဦးသူနှင့် နှစ်ကိုယ်ကြား ကြင်နာခွင့်ရခဲ့တာကို အများသိလျှင်တောင် အပြစ်တင်ရှုတ်ချချင်စရာကောင်းနေပေလိမ့်မည်။

"ဒါပေမဲ့ ကိုယ်က ကိုယ့်ဇနီးအဖြစ် ပေါ်ပေါ်ထင်ထင် ချစ်ချင် တာ သီတာရဲ့၊ ကိုယ့်ဘဝမှာ သီတာနဲ့လွဲခဲ့ပြီးကတည်းက ဘယ်မိန်း ကလေးကိုမှ ချစ်ခဲ့ဖူးတာ မရှိပါဘူး။ အဲဒါဟာ ကိုယ့်ကိုကိုယ် ဒဏ်ခတ် တာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မမတို့က သဘောမတူတာနဲ့ ကိုယ့်နောက် ကိုခြေလှမ်းတွေဆုတ်ခဲ့မိတယ်၊ တကယ်ဆို အဲဒီအချိန်ကတည်းက ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သတ္တိရှိခဲ့ရမှာ''

''ပြီးခဲ့တာတွေကို ပြန်မပြောနေပါနဲ့တော့ အစ်ကိုရယ်၊ အဲဒီအချိန်တုန်းကတည်းက အစ်ကိုနဲ့ကျွန်မရဲ့ရင်ထဲက အချစ်တွေက စစ်မှန်ခဲ့လို့ ခုလိုမျိုး အသက်ကြီးမှ ပြန်ဆုံခွင့်ရခဲ့တာပေါ့''

''အေးလေ ဒါကြောင့် လက်ထပ်ကြရအောင်လို့ ပြောတာပေါ့၊ လက်မထပ်ဘဲနဲ့ ကိုယ်သိပ်ချစ်တဲ့ သီတာ့ကို ပိုင်ဆိုင်နေတာမျိုးကြီးကိုတော့ ကိုယ် မရောင့်ရဲနိုင်ဘူးကွာ၊ ကိုယ်က သီတာ့ကို ဟောဒီကကိုယ့်ရင်ခွင်ထဲထည့်ပြီး ညတိုင်းအတူတူအိပ်ချင်တာ၊ အဲဒါ ကိုယ့်ဘဝရဲ့တောင့်တမှုတစ်ခုပဲ''

ကိုယ်လို မိန်းမမျိုးကို မက်မက်မောမော ချစ်ခင်စုံမက်လိုသော ကိုသောင်းကျော်ကို ဒေါ်သီတာလင်းကလည်း ရင်ထဲမှာ နှစ်နှစ်ကာကာကို ချစ်မိပါသည်။ တောင်းဆိုမှုတွေကိုလည်း လိုက်လျောပေးချင်ပါသည်။

ဘယ်သူကများ ချစ်သောသူနဲ့ မပေါင်းဖက်ချင်ပဲ ရှိပါ့မလဲ။

''ဘယ်လိုလဲ သီတာ၊ ကိုယ့်ဆန္ဒကို လိုက်လျောမယ် မဟုတ်လား''

အားမလိုအားမရ ဖြစ်ကာ ရင်ခွင်ထဲ ဆွဲသွင်းပြီး မေးလာသောအခါ ဒေါ်သီတာလင်း ထပ်ပြီး ငြင်းဆန်ဖို့ အားစေးမိနေပြန်သည်။ ကိုယ့်ယောက်ျား၏ လလည်ဆွမ်းကိုတောင် မလုပ်ရသေးဘဲ လက်ထပ်ဖို့ မဖြစ်နိုင်သေး။

''ဒါဆိုလည်း တစ်နှစ်လောက်တော့ စောင့်ပေးနိုင်မလား





အစ်ကို''

''ဟင် တစ်နှစ်ကြီးများတောင် ဟုတ်လား''

''ဟုတ်တယ် အစ်ကိုရဲ့၊ ကိုထွန်းသစ် ဆုံးတာ တစ်နှစ်တောင် မပြည့်သေးဘူး။ ကျွန်မက လက်ထပ်လိုက်လို့ သားသမီးတွေအမြင်မှာရော ပတ်ဝန်းကျင်အမြင်မှာရော မသင့်တော်ဘူးလေ၊ ကျွန်မကို ဒီလောက်တော့ အချိန်ပေးပါ အစ်ကို''

လိုက်လျောမှုတွေ တစ်ဆင့်တက်လာမှတော့ ဦးသောင်းကျော်ထပ်ပြီး အခွင့်အရေးမယူချင်တော့။

''အင်းလေ သီတာ့ဘက်က ကြည့်တော့လည်း ဒီအကြောင်းပြချက်က မှန်ကန်နေမှတော့ ကိုယ် လက်ခံရတော့မှာပေါ့၊ တစ်နှစ်ပြည့်ရင်သာ နောက်ထပ်ငြင်းဖို့ မကြိုးစားနဲ့တော့နော်''

''အင်းပါ အစ်ကိုရဲ့၊ ကျွန်မ မငြင်းတော့ပါဘူး''

''ဒါကြောင့် သီတာ့ကို ဟိုးတုန်းကထက်ပိုပြီး ချစ်တာကွ''

ဦးသောင်းကျော်၏မက်မပြေသော ချစ်ခြင်းတရားတွေ ထုံမွှမ်းထားသော အနမ်းတို့သည် ဒေါ်သီတာလင်း၏သနပ်ခါးရေကြဲ မျက်နှာပေါ်သို့ သည်းသည်းထန်ထန် ရွာသွန်းပြန်သည်။

အချစ်ဆိုသည့်အရာမှာ တစ်ဆင့်ပေါက်ဖွားလာသော လိုက်မောမှုတို့သည် အရွယ်အပိုင်းအခြားကို ရွေးချယ်မနေဘဲ အပြည့်အဝ ခံစားမှုကို ပေးစွမ်းစေနိုင်ခဲ့သည်။

ဒေါ်သီတာလင်းဘဝမှာ ထိုခံစားမှုတွေကို နှင့်နှင့်နဲ့ ဖက်တွယ်



www.burmeseclassic.com

www.burmeseclassic.com



ခံမင်မိတာ ဦးသောင်းကျော်နှင့်မှုပါ။

ဦးထွန်းသစ်နှင့် ကလေးလေးယောက်သာ မွေးဖွားခဲ့သည်။ ရင်ထဲမှာ အနှစ်မပါသော ဗလာသက်သက်ခံစားမှုဖြင့် နှစ်ပေါင်းများစွာ ကျော်ဖြတ်လာခဲ့သည်။ ခုချိန်မှာ ထိုအတိတ်ကို တစ်စက်ကလေးတောင်မှ ငဲ့စောင်းမကြည့်ချင်လောက်အောင် ပစ္စုပ္ပန်အချိန်တွေကို ယစ်မူးသာယာနေမိတာတော့ အမှန်ပါ။

သို့သော် စနစ်တကျ ယစ်မူးသာယာဖို့အတွက် ဒေါ်သီတာလင်းကို အသိတရားတွေက လက်တို့သတိပေးထားပြန်သည်။

အဲဒါကတော့ . . .။

■ ■ ■

လေးလေးတစ်ယောက် အိမ်အနောက်ဘက် အုတ်တံတိုင်းနား တွင် မြေကြီးကို တူးဆွပြီး အထုပ်ကလေးတစ်ထုပ်ကို တူးဆွပြီးသား တွင်းကလေးထဲ ထည့်နေသော မြင်ကွင်းကို အာကာ ကြည့်နေတာ ကြာပြီ။

လေးလေး ဘာတွေဝှက်နေတာလဲ။ မဟုတ်မှလွဲရော ရတနာထုပ်တွေများ ထည့်နေတာလား။ အဘွားမဆုံးခင်က အဘွားလက်ဝတ်လက်စားတွေကို မေမေနှင့်လေးလေးကို ခွဲဝေယူဖို့ ပေးခဲ့ဖူးသည်ကို အာကာ မှတ်မိနေသည်။

ခု ဒီရတနာတွေကို လေးလေးက ဘာကြောင့် မြေမြှုပ်ပြီး ဝှက်ရတာလဲ။ ထူးတော့ ထူးဆန်းနေသည်။





"အဟား အသက်ကြီးမှ ဥစ္စာကခြောက်နေသေးတယ်"

သူ့ပစ္စည်းတွေကို ဒီတူနှစ်ယောက်က ခိုးမှာမို့လား။ ဟင်း တွေ့မယ် လေးလေးမသိအောင် အဲဒီတွင်းထဲက ရတနာတွေကို ပြန်ယူပြီး ငါ ဝှက်ထားမယ်။ လေးလေး နောက်တစ်ကြိမ် ပြန်တူးကြည့်လို့ မရှိတော့ဘူးဆိုတာသိပြီး စိတ်သောကရောက်မှ လေးလေးရှေ့ ခွက်ထိုးခွက်လန်ရယ်ပြီး ပြန်ပေးလိုက်မည်။

ဒီလောက် ဥစ္စာခြောက်သော ဦးလေးကို ပညာပေးရန် အာကာ နောက်ဖေးအုတ်တံတိုင်းနားသို့ ဆင်းလာခဲ့လိုက်သည်။

"ဟင် ဒါ ဒါဘာကြီးလဲ၊ ဟာ ထွီ ညစ်ပတ်လိုက်တာ၊ ဒီလေးလေးရတော့ လူကို ထင်ယောင်ထင်မှားဖြစ်အောင် ဒါကြီးကို ထုပ်ပြီး တွင်းတူးထည့်ထားရလား၊ နှစ်ချို့ဆေးများဖော်ဦးမလို့လား"

သုံးပြီးသား ကွန်ဒုံးတွေကို တွေ့လိုက်သည်နှင့် အာကာမင်းသုံ့ ဒိုက်ကြီးနာဆွဲသလို တဝေါ့ဝေါ့ တထွီထွီနှင့် ကဆုန်ပေါက်နေသည်။

"တောက် မနက်စောစောစီးစီးလည်းမဟုတ် ညမိုးချုပ်ခါနီးမှ သာပြီး တွင်းတူးမြှုပ်ရတယ်လို့"

အထုပ်ကို ခြေဖြင့်ခပ်ပြီး တွင်းထဲကို ပြန်ထည့်ကာ ဖွက်ထားသော မြေစိုင်ခဲတွေကို ခြေထောက်ဖြင့်ပြန်၍ ယက်တင်ပြီး ဖုံးလိုက်သည်။

မှန်းချက်နှင့် နှမ်းထွက် မကိုက်၍ ဒေါ်ပွကာ ပြန်လှည့်အထွက် အနောက်မှာ မားမားကြီး ရပ်နေသော ကိုကိုကိုမြင်ပြီး လန့်သွားသည်။

"ညီ မင်း ဒါတွေသုံးရလောက်အောင် လူရည်လည်နေပြီပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား''

''ဗျာ''

''မဗျာနဲ့ ငါ အစ်ကိုတောင် ဒီလိုအဆင့်မျိုးဖြစ်အောင် မဖန်တီးခဲ့ဖူးဘူး။ အေးလေ ဘာပဲဖြစ်ဖြစ် သုံးပြီးသား ကွန်ဒုံးကို ဒီလိုစနစ်တကျ ဝှက် အဲ တွင်းတူးပြီးမြှုပ်ပစ်တာ ကျန်းမာရေးအသိရှိတဲ့သူလို့ ပြောရမှာပဲ၊ ဒါပေမဲ့ ဘယ်ကိစ္စမဆို အလွန်အကျွံတော့ မဖြစ်စေနဲ့နော်၊ မင်းရှေ့ဆက်ပြီး ရှင်သန်ဖို့ အများကြီးကျန်သေးတယ်၊ ကိုယ့်နှလုံးသားကို ကိုယ်ပြန်ဆန်းစစ် ကိုကို ဒါပဲ ပြောချင်တယ်''

ပြောချင်ရာပြောပြီး လှည့်ထွက်သွားသော ကိုကို့ကျောပြင်ကို ကြည့်ကာ အာကာပင် ဘာမှပြန်ဖြေရှင်းချက်ထုတ်ချိန် မရှိလိုက်။

မနေနိုင်တိုင်တက်မိသော ကိုယ့်ကိုကိုယ် ဒေါသတွေ ထွက်မိရုံမှအပ ဘာမှမတတ်နိုင်။ လေးလေးအထုပ် ကိုယ့်အထုပ်ဖြစ်သွားတာကတော့ တော်တော်ခံပြင်းစရာပါ။

''ဒီမှာ ကိုကိုရ၊ ကျွန်တော် လူပျိုစစ်စစ်ပဲ ရှိပါသေးတယ်၊ အပွင့်လင်းဆုံးပြောရရင်လေ ဝိုင်းရဲ့ပါးလေးကိုတောင် နမ်းခွင့်မရသေးဘူးဗျ သိရဲ့လား''

တစ်ယောက်ထဲ တွတ်ပွတွတ်ပွ ပြောပြီး အနီးမှာရှိနေသော ရေသန့်ဘူးခွံထုပ်ကို ကန်လိုက်သည်။

''ဒုတ်''

''အား မလေးဗျ''





ရေသန့်ဘူးထုပ်ကိုမထိဘဲ ဆားဗစ်ကြွင်းအုတ်ကန်ဘေးမှ သံချောင်းကို ကန်မိသွား၍ လောလောဆယ် အီစလံဝေသွားရပြန်သည်။

ဒီနေ့ အာကာခံရမယ့်နေ့ပဲ ထင်ပါရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟင် ကံ့ကော်ပါလား ဘယ်လာတာလဲ"

ဆေးဆိုင်ထဲမှအထွက် ကံ့ကော်ပွင့်ကိုတွေ့၍ ဝေယံမင်းသျှံ မျက်နှာ ပြုံးမြသွားပြီး ဝမ်းသာအားရနှုတ်ဆက်လိုက်သည်။ အပြင် အဝတ်အစားဖြင့် လှတပတ မြင်ရှော်လားမသိ။ ကံ့ကော်ပွင့်သည် ဆရာဝန် မဟုတ်ပြောလျှင် မည်သူမှ ယုံမည်မဟုတ်။

မော်ဒယ်ဟုပြောလျှင်တော့ ယုံနိုင်သည်။ ဖြောင့်စင်းသော ပေါင်တံသွယ်သွယ်ကို ထင်ရှားပေါ်လွင်အောင် ဝတ်ဆင်ထားသော ချွဲသားဘောင်းဘီနှင့် လိုက်ဖက်စွာ အပေါ်မှ စပို့ရှပ်ပွပွကြီးနှင့် မျက်နှာ ပေါ်မှ အရောင်အနည်းငယ် ခြယ်သထားသော အလှတရားနှင့် ခွေလိမ် လိမ်ဆံသားတွေက အပျိုဖြန်းလေးသဖွယ်။ ဝေယံမင်းသျှံ အမြင်မှာ တစ်မျိုးကြည့်ကောင်းနေတာတော့ သေချာပါသည်။





"မိတ်ဆွေတစ်ယောက် နေမကောင်းဘူးဆိုလို့ လူနာသသတင်း မေးလာရင်း ပီဇာလာဝယ်တာလေ ဒေါက်တာသျှံရဲ့"

ရယ်ပြောလေး ပြောလာသော ကံ့ကော်ပွင့်နှင့် ယခုလို အပြင် မှာ တစ်ခါမှ မဆုံဖြစ်၍ စားသောက်ဆိုင်တစ်ခုခုမှာ အေးအေးဆေးဆေး ထိုင်စကားပြောရန် စိတ်ကူးသစ်တစ်ခု ဝင်လာသည်။

"ကံ့ကော် အချိန်ရလား"

"ရှင် ရပါတယ် ဒေါက်တာသျှံ"

"ဒါဆို တစ်ဆိုင်ဆိုင်ထိုင်ပြီး စကားလေးဘာလေး ပြောကြ ရအောင်"

"အင်း ကောင်းသားပဲ၊ ကြိုတုန်းလေး ဒေါက်တာသျှံ ကျွေးတဲ့ မုန့်စားဖူးတယ်ရှိအောင်ပေါ့"

"ဗျာ ဟို ကျွန်တော် တစ်ခါမှ မုန့်ဝယ်မကျွေးဖူးဘူးထင်တယ်၊ ဆောရီးဗျာ ကံ့ကော် ဖျော်တိုက်တဲ့ ကော်ဖီကိုပဲ အမြဲသောက်မိပြီး ကံ့ကော်ကိုကျတော့ မုန့်ဝယ်မကျွေးဖူးဘူး။ ကျွန်တော် တော်တော် အလိုက် မသိတာပဲနော်၊ ဒါကြောင့် ဒီနေ့တော့ ကံ့ကော်ကြိုက်တာစား ကျွန်တော် အကာခံမယ်ဗျာ ဟုတ်ပြီလား"

"သဲင့်ခယူးပါ နောက်တစ်ခါဆိုရင်တော့ ကံ့ကော်က ညှိခံ ရှာပေါ့"

"ဒါဆို ဘယ်ဆိုင်ထိုင်မလဲ"

"ထုံးစံအတိုင်း ဒေါက်တာသျှံ ကြိုက်တဲ့ဆူရှီဆိုင်တစ်ဆိုင်ဆိုင်



www.burmeseclassic.com

ပေါ့''

''ကဲ့ကော်ကြိုက်တဲ့ အစားအသောက်ဆိုင်ကို ရွေးပါလား။ ကျွန်တော်က ကိစ္စမရှိပါဘူး ကဲ့ကော်၊ အရေးကြီးတာက ကဲ့ကော်နဲ့ ကျွန်တော် ခုလိုမျိုး အပြင်မှာ အေးအေးဆေးဆေး တွေ့ပြီး စကားတွေ ပြောဖြစ်ကြဖို့ပါပဲ''

''ဒါဆိုရင်တော့ ဒေါက်တာသျှံ ကဲ့ကော်ကို ပြောစရာစကားတွေ ရှိနေပြီထင်တယ်''

''ဒါပေါ့ ဆေးရုံမှာမပြောဖြစ်တဲ့စကားတွေ အပြင်မှာပြောကြမယ်''

''အင်း အတော်ပဲ၊ ကဲ့ကော်လည်း ဒေါက်တာသျှံကို မေးစရာလေးတွေ ရှိနေတာ''

ကိုယ် ပြောချင်တာက နှလုံးသားစကား။ သူပြောချင်တာက ဆေးပညာအကြောင်း ဖြစ်နေ၍ ကိုယ်လိုရာကိုဆွဲပြောဖို့အတွက် ကဲ့ကော်၏ ရင်ခုန်သံတွေ ဆူညံလာဖို့ ဝေယံမင်းသျှံ ဘယ်လိုနှိုးဆွရပါ့မလဲ။

တကယ်ဆို မိန်းကလေးတစ်ယောက်နဲ့ စတင်ပတ်သက်ခဲ့ဖူးတာ ဝေယံမင်းသျှံအတွက် ဒီတစ်ကြိမ်ဟာ first love ပါပဲ''

ဒီတော့ သူ့ရင်ခုန်သံတွေကို နိုးထလာစေနိုင်မယ့်စကားမျိုးကို ဘယ်လိုရွေးပြောရပါ့မလဲ။

စဉ်းစားစမ်း မိန်းကလေးတစ်ယောက်ရဲ့ heart ကို ထိသွားစေမယ့် သိမ်မွေ့နူးညံ့စွာ ရင်ခုန်လာစေမယ့်စကားမျိုး ထိုစကားလုံးတွေ





ဟာ ကဗျာဆန်ဖို့လည်း လိုသည်။ ကဗျာဆန်သောစကားလုံးတွေကို ချက်ချင်းပြောနိုင်လောက်အောင် ကိုယ့်ဆီမှာ ဆေးပညာအသိတွေကလွဲပြီး အနုပညာဆန်သော ခံစားမှု အတွေ့အကြုံ ဝမ်းစာဆိုတာ တစိုးတစိမှမရှိ။

''ဒေါက်တာသျှံ ကဲ့ကော်မေးတာ ကြားလား''

''ဗျာ''

အဲတွေးလွန်သွားသော ဝေယံမင်းသျှံ ကဲ့ကော်၏အမေးကြောင့် မြူးမြူးပျာပျာ ဖြစ်ကာ

''ဘာ ဘာမေးလိုက်တာလဲ တောက်''

''ကားပါလားလို့''

''ဪ အင်း ပါပါတယ် ဘာဖြစ်လို့လဲ''

''ကဲ့ကော်မှာလည်း ကားပါတယ်လေ''

''ဒါဆိုရင်တော့ ဒီနီးနီးနားနားကဆိုင်မှာပဲ စားကြတာပေါ့၊ ဟိုဘက်လမ်းနားမှာ ဂျပန်ဆိုင်တစ်ဆိုင် ရှိတယ်၊ အဲဒီမှာ ဂျပန်စာ အကုန်ရတယ်''

''အင်း ဒါဆိုရင် လမ်းလျှောက်သွားကြမယ်လေ''

''အိုကေ''

နှစ်ယောက်သား ကားတွေ ထားခဲ့ကြပြီး ဂျပန်ဆိုင်လေးရှိရာသို့ အတူယှဉ်တွဲလျှောက်လာခဲ့ကြ၏။ ညနေခင်းလေပြည်အချို့သည် ရင်ခုန်သံတွေကို နှိုးဆွပေးဖို့ ခပ်မြူးမြူးလေး တိုက်ခတ်နေကြသည်။

www.burmeseclassic.com



သူတို့နှစ်ဦးကို လူအချို့က သမီးရည်းစားတွေဟုထင်ကောင်း ထင်နေကြလိမ့်မည်။ ထို့ကြောင့် ကွက်ကြည့် ကွက်ကြည့်နှင့် ကြည့်သွား ကြသည်။ ထိုအကြည့်တွေထဲမှာ အားကျနှစ်လိုသော အကြည့်တွေပါနေ လိမ့်မည်ဆိုတာ ဝေယံမင်းသျှံ ကောင်းကောင်းရိပ်မိသည်။

ထို့ကြောင့် ဒီညနေခင်းလေးတွေလို အလားတူ ညနေခင်းမျိုး ကို အမြဲတမ်း ပိုင်ဆိုင်ရလျှင် ဘယ်လောက်ကောင်းလိုက်မလဲဟု စိတ် ထဲမှာ တိတ်တဆိတ် လောဘတက်မိပါသည်။

■ ■ ■

"အို ဆိုင်လေးက သန့်ပြန့်ပြီး ချစ်စရာကောင်းလိုက်တာ"

ဂျပန်ရှေးပန်းချီတွေကို ကြွေပြားတွေဖြင့် အကွက်ဖော်ထား သော အစိမ်းနုရောင် နံရံနှင့်တင့်တယ်လိုက်ဖက်သော အစိမ်းရောင် ဖန်မီးဆိုင်းတွေနှင့် ဘွန်ဆိုင်းပင်လေးတွေက ကုံကော်ပွင့်၏အလှအပကို မြတ်နိုးသောစိတ်ကို အပြည့်အဝ ဆွဲဆောင်လိုက်နိုင်သည်။ သီးသန့်ခန်း လေးတွေကို ဂျပန်ဝါးပင်လေးတွေဖြင့် ကာရံထားပုံက ရိုမန့်ဆန်ဆန်ဖြင့် ကြည့်ကောင်းသည်။

အဲကွန်း၏အအေးဒဏ်ဟု မထင်ရလောက်အောင် စိမ့်စိမ့်လေး အေးမြနေသော အငွေ့အသက်အချို့က ဝါးပင်လေးတွေကပဲ ပေးစွမ်းနေ သလို ခံစားရကာ ကုံကော်စိတ်ထဲမှာ ဒီဆိုင်လေးကို နောက်ထပ် ဘယ် နှကြိမ်မြောက် လာချင်စိတ်ဖြစ်မိမလဲပင် မသိတော့။

"ဆိုင်လေးက ချစ်စရာကောင်းသလို အစားအသောက်တွေက





လည်း အရမ်းကောင်းတယ်၊ ဒီဆိုင်က လက်ရာတွေက တကယ့်ဂျပန် လက်ရာစစ်စစ်တွေလေ"

"တစ်ယောက်ထဲတော့ မဟုတ်လောက်ဘူး ထင်တယ်နော်"

"ဗျာ"

ကုံကော် ဘာကိုရည်ရွယ်ပြီး ပြောလိုက်သည်ဆိုတာကို မသိ ရလောက်အောင် ဝေယံမင်းသျှံ တော်တော်ထုံအပါသည်။

အမှန်ဆို ဒီမေးခွန်းဟာ ဝေယံမင်းသျှံ ရင်ထဲက မျိုသိပ်ထား သည့်စကားလုံးတွေကို ပွင့်အန်ပစ်ဖို့ အခွင့်အရေးကောင်းကောင်းပေး နေသည့် စကားမျိုး။

"ဩော် ဒီဆိုင်ကို တစ်ယောက်ထဲလာတာတော့ မဟုတ်လောက် ဘူးလို့ ပြောတာပါ"

"အယ် တစ်ယောက်ထဲလာတာ ကျွန်တော်က ကိုယ်ခရေဇီ ဖြစ်တဲ့ အစားအစာတွေကို စားချင်စိတ်ဖြစ်လာပြီဆိုရင် အဖော်မလိုဘူး၊ တစ်ယောက်ထဲ ဝင်တီးပစ်လိုက်တာပဲ၊ နောက်ပြီး ကျွန်တော့်မှာက ဆေး ယောက မိတ်ဆွေတွေလောက်ပဲ ရှိကြတာဆိုတော့ အားလုံးကလည်း အလုပ်တွေကိုယ်စီ ရှုပ်နေကြလို့ အားကြတယ်ဆိုတာ မရှိပါဘူးလေ"

"အင်း ဒါတော့ ဟုတ်တယ်နော်၊ ကုံကော်တို့လို ဆရာဝန်တွေ မှာ ကိုယ်ပိုင်အချိန်ဆိုတာ တကယ့်ကို မရှိသလောက်ရှားတယ်၊ အချိန် ပြည့် လူနာတွေအတွက်ပဲ ကိုယ့်အချိန်တွေကို အကျိုးရှိရှိ ဖြုန်းပေးနေရ တော့ ယုတ်စွအဆုံး ထမင်းစားရင်တောင် ကိုယ့်အချိန်ကိုယ် မပိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ သူတို့ကို ဘယ်လိုဆေးဝါးကုသမှုမျိုးကိုပေးရင် သူတို့ရောဂါ သက်သာပျောက်ကင်းလာနိုင်မလဲဆိုတဲ့ အတွေးတွေလောက်ပဲ ခေါင်းထဲမှာ ရှိတော့တယ်''

''ကျွန်တော်လည်း ဒီအတိုင်းပဲ၊ အိမ်မှာ ညီရယ် ဦးလေးရယ် ရှိတယ်၊ ဒါပေမဲ့ သူတို့တွေနဲ့ နံရံတစ်ဖက်ခြားနေသလိုကို ခံစားနေရတယ်လေ၊ သူတို့ကိုလည်း ကိုယ် ဂရုမစိုက်နိုင်ဘူး''

''မိသားစုနည်းတယ်နော်၊ ကံ့ကော်က ဒေါက်တာသျှံကို မိသားစု ရှိတယ်လို့ ထင်နေတာ''

''ရှိတယ်လေ မာမီနဲ့ဒယ်ဒီက နိုင်ငံခြားမှာ ဒီမှာက ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်နဲ့ လေးလေးရှိတယ်''

အရိပ်ပြလျှင် အကောင်မထင်တတ်တာ ဝေယံမင်းသျှံ၏ စိတ်တစ်ခုလို ဖြစ်နေသည်။

''ကံ့ကော် ပြောတာ အဲဒီ မိသားစုမဟုတ်ဘူး၊ ဟိုလေ ဇနီးနဲ့ သားသားတွေ မီးမီးလေးတွေကို ပြောတာ''

''ဗျာ အဲ အဟက် အဟက် ကံ့ကော် တော်တော်နောက်တာပဲဗျ''

''ရှင် ကံ့ကော် မနောက်ပါဘူး တကယ်ပြောတာ''

ထင်ရက်လိုက်တာဟူသော အကြည့်ဖြင့် ကံ့ကော်ကို အံ့သြလည်းလေသံဖြင့် အရှက်ပြေပြောလိုက်သည်။

''ကျွန်တော့်ရုပ်က အိမ်ထောင်သည်ရုပ်ပေါက်နေလို့လား''





''ဟယ် ဆော ဆောရီးနော်၊ ကံ့ကော်က အဲဒီလို အကဲခတ်ပြီးပြောတာ မဟုတ်ဘူး ဟိုလေ''

ကံ့ကော် အားနာသွား၍ နားလည်အောင် ဘယ်လိုရှင်းပြရမှန်းပင် မသိတော့။

''အဲ ဒီ ဒီလိုပါ ကံ့ကော်အမြင်မှာ ဒေါက်တာသျှံက အရမ်းကို ချောမောခန့်ညားတဲ့ယောကျ်ားတစ်ယောက်လို့ မြင်တယ်''

ဒီလို ဒဲ့ပြောလာပြန်တော့ ဝေယံမင်းသျှံ အနေခက်ရပြန်သည်။

''ဒီလို ချောတဲ့ယောကျ်ားတစ်ယောက်က ချစ်သူမရှိ မိန်းမမရှိသေးဘူးဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ၊ ဒေါက်တာသျှံ ရုပ်ရည်က အရမ်းကို ကြည့်ကောင်းတယ်''

ပေါ်တင်ချီးမွမ်းခန်းဖွင့်နေတော့ ကိုယ် ရည်ရွယ်ထားသည့် လမ်းကြောင်းပေါ်ကို ဝုန်းခနဲ ခုန်တက်ရတော့မှာပင်။

''ကျွန်တော့်မှာ ချစ်သူလည်းမရှိသေးပါဘူး၊ အိမ်ထောင်ရေးဆိုတာလည်း အိပ်မက်ထဲမှာတောင် တစ်ခါမှ မပြုရသေးပါဘူးဗျာ၊ တကယ်ပါ၊ ခုမှ ချစ်တတ်လာတာဆိုရင် ပိုမှန်မှာပါ''

ဝေယံမင်းသျှံတို့ ဒီလောက်တော့ မအပါ။

''ရှင် ခုမှ ချစ်တတ်လာတယ် ဟုတ်လား''

''ဟုတ်တယ် ကံ့ကော်၊ အဲဒီလို ချစ်ချင်တဲ့စိတ်ဝင်လာတာဟာ ဘယ်သူ့ကြောင့်လို့ ထင်လဲ''

ဝေယံမင်းသျှံ အမေးကြောင့် ကံ့ကော်ပွင့် မျက်ဝန်းဝိုင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြည့်ကာ ခေါင်းခါပြလိုက်သည်။

"အဲဒါ ကံ့ကော်ကြောင့်ပေါ့၊ ကံ့ကော်ကို စမြင်တဲ့နေ့ကစပြီး မိန်းကလေးမြင်ရင် ချစ်ရကောင်းမှန်း မသိတဲ့ ကျွန်တော့်ရင်ဘတ်က ချစ်ချင်လာပြီ ချစ်ချင်လာပြီဆိုပြီး သူ့အလိုလိုကို ဆန္ဒပြတောင်းဆိုလာတာ"

"ရှင် ဒေါက်တာသျှံ ကံ့ကော်ကို ရည်းစားစကားပြောနေတာလား"

"ဟုတ်တယ် ကျွန်တော် ကံ့ကော်ကို စိတ်ဝင်စားနေတာ ကြာပါပြီ"

"အို ရည်းစားစကားကို လမ်းကြုံလို့ တစ်လက်စတည်း ပြောလိုက်တာပေါ့လေ ဟုတ်လား"

အထင်လွဲသလိုဟန်ဖြင့် မျက်စောင်းခပ်လှလှ အထိုးခံရပြီမို့ ဝေယံမင်းသျှံ အလောတကြီး ငြင်းဆန်သည်။

"ဟာ မဟုတ်တာ လမ်းကြုံလို့ ပြောတာ မဟုတ်ပါဘူး တကယ်ဆို ပြောဖို့ရည်ရွယ်ထားခဲ့တာ ကြာပါပြီ၊ ဆေးရုံမှာချည်းပဲ ဆုံဖြစ်ကြတော့ ပြောဖို့ အခြေအနေမပေးခဲ့ဘူးလေ၊ ဒီနေ့သာ ဒီလိုမဆုံဖြစ်ကြရင် ကံ့ကော်ကို အပြင်မှာတစ်ရက် ဒိတ်ကြရအောင်လို့ ချိန်းပြီး ခုလိုစကားမျိုးကို ပြောဖြစ်မှာပါ"

"မယုံပါဘူး"

"ဟာ ယုံပါ ကံ့ကော်ရယ်၊ ကျွန်တော် မညာတတ်ပါဘူး ဒီ



စကားတွေက ဟောဒီ ရင်ဘတ်ထဲမှ စကားလုံးစီပြီး သိမ်းထားခဲ့တာ ကြာပါပြီ"

မယုံ ဘယ်ရှိပါ့မလဲဟု ပြောလိုက်ချင်ပေမယ့် ကံ့ကော်က မိန်းကလေးလေ ရိုးရာမပျက် မူသင့်သလောက်တော့ မူရဦးတော့မှာပေါ့။

"ကျွန်တော်လေ ကံ့ကော်ကို ချစ်တယ်"

"လူကြီးမင်းတို့ ဘာများသုံးဆောင်ကြပါမလဲရှင်"

ဂျပန်စတိုင် ဝတ်စားထားသော ဝိတ်တာမလေး၏ ပျူငှာဖော်ရွေသော အမေးကြောင့် နှစ်ယောက်စလုံး ဗီလင်တွေ ငုပ်ကုန်ကြကာ ရှက်ကိုးရှက်ကန်းအမူအရာတွေဖြင့် ဝိတ်တာမလေးကို မော့ကြည့်လိုက်ကြပြီး

"ဆူရှီနဲ့ ငါးကင် တစ်ဆက် စီစဉ်ပေးပါ"

မီနူးစာအုပ်ကိုပင် လှန်မနေတော့ စိတ်ထဲတွေ့ကရာ မီနူးကိုသာ မှာလိုက်သည်။

"ဟုတ်ကဲ့ ခဏစောင့်ပါနော်"

"ရတယ် ကြာချင်သလောက် ကြာပါစေ"

"ရှင်"

ဝိတ်တာမလေး ပြုံးဖြီးဖြီးဖြစ်သွားသည်။

"ဩော် ရပါတယ် အေးအေးဆေးဆေး လုပ်ပါလို့ အကြာကြီး စောင့်ရလည်း ကိစ္စမရှိပါဘူးလို့"

"ဩော် ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တာမလေး အနားမှထွက်သွားတော့မှ နှစ်ယောက်သား အရက်ပြေ အကြည့်ချင်းဆုံလိုက်ကြပြီး ပြုံးတူရယ်လိုက်ကြသည်။

ကုံကော်ပွင့်၏အကြည့်တွေထဲမှာ ဝေယံအချစ်ကို ငြင်းဆန်ဖို့ သဘောတရားတွေ အရိပ်အမြွက်လေးတောင် ရှာမတွေ့။ ထိုသို့ ရှာမတွေ့တိုင်း ချက်ချင်းအဖြေတောင်းဖို့ကျပြန်တော့လည်း လောဘကြီးရာကျဦးမည်။

ဒီတော့ စောစောက ရင်ခုန်သံစကားပြောခန်းတွေဆီကို ရောက်အောင် ဘယ်လိုပြန်သွားရပါ့မလဲ။

ကုံကော်က ရှက်ချထင်သည်။ မိန္နူးစာအုပ်ကို ဟိုလှန်ဒီလှန်နှင့် လုပ်ကာ ခေါင်းကိုမဖော်တော့။

■ ■ ■

အခန်း (၁၆)

"ပိုင်းရယ် ခေါင်းလေးဘာလေးဖော်ပြီး ကိုယ့်ကို ချစ်ရင် ချစ်တယ်၊ မချစ်ရင် မချစ်ဘူး အဖြေတိတိကျကျ ပေးပါလားကွာ၊ ကိုယ့်ရင်ထဲမှာ ပိုင်းဆီက အဖြေကို မရမချင်း အရမ်းကို မီးတောက်နေပြီကွ"

အားမလိုအားမရဖြစ်နေသော အာကာမင်းသျှုကို ပိုင်း ရှက်ရွံ့စွာ မော့ကြည့်လိုက်ပြီး

"ပိုင်းကိုချစ်ရင် ရှင့်အနာဂတ် သာယာနိုင်ပါ့မလား အာကာရယ်၊ ပိုင်းတို့ဘဝက အရမ်းကို ဆင်းရဲနုံချာလွန်းပါတယ်"

အမေ့အရိပ်မည်းကြီးကို အာကာသာ သိသွားခဲ့လျှင် ပိုင်းကိုချစ်နိုင်ပါတော့မလား။ အမေတောင် ဒီလိုအလုပ်မျိုးဖြင့် ဝမ်းစာရှာခဲ့သေးရင် ဒီသမီးကရော ကင်းပါ့မလားဆိုသည့် သံသယအကြည့်တွေ အပြောတွေကို ပိုင်း ရင်ဆိုင်ရမှာ ကြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းရဲနုံချာတာနဲ့ အချစ်နဲ့ ဘာဆိုင်လဲ ဝိုင်းရာ၊ ဆင်ခြေနဲ့အကြောင်းပြချက်ကြီးက ကဗျာမဆန်လိုက်တာ၊ အဲ ရုပ်ရှင်တော့ ဆန်သလိုလိုပဲ"

"ဝိုင်း တကယ်ပြောတာပါ အာကာ၊ ဝိုင်းတို့ မိဘမျိုးရိုးက အညံ့စားမျိုးရိုးပါ၊ ဝမ်းစာအတွက် နည်းမျိုးစုံနဲ့ ရှာဖွေရုန်းကန်ရတယ်၊ အဲဒီလို လုပ်ရပ်တွေကြောင့် တစ်ချိန်ချိန်မှာ အာကာ ဂုဏ်သိက္ခာတွေ ညှိုးနွမ်းပျက်စီးသွားနိုင်တယ်လေ"

"ကိုယ် အဲဒါတွေ ဘာတစ်ခုမှ မမှုဘူး၊ ကိုယ်သိတာ ဝိုင်းကို ချစ်တယ်၊ လက်ထပ်မယ်၊ ကိုယ့်ကြောင့် ဝိုင်း ထာဝရပျော်ရွှင်နေစေရမယ်၊ ဝိုင်း မိဘမျိုးရိုး ဘာကြီးပဲဖြစ်နေဖြစ်နေ ကိုယ် စိတ်မဝင်စားဘူး။ ကိုယ်ဆိုတဲ့ကောင်က အတိတ်ကိုလည်း ပြန်မဆွတတ်ဘူး၊ အနာဂတ်အတွက်လည်း ကြိုတွေးပြီး ပူမနေတတ်ဘူး။ စိတ်ကို ပစ္စုပ္ပန်တည့်တည့်မှာပဲ ထားတယ်၊ ဒါမှ လူပီသမှာ မဟုတ်လား"

ပေါ့ပေါ့ပါးပါးပြောနေသော အာကာ့ကိုကြည့်ပြီး ဝိုင်း မသိမသာ သက်ပြင်းချလိုက်သည်။

တကယ်ဆို ဝိုင်း အာကာ့ကို ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ မငြင်းချင်ပါ။ အာကာ့ဘဝထဲကို ဝိုင်း ဝင်လိုက်မည်ဆိုလျှင် မောင်လေးတွေ ညီမလေးတွေအတွက် ရှေ့ဆက်ပညာကောင်းကောင်း သင်နိုင်ကြမည်။ အမေလည်း ဝိုင်းအတွက် စိတ်အေးရပြီမို့ သူ့အဆောင် ဟောင်းကြီးနှင့် တစ်အိုးတစ်အိမ် ထူထောင်လို့ရသေးသည်။





"ကျေးဇူးပြုပြီး ကိုယ့်ကို ဆက်မငြင်းပါနဲ့တော့ ဝိုင်းရယ်၊ ကိုယ် ခံနိုင်ရည်မရှိလို့ပါ"

ဝိုင်း၏လက်ကို ဆုပ်ကိုင်ပြီး တောင်းပန်တိုးလျှိုးလာသောအခါ ဝိုင်း စိတ်ခံစားမှုတွေသည် ဒူးညွတ်ခွေကျသွားသည့်သူနှယ် ဆက်ပြီး ငြင်းဆန်ဖို့ အင်အားမရှိတော့။

ဒါဟာ ဝိုင်းကို လောကကပေးတဲ့ အခွင့်အရေးတစ်ခုလား။

■ ■ ■

"အို ဒီလောက်တန်ဖိုးကြီးတဲ့လက်ဝတ် လက်စားတွေကို ကျွန်မ မယူပါစေရနဲ့ အစ်ကိုရယ်"

ကတ္တီပါ ဘူးပြားကြီးနှင့်ထည့်ထားသော လက်ဝတ်လက်စားတွေကိုကြည့်ပြီး ဒေါ်သီတာလင်း လက်မခံရဲ။ ရတနာပစ္စည်းတွေက တကယ့်တန်ဖိုးကြီး စိန်တွေဖြင့် လုပ်ထားမှန်း သိသာ၏။ တဖျတ်ဖျတ် တောက်ပနေသည်။

ဒီလို အဖိုးတန် ရတနာတွေကို ရွှေဆိုင်မှာလှမ်းမြင်နေရသည် မှအပ ခုလို တစ်ခါမှ မမြင်ဖူးခဲ့။

"သီတာရယ် မင်းက ကိုယ်လက်ထပ်မယ့် ဇနီးလောင်းပဲ၊ ဒါတွေက ခုမပိုင်ဆိုင်လည်း တစ်ချိန်ချိန်မှာ ပိုင်ဆိုင်ရမှာပဲမဟုတ်လား၊ ဒီပစ္စည်းတွေက ကိုယ့်အမေရဲ့ပစ္စည်းတွေလေ၊ သူမသေခင်မှာ သား အိမ်ထောင်ပြုခဲ့ရင် အမေ့ချွေးမလေးကို ဆင်ပေးလိုက်ပါတဲ့၊ ဒါကြောင့် ကိုယ်က အမေ့ဆန္ဒကို လိုက်နာရုံလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် လက်ထပ်တော့မှ ပေးလေ အစ်ကိုရယ်၊ ခုချိန်မှာ ကျွန်မက ဒါကြီးတွေကို ဝတ်ထားရင် ပတ်ဝန်းကျင်က ကျွန်မကို တစ်မျိုး မြင်ကုန်ကြမယ်၊ နောက်ပြီး အစ်ကိုတူတွေကပါ ကျွန်မကို ပိုင်းလုံးလို့ ထင်သွားမှာပေါ့၊ ငွေမရှိလို့ သားသမီးတွေ ထမင်းနပ်မှန်အောင် စားရဖို့ အတွက် ကျွန်မရဲ့အသွေးအသားတွေကို ငွေနဲ့ရောင်းစားခဲ့ရပေမယ့် ကျွန်မ ဘယ်ယောကျ်ားအပေါ်မှာမှ လောဘမတက်ခဲ့ဖူးပါဘူး အစ်ကို၊ မဖြစ်မနေ လုပ်ရတဲ့အလုပ်ကြောင့် ကိုယ့်ဘဝမှာ ရဲကျသလို ခံစားနေ ရပေမယ့် အတတ်နိုင်ဆုံး ကိုယ်ကျင့်တရားကောင်းအောင်တော့ နေချင် ပါတယ်၊ ဒါကြောင့် ခနခွင့်ပြုပါ"

လောဘနည်းသော ဒေါ်သီတာလင်းကို ကြည့်ပြီး ဦးသောင်း ဇော်ကြ ကရုဏာသက်မိသည်။

"အင်းလေ ဒါဆိုလည်း ကိုယ် ဖွတ်အတင်းမပေးစားတော့ပါ ဘူး၊ ဒါပေမဲ့ ဒီပစ္စည်းတွေက သီတာရဲ့ပစ္စည်းတွေလို့ စိတ်မှာ မှတ်ထား ပြီး ကိုယ်ဆက်သိမ်းထားပေးမယ်"

ဒေါ်သီတာလင်း ဘာမှပြန်မပြောဘဲ ဂရုစိုက်မှုတွေ လွှမ်းကဲနေ သော ချစ်သူရှေ့မှ ခြေလှမ်း ခပ်လေးလေး လှမ်းထွက်လာခဲ့လိုက်သည်။

အကောင်းတွေချည်းပဲ ဆုံပြီးမပေးသလို အဆိုးတွေချည်းပဲ လည်း မကြုံနိုင်းတဲ့ အခြေအနေတွေမှာ ကိုသောင်းကျော်ကို သီတာလင်း ပြန်ဆုံတွေ့ရသည်။ လက်ထပ်ဖို့အထိ ရင်ထဲမှာ မက်မောတွယ်တာနေ ပေမယ့် ကိုယ့်စိတ်တွေ ဘာကြောင့် မဝံ့မရဲ ဖြစ်နေရတာလဲ။





ထိုသို့သော စိတ်မျိုး ဘာကြောင့် ဖြစ်နေရသလဲဟု ကိုယ့်ကို ကိုယ် ဒေါ်သတ္တက် အပြစ်တင်နေမိသည်။ နှံးခွေချိနဲ့နေသော စိတ်ခံစား မှုတွေက အနာဂတ်ကို မျှော်ကြည့်ဖို့အတွက် လုံလောက်သော အင်အား တွေ ဖြစ်မနေ။

တကယ်ဆို ရှေ့အနာဂတ်ကို ပျော်ပျော်ရွှင်ရွှင် လျှောက်လှမ်း ဖို့အတွက် ကိုယ့်ကို ဖေးကူမမယ့်ယောကျ်ားတစ်ယောက်၏လက်ကို ခပ် ရဲရဲဆုပ်ကိုင်ပြီး ဘဝအမောတွေ ဖြေနေရမှာလေ။

ခုတော့ ဒေါ်သီတာလင်း စိတ်တွေ လွတ်ထွက်မသွားအောင် တစ်စုံတစ်ရာက တင်းကြပ်စွာ ဆုပ်ကိုင်ထားသလိုပါပဲ။

စိတ်ခံစားမှုတွေကို လွတ်လပ်စွာ ပျံသန်းခွင့်မပြုနိုင်လောက် အောင် အတွေးတို့ မောရှုဆို့နင့်လာသည်။

■ ■ ■

"အမေ နေမကောင်းဘူးလား"

အလုပ်မှ ပြန်လာလာချင်း အိပ်ရာထက်မှာ လှဲအိပ်နေသော အမေ့ကိုမြင်ပြီး ဝိုင်း စိုးရိမ်စိတ်ဖြင့် မေးလိုက်ခြင်း ဖြစ်သည်။ အမေက အိပ်ချိန်မဟုတ်ဘဲ နေ့ခင်းနေ့လယ်တောင် တစ်ရေးတစ်မော အိပ်တတ် တဲ့သူမဟုတ်။ ခုတစ်လော အမေ့ကိုကြည့်ရတာ လန်းဆန်းမှုမရှိ၊ တမှိုင် မှိုင်နှင့်။

"ဟုတ်တယ် သမီးရယ်၊ အမေ ဖျားနေတယ်"

တစ်ခါမှ မဖျားစဖူး ဖျားနေ၍ ဝိုင်း အမေ့နားဝင်ထိုင်ကာ

www.burmeseclassic.com



အမေ့နဖူးကို စမ်းလိုက်သည်။

''ဟင် ကိုယ်တွေလည်း ပူနေပါလား အမေ၊ မဖြစ်ဘူး ဆေးခန်းသွားကြရအောင်''

''အောင်တမန်နဲ့ ရေနွေးပူပူလေး သောက်ထားတယ် သမီးရဲ့''

''ဗမာဆေးမြီးတိုနဲ့ ပျောက်ပေမယ့် ကြာမှာပေါ့ အမေရဲ့၊ ဒါနဲ့ ကလေးတွေရော''

''အငယ်နှစ်ယောက်က သူ့ကြီးဒေါ်အိမ်မှာလေ၊ ဟိုမှာပဲ အိပ်လိုက်တော့တဲ့၊ ဟိုအိမ်ဒီအိမ်နဲ့ ကူးချည်သန်းချည် လုပ်မနေနဲ့တော့ဆိုပြီး သူ့အိမ်မှာပဲ ခေါ်ထားတယ်၊ အကြီးကောင် ကြယ်စင်ပိုင်က သူ့ဆရာအိမ်မှာ စာကျက်ရင်း အိပ်မယ်လို့ ပြောသွားတယ်''

''ကဲ ထ အမေ ဆေးခန်းသွားကြရအောင်''

''အဟွတ် အဟွတ် အဟွတ် နေ နေပါစေ အမေ မသွားတော့ဘူး၊ ချွေးထွက်သွားရင် ကောင်းသွားလိမ့်မယ်''

''အမေရယ် ထပါ၊ ခုလို ခဏခဏဖျားနေတာကို ပိုင်း မကြိုက်ဘူး အမေရယ်''

''အမေ ဆေးခန်းသွားရင် လမ်းမှာ အိမ်သာတက်ချင်နေမှာစိုးလို့ပါ သမီးရယ်''

''ဟင် အမေ ဝမ်းပါပျက်နေတာလား''

''ဟုတ်တယ် သမီးရယ်၊ ခုတစ်လော ဝမ်းကလည်း ဘာစားစား မခိုင်ဘူးဖြစ်နေတယ်''





''အဲဒါဆိုရင်တော့ ပိုတောင်သွားသင့်သွားပြီ အမေရယ်၊ ကဲပါ ထ ဆေးခန်းသွားရင်း အိမ်သာဝင်ချင်တော့လည်း နီးစပ်ရာအိမ်သာ ခွင့်တောင်းပြီး ဝင်တာပေါ့ အမေရယ်၊ ထပါ အမေ နေကောင်းမှ ဖြစ်မှာ အမေရဲ့''

မိခင်ဖြစ်သူကို ချော့ချော့မော့မော့ ပြောနေသော သမီးပိုင်း၏ စကားကို မလွန်ဆန်နိုင်တော့ဘဲ လှဲအိပ်နေရာမှ ထလိုက်သည်။

''ကျွတ် ကျွတ် ကျွတ် အရေးထဲ ဗိုက်ကရစ်လာပြန်ပြီကွယ်၊ ပိုင်း ခဏနေဦး အမေ အိမ်သာဝင်ကြည့်လိုက်ဦးမယ်ကွယ်''

ဒေါ်သီတာလင်း ဖရိုဖရဲ ဖြစ်နေသော ထဘီကို သေချာပြင်ဝတ်ပြီး အိမ်သာကို ချိနဲ့နဲ့ ထလာလိုက်သည်။

လူက မူးရိပ်မူးရိပ်နှင့် ခြေတွေလက်တွေ မသယ်ချင်လောက်အောင် အင်အားတွေချိနဲ့နေ၏။

ဒီပုံအတိုင်းဆိုလျှင် မနက်ဖြန် အလုပ်ဆင်းနိုင်ပါ့မလား။

အလုပ်မသွားလျှင်တော့ ကိုသောင်းကျော် လိုက်လာမှာသေချာသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"သဲစု ငါ ငါ အနှိပ်ခန်း ဝင်လို့မရဘူးလား။ အရှေ့ဆိုင်မှာပဲ တောက်တိုမယ်ရ လုပ်ချင်တယ်"

ဒီနေ့ အနှိပ်ခန်း ဝင်ရမည့်အလုပ်အော်ဒါ ကျလာသည်မှ ဝိုင်း အရမ်းကို တုန်လှုပ်သွားသည်။ ထို့အတွက်ကြောင့် သဲစုကို စစ်ကူ တောင်းမိခြင်းဖြစ်သည်။

"သူတို့က ဒီနေ့အနှိပ်ခန်းဝင်ရမယ့် အနှိပ်သမစာရင်းထဲမှာ နင့်ကိုထည့်လိုက်တော့ မဝင်ဘူးလို့ ပြောလို့မရဘူး။ ငါလည်း ဘာမှ မတတ်နိုင်ဘူး ဝိုင်းရယ်၊ ဒီနေ့တစ်နေ့တော့ ဒီလိုပဲ မီးစင်ကြည့်ကလိုက် ပါ၊ နောက်နေ့မှ တစ်မျိုးထပ်စဉ်းစားကြတာပေါ့"

နှစ်သိမ့်ပေးသော သဲစုစကားက ရင်ထဲမှာရှိနေသော စိုးရိမ် ပန်စိတ်တွေ သိမ်ငယ်ကြောက်ရွံ့စိတ်တွေကို အားဖျော့မသွား။





ဝိုင်း အကြပ်ရိုက်နေသည်။ ဘယ်လိုလုပ်ရပါ့မလဲ။ ယောကျ်ား တွေကို နှိပ်ပေးရမယ့်အလုပ်က ဝိုင်းအတွက်တော့ ငရဲတွင်းထဲ ဆင်းနိုင်း တာထက် ပို၍ ကြောက်စရာကောင်းမည်ထင်သည်။

"ဟဲ့ ငါ တစ်ခု အကြံရပြီ"

"ဟင် ဘာလဲ ငါ ငါအနှိပ်ခန်း မဝင်ရဘူးဆိုရင် ဘာပဲလုပ်ရ လုပ်ရလုပ်မယ်ဟာ"

သဲစု ပေးမည့်အကြံဉာဏ်ကို မျှော်လင့်ချက်အပြည့်ဖြင့် မေး လိုက်သည်။

"ဒီလိုလေဟာ"

သဲစု ပြောခါနီး ဘေးဘီဝဲယာကို တစ်ချက်အကဲခတ်လိုက်ပြီး ဝိုင်း၏နားနားသို့ ကပ်၍

"နင့်လူကို ဖုန်းဆက်ခေါ်လိုက်ပါလား။ ဒီနေ့ သူ့ကိုအနှိပ်ခန်း မှာ အနှိပ်လာခံခိုင်းလိုက်"

"ဟင် အဲဒီလို လုပ်ရင် သူ ငါ့ကိုအထင်သေးသွားမှာပေါ့"

"အထင်မသေးအောင် အခု နင့်ဒုက္ခတွေကို ပြောပြလိုက်၊ သူ အနှိပ်ခန်းလာရင် နင် နှိပ်ပေးဖို့ တာဝန်ကျတဲ့လူဟာ နင်ပဲဖြစ်စေရ မယ်လို့ ငါ တာဝန်ယူတယ်ဟာ၊ ငါ အဲလောက်တော့ နင့်ကို ကူညီနိုင် တယ်"

"အေးလေ ငါ အတတ်နိုင်ဆုံး ကြိုးစားကြည့်လိုက်မယ်လေ"

ဘောင်းဘီအိတ်ထဲမှ ဖုန်းကို ထုတ်လိုက်ပြီး အာကာ့ဆီ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်သည်။

ဝိုင်း အခက်အခဲကို ဖြေရှင်းပေးနိုင်မှာ အာကာတစ်ယောက်ထဲ ရှိသည်။

ဝမ်းစာကြောင့် ရှာဖွေလုပ်ကိုင်ရပေမယ့် ဝိုင်းဘဝကို အပျက်ဆီးတော့ မခံနိုင်ပါ။

■ ■ ■

သဲစုအကြံသည် ဝိုင်းအတွက် တော်တော်လေးကို အထောက်အကူပြုခဲ့ပါသည်။ ယခု အာကာနှင့် ဝိုင်း အနိုပ်ခန်းထဲတွင် နှစ်ယောက်ထဲရှိနေသည်။ ထိုအခြေအနေကို သဘောကျနေသူက အာကာမင်းသျှပင်ဖြစ်သည်။

ဥျန်နှင့် ဒုတ်တင်ဝင်နေတုန်း ဝိုင်းဆီမှ ဖုန်းဝင်လာသည်နှင့် ဝိုင်းအတွက် စိတ်ပူသွားကာ ခပ်မြန်မြန်လုပ်ပြီး ဝိုင်းရှိရာကို ထွက်လာခြင်းဖြစ်သည်။ လူကဆေးအရှိန်ကြောင့် အပြည့်အဝ ခွေခွင့်မရလိုက်၍ ဗီလင်ဝင်ချင်နေသည်။ မျက်လုံးအစုံက မှေးစင်းနေသည်။

"အာကာ နေမကောင်းဘူးလား"

မွေ့ရာထက်တွင် မှိန်းနေသော အာကာ့ကိုကြည့်ပြီး ဝိုင်း စိုးရိမ်တကြီး မေးလိုက်ခြင်းဖြစ်သည်။ အကယ်၍ အာကာ နေမကောင်းဘူးဆိုလျှင်တော့ ဝိုင်း အာကာ့ကို သက်သက်မဲ့ဒုက္ခပေးမိပြီ။

"ကောင်းပါတယ် ဝိုင်းနဲ့ ခုလို အခန်းတစ်ခန်းထဲမှာ အတူတူရှိနေရလို့ ကိုယ့်စိတ်တွေ လှုပ်ရှားနေတယ်၊ နောက်ပြီး ဝိုင်းကို ကျေးဇူး





တင်တယ်"

ဝိုင်း ပခုံးကို ဆုပ်ကိုင်ပြီး တိုးသက်စွာ ပြောလာသော ကျေးဇူးတင်စကားကြောင့် ဝိုင်း အနေခက်စွာ ပြုံးရင်း

"အမှန်ဆို ဝိုင်းက ကျေးဇူးတင်ရမှာပါ"

"ဝိုင်း ကျေးဇူးတင်ဖို့ မလိုဘူး၊ ဝိုင်းမှာ အခက်အခဲရှိနေတဲ့အချိန် အရင်ဆုံးပြေးပြီး သတိရတဲ့လူဟာ ကိုယ်ပဲဆိုတာ သိလိုက်ရတာနဲ့တင် ကမ္ဘာမှာ အပျော်ဆုံးလူက ကိုယ်ဖြစ်သွားပြီ၊ နောက်ပြီးတော့ ကိုယ် သိပ်ချစ်ရတဲ့ဝိုင်းက ကိုယ့်ကိုကိုယ် ကာကွယ်တတ်တဲ့စိတ်ရှိတာဟာလည်း အရမ်းကို ချီးကျူးစရာကောင်းပါတယ်"

ကိုယ့်အပေါ် ဂရုစိုက်လွန်းသော အာကာနှင့် ဆုံတွေ့ရ၍ ဝိုင်းဘယ်တော့မှ နောင်တရမည်မဟုတ်တော့။

"ကိုယ် ဝိုင်းကို လက်ထပ်မယ်"

"ရှင်"

ထင်မှတ်မထားသော တောင်းဆိုမှုကြောင့် ဝိုင်း ပါးစပ်အဟောင်းသားလေး ဖြစ်သွားသည်။ အချိန်တွေ စောလွန်းမနေဘူးလား။

ထို့ကြောင့် ဒီလိုအခြေအနေမျိုးနှင့် ရပ်တည်နေရသော ဝိုင်း၏ သိမ်ငယ်စိတ်တွေက အာကာထံမှ လက်ထပ်ခွင့်ကို ခေါင်းညိတ်လက်ခံဖို့ အဆင်သင့်မဖြစ်သေးပါဟု ပါန်ဆောင်ငြင်းဆန်ဖို့ စကားလုံးစီနေလိုက်သည်။

"ဟုတ်တယ် ကိုယ် ဒီအခန်းထဲက အချိန်ပြည့်လို့ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ပိုင်းပါ ကိုယ်နဲ့အတူ လိုက်ခဲ့ရမယ်၊ ခုချိန်ကစပြီး ပိုင်းကို ကိုယ်နိုးပြေးသွားပြီလို့ အားလုံး သိထားပါစေတော့''

''ရှင် ပိုင်းကို နိုးပြေးမယ် ဟုတ်လား''

''ဟုတ်တယ် ရှေ့လျှောက် ပိုင်း ခုလိုအလုပ်တွေကို လုံးဝလုပ်စရာ မလိုလောက်အောင် ပိုင်းဘဝအဆင်ပြေစေရမယ်၊ ပိုင်းကို ကိုယ် တစ်သက်လုံး စောင့်ရှောက်မယ်ကွာ''

ပိုင်းအတွက် ငြင်းရက်စရာမရှိသော တောင်းဆိုမှုမို့ ငြင်းရမှာကိုပင် အားနာနေမိသည်။ စောစောက ဟန်လုပ်ငြင်းဆန်ဖို့ ရည်ရွယ်ထားသော စကားလုံးတွေပင် လည်ချောင်းထဲမှ ထွက်မလာတော့။

ခုချိန်မှာ နှလုံးသားခံစားမှုတွေကို ဦးစားပေးစဉ်းစားဖို့ထက် ပိုင်းနှင့် မိသားစုဘဝလေး အသက်ရှူပေါက် ချောင်ဖို့ လွတ်မြောက်ရာလမ်းကြောင်းကို ပိုင်း မမှိတ်မသုန် ရွေးချယ်ရမှာပင် ဖြစ်သည်။

''ပိုင်း အမေ နေသိပ်မကောင်းဘူး အာကာရဲ့''

မမြင်ဖူးသေးသော ယောက္ခမလောင်း နေမကောင်းဘူးဆို၍ အာကာ တာဝန်သိသော သမက်တစ်ယောက်လို

''အဲဒီအတွက် ဘာမှမပူနဲ့၊ ကိုယ် ဂျွန့်ကို ဆေးကုစရိတ်နဲ့ အိမ်စရိတ် ပေးခိုင်းလိုက်မယ်''

တာဝန်ကျေသော အာကာ၏လိုက်လျောမှုတွေသည် ပိုင်းအတွက် ငြင်းရက်စရာ တစ်ကွက်မှမရှိ။ ပိုင်း နောက်ဆံတင်းစရာ မလိုအောင်ပါ။





''ကိုယ့်ရင်ခွင်ထဲက ပိုင်းကို ဘယ်သူမှ လုမပြေးအောင် မင်းကို ထာဝရ ပိုင်ဆိုင်လိုက်တော့မယ် ပိုင်းရယ်၊ ကိုယ် မင်းကို သိပ်ချစ်တယ်၊ ဒါကြောင့် မင်းကို မလွတ်တမ်း ဖက်တွယ်ထားလိုက်တော့မယ်ကွာ''

အာကာ ပိုင်းကို ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်လိုက်သည်။ ပွေ့ဖက်နမ်းရှုံ့ရုံမှအပ ဘာအခွင့်အရေးမှ မယူသော အာကာ၏ရိုးသားသောဂုဏ်ကြောင့် ပိုင်း လူရွေး ဘယ်တော့မှ မှားမည်မဟုတ်တော့ပါ။

အာကာ ရင်ခွင်မှာ အလိုက်သင့်နိဝင်ရင်း ပိုင်း ပြုံးလိုက်ပါသည်။ ထိုအပြုံးတို့သည် ကြည်လင်သော်လည်း ဘဝအမောတို့ ရောစပ်ပါဝင်နေသည်။

သို့သော် ထိုအမောတို့သည် သိပ်မကြာသော အချိန်ကာလတစ်ခုမှာ တိမ်တိုက်တွေလို သူ့အလိုလို မှောလွင့်ကွယ်ပျောက်သွားလိမ့်မည်ဟု ပိုင်း ယုံကြည်နေပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"မင်းညီတော့ မ,သွားပြီ ဝေယံရေ"

ဆေးရုံမှာ လူနာတွေကြည့်ရ သင်တန်းတစ်ဖက်ပေးရနှင့် ပင်ပန်းနွမ်းနယ်လာသော ဝေယံကို ဆီးကြိုလိုက်သောစကားက မရေမရာ။ ညီက ဘာကိုမ,သွား၍ ကိုယ်က ဘာကိုစိတ်ပူရမလဲ။

"စကားကို ရှင်းရှင်းပြောပါ လေးလေးရာ၊ ညီက ဘာကိုမ,သွားလို့လဲ"

"ခုပဲ ငါ့ကိုဖုန်းဆက်တယ်၊ သူ မိန်းမခိုးသွားပြီတဲ့"

"ဟင်"

တကယ့်ကို အမောဆို့သွားစေသည့် စကားလုံးကြီးတွေမို့ လူက ခွေခနဲ လဲကျသွားချင်သည်။ ချစ်သူရှိနေပြီဆိုတာ သိနေပေမယ့် ခုလို ချက်ချင်းကြီး ခိုးပြေးသွားတာတော့ ညီလေး မှားသည်။





"ဘယ်သူနဲ့လဲ လေးလေး"

"သူ့ကောင်မလေးကိုလား"

"အင်းလေ"

"ငါ့ကိုပြောတာတော့ သူ့ကောင်မလေးကို မာဆတ်မှာ မလုပ်စေချင်တော့လို့ သူ အပြီးတာဝန်ယူသွားပြီတဲ့"

သွေးခုန်နှုန်း ဒိန်းခနဲ ဆောင့်ခုန်သွားရလောက်အောင် ဝေယံမင်းသျှံ တုန်လှုပ်ချောက်ချားသွားသည်။

"ညီချစ်သူက အဲဒီအတန်းအစားထဲက မိန်းကလေးလား"

"ဟုတ်တယ် ထင်တယ် ဒါပေမဲ့ ကောင်မလေးက ရိုးသားတယ်တဲ့"

"လေးလေး မြင်ဖူးလို့လား"

"မမြင်တော့ မမြင်ဖူးဘူး"

"ရိုးသားတယ်ဆိုတာ နဖူးမှာ စာချိတ်ထားလို့လား၊ လေးလေးရ ဒီလိုအကျင့်ပျက်မိန်းမမျိုးနဲ့တော့ ကျွန်တော့်ညီကို ကျွန်တော် လုံးဝသဘောမတူနိုင်ဘူး"

"ဒါပေမဲ့ ခိုးပြေးသွားပြီလေ၊ ဘာလုပ်လို့ ရတော့မှာလဲ"

"ရအောင် ခွဲမှာပေါ့"

ဝေယံမင်းသျှံ ဒေါသတွေ ထွက်လာသည်နှင့်အမျှ အသားတွေ တဆတ်ဆတ် တုန်လာသည်။ ဒီလို အခြေအမြစ်မရှိတဲ့ မိန်းမမျိုးရဲ့ မြှူဆွယ်တာကို ခံလိုက်ရသော ညီ့ရဲ့ဘဝက ရှေ့ဆက် တွေးရပါတော့



www.burmeseclassic.com

www.burmeseclassic.com



မလား။

ဆေးရုံမှာလာသမျှ HIV ဝေဒနာသည်တွေသည် များသောအားဖြင့် ထိုသို့သော မိန်းမစားမျိုးတွေ ဖြစ်သည်။ သူတို့ဘဝအခြေအနေအရ သွေးသားတွေ ဆာလောင်သော ယောကျ်ားတွေနှင့်အတူတူ ကာမဆက်ဆံကြပေမယ့် သူတို့တွေကို ဆရာဝန်ဆိုသော မေတ္တာစိတ်ဖြင့် နှစ်သိမ့်ဆွေးနွေးမှုတွေ လုပ်ခဲ့သည်။

ခုတော့ ထိုမိန်းမမျိုးတွေကို ဝေယံမင်းသုံ အမုန်းကြီး မုန်းသွားပြီ။ ညီ့ဘဝကို ဒီလိုမိန်းမမျိုးတွေ လက်ထဲကို ထည့်မပေးလိုက်နိုင်ပါ။

''လေးလေး ကျွန်တော် သူတို့နောက်ကို လိုက်သွားမယ်''

''သူတို့ ဘယ်နေရာမှာ ရှိနေလဲမှမသိတာ၊ မင်းဘယ်လိုလိုက်သွားမလဲ''

အေးတိအေးစက်နိုင်လွန်းသော လေးလေးကိုလည်း ဝေယံမကျေနပ်။ ဒယ်ဒီ မာမီ မရှိတဲ့အချိန်မှာ ဒီကလေးလမ်းမှားမရောက်အောင် စောင့်ရှောက်ရမယ့် ဝတ္တရားရှိနေရဲ့သားနဲ့ တူဖြစ်သူကို ဒီလို အကျင့်ပျက် မိန်းမတစ်ယောက်နဲ့ နီးစပ်သွားစေရသတဲ့လား။ သိသိကြီးနဲ့လွှတ်ပေးထားရသလား။

''လေးလေး စုံစမ်းလေ၊ ဖုန်းမရှိလို့လား လေးလေးရ''

တစ်ခါမှ မင်အော်ဖူးသော လေးလေးကိုပင် ညီ့စိတ်ကြောင့် အော်ဟစ်ပစ်လိုက်သည်။

ဒေါသမထွက်စဖူး ထွက်နေသော ဝေယံ့ကိုကြည့်ပြီး လေးလေး





နားလည်ပေးသည့်အနေဖြင့် ဘာမှပြန်မပြောဘဲ ဖုန်းထုတ်ပြီး အာကာမင်းသျှံထံ ဖုန်းခေါ်လိုက်သည်။

ဖုန်းလိုင်းတွေ ကြပ်နေ၍ထင်သည်။ ဆက်သွယ်မှုရေယာပြင်ပရောက်နေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

တိတ်ဆိတ်အေးချမ်းသော ခြံကြီးတစ်ခြံထဲမှ တစ်ထပ်တိုက်ကလေးသည် ဝိုင်းနှင့်အာကာ့ကို နွေးထွေးစွာ ဆီးကြိုနေဟန်ရှိသည်။

"ခြံလေးက အေးချမ်းပြီး သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းလေးတွေနဲ့မို့ နေချင်စရာလးနော် အာကာ"

"ဝိုင်း သဘောကျလို့လား"

"အင်း ဝိုင်းက တိတ်ဆိတ်တဲ့နေရာတွေဆိုရင် သဘောကျတယ်"

"အဲဒါ ကိုယ့်အစ်ကိုရဲ့အိမ်လေ၊ သူကိုယ်တိုင် ဒီဇိုင်းဆွဲပြီး သူ့စိတ်ကြိုက် ဆောက်ထားတာ ဝိုင်းရ"

"အာကာ့အစ်ကိုက အင်ဂျင်နီယာလား"

"မဟုတ်ဘူး ဆရာဝန်၊ ဒါပေမဲ့ အိမ်ပုံစံ ဒီဇိုင်းဆွဲတာလည်း





ဝါသနာပါတယ်၊ သူက အင်ဂျင်နီယာလုပ်ချင်တာ၊ ဒယ်ဒီနဲ့မာမီက ဆေးကျောင်းတက်စေချင်လို့ သူ ဆရာဝန်ဖြစ်သွားတာ"

"သဘောကောင်းလားဟင်"

ကိုယ့်ခဲအို တော်ရတော့မည်မို့ ဝိုင်း မေးလိုက်ခြင်း ဖြစ်သည်။ ဝိုင်းလို အခြေအမြစ်မရှိသော မိန်းကလေးတစ်ယောက်ကို ခဲအိုတော်ရမည့် ဆရာဝန်ကြီးကရော ခယ်မအဖြစ် အသိအမှတ်ပြုနိုင်ပါ့မလား"

"ဝိုင်း လာလေ၊ ကိုယ်တို့အိမ်ထဲဝင်ကြမယ်"

စားနပ်ရိက္ခာ တစ်ပွေ့တစ်ပိုက်ကို ကားထဲမှ ထုတ်လာရင်း ကုံကော်ပင်တွေနှင့် အုပ်ဆိုင်းညို့မှိုင်းနေသော ခြံဝင်းလေးကို တွေတွေငေးငေးလေး ငေးမောရပ်ကြည့်နေသော ဝိုင်းကို အိမ်ထဲဝင်ရန် ပြောလိုက်သည်။

"ဪ အင်း ပေးလေ၊ ဝိုင်းလည်း ဝိုင်းကူသယ်ပေးမယ်"

ရေသန့်ဘူးနှင့် ဒိုးနပ်ဘူးအချို့ကို ဝိုင်း လှမ်းယူဖို့ ဟန်ပြင်သည်။

"နေပါ ဝိုင်းရယ်၊ ခုချိန်မှာ ဝိုင်း ဘာမှမလုပ်နဲ့၊ ကိုယ်က ဝိုင်းရဲ့အိမ်ထောင်ဦးစီးဖြစ်သွားပြီလေ၊ ဒါကြောင့် ဘာလုပ်လုပ် ကိုယ်ကပဲ ဦးဆောင်ပြီးလုပ်မယ်၊ ဝိုင်းက ကိုယ့်နောက်ကနေ အလိုက်သင့်လေးပဲ လိုက်ခဲ့ ဟုတ်ပြီလား"

"အို သွားပါ ဘာအိမ်ထောင်ဦးစီးလဲ"

"ဟာ ခုပဲ ကိုယ့်ရှေ့နေတစ်ယောက်စီမှာ လက်မှတ်ထိုးပြီးသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီလေ၊ မေ့သွားပြီလား"

"မမေ့ပါဘူး"

"ဒါဆို ကိုယ် အိမ်ထောင်ဦးစီးဆိုတာကို ဘာဖြစ်လို့ လက်မခံသေးတာလဲ"

အာကာ၏အမေးကြောင့် ဝိုင်း မျက်နှာလေး ရှက်သွေးတို့ စိမ့်ထွက်လာကာ ခေါင်းကိုချက်ချင်း ငုံ့လိုက်ပြီး

"ရှက်လို့ပေါ့လို့"

"ဪ အဟက် ခုနေပဲ ရှက်နေတာပါ နောက်ဆိုရင် ရှက်မှာမဟုတ်တော့ပါဘူး၊ သားသားမီးမီးလေးတွေရရင် ပိုတောင် ရှက်မှာမဟုတ်တော့ဘူး"

တက်ကြွ သွက်လက်နေသော အာကာ၏ပုံကိုကြည့်ပြီး ဝိုင်းလည်း ရင်ထဲမှာ ငြိမ်းချမ်းနေသလိုပါပဲ။

အာကာလက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ပြီး အိမ်ထဲသို့ ဝင်ခဲ့ကြသည်။

လူမနေပေမယ့် ပရိဘောဂပစ္စည်းတွေ သူ့နေရာနှင့်သူ စနစ်တကျထားပြီး နေချင်စဖွယ် အတိုပြီးသော အိမ်ကလေးကို ဝိုင်း သဘောကျနေတာတော့ အမှန်ပင်။

စိတ်ထဲမှာ ဝိုင်းဘဝအတွက် ရွေးချယ်မှုမှန်ကန်သွားပြီးကေ တွေးပြီး ကိုယ့်ကိုကိုယ် ကျေနပ်ပီတိဖြစ်မိပြန်သည်။ ရင်ထဲက အချစ်ထော ဘဝအတွက် စဉ်းစားပြီး ရွေးချယ်မိတဲ့ ကိုယ့်ရဲ့အိုင်ကျူကို ကိုယ်ပြန်ပြ





လေးစားမိသည်။

"ကဲ ဝိုင်း ရေအရင်ချိုးမလား ဗိုက်အရင်ဖြည့်မလား"

ဝိုင်း၏ကိုယ်လေးကို နောက်ကျောမှ သိုင်းဖက်ပြီး မေးလာသည်မို့ ဝိုင်း မနေတတ်လောက်အောင် အသည်းယားသွားသည်။

ဝိုင်း၏အပျိုစင်ဘဝကို ကုန်ဆုံးရမည့်နောက်ဆုံးနေ့လေး တစ်နေ့မို့ ဝိုင်းစိတ်တွေ လှုပ်ရှားနေသည်။ ထို့ကြောင့် ဗိုက်ဆာဖို့ပင် သတိမရနိုင်ပါ။

"ဟင့်အင်း ဝိုင်း ဗိုက်မဆာသေးဘူး အာကာ"

"ဒါဆို ရေအရင်ချိုးလိုက်လေ"

"ဟင် ရေချိုးရမယ် ဟုတ်လား"

"အင်းလေ ဒါမှ ဝိုင်းစိတ်တွေ လန်းဆန်းသွားမှာပေါ့ ပြီးရင် ကိုယ်တို့ အချစ်တွေ ဖလှယ်ကြမယ်"

"အို ဘာတွေလာပြောနေတာလဲ"

"ရှက်မနေပါနဲ့ကွာ ကိုယ်တော့လေ ဝိုင်းရဲ့ခန္ဓာကိုယ်တစ်ခုလုံးမှာ ဘယ်နေရာက အလှဆုံးလဲလို့ သိချင်လှပြီ"

မျက်နှာကို ရေနွေးဖန်နွေးနှင့်ပက်လိုက်သလို ဝိုင်း ရှက်ရိပ်တွေ နွေးခနဲ ဖြစ်သွားသည်။ ရင်တွေလည်း တဒိတ်ဒိတ်နှင့် အခုန်မြန်လာသည်။

ရှက်ရွံ့လိုက်ဖိုသော အကြည့်တွေဖြင့် အချစ်သွေးကြွနေသော အာကာကိုမသိမသာ ခိုးကြည့်လိုက်သည်။ ဝိုင်းနှင့် လက်ယှဉ်လိုက်ရ၍



www.burmeseclassic.com

www.burmeseclassic.com



အာကာ ပျော်နေပုံရသည်။

အာကာ ပျော်သလို ဝိုင်းလည်း ပျော်ပါသည်။ ဒီနေ့လိုမျိုး ထူးဆန်းနေသော ခံစားမှုတွေကို ဝိုင်း မြတ်နိုးချင်သည်။ ဒီနေ့ဟာ ဝိုင်း ဘဝကို တဆစ်ချိုး ပြောင်းလဲပေးလိုက်မည့်နေ့လေးတစ်နေ့ပေါ့။

နေခြည်နွေးနွေးထဲမှ ဖြတ်တိုက်လာသော လေပူတို့သည်ပင် လျှင် ဝိုင်းအတွက် အေးမြနေသလို ခံစားရအောင် ဝိုင်းဘဝမှာ အကောင်း တွေချည်းပဲ ကြုံတွေ့ရတော့မည်ဟု ယုံကြည်နေမိပြီ။ ရှေ့ဆက်ဖို့အတွက် အင်အားသစ်တွေ တိုးပွားလာသည်။

"လာလေ လန်းသွားအောင် ရေအရင်ချိုးလိုက်နော်၊ ပြီးရင် ကိုယ်တို့ ဝယ်လာတဲ့ ကြက်ဆီထမင်းစားမယ်၊ အဟဲ ပြီးရင်တော့"

စကားကို ရှေ့ဆက်မပြောဘဲ ဝိုင်းကို ပြုံးစိစိနဲ့ ကြည့်နေသော အာကာ့ကိုကြည့်ပြီး

"ပြီးရင် ဘာဖြစ်လဲ ဆက်ပြောလေ"

"အဟဲ ပြီးရင် ဟောဒီ ဝိုင်းရဲ့ရင်ခွင်ထဲမှာ ကိုယ် ခေါင်း တွေပြီး အိပ်ချင်တယ်"

ဝိုင်း မျက်နှာလေးရဲကာ မျက်စောင်းခပ်လဲ့လဲ့ ထိုးသည်။

ရွှန်းလဲ့စိုမြသော ဝိုင်း၏နှုတ်ခမ်းအစုံကို အာကာ ဖိကပ်နမ်း ရှိုက်လိုက်သည်။ ခံစားမှုတွေကို ဖွင့်ထုတ်ပစ်ကြဖို့ အကောင်းဆုံးအခြေ အနေတစ်ခုကို ပေးစွမ်းနေသည်ပဲ။

ညင်သာစွာ ပွတ်သပ်ထိတွေ့နေသော အာကာ့လက်အစုံက





ဝိုင်းအတွက် ကြက်သီးတွေ တဖြန်းဖြန်းထသွားစေသည်။ အမှန်ပြောရ လျှင် ဝိုင်း ဒီလိုအခြေအနေမျိုးကို ဖြန်းစားကြီး ရင်မဆိုင်ချင်။

ထို့ကြောင့် ပြောင်းဆန်အောင် ရမ်းခါနေသော ရင်ခုန်သံတွေ ကိုထိန်းရင်း အသက်ရှူကျပ်မတတ် နမ်းရှိုက်နေသော အာကာ့၏နှုတ်ခမ်း စက်ဝန်းမှ ဆတ်ခနဲ ရုန်းထွက်ပြီး ပွေ့ဖက်သိုင်းဖက်ထားသော လက်တွေ ကို ဖယ်ရှားလိုက်သည်။

"ဝိုင်း လန်းသွားအောင် ရေချိုးလိုက်ဦးမယ်လေ"

"မချိုးနဲ့တော့ကွာ ကိုယ် ကိုယ်တို့ ခုပဲ ချစ်လိုက်ကြရအောင်၊ ကိုယ့်စိတ်တွေ တအားကို ထိန်းချုပ်နေရတယ်၊ ဒါပေမဲ့ ခုတော့ ထိန်းချုပ် လို့မရတော့ဘူး"

ဝိုင်း လန့်သွားသည်။ ဝိုင်း၏အပေါ်အင်္ကျီကြယ်သီးတွေကို တစ် လုံးချင်း ဖြုတ်ဖို့ ကြိုးစားနေသော အာကာ့အထိအတွေ့တွေကို ဝိုင်း ရင်ဆိုင်ရမှာ လန့်နေသည်။

ဝိုင်း အဆင်သင့်မဖြစ်သေး။

"ဟင့်အင်း ဝိုင်း ဝိုင်း ရေလေးတော့ ချိုးပါရစေဦး အာကာ ရယ် နော်၊ ပြီး ပြီးရင် အာကာ့သဘော ခု ခု ဝိုင်းအရမ်းရှက်နေလို့ပါ"

ရိုးသားဖြူစင်လွန်းသော ဝိုင်း၏တောင်းပန်တိုးလျှိုးသံကြောင့် လွှတ်ထွက်စပြုနေသော ဆန္ဒတို့ကို ဣန္ဒြေပြန်ဆယ်လိုက်ရင်း

"ဒါဆိုလည်း ဝိုင်း သဘောလေ"

"ခဏစောင့်နော် ဝိုင်း ရေချိုးတာ အရမ်းမကြာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ"

အာကာ့အနားမှ ဝိုင်း ကတုန်ကယင်နှင့် ထွက်လာလိုက်သည်။ ရေချိုးဖို့ ရေချိုးခန်းထဲ ဝင်လာသည်အထိ ဝိုင်းရင်ထဲမှာ လှုပ်ခတ်နေတုန်း။

■ ■ ■

## အခန်း (၂၀)

ဝိုင်း ရေချိုးတာကို စောင့်ရင်း အာ့ကာ့ နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာ လှဲအိပ်လိုက်သည်။

ဝိုင်းနှင့်နှစ်ယောက်တစ်ဘဝ ထူထောင်ပြီးကြပြီဆိုမှတော့ အရင်ကနေသလို စိတ်လွတ်ကိုယ်လွတ် ထင်ရာစိုင်း၍ မရတော့။ ငွေနှင့်အတူ မှုးယစ်ဆေးသုံးစွဲသည့်ကိစ္စတွေကို ဖြတ်နိုင်အောင် ကြိုးစားရမည်။

ဒယ်ဒီနှင့်မာမီ့ဆီမှ ငွေအရင်းအနှီးတောင်းကာ လုပ်ငန်းတစ်ခု ထူထောင်ရမည်။ ဒါတင်မကသေး ဝိုင်းအမေနှင့် မောင်လေး ညီမလေးတွေအတွက် နေရေးထိုင်ရေး ပညာရေးကအစ လိုအပ်ချက်မရှိအောင် ဖြည့်စွက်ပေးရမည်။

ပန်းပေါ်သို့ သူ့အလိုလိုရောက်ရှိလာသော တာဝန်တွေအတွက် ဒီထက်ပိုပြီး အချိန်မဖြုန်းသင့်တော့မှန်း အာကာ တွေးမိပြီး အိပ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ဦးစီးရာထူးအတွက် ပီတိတွေ ဖြာနေရသည်။

အတွေးတွေကို စိတ်ကူးထဲ ပုံဖော်ပြီး တစ်ယောက်ထဲ ကြိတ်ပြုံးနေစဉ် ဖုန်းမြည်လာသည်။

ဘောင်းဘီအိတ်ထဲမှ ဖုန်းကို ထုတ်ယူလိုက်ပြီး ထူးလိုက်သည်။

"အေး ဂျွန် ပြော၊ အခု မင်းဘယ်မှာလဲ"

"ငါ ဘယ်မှာလဲဆိုတာထက် မင်းအခု ဘယ်ရောက်နေလဲ အရင်ပြော"

နဂိုကမှ ပြောချင်နေသော အာကာ မာန်တက်သော ရယ်သံဖြင့် တဟဲဟဲ ရယ်ရင်း

"ငါ မိန်းမနိုးလာတယ်၊ ရှေ့နေ ဦးသာချိုအောင်ဆီမှာ နေ့လယ်က တရားဝင်လက်မှတ်ထိုးခဲ့ပြီးပြီ၊ မင်းဆီ ဖုန်းလှမ်းဆက်သေးတယ်၊ စက်ပိတ်ထားတာနဲ့ တခြားဘော်ဒါတွေခေါ်ပြီး အသိသက်သေမှာ လက်မှတ်ထိုးခိုင်းလိုက်ရတယ်"

"ဟင် ဟုတ်လား မြန် မြန်လှချည်လား မင်း မင်းတို့ ငြိနေကြပြီလား"

တစ်ဖက်ဖုန်းထဲမှ အလန့်တကြား မေးလာသော ဂျွန့်အမေးကြောင့် အာကာ ဖုန်းပြောနေရင်းမှ မျက်ခုံးနှစ်ဖက် မြင့်တက်သွားကာ

"မင်းက ဘာလုပ်ဖို့ မေးတာလဲ"

"မင်း မင်းတို့ ငြိသွားလို့မဖြစ်ဘူး၊ မင်းမှာ ရောဂါဝင်နေပြီ အာကာ"





ဂျွန် ဘာကိုရည်ရွယ်ပြီး ပြောနေသည်ဆိုတာ အာကာ နားမလည်။

"ဘာရောဂါလဲ"

"ငါ့ ငါ့မှာ ငါ့မှာ HIV ပိုး ရှိနေပြီကွ"

"ဟင်"

"ဟုတ်တယ သဘော်တက်ဖို့အတွက် ဆေးခန်းမှာ သွေးစစ်ထားတာ သွေးအဖြေထဲမှာ HIV Positive တဲ့ကွာ"

ပြောရင်း ဂျွန် ငိုသံပါလာသည်။ အာကာပါ စိတ်မကောင်းဖြစ်သွားသည်။ သူငယ်ချင်းကို ဘယ်လိုစကားမျိုးတွေဖြင့် နှစ်သိမ့်ပေးရမှန်းပင် မသိတော့။

"ငါ့မှာ ဒီပိုးရှိနေမှတော့ မင်း မင်းမှာလည်း ရှိချင် ရှိနေမှာကွ"

ဂျွန့်စကားက အာကာ့ရင်ဘတ်ကို ဗုံးကြဲခံလိုက်ရသလို တစ်စစီ စုတ်ပြတ်သတ်သွားစေသည်။ ဒီကောင် ဘာတွေပြောနေတာလဲ။ သူ့မှာ ရှိတာနဲ့ ကိုယ့်ဆီမှာ ဘာကြောင့် ရှိနေရမှာလဲ။ မဖြစ်နိုင်တာ။

"ငါ့မှာ HIV ပိုး မရှိပါဘူး"

ရဲရဲဝံ့ဝံ့ ယုံကြည်မှုအပြည့်ဖြင့် ပြန်လည်ငြင်းဆန်လိုက်သည်။

"မဟုတ်ဘူး အာကာ မင်း မင်းနဲ့ငါ ဆေးထိုးအပ်တစ်ခုတည်းကို အတူတူသွင်းခဲ့ကြတယ်လေ၊ ဒါကြောင့် ဒီပိုး ရှိ မရှိ ပိုသေချာအောင် မင်းပါစစ်သင့်တယ်၊ စစ်ကြည့်တာတော့ မမှားပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဂျွန် မင်း မင်းပြောတာ တကယ်လား၊ ငါ့ ငါ့မှာရော ရှိနေနိုင်တယ်တဲ့လား"

"ငါ့ကို ဆရာဝန်ပြောလို့ ငါလည်း သိတာပါကွာ၊ ဒါကြောင့် မင်းကို ငါအရေးတကြီး လှမ်းဆက်လိုက်တာ"

တစ်ဖက်မှ ဂျွန် ဘာတွေဆက်ပြောနေသလဲဆိုတာကို မသိနိုင်တော့လောက်အောင် အာကာ အသိစိတ်တွေ ယောက်ယက်ခတ်အောင် ပြောင်းဆန်ကုန်၏။

လက်ထဲမှဖုန်း ကြမ်းပြင်ပေါ် ဒေါက်ခနဲ ကျပြီး နေရာမှာတင် ငူငူကြီး ထိုင်နေလိုက်သည်။ သွားပြီ သွားပါပြီ။ ငါ့ဘဝကြီး ခုမှစမယ် ကြံကာရှိသေးတယ် ပြီးပါပြီဆိုတဲ့ဆိုင်းဘုတ်ကြီးကို တန်းချိတ်လိုက်ပြီလား။

"မဖြစ်ဘူး မဖြစ်ဘူး ငါ့မှာ HIV ရှိ မရှိ မသိရသေးတဲ့နဲ့ ဝိုင်းနဲ့အတူနေလို့ မဖြစ်ဘူး၊ ငါ ငါ့ကြောင့် ဝိုင်းရဲ့အပြစ်ကင်းစင်တဲ့ဘဝလေးကို အမှောင်မဖုံးစေရဘူး"

တုန်လှုပ်ချောက်ချားမှုတွေနှင့်အတူ အသိတရားတွေ သတိလက်လွတ်မဖြစ်အောင် ထိန်းနေရသည်။

ဒီကိစ္စတွေ ဝိုင်း သိလို့ မဖြစ်ဘူး။ ဝိုင်း မသိအောင် ငါ ဟန်မပျက်နေရမယ်။

ဝိုင်းနှင့်စိတ်လွတ်လက်လွတ် ချစ်ကြမယ်ဆိုသော ဆန္ဒတွေသည် ခုတော့ ချောင်တစ်ခုမှာ ထိုင်ငိုနေရသည့်အဖြစ်။

ဝိုင်းရယ် ကိုယ့်ကို ခွင့်လွှတ်ပါ။ ကိုယ့်မှာ ဒီရောဂါ ရှိနိုင်တယ်





ဆိုတဲ့ အသိသာ ကြိုသိခဲ့မယ်ဆိုရင် ဝိုင်းနဲ့ခုလို လက်ထပ်ဖြစ်မှာမဟုတ်ဘူး။ ခုတော့ ဝိုင်းကို ဘယ်လိုပြောပြရမလဲ။

ရင်ခုန်စိတ်ဖြင့် ရေချိုးခန်းဝင်နေသော ဝိုင်း၏ခံစားမှုတွေက ရေနှင့်အတူ အေးမြနေသလောက် ဧရချိုးခန်းအပြင်တွင် ရှိနေသော အာကာမင်းသျှကတော့ သောကတွေနှင့် ပြောင်းဆန်၍နေသည်။

အောက်နှုတ်ခမ်းကို ပြတ်ထွက်မတတ် ဖိကိုက်လိုက်ပြီး လက်ချောင်းတွေကို ဆံပင်ကြားထဲထိုးခွဲကာ မျက်ရည်တွေ စီးကျလာသည်။

မျှော်လင့်ချက်တွေဖြင့် တည်ဆောက်ထားသော အနာဂတ်တွေဟာ တိမ်မှုန်စတွေလို သွေ့ခြောက်ဖြိုရော်နေ၏။

ရေချိုးခန်းထဲမှ ထွက်လာမည့် ဝိုင်းကို ဘယ်လိုရင်ဆိုင်ရမလဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ကျွန်မ သမီး သူ့ချစ်သူနောက် လိုက်ပြေးသွားပြီ ကိုသောင်းကျော်"

"ဟင် ဟုတ်လား ဘယ်တုန်းကလဲ"

"မနေ့ကတည်းက အလုပ်ပြန်ချိန် ပြန်မလာလို့ အိုဗာတိုင်ဆင်းနေတယ်မှတ်တာ ဆယ်နာရီလောက်မှ ဖုန်းဆက်တယ်၊ သူ့ချစ်သူနောက်ကို လိုက်ပြေးသွားပြီတဲ့"

"တိုက်ဆိုင်လိုက်တာ သီတာရာ၊ ကိုယ့်တူတစ်ကောင်လည်း မနေ့ကမှ မိန်းမ ခိုးသွားတယ်"

"ဟင် ဟော့တော် ချိန်းပြီးတော့များ အတူတူ ခိုးကြသလား"

"သူတို့တွေက သိမှမသိကြတာ သီတာရယ်၊ ဒါနဲ့ သီတာ ဘယ်လိုလုပ်မလဲ၊ ခုချိန်မှာ နေကလည်းမကောင်းဖြစ်နေတယ်၊ သမီးက





လည်း ပြန်မလာ ကျန်တဲ့သားသမီးတွေကလည်း သူ့ကြီးကြီးအိမ်မှာဆိုတော့ မထူးပါဘူး ကိုယ့်အိမ်မှာပဲ နေလိုက်တော့ ညကျရင် ပြန်မနေနဲ့တော့၊ အဟဲ ညကျရင် အိမ်မှာ ဘယ်သူမှမရှိဘူး၊ ကိုယ်နဲ့သီတာနှစ်ယောက်ထဲပဲ၊ အကြီးကောင် ဝေယံက မော်တီခြိကို လိုက်သွားမှာလေ၊ အငယ်ကောင်က အဲဒီအိမ်ကို သူ့ကောင်မလေးကို ခေါ်သွားမှာ သေချာတယ်၊ ဒါကြောင့် သွားပြန်ခေါ်မလို့"

"မသင့်တော်ပါဘူး ကိုသောင်းကျော်ရယ်"

"ဘာလို့ မသင့်တော်ရမှာလဲ၊ ဒီထက်ပိုသင့်တော်ချင်ရင် ကိုယ်တို့လည်း လက်ထပ်လိုက်ကြရအောင်ကွာ၊ ဘယ်လိုလဲ ကိုယ် ဒီထက်ပိုပြီး မစောင့်ချင်တော့ဘူး"

ဒေါ်သီတာလင်းကို ရင်ခွင်ထဲဆွဲသွင်းပြီး ဆန္ဒတွေကို တောင်းဆိုလိုက်သည်။ ဒေါ်သီတာလင်းအဖို့ မငြင်းရက်ပေမယ့် ငြင်းရဦးမှာပင်။

သမီး လက်ထပ်သွားပြီဆိုမှ ကိုယ်ကပါ အားကျမခံ လိုက်ပြီး လက်ထပ်တယ်ဆိုတာ လူကြားလို့မှ မကောင်း။ ခုချိန်မှာ အရေးတကြီး စိစဉ်ရမှာက သမီးတို့ လူငယ်တွေကိစ္စကိုပဲဖြစ်သည်။

ကောင်လေးဘက်မှ လူကြီးစုံရာနဲ့ လာပြန်အပ်ပြီး သင့်တင့်သော မင်္ဂလာပွဲလေး လုပ်ပြီး သူတို့ဘဝလေး အခြေကျကျ နေနိုင်ပြီဆိုလျှင် စိတ်အေးရပါပြီ။

"ခက်တာက ကောင်လေးရဲ့အုပ်ထိန်းသူတွေကို ဘယ်လိုဆက်သွယ်ရမလဲဆိုတာ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် သီတာရယ် သူတို့ဖာသာ ဆက်သွယ်လာမှာပေါ့၊ ဘာများ တွေးပူနေသလဲ"

"မပူလို့ရမလား ကိုသောင်းကျော်ရယ်၊ ကိုယ်က သမီးရှင်လေ၊ တစ်ဖက်က ပြန်မအပ်ဘဲ ဒီအတိုင်းနေလိုက်ရင် ဘယ်လိုလုပ်မလဲ"

"သီတာပြောတော့ ကောင်လေးဘက်က ငွေကြေးတောင့်တင်းကြတယ်ဆို"

"သမီးကတော့ အဲလို ပြောတာပဲ၊ ကျွန်မလည်း တစ်ခါမှ မမြင်ဖူးသေးဘူး၊ ကောင်လေး ဒီအိမ်ကို လာဖူးပေမယ့် ကျွန်မနဲ့ဆုံမသွားဘူးလေ"

"အင်းလေ ပြောမယ့်သာ ပြောတာ ကိုယ်လည်း သီတာ့သမီးလေးကို သေချာကို မမြင်ဖူးသေးတာ၊ တကယ်ဆို သီတာအနေနဲ့ ကိုယ်နဲ့ သီတာသားသမီးတွေကို ရင်းနှီးအောင် လုပ်ပေးသင့်တာ၊ အငယ်တွေကိုတော့ သေချာမြင်ဖူးပေမယ့် သမီးကြီးကိုတော့ မမြင်ဖူးသေးဘူး၊ ကိုယ် တစ်ခုတောင်းဆိုချင်တယ်ကွာ"

"ဘာများလဲ ကိုသောင်းကျော်"

"အကယ်၍ ယောကျ်ားလေးရှင်ဘက်က သမီးကြီးကို ပြန်အပ်ခဲ့ရင် သမီးကြီးရဲ့အဖေနေရာမှာ ကိုယ်နေပါရစေလို့"

ထိုတောင်းဆိုမှုသည် ဖြစ်သင့်ဖြစ်ထိုက်သော တောင်းဆိုမှုတစ်ခုဟု ဒေါ်သီတာလင်းပါ ယုံကြည်သဖြင့် မလိုက်လျောနိုင်စရာ အကြောင်းမရှိ။





"အင်းလေ အစ်ကို့သဘောပါ၊ ကျွန်မတို့မိသားစုအတွက် ခုလို စဉ်းစားပေးတဲ့အတွက် အစ်ကို့ကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာမလိုပါဘူး သီတာရယ်၊ ကိုယ်က သီတာ့ကို ချစ်မှတော့ သီတာ့ကလေးတွေကိုလည်း ကိုယ်မေတ္တာပေးနိုင်ရမှာပေါ့၊ ဒီတော့ ကိုယ်က သူတို့ရဲ့အဖေပဲပေါ့"

ဦးသောင်းကျော်၏အားပေးနှစ်သိမ့်မှုတို့သည် ဒေါ်သီတာလင်းအတွက် ဒီဘဝတင်မဟုတ် နောင်ဘဝအတွက်ပါ လုံခြုံသွားသလို ခံစားလိုက်ရသည်။

"ကျွန်မတို့သားအမိတွေအပေါ် ခုလို ဂရုတစိုက်စောင့်ရှောက်ပေးတာ ကျေးဇူးတင်တယ် ကိုသောင်းကျော်ရယ်"

"ကျေးဇူးတင်ဖို့ မလိုဘူး၊ ဒီဘဝနဲ့ကို သီတာမပေးမှာကိုတောင် ကြောက်နေရတဲ့ကောင်ပါကွာ"

စာနာနားလည်မှုတွေ ထုံမွမ်းထားသော ချစ်ခြင်းမေတ္တာတွေသည် ဘဝကို ပြီးပြည့်စုံစေသည်ဆိုလျှင် ဒေါ်သီတာလင်းဘဝမှာ ဦးသောင်းကျော်၏အချစ်တို့ဖြင့် အရာရာ ပြည့်စုံခဲ့ပါပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"အာကာ နေမကောင်းဘူးလားဟင်"

ကြက်ဆီထမင်းကို တို့ကနန်း ဆိတ်ကနန်း စားနေသော အာကာ့ကိုကြည့်ပြီး ဝိုင်း နားမလည်နိုင်စွာ မေးလိုက်သည်။

"ကောင်းပါတယ် ဝိုင်းရ၊ ကိုယ် ဗိုက်အဆာလွန်သွားလား မသိဘူး လေခံသွားတယ်"

ဝိုင်း မရိပ်မိအောင် ဟန်လုပ်ပြီး ပြောနေရသော အာကာ့ရင်ထဲမှာတော့ အကြိမ်ကြိမ် ငိုကြွေးနေမိပါသည်။ ကိုယ် အပူလုံးကြွနေတာ ဝိုင်း သိ၍မဖြစ်။

"အဲဒါမျိုး အာကာရယ် စားတာမဟုတ်ဘူး ဝိုင်းက အာကာ မဆာလောက်သေးဘူးထင်ပြီး ရေအရင်ချိုးလိုက်တာ၊ အခု ဗိုက်အောင့်နေလား"





"အင်း နည်းနည်းပါ"

"ဒါဆို ဆေးသောက်မှရမှာပေါ့၊ ဗြော် နေဦး ဝိုင်းဆီမှာ Air-X တော့ပါတယ်၊ ဝိုင်းက လေခဏခဏ အောင့်တတ်လွန်းလို့ အမေက အမြဲထည့်ပေးထားတာ"

အနီးတွင်ရှိသော စလင်းဘတ်အိတ်ကလေးကို လှမ်းယူကာ လေဆေးပြားကိုရှာနေသော ဝိုင်းကိုကြည့်ပြီး အာကာ မျက်ရည်ဝဲလာသည်။

ထိုမျက်ရည်တို့ကို ဝိုင်း မြင်၍ မဖြစ်ဟု ကိုယ့်ကိုကိုယ် သတိပေးရင်း မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မျက်ရည်မကျအောင် မြန်မြန်ထိန်းလိုက်ရသည်။

"ရော့ အာကာ ဒီဆေးလေး သောက်လိုက်"

အာကာ့လက်ထဲကို ထည့်ပေးသော လေဆေးပြားကို ရေဖြင့်သောက်ရန် ဝိုင်း ရေသန့်ဘူးပါ လှမ်းယူပြီး အဖုံးအဆင်သင့် ဖွင့်ပေးသည်။

ဂရုတစိုက်ရှိလှသော ဝိုင်း၏အပြုအစုကြောင့် အာကာ့အပူသောကတို့ ခဏတော့ ငြိမ်းအေးသွားသလို ခံစားရသည်။

ထိုစဉ် အိမ်ရှေ့သို့ ကားတစ်စီး ထိုးရပ်သံကို ကြားလိုက်ရသည်။

"ဟင် ကားသံကြားတယ်"

ဝိုင်း အထိတ်တလန့်လေးပြောပြီး မျက်နှာလေး ညှိုးသွားသည်။

"အာကာ့အိမ်က လိုက်လာတာများလား၊ မသိဘူးနော်၊ ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း ကြောက်တယ်''

သိမ်ငယ်စိုးရွံ့စိတ်တွေကြောင့် အာကာ့အိမ်ကလူကြီးတွေကို ဝိုင်း ရင်မဆိုင်ရဲ။ သူတို့လို အထက်တန်းစားတွေက ဝိုင်းကို သူတို့သားနဲ့ သဘောတူလက်ခံပါ့မလား။

အာကာ ဝိုင်းလက်ကို နှစ်သိမ့်အားပေးသည့်အနေနှင့် ဆုပ်ကိုင်လိုက်ပြီး

''ဘာမှမကြောက်ပါနဲ့ ဝိုင်းရဲ၊ ကိုယ့်မိဘတွေ မဟုတ်ပါဘူး။ ကိုယ့်အစ်ကိုပါ''

ဘယ်သူဖြစ်ဖြစ် ရင်မဆိုင်ရဲတာက ဝိုင်း၏သိမ်ငယ်မှုတွေပါ။

အိမ်ထဲဝင်လာသော ဝေယံမင်းသျှံကိုမြင်ပြီး အာကာ ပြုံးဖြီးဖြီးဖြင့်

''ကိုကို လိုက်လာမယ်ဆိုတာ ညီ သိသားပဲ''

''မင်း ဘာလို့ ဒီလောက် မိုက်မဲရတာလဲ ညီ၊ မင်း ဒီလိုလုပ်သွားတာ မာမီတို့သိရင် ဘယ်လောက် စိတ်သောကတွေ ရောက်လိုက်ကြမလဲ၊ မင်းနည်းနည်းမှ မစဉ်းစားမိဘူးလား''

ခုချိန်ထိ ဝေယံမင်းသျှံ ဝိုင်းကို မကြည့်ဖြစ်သေး။

''ကျွန်တော်က ဝိုင်းကိုမှ မခွဲနိုင်တာ ကိုကိုရ၊ ဒါကြောင့် ဒီနေ့ပဲ ကျွန်တော်နဲ့ဝိုင်း တရားဝင်လက်ထပ်ခဲ့ပြီးသွားပြီ''

''ဘာ''

ဒီတော့မှ ဝေယံအကြည့်တွေ ဝိုင်းဆီသို့ ရောက်သွားသည်။





''မင်း မင်း ဟိုမိန်းကလေးပဲ''

ကော်ဖီဆိုင်မှာ တွေ့ခဲ့သော မိန်းကလေးမှန်း ဝေယံ မှတ်မိသွားပြီး တော်တော်လေးတုန်လှုပ်သွားသည်။

''ရှင်''

''မင်းက ငါ့ညီကို ချမ်းသာလို့ ချဉ်းကပ်ခဲ့တာမဟုတ်လား ဟမ် မဟုတ်ဘူးလို့တော့ မငြင်းနဲ့၊ မင်းနဲ့မင်းသူငယ်ချင်း ကော်ဖီဆိုင်မှာ ပြောနေကြတာ ငါ အကုန်ကြားတယ်''

အားငယ်စိုးရွံ့နေသော ဝိုင်းနှင့် ရန်လိုသော အကြည့်ဖြင့် တင်းမာစွာပြောသော အစ်ကိုဖြစ်သူကို ကြည့်ပြီး အာကာ အံ့သြနေသည်။

''ကိုကိုက ဝိုင်းကို သိလို့လား''

''ကော်ဖီဆိုင်တစ်ဆိုင်မှာ ဆုံဖူးတာ သူတို့က မသိပေမယ့် ငါက သူတို့ပြောတာတွေကို နားထောင်စရာမလိုဘဲ အကုန်ကြားခဲ့တာ''

ဝိုင်း အံ့သြလွန်း၍ ဘာပြန်ပြောရမှန်း မသိ။ ထိုနေ့က သဲစုနှင့် ကော်ဖီဆိုင် ပထမဆုံးထိုင်ဖူးသောနေ့ဖြစ်သလို သူ့အကြောင်း ကိုယ့်အကြောင်းတွေကို ဘေးဘီတွေအား သတိမထားဘဲ စိတ်လွတ်ကိုယ်လွတ် ပြောခဲ့ကြသောနေ့။

ဒါကို အာကာ့အစ်ကိုက ကြားသွားသည်တဲ့လား။

''ဒီမှာ ညီ မင်းရွေးချယ်တဲ့မိန်းကလေးက မာဆတ်မှာလုပ်တာ သူ မင်းကို ရွေးချယ်တာ ငွေကြောင့်ကွ၊ နောက်ပြီး သူတင်မဟုတ်ဘူး သူ့အမေကလည်း ငွေချမ်းသာတဲ့လူနဲ့ ရှုပ်နေကြတဲ့ အရှုပ်ထုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းလုံးတွေကွ''

ကိုယ်သိပ်ချစ်သော ပိုင်းကို ခုလို ရစရာမရှိအောင် ပြောနေတာ တော့ ကိုကို တဆိတ်လွန်လွန်းနေပြီ။ ဒါကို အာကာ ဘယ်လိုမှ ငြိမ်ခံ နိုင်ပါ။

''ကိုကို ဘာတွေလာပြောနေတာလဲ ညီ သိပ်ချစ် သိပ်မြတ်နိုး တဲ့ မိန်းကလေးကို အဲလောက်တော့ မညှာမတာ မပြောသင့်ပါဘူး''

''ကိုကိုက ဒီထက်တောင် ပြောချင်တာတွေ ကိုကို့ဂုဏ်သိက္ခာ နဲ့ ညီ့ဂုဏ်သိက္ခာကို ထောက်ပြီး ဒီလောက်လေးပဲပြောတာ၊ ဒီတော့ ကိုကို ရှင်းရှင်းပဲပြောမယ်၊ အဲဒီ မိန်းကလေးနဲ့မင်းကို ကိုကို လုံးဝ သဘောမတူဘူး''

ပြောလက်စနှင့်တစ်ခါထဲ ယတိပြတ် ပြောလိုက်တော့သည်။ ဝေယံဘဝမှာ သူများကို တင်းတင်းမာမာ ပြောဆိုဆက်ဆံခဲ့ဖူးခြင်း မရှိ။ ညီနှင့်ပတ်သက်လာတော့ ညီကိုချစ်သည့်ဖေဖြင့် စိတ်ခါတ်တွေ မနူးညံ့နိုင်တော့။

ဒ့ါအပြင် ဒီလိုမိန်းကလေးမျိုးကိုလည်း ကိုယ့်ခယ်မအဖြစ်ကိုယ့် ဆွေမျိုးအသိုင်းအဝိုင်းထဲကို ဆွဲမထည့်နိုင်။

''ကိုကို ညီတို့က လက်ထပ်ပြီးသွားပြီ၊ ခုချိန်မှာ ကိုကို ဘာ ပြောပြော ညီ နားမဝင်နိုင်ဘူး၊ ညီ့ဘဝမှာ ပိုင်းကိုပဲ ချစ်ခဲ့ဖူးတာပါ။ ညီ သိပ်ချစ်တဲ့ ပိုင်းဟာ ဘာကြီးပဲဖြစ်နေဖြစ်နေ ညီ့ရင်ထဲက ပိုင်းကို ချစ်တဲ့အချစ်တွေ တစ်စက်ကလေးမှ လျော့သွားမှာ မဟုတ်ပါဘူး''





''ညီ မင်းရွေးချယ်လိုက်တဲ့ မိန်းကလေး ဘာလဲဆိုတာ မင်း မသိဘူးလား''

''သိတယ်လေ သိလို့လည်း ပိုင်း မာဆတ်မှာ ဆက်မလုပ်ရ တော့အောင် ညီက တစ်သက်စာ တာဝန်ယူလိုက်တာပေါ့ ကိုကိုရဲ့ ခုချိန်မှာ ပိုင်းဟာ မာဆတ်မှာလုပ်ရုံမကလို့ နှစ်ခုလပ်ကလေးတစ်ယောက် အမေဖြစ်နေပါစေ ညီ လုံးဝဂရုမစိုက်ဘူး ကိုကို''

''ငါ အသိအမှတ်မပြုဘူးကွ''

အမြဲတမ်း အလိုလိုက်ခဲ့သော ကိုကို ပိုင်းကိုကျတော့ ဘာ ကြောင့် လက်မခံပေးရတာလဲဟု အားမလိုအားမရ ကြည့်လိုက်ပြီး နိုင် မာသော ဆုံးဖြတ်ချက်နှင့်အတူ

''ကိုကို အသိအမှတ်ပြုဖို့ မလိုတော့ဘူး ကိုကို၊ ညီနဲ့ပိုင်း အကြင်လင်မယားဖြစ်တယ်ဆိုတာကို ဥပဒေက အသိအမှတ်ပြုပြီးသွား ပြီ ဒါကြောင့် ညီ့အသက် အသေခံလိုက်မယ်၊ ပိုင်းကိုတော့ ဘယ်တော့မှ လက်လွှတ်ဆုံးရှုံးခံမှာမဟုတ်ဘူး''

''တောက်''

ဝေယံမင်းသျှံ တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်ခါ ခေါင်း မဖော်ရဲလောက်အောင် စိုးရွံ့နေသော ပိုင်းကို မနှစ်မြို့သောအကြည့်ဖြင့် ကြည့်ပြီး ချာခနဲ လှည့်ထွက်ခဲ့လိုက်တော့သည်။

ညီက ဒီလောက် ဘဝနှင့်ရင်းပြီး ချစ်နေမှတော့ ဝေယံမင်းသျှံ ကန့်ကွက်မှုတွေက အရာမထင်နိုင်တော့။ အမြဲတမ်း ချစ်ခင်စည်းလုံးလာ



www.burmeseclassic.com

www.burmeseclassic.com



သော ညီအစ်ကိုနှစ်ယောက်ဇါသံယောဇဉ်ကို ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်နှင့်တော့ အပျက်စီးမခံနိုင်။

ကိုယ့်ညီကို အဆုံးရှုံးမခံနိုင်၍ ဒီမိန်းကလေးကို မုန်းတီးပေမယ့် ဒီထက်ရင့်သီးသော အသုံးအနှုန်းတွေ ဆက်မသုံးသင့်တော့။

သူ့အလိုလို ညီကို စိတ်ပျက်လာအောင် ပညာပြရတော့မှာပေါ့။ ဘာပဲဖြစ်ဖြစ် လူလိမ္မာအမျက် အပြင်ထွက်၍မဖြစ်။

■ ■ ■

## အခန်း (၂၃)

"ဒေါက်တာသျှံ မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ၊ ဘယ်နေရာက နေမကောင်းဖြစ်နေသလဲ"

ကင်တင်းမှာ ထမင်းစားဖို့ ထွက်လာကတည်းက ကံ့ကော်ပွင့်ဝေယံ့မျက်နှာကို အရိပ်အကဲ ဖမ်းလာတာပါ။ စတွေ့ကတည်းက ခုချိန်ထိ ဝေယံ မျက်နှာ ခုလို မမှိုင်ဖူးဘူးဆိုတာ ကံ့ကော်ပွင့် သတိထားကြည့်ခဲ့မိဖူးသည်။

"ကိုယ့်အိမ်မှာ မိသားစုပြဿနာလေးတွေ ရှိနေလို့ပါ"

ထိုစဉ် စားပွဲထိုးလေး အနားရောက်လာသည်။

"ဆရာတို့ ဘာစားကြမလဲ"

ဝေယံမင်းသျှံ ဘာမှစားချင်စိတ်မရှိ၍ စားပွဲထိုးအမေးကို ပြန်မဖြေ။ ကံ့ကော်ပွင့်ကသာ



www.burmeseclassic.com

www.burmeseclassic.com



"ငါးကြော်နှပ်နဲ့ ဆိတ်သားလေး လုပ်ပေးပါ၊ ထမင်းကို ပူပူလေးပေးနော်၊ အေးရင် မစားတတ်လို့ပါ"

"ဟုတ်ကဲ့ ဆရာ ကျွန်တော် ဆရာတို့အကြိုက်ကို သိပါတယ်"

"ပြောင်းဖူးကြော်ရော ရှိသေးလား"

"ဖယ်ပေးထားပါတယ်"

ကံ့ကော် မှာနေတာတွေက ဝေယံမင်းသျှံ အကြိုက်တွေဆိုတာ ဝေယံ သိနေပေမယ့် ကျေးဇူးတင်စကားပြောချင်စိတ်ပင် မရှိတော့လောက်အောင် ရင်ထဲမှာ ဖြောင်းဆန်အောင် ဒေါသတွေထန်နေသည်။

ထိုဒေါသတွေက ပိုင်းဆိုသည့် အပျက်မလေးထံ ဦးတည်နေတာကို ကံ့ကော် သိအောင် ပြောပြဖို့ စိတ်ကူးလိုက်သည်။

"ဘာပြဿနာတွေဖြစ်နေလို့လဲဟင် ကံ့ကော်ကို ပြောပြလို့ရမလား"

"ကိုယ့်မှာ ရင်ဖွင့်စရာဆိုလို့ ကံ့ကော် တစ်ယောက်ထဲရှိတာမို့ ကံ့ကော်က နားမထောင်ချင်ရင်တောင် ကိုယ်က ဖွတ်အတင်းပြောပြမိမလား မသိပါဘူး"

"အို ဘယ်ဟုတ်မလဲ ကံ့ကော် နားထောင်ပေးရမှာပေါ့၊ ပြီးရင် ဒေါက်တာသျှံကို နှစ်သိမ့်ပေးမယ် အကြံဉာဏ်ပေးလို့ရရင် ပေးမယ်"

"ကိုယ့်ညီ မိန်းမ ခိုးသွားတယ်"

"ဟင် ဟုတ်လား"

ကံ့ကော်ပွင့် မျက်ဝန်းအစုံ ဝိုင်းစက်သွားသည်။





"ဘယ်တုန်းကလဲ၊ သူ့ချစ်သူနဲ့ ခိုးရာလိုက်ရအောင် ဟိုမိန်းကလေးဘက်က သဘောမတူလို့လား"

ကံ့ကော်အမေးကို ဝေယံမင်းသျှံ မဲ့လိုက်ပြီး ကံ့ကော် အဆင်သင့်ဖွင့်ပေးထားသော ရေသန့်ဘူးကို မော့သောက်လိုက်သည်။ ရေကိုမျိုချပြီးမှ အသက်ကို ခပ်ပြင်းပြင်းတစ်ချက်ရှူရင်း ပိုင်းအကြောင်းပြောဖို့ နှုတ်က တွန့်ဆုတ်နေသည်။

သူ့အကြောင်းပြောရအောင် သူက ဂုဏ်သိက္ခာရှိသော မိန်းကလေးတစ်ယောက်မှမဟုတ်တာ ပြောရတာ သိမ်ငယ်မှာပေါ့။ ကိုယ့်ညီကလည်း ဒီအဆင့်မျိုးကမိန်းကလေးကို ရွေးချယ်လိုက်၍ ကံ့ကော်အထင်သေးမယ်ဆိုလည်း သေးနိုင်သည်။

"သူတို့ဘက်က သဘောမတူလို့ မဟုတ်ဘူး၊ ကိုယ့်ဘက်က သဘောမတူနိုင်တာ"

"ဩော် ဟုတ်လား၊ မိန်းကလေးဘက်က ဘာများချို့ယွင်းချက်ရှိလို့လဲ ဒေါက်တာသျှံ"

"ပထမအချက်က ကိုယ့်ညီကို ငွေကြေးချမ်းသာလို့ လက်ထပ်ခဲ့တဲ့ အဲဒီမိန်းကလေးရဲ့လောဘ၊ နောက်တစ်ခုက အကျင့်စာရိတ္တပိုင်းမှာ အရည်အသွေးညံ့ဖျင်းတဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေလို့"

"စိတ်မကောင်းလိုက်တာ ဒေါက်တာသျှံရယ်၊ ဒါပေမဲ့ ဒေါက်တာသျှံညီက သိသိကြီးနဲ့ လက်ထပ်ခဲ့တာဆိုရင်တော့ သူတော်တော်ချစ်လို့နေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကံ့ကော်၊ ညီ့ကို အဲဒီမိန်းကလေးက တော်တော်လေးသွေးဆောင်ဖြားယောင်းထားပုံပဲ၊ ဒီကောင်မလေးကိုမှ မပိုင်ဆိုင်ရရင် သူ့ဘဝကြီး လုံးဝအဓိပ္ပာယ်မရှိတော့သလိုမျိုးကို ဒီမိန်းကလေးအပေါ်မှာ ရူးသွပ်နေတာလေ"

"ဒါဆိုရင်လည်း မျက်စိစုံမှိတ်ပြီး သဘောတူလိုက်ပါလား ဒေါက်တာသျှံရယ်"

ကံ့ကော်၏အကြံပေးမှုသည် ဝေယံမင်းသျှံ၏စိတ်ကို ကျေနပ်မှု ပေးသော အဖြေမဟုတ်။

"ကိုယ့်ညီလေး ဒီမိန်းမကြောင့် ရေတိမ်နစ်မှာကို ကိုယ် လုံးဝ ကြောက်နေတယ် ကံ့ကော် ဘာဖြစ်လို့လဲဆိုတော့ မာဆတ်မှာလုပ်တဲ့ မိန်းကလေးတွေဆိုတာ Prostitute (ပြည့်တန်ဆာ) အမျိုးအစားထဲမှာ အကျုံးဝင်ပြီးသားလေ၊ အဲဒီလို Commercial sex worker တွေဆီမှာ HIV ပိုးမရှိဘူးဆိုတာ ၈၀ ရာခိုင်နှုန်း မသေချာဘူးဆိုတာ ကံ့ကော်လည်း သိထားတာပဲ"

ထိုမျှအထိ ဆွဲဆန့်ပြီး စိုးရိမ်စိတ်ဝင်နေသော ဒေါက်တာသျှံကိုကြည့်ပြီး ကံ့ကော်ပင် ဘယ်လိုဖြေသိမ့်ပေးရမှန်း မသိတော့။

"ဒါဆိုရင် သူတို့နှစ်ယောက်ကိုသွေးစစ်ကြည့်ပါလား၊ တချို့ဆိုရင် လက်မထပ်ခင်မှာ မိန်းကလေးရော ယောကျ်ားလေးရော သွေးစစ်ကြတယ်၊ ဒါကလည်း ကျန်းမာရေးအသိရှိတဲ့သူတွေလောက်ပဲ ပြုမူတဲ့ အပြုအမူပါ၊ မိန်းကလေးကို တိုက်ရိုက်မပြောချင်ရင် ဒေါက်တာသျှံညီကို





ပြောကြည့်ပါလား။ သူလည်း ဆရာဝန်တစ်ယောက်ရဲ့ညီပဲ မဟုတ်လား၊ ကျန်းမာရေးရှုထောင့်ကနေ အကြံပေးတယ်လို့ပဲ ထင်မှာပါ"

"အင်းလေ ကိုယ် ကြိုးစားကြည့်တာပေါ့၊ ဒီမိန်းကလေးမှာ ဒီပိုးကင်းတယ်ဆိုရင်တော့ မိန်းကလေးရဲ့အရိပ်မည်းကြီးတွေ ကိုယ်တို့ မိသားစုမှာ ဂယက်မရိုက်အောင် သူတို့နှစ်ယောက်ကို မာမိတို့ဆီ ပို့လိုက်မယ်"

"ဒါလည်း ကောင်းသားပဲ ဒေါက်တာသျှံရဲ့၊ မိန်းကလေး အတွက် သူလိုချင်တဲ့အခွင့်အရေးနဲ့ ကိုက်ညီချင် ညီသွားမှာပေါ့"

စားပွဲထိုးလေး ထမင်းပန်းကန်တွေ ဟင်းပန်းကန်တွေကို ဗန်းကြီးဖြင့်ထည့်ယူလာပြီး နှစ်ယောက်သားရှေ့ကိုလာချပေး၍ ပြောလက်စ စကားစ ပြတ်သွားသည်။

ဝေယံမင်းသျှံ ရင်ထဲမှာလည်း စိတ်ထဲမှာ မျိုသိပ်ထားသမျှကို ကံ့ကော်ထံမှာ ဖွင့်ချပြလိုက်ရ၍ စိတ်ထဲအနည်းငယ် ပေါ့ပါးသွားဟန်ရှိသွားသည်။

"ကဲ ရော့ ထမင်းကိုတော့ ဝင်အောင်စားပါနော်"

ဝေယံမင်းသျှံ ပန်းကန်ထဲသို့ ကံ့ကော်ပွင့် ဆိတ်သားတုံးတစ်တုံးကို အရင်ဆုံး ထည့်ပေးလိုက်သည်။ ဂရုတစိုက်ရှိလှသော ကံ့ကော်၏ အပြုအမူကြောင့် ဝေယံ စိတ်ထဲမှာ ညစ်ညူးနေပေမယ့် တဒင်္ဂတော့ ကြည်နူးမိသွားပြန်သည်။

"ကံ့ကော်ရော စားလေ"



www.burmeseclassic.com

www.burmeseclassic.com



ကုံကော်ပန်းကန်ထဲသို့ ဆိတ်သားတစ်တုံး ပြန်၍ခပ်ထည့်ပေးလိုက်သည်။

နှစ်ယောက်သား အပြုံးကိုယ်စီဖြင့် အကြည့်ချင်းဆုံလိုက်ကြပြီး အသံတိတ် ချစ်စကားတွေ ပြောလိုက်ကြသည်။

"ကဲပါ ကြည့်မနေပါနဲ့တော့ စားပါ ဒေါက်တာသျှံရဲ့၊ ထမင်းတွေ အေးကုန်တော့မယ်"

အရှက်ပြေရယ်ရင်း ပြောလာသော ကုံကော်စကားကြောင့် ဝေယံမင်းသျှံ မပွင့်တပွင့် ပြုံးလိုက်သည်။

"ကုံကော်ကို ရင်ဖွင့်ပြီးတော့မှ ကိုယ့်စိတ်တွေရှင်းသွားတော့တယ်၊ ကျေးဇူးပဲ ကုံကော်"

"ကျေးဇူးတင်စရာလား ဒေါက်တာသျှံရယ် ကုံကော်တို့အလုပ်က လူနာတွေကို ရောဂါလည်းကု နှစ်သိမ့်ဆွေးနွေး ပညာပေးတဲ့အလုပ်လည်းလုပ်နေကြရတဲ့ဟာ၊ ဒေါက်တာသျှံကို ဒီလောက်လေး အကြံပေးရုံနဲ့ ဘာမှ မပြောပလောက်ဘူး"

ကုံကော်ပွင့်စကားကြောင့် ထမင်းဖြူကို ဇွန်းဖြင့်ခပ်ပြီး ပါးစပ်ထဲထည့်ဖို့ ရွယ်နေသော ဒေါက်တာသျှံ မျက်လုံးပြူးသွားကာ

"ဟာ ဟော့ မပြောကောင်းမဆိုကောင်းကွာ၊ ကိုယ်က HIV သမားမဟုတ်ဘူးလေ၊ ဘယ့်နှယ် အဲဒီလို လူနာတွေကို သုံးတဲ့အသုံးအနှုန်းတွေကို သုံးနေရတာလဲကွာ"

"ဩော် ဟုတ်ပါရဲ့၊ ဆောရီးပါ ဒေါက်တာသျှံရယ် ကုံကော်





စကားပြောလောသွားတာပါ"

ပြောရင်း ကုံကော် တခစ်ခစ် ရယ်လိုက်သည်။ ကုံကော်ရယ်တော့ ဒေါက်တာသျှံလည်း စိတ်ညစ်တာတွေ ဘေးအသာပုံချပြီး လိုက်ရယ်လိုက်သည်။

အနားမှာသာ ကုံကော် အမြဲရှိနေလျှင် ဒေါက်တာသျှံအဖို့ စိတ်ညစ်စရာတွေဖြင့် နပန်းလုံးနေစရာ မလို။ စိတ်ရှုပ်ထွေးမှုမှန်သမျှကို ကုံကော်က အမြဲ နှစ်သိမ့်အားပေးနေမည်ဆိုတာ အကြွင်းမဲ့ယုံကြည်ပါ၏။

ထိုစဉ် ဆေးရုံဝင်းထဲသို့ လျှောက်ဝင်သွားသော ဒေါ်သီတာလင်းကို လှမ်းတွေ့လိုက်၍ ဒေါက်တာသျှံ သေချာဆေရန် ထပ်ကြည့်လိုက်သည်။

"ဘယ်သူ့ကို လိုက်ကြည့်နေတာလဲ ဒေါက်တာသျှံ"

"ဩော် လေးလေးရဲ့ မိတ်ဆွေကို တွေ့လိုက်လို့ပါ"

"ပါတိတ်ဝမ်းဆက်ဝတ်ထားတဲ့ အဘွားကြီးလား"

ဒေါက်တာသျှံ လိုက်ကြည့်ရာသို့ ကုံကော်ပါ လိုက်ကြည့်ပြီး ထင်ကြေးနှင့်ပြောလိုက်သည်။

"မဟုတ်ဘူး သူ့နောက်က လိုက်ဝင်သွားတဲ့ အမျိုးသမီးကြီးလေ"

ကိုယ့်အိမ်က အိမ်အကူပါဟု ပြော၍မဖြစ်သဖြင့် လေးလေး၏ မိတ်ဆွေပါဟု မညာချင်ဘဲ ညာလိုက်ရသည်။ ဒေါက်တာသျှံဘက်က ဆိုး



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဦးလေးတစ်ယောက်နှင့် ညီလေးတစ်ယောက်ရှိပါသည်။

ပတ်သက်ကြသည့် မိန်းမတွေက အဆင့်အတန်းရှိရှိတွေထဲက မဟုတ်။ ဦးလေးက အိမ်အကူကို ပြန်လက်ထပ်ဖို့ ဆိုင်းပြင်နေပြီး ညီလုပ်သူက မာဆတ်မှ အနှိပ်သမနှင့် လက်ထပ်ပြီးပြီ။

စိတ်ဓာတ်တွေမြင့်မားမှုမရှိသော ဦးလေးနှင့်ညီကို ဒေါက်တာသျှံ တကယ်ပင် အားမလိုအားမရ ဖြစ်မိသည်။

လေးလေးထက်ဆိုးတာက ကိုယ့်ညီပင်ဖြစ်သည်။ လောကမှာ ငွေမရှိ၍ ဆင်းရဲမွဲတေနေသည့် မိန်းကလေးတွေကို အဆင့်အတန်းမရှိ နိမ့်ကျသည်ဟုတော့ မယူဆစွပ်ရက်ပါ။ ထို့ကြောင့် လေးလေး သူ့ချစ်သူ အိမ်အကူအမျိုးသမီးနှင့်လက်ထပ်မည့်ကိစ္စကို ဝေယံမင်းသျှံ ဝင်ရောက်ကန့်ကွက်စွက်ဖက်ခြင်း မရှိတာဖြစ်သည်။

"အဲဒီအဒေါ်ကြီးကိုလား သူက ကျွန်တော်ရဲ့ပေးရှင့်အသစ်လေ၊ ရန်ကုန်ဆေးရုံ တီဘီရောဂါဌာနက လွှဲလိုက်တာ"

"ဟင် သူ့မှာ တီဘီရောဂါရှိနေလို့လား"

"တီဘီပိုးတော့မရှိဘူး၊ အားလုံးစစ်ပြီးပြီတဲ့၊ သူ့ကို သံသယဝင်စရာရှိနေလို့ ကျွန်တော် ဒီနေ့ ထပ်လာဖို့ ချိန်းလိုက်တာ၊ စစ်သင့်တာတွေ စစ်ခိုင်းထားတယ်လေ၊ ဒီနေ့ အဖြေသိရမယ်"

ညီ့ကိစ္စ စိုးရိမ်ပူပန်လို့မှ မပြီးသေး ဦးလေးအတွက် စိုးရိမ်စိတ်တို့က ဒုန်ဆိုင်းပြီး ဝင်လာပြန်ပြီ။

ဒီလို ကူးစက်ဆေးရုံကို လွှဲလိုက်သည်ဆိုကတည်းက HIV





သံသယရှိသူမို့ဆိုတာ မသိဘဲနေမလား။

ဒေါက်တာသျှံ ထမင်းပင်ဆက်မစားချင်တော့လောက်အောင် လူက ခြေကုန်လက်ပမ်းတွေ ကျသွားသည်။ ဆိုးလိုက်တဲ့ကံကြမ္မာ။ ကိုယ်မဖန်တီးဘဲနှင့် ဘာကြောင့် ဒီလိုကြမ္မာဆိုးတွေက ကိုယ့်အသိုင်းအဝိုင်းနှင့်လာရောက် ပတ်သက်ဆက်နွယ်နေကြပါလိမ့်။

ဒေါ်သီတာလင်းမှာသာ HIV ပိုး အမှန်ရှိခဲ့လျှင် လေးလေးဘဝတော့ တွေးရက်စရာမရှိတော့။

"ဒေါက်တာသျှံ စားလေ၊ ဘာအကြောင်းတွေ ခေါင်းထဲဝင်လာပြန်ပြီလဲ"

ဒီတစ်ခုကိုတော့ ဆက်ပြော၍ မဖြစ်သေးသည်မို့

"အဲဒီအမျိုးသမီးအတွက် စိတ်ပူသွားလို့ပါ၊ တခြားဆေးရုံကနေ ဒီဆေးရုံကို လွှဲတယ်ဆိုတာ HIV ပိုးရှိဖို့ ရှစ်ဆယ်ရာခိုင်နှုန်း ကျိန်းသေနေတာပဲမဟုတ်လား"

"ကျွန်တော်လည်း အဲလို ထင်တယ် ဒေါက်တာသျှံ၊ ဒါကြောင့် သွေးမစစ်ခင် ပမာဏဆွေးနွေးမှုတော့ လုပ်ပြီးသွားပါပြီ၊ သူလည်း တော်တော်လေး ကြောက်လန့်နေပုံပဲ၊ ယောကျ်ားကဆုံးတာမကြာသေးဘူး၊ ကလေးလေးယောက် ကျန်ခဲ့တယ်လေ"

ကိုယ်နှင့်ဆွေမျိုးတော်စပ်ရမည့် ဒေါ်သီတာလင်းအကြောင်းကို ကျွန်တော်က ပိုသိနေပါရောလား။

ကျွတ် စိတ်ပျက်စရာကောင်းလိုက်တာ။ ဒေါ်သီတာလင်းက



www.burmeseclassic.com

www.burmeseclassic.com



မှဆိုးမ ကလေးလေးယောက်အမေတဲ့လား။

ရင်လေးစရာကောင်းသော လေးလေး၏အနာဂတ်နှင့် ညီ အနာဂတ်ကို ဘယ်လိုပုံစံနှင့် ပြောင်းလဲပစ်ရမည်လဲ။ ထမင်းပင်ဆက်စား၍ မရတော့လောက်အောင် အရုပ်ကြိုးပြတ်ဖြစ်သွားသည်။

ဒီနေ့ညနေ အိမ်ပြန်ရောက်တာနှင့် လေးလေးကို နောက်ဆုတ်ဖို့ ပြောရမည်။ ဆရာဝန်ဆိုတာ လူနာ၏ရောဂါမှတ်တမ်းကို လျှို့ဝှက်ပေးထားရမည်ဖြစ်သည်။

ခုကိစ္စကို လေးလေးအား အသိပေးလိုက်လျှင်လည်း စည်းကမ်းချိုးဖောက်ရာကျမည်။ အသိမပေးပြန်လျှင်လည်း ကိုယ့်ဦးလေး ရေတိမ်နစ်ရတော့မည်။

နစ်ပင် နစ်နေပြီလား မသိ။

■ ■ ■

အခန်း (၂၄)

HIV ပေါ့စတစ်ဟု အဖြေပါနေသော သွေးအဖြေစာရွက်ကို သေချာပြန်ကြည့်ရင်း ကံ့ကော် မသိမသာ သက်ပြင်းချလိုက်သည်။

"အန်တီ အမျိုးသားက ဘယ်တုန်းက ဆုံးတာလဲ"

"လွန်ခဲ့တဲ့ ခြောက်လခန့်ကပါ"

"ဘာရောဂါနဲ့လဲ အန်တီ"

"သူက ပန်းရံခေါင်းပါ၊ လုပ်ငန်းခွင်မှာ အလုပ်လုပ်ရင်း ရုတ်တရက် ဆုံးတာပါ"

"ရုတ်တရက်ဆုံးတယ်ဆိုတာ ရောဂါကြောင့် ရှောင်ရသွားတာကို ပြောတာလား"

"မဟုတ်ပါဘူး ငြမ်းပေါ်က ပြုတ်ကျတာပါ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



ကံ့ကော် မေးနေရင်းမှ စိတ်မကောင်းဖြစ်သွားသည်။

"သားသမီး ဘယ်နှယောက်လဲ"

"လေးယောက်ပါ"

"အငယ်ဆုံးက ဘယ်အရွယ်လဲ"

"အငယ်ဆုံးက ငါးနှစ်ရှိပြီ"

"အန်တီ့မှာ အကြိတ်တွေထွက်လာတယ်ဆိုတာ ဘယ်အချိန်လောက်ကလဲ အန်တီ"

"လွန်ခဲ့တဲ့ နှစ်လ သုံးလလောက်ကပါ၊ အပူကြိတ်ပဲဆိုပြီး အမှုမဲ့အမှတ်မဲ့ နေခဲ့တာပါ၊ ခုတော့ အဲဒီအကြိတ်တွေက ဟိုနေရာ ဒီနေရာ အစုံထွက်လာတယ်၊ ဖျားကလည်းဖျားဆိုတော့ အန်တီက တီတီရောဂါဝင်ပြီလို့ ထင်တာကွယ့်"

"အန်တီ့အမျိုးသားမှာ တခြားဘာရောဂါတွေများ ရှိသေးလဲ၊ ဥပမာ ဘီပိုး စီပိုးအပြင် HIV ပိုးလိုမျိုးပေါ့"

ကံ့ကော်ပွင့် အမေးကြောင့် ဒေါ်သီတာလင်း မျက်နှာပျက်ပြလာပြီး

"အဲဒီပိုးတွေ ရှိ မရှိဆိုတာတော့ အန်တီလည်း ကျိန်းသေမသိပါဘူး ဆရာမလေးရယ်၊ သူက လူသာသေသွားတယ် ဆေးရုံဆေးခန်း သွားတယ်ဆိုတာ မရှိဘူးလေ"

"ဪ ဟုတ်ပါပြီ ဒါနဲ့ အန်တီ ဓမ္မတာရော ဆင်းသေးလား"

"လာတစ်လ မလာတစ်လနဲ့ ပုံမှန်တော့ မရှိဘူး"





"လာခဲ့ရင်ရော နည်းလား"

"ပုံမှန်ပါပဲ"

ဒေါ်သီတာလင်း စိတ်မရှည်တော့ ကိုယ့်သွေးအဖြေထဲမှာ ဘာရောဂါပိုးတွေ့လို့ ခုလို ဒီကာတွေချဲ့ပြီး မေးနေရတာလဲ။ ရင်ထဲမှာ ထိတ်နေ၍ စိတ်နှင့်လူနှင့်ပင် သိပ်မကပ်ချင်တော့။

"အန်တီ့အနေနဲ့ ခင်ပွန်းအပြင် တခြားယောကျ်ားတွေနဲ့ လိင်ဆက်ဆံဖူးတာ ရှိခဲ့သေးလား"

ထိုမေးခွန်းသည် ဆေးပညာအရ မေးသောမေးခွန်းမှန်းသိပေမယ့် ဒေါ်သီတာလင်း ဖြေဖို့ အလွန်ခက်ခဲနေသည်။ မဖြေ၍လည်း မရ။

"ရှိ ရှိခဲ့တာပေါ့ ဆရာမလေးရယ်"

"ဘယ်လိုပုံစံ ရှိခဲ့တာလဲ၊ ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောပြပေးပါ"

လူနာ၏ကိုယ်ရေးမှတ်တမ်း အသေးစိတ်ကို ယူရသည်မို့ မမေး၍မှ မရတာ။

"တကယ်တော့ အန်တီ့ခင်ပွန်းက အန်တီတို့သားအမိတွေ အပေါ်မှာ ကောင်းကောင်းရှာမကျွေးခဲ့ပါဘူး၊ ဒါကြောင့် အန်တီဟာ သားသမီးတွေ ဝမ်းရေးအတွက် ယောကျ်ားတွေနဲ့ထိတွေ့ဆက်ဆံတဲ့အလုပ် ကို အမြဲတမ်းမဟုတ်ရင်တောင် တစ်ခါတလေတော့ လုပ်ဖြစ်ခဲ့တယ်"

ကံ့ကော်ပွင့် ခေါင်းတဆတ်ဆတ် ညိတ်ပြီး မှတ်တမ်းလိုက်ရေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဆရာမလေး အန်တီ့မှာ ဘာရောဂါ ဘာပိုးတွေများ ရှိနေလို့လဲကွယ်"

"အင်း အန်တီမသိလို့မရတဲ့ အခြေအနေဆိုတော့ ကျွန်မတို့ဘက်က အန်တီ့ကို နှစ်သိမ့်ဆွေးနွေးပညာပေး အစီအစဉ်လေးတော့ လုပ်ပေးရပါလိမ့်မယ်၊ တကယ်တော့ အန်တီ့သွေးအဖြေထဲမှာ HIV ပိုး ရှိနေပါပြီ အန်တီ"

ကမ္ဘာကြီးထဲမှ ဝုန်းခနဲ လွင့်စင်ခုန်ထွက်သွားသလို ဒေါ်သီတာလင်း မျက်နှာသည် သွေးမရှိသလို ဖြူဖွေးသွားသည်။ နေရာမှာတင် ဘုန်းခနဲ ပစ်လဲချင်လောက်အောင်ကို မျက်လုံးအစုံ ပြာဝေလာကာ သဝေထိုးပစ်မတတ်။

"အန်တီ ဘာမှစိတ်မလှုပ်ရှားပါနဲ့နော်၊ ဒီရောဂါရှိတယ်ဆိုတာ စောသိတဲ့အတွက် ဒီရောဂါရှိတယ်ဆိုတာ စောသိတဲ့အတွက် ကျွန်မတို့ ညွှန်ကြားသလို ဆေးမှန်မှန်မှီဝဲပြီး စနစ်တကျနေမယ်ဆိုရင် အန်တီဟာ လူ့လောကမှာ သက်တမ်းစေ့နေနိုင်မှာပါ၊ ကျွန်မ တာဝန်ယူပါတယ်ရှင်"

"ကျွန် ကျွန်မ သေမှာကို မကြောက်ပါဘူး ဆရာမလေးရယ်၊ ခု ကျွန်မ ကြောက်နေတာက ကျွန်မ သားသမီးတွေ ကျွန်မ မရှိတော့တဲ့ အချိန်မှာ ဘယ်လိုဆက်လက်ရှင်သန်သွားကြမလဲဆိုတာကိုပါပဲ"

မျက်ရည်တို့တွေတွေကြီးကျဆင်းလာသော ဒေါ်သီတာလင်းကို ကြည့်ပြီး ကံ့ကော်ပွင့် မိန်းမချင်းကိုယ်ချင်းစာပါသည်။ ဒါဟာ မိခင်





တစ်ယောက်၏မေတ္တာပဲလေ။

ဒီရောဂါဝင်ရတာလည်း သားသမီးတွေအတွက် ကိုယ့်အသွေးအသားကို ရောင်းစားရာမှ ဝင်လာသည့်ရောဂါမို့ ကဲ့ရဲ့ဝေဖန်ရှုတ်ချဖို့ထက် လေးစားဂုဏ်ယူထိုက်သော မိခင်တစ်ယောက်ဟု ကံ့ကော်ပွင့်ရင်မှာ တိတ်တဆိတ် မှတ်ချက်ချလိုက်မိပါသည်။

■ ■ ■

ဒိုရေမီဖာ x ဆိုလာ တီ xx ဒိုရေမီဖာဆိုလာ xx ဖာဆိုလာ xx ဖာဆိုလာ xx ဖာဆိုလာ xxx

"လေးလေး အဲဒါကြီး အော်ပြီး တီးချင်ရာတီးမနေပါနဲ့ လေးလေးရာ"

တစ်ခါမှ ဝင်မစွက်ဖက်ဘူးပဲ ဝင်ရောက်စွက်ဖက်နေသော တူဖြစ်သူကိုကြည့်ပြီး ဦးသောင်းကျော် စန္ဒရားတီးခြင်းကို ရပ်လိုက်သည်။

"ဘာဖြစ်လို့လဲ ဝေယံ"

"လေးလေး ဆိုနေတဲ့သီချင်းက အဓိပ္ပာယ်တစ်မျိုး သက်ရောက်နေသလိုမျိုး ကျွန်တော့်စိတ်ထင် တစ်စုံတစ်ခု အန္တရာယ်ကျရောက်ဖို့ စိတ်ခေါ်နေသလားလို့"

"အဟက် မင်းကွာ ဆရာဝန်တစ်ယောက်လုပ်နေပြီး ဒီလောက် အတွေးသိမ်ရလား ဟမ် ဒါ ဂီတကွ ဂီတ"

"အတွေးမသိမ်ချင်ပါဘူး လေးလေးရာ၊ ဒါပေမဲ့ လေးလေး ကိုယ်မဆိုနိုင်တဲ့ သံစဉ်ကိုဆိုနေတာဟာ လူကြားလို့မကောင်းဘူး၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခု လေးလေးတွဲနေတဲ့ ဒေါ်သီတာလင်းနဲ့လည်း အဆက်ဖြတ်လိုက်ပါ''

ထိုစကားကြောင့် ဦးသောင်းကျော် စန္ဒရားခုံမှထလိုက်ပြီး ဘောင်ကျော်လာသော ဝေယံမင်းသျှိကို နားမလည်စွာကြည့်လိုက်ပြီး

''သီတာနဲ့ငါနဲ့ ဘာကြောင့် အဆက်ဖြတ်ရမှာလဲ၊ အဓိပ္ပာယ်မရှိ''

''ကိုယ့်ဦးလေး ဒုက္ခရောက်မှာစိုးလို့ပေါ့ ဒါနဲ့ ဦးလေး သူနဲ့အတူတူ နေဖူးပြီးပြီလား''

အဓိကကျသော မေးခွန်းမို့ ပြောင်ပင် ဖွင့်မေးလိုက်သည်။ ထိုမေးခွန်းကြောင့် ဦးသောင်းကျော် တဟဲဟဲ ရယ်သည်။

''ဒါကို မင်းသိစရာလား''

''သိစရာပေါ့ ကျွန်တော် ဒီမေးခွန်းမေးနေတာ အဓိပ္ပာယ်ရှိတယ် လေးလေး ဖြေပါ''

''လေးငါးကြိမ်တောင် မကတော့ဘူးကွ အဟဲ စာချုပ်ပေါ်မှာ လက်မှတ်မထိုးရသေးတာပဲ ရှိတယ်၊ ဘယ်လိုပြောရမလဲ တရားမဝင် လင်မယားဖြစ်နေတာတော့ ကြာပြီကွ''

ထိုစကားကြောင့် ဝေယံ အကြီးအကျယ် တုန်လှုပ်သွားသည်။

''ဟာ လေးလေးရာ ဘာဖြစ်လို့ အဲလောက် ရူးရတာလဲ ကိုယ်နဲ့အတူနေတဲ့ မိန်းမတစ်ယောက်ရဲ့ဖစ်မြစ်ကို မစုံစမ်းဘဲ မိန်းမဖြစ်ပြီးရောဆိုပြီး ပတ်သက်လိုက်တာ လေးလေး အမှားပဲ၊ မဖြစ်ဘူး လေးလေး မနက်ဖြန် ကျွန်တော့်ဆေးရုံကိုလာပါ ကျွန်တော် လေးလေးကို





သွေးစစ်မယ်''

''ဟင် ဘာ ဘာဖြစ်လို့ သွေးစစ်ရမှာလဲ''

''လေးလေးက မဟုတ်တရုတ် မိန်းမကို အိမ်ပေါ်ခေါ်တင်ပြီး ပတ်သက်ထားမှတော့ သူ့မှာရောဂါရှိသလို လေးလေးမှာလည်း ရောဂါရှိနေနိုင်တယ်လေ''

''ဘာ သူ့မှာရောဂါရှိတယ် ဟုတ်လား၊ ဘာရောဂါလဲ ပြောပြောစမ်း''

''ဒီမေးခွန်းကို ကျွန်တော် မဖြေချင်ဘူး။ ကာယကံရှင်ကို မေးကြည့်ပါ''

ဝေယံ ထိုမျှသာပြောခဲ့ပြီး လေးလေးရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။ စိတ်ပျက်ဖို့ကောင်းလိုက်တာ လေးလေးရာ့ အကြိမ်ကြိမ် အပြစ်တင်နေမိရုံမှအပ ဝေယံလည်း လေးလေးကို မကယ်နိုင်တော့။

■ ■ ■

''သီတာ မင်းမှာ အခု ဘာရောဂါဖြစ်နေလဲ ကိုယ့်ကို ပြောစမ်းပါ''

အာကာနှင့်သူ့ကောင်မလေး ဒီနေ့ အိမ်ကိုပြန်လာကြမည်ဆို၍ တစ်မနက်လုံး ဒေါ်သီတာလင်း ချက်ပြုတ်စီမံနေတာ နားရတယ်မရှိသေး။

ယခု ဦးသောင်းကျော်အမေးကြောင့် လက်ထဲမှ ထမင်းအိုးကို ထမင်းစားပွဲပေါ်ချကာ တုန်လှုပ်သွားသော အကြည့်ဖြင့် ကြည့်ပြီး

''ဘာဖြစ်လို့ မေးတာလဲ ကိုသောင်းကျော်''



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ခုတစ်လော သီတာ့ကိုကြည့်ရတာ ကိုယ် အားမရဘူးလေ၊ ဆေးခန်းတွေလည်း ခဏခဏ သွားနေရတော့ ကိုယ် စိတ်ပူတယ်"

"ကျွန်မမှာ ဘာရောဂါတွေဖြစ်နေတယ်ဆိုတာ ကိုသောင်းကျော်ကို ပြောပြမှာပါ၊ ဒါပေမဲ့ ခုတော့ မဟုတ်သေးဘူး အစ်ကိုတူ အငယ်လေး ပြန်လာမှာမို့ ချက်ပြုတ်စီမံနေတာနဲ့ ကျွန်မ မအားဘူးလေ"

"အင်း အင်းပါ ဒါဆိုရင် ပြီးမှ အေးအေးဆေးဆေး ပြောပြလေ၊ ကိုယ် သီတာ့အတွက် စိတ်ပူတယ်ကွာ၊ ဒါကြောင့် အလောတကြီး မေးလိုက်တာပါ"

ထိုစဉ် အိမ်ရှေ့သို့ ကားထိုးစိုက်လိုက်သံကြောင့် ဦးသောင်းကျော် အာရုံတွေ အိမ်ရှေ့သို့ ရောက်သွားသည်။

"ဟော ပြန်လာပြီထင်တယ်၊ ကိုယ့်တူမလေး ဘယ်လောက်ချောသလဲ သွားကြည့်ဦးမှပဲ"

မီးဖိုခန်းထဲမှ ရေးကြီးသုတ်ပျာ ထွက်သွားသော ဦးသောင်းကျော်၏ နောက်ကျောပြင်ကို ငေးကြည့်ကျန်ခဲ့ရင်း ဒေါ်သီတာလင်း သက်ပြင်းခပ်ဖျော့ဖျော့ ချလိုက်သည်။

ကျွန်မသာလျှင် AIDS ရောဂါဆိုးကြီးကြောင့် လောကကြီးထဲက ထွက်ချင်ထွက်သွားမယ်၊ အစ်ကိုကတော့ ထွက်သွားစရာ မလိုပါဘူး

■ ■ ■

## အခန်း (၂၅)

ထမင်းစားခန်းထဲ ဝင်လာကြသော ဦးသောင်းကျော်၊ ဝေယံမင်းသျှံနှင့်အာကာတို့ အတွဲကို ဒေါ်သီတာလင်း ထမင်းရှုးခပ်ထည့်ပေးနေရာမှ လှမ်းအကြည့်

"ဟင် ဝိုင်း"

အာကာ ခိုးသွားသော မိန်းကလေးမှာ ကိုယ့်သမီးဖြစ်နေ၍ ဒေါ်သီတာလင်း အံ့သြ၍ မဆုံးတော့။

"အမေ အမေ ဒီမှာ အလုပ်လုပ်နေတာလား"

ဒေါ်သီတာလင်းနှင့် ဝိုင်းကိုကြည့်ပြီး အားလုံး အံ့အားသင့်နေကြရာမှ

"သီတာ မင်း မင်းသမီး ခိုးရာလိုက်သွားတယ်ဆိုတာ နေဒေါ်ဆုံးတော့ ကိုယ့်တူဖြစ်နေတာပေါ့ ဟုတ်လား"

www.burmeseclassic.com



"ဝိုင်းနဲ့အန်တီက သားအမိတွေလား"

ဝိုင်းလက်ကလေးကို ဆုပ်ကိုင်ပြီး မေးလာသော အာကာ့အမေး ကြောင့် ဝိုင်း မဝံ့မရဲလေး ခေါင်းညိတ်ပြသည်။ အာကာ ဝမ်းသာသွားကာ

"ဟား ဝမ်းသာစရာပဲပေါ့ကွာ၊ ကိုယ်တို့အတွက် ဒီတိုက်ဆိုင်မှုကို ကံတရားက တမင်အကွက်ဆင်ပေးထားတာ ထင်တယ် ဝိုင်းရ"

"အေးလေကွာ သီတာ သမီးကို ငါလည်း မမြင်ဖူးဘူး၊ မင်းကလည်း ဝိုင်းအမေကို မင်းဦးလေးယူမယ့် ဇနီးလောင်းမှန်းမသိ၊ အေးကွာ တော်တော် ဆန်းကြယ်တယ်"

"ကံကြမ္မာ အကွက်ကျကျ စီမံထားတာ မဟုတ်ပါဘူး၊ လူတွေက ဒီလိုမျိုးအခြေအနေ ဖြစ်လာအောင် တမင်အကွက်ကျကျ စီစဉ်ထားတာပါ၊ လေးလေးတို့ကသာ အညာခံလို့ ခံရမှန်းမသိအောင် အချစ်သူရဲ ကောင်းကြီးတွေ လုပ်ပြနေတာ"

ဝေယံ့စကားကြောင့် အားလုံး၏အကြည့်တွေ ဝေယံဆီ ရောက်လာသည်။ ဝေယံ ပြောစရာရှိတာကို ဆက်ပြောသည်။

"ချမ်းသာချင်ကြတာနဲ့ အမေလုပ်သူက ဦးလေးဆီချဉ်းကပ်ပြီး သမီးလုပ်သူက တူဆီကို ချဉ်းကပ်၊ ဒါတင်မကသေးဘူး ခင်ဗျားတို့ဟာ အကျင့်စာရိတ္တပျက်ပြားနေတဲ့ မိန်းမတွေဆိုတာ သိသာပေါ်လွင်နေတယ်"

"ဟာ ဟေ့ကောင် ဝေယံ မင်းဘာတွေပြောနေတာလဲ"

ဒေါ်သီတာလင်းကို ဦးသောင်းကျော် အားနာသွားသဖြင့် ဝေယံ





ကို လှမ်းဟန့်လိုက်သည်။ အမြဲတမ်း ယဉ်ကျေးသောတူက ခု ဘယ်လိုဖြစ်ရတာလဲ။

"လေးလေးတို့ အာကာတို့ မသိတဲ့အမှန်တရားတစ်ခုကို ကျွန်တော်သိနေလို့ ပြောပြနေတာ၊ အမေလုပ်က CSW ၊ သမီးလုပ်သူက မာဆတ်က အနှိပ်သမ၊ လေးလေးတို့လုပ်ပုံက ကျွန်တော်တို့ မျိုးရိုးဂုဏ်သိက္ခာကို ထိခိုက်အောင် လုပ်နေကြတာ"

"ကိုကို CSW ဆိုတာ ဘာလဲ အိုဗျာ ဘာပဲဖြစ်ဖြစ် လေးလေးလည်း သူချစ်တဲ့သူကို သူ ရွေးချယ်တာ၊ ညီလည်း ညီချစ်တဲ့သူကို ညီ ရွေးချယ်တာပဲ၊ ဂုဏ်သိက္ခာတွေ ဘာတွေ မလိုပါဘူး၊ ဝိုင်း မာဆတ်မှာ လုပ်တာ ကျွန်တော်သိပြီးသားကိစ္စမို့လို့ ကိုကို အဲဒီကိစ္စကို အပြစ်တစ်ခုလို ပုံကြီးထပ်ချဲ့မနေပါနဲ့တော့ ဝိုင်းရဲ့ကိုယ်ကျင့်သိက္ခာကို ကျွန်တော် ယုံတယ်"

"အေးပေါ့လေ မင်းတို့က အချစ်စိတ်မှန်ထူနေကြတော့ အမှန်တရားကို ဘယ်မြင်ကြမှာလဲ၊ ဒီတော့ လေးလေးရော ညီရော သွေးစစ်ကြရမယ်၊ ဒီတစ်ခုကိုတော့ မင်းရော လေးလေးရော ငြင်းခွင့်မရှိဘူး"

"စစ်လိုက်ပါ အစ်ကို၊ ဒါမှ မောင်ဝေယံ စိတ်ထဲမှာ သံသယ ကင်းသွားမှာပါ၊ အစ်ကို့ကို ကျွန်မ ပြောဖူးပါတယ်၊ ကျွန်မသာ အသေခံမယ် အစ်ကို့ကိုတော့ ကျွန်မလမ်းမှားပေါ်ကို ဆွဲမခေါ်ပါဘူးလို့"

ဒေါ်သီတာလင်း၏ တိုက်တွန်းချက်ကြောင့် ဦးသောင်းကျော် စိတ်ထဲရှင်းသွားပြီး စိုးရိမ်ခြင်းကင်းစွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ငါ မင်းဆန္ဒအတိုင်း သွေးစစ်မယ်၊ ငါ့သွေးထဲမှာ ဘာမှမရှိဘူးဆိုရင်တော့ မင်း ငါ့ကိုယ်ရေးကိုယ်တာကို ဝင်မစွက်ဖက်ပါနဲ့"

"ကျွန်တော်လည်း စစ်မယ် ကိုကို၊ ကျွန်တော် ဆေးစစ်လို့ထွက်လာတဲ့ ဘယ်လိုရလဒ်မျိုးမဆို ဝိုင်း ပယောဂ ဘာမှမပါဘူးဆိုတာကိုတော့ ကိုကို ယုံကြည်ပေးပါ"

ဦးလေးရော ညီရော ကြည်ကြည်ဖြူဖြူဖြင့် သွေးစစ်ခံကြမည်ဆို၍ ဇေယံ ကြိုးစားမှု ပထမအဆင့်တော့ အောင်မြင်သွားပြီ။

■ ■ ■

အမေ့နှုတ်မှ ပြောလာသော စကားသည် ဝိုင်း ဘဝကို အစိတ်စိတ်အမွှာမွှာ ပျက်စီးသွားသလို ခံစားလိုက်ရသည်။ မျက်ရည်တို့ သူ့အလိုလို စီးကျလာပြီး အမေ့ရင်ခွင်မှာ ခေါင်းတိုးဝင်ကာ ငိုရှိုက်လိုက်သည်။

"အမေ့မှာမှ ဒီရောဂါကြီး ဘာလို့ ရှိလာရတာလဲ အမေရယ်"

"ကံပေါ့ သမီးရယ် အဓိဏာက အမေ မဆင်ခြင်ခဲ့လို့ပေါ့ အမေ့ကြောင့် သမီးဘဝကိုပါ အရိပ်မည်းကြီး လွှမ်းမိုးခံလိုက်ရတဲ့အတွက် အမေ ဘယ်လိုအသက်ဆက်ရှင်ရမှန်းတောင် မသိတော့ပါဘူး၊ တကယ်ဆို အမေ အသက်ဆက်မရှင်ချင်တော့ဘူး သမီး၊ ဒီရောဂါဆိုးကြီးကြောင့် သိပ်မကြာခင် လူ့လောကကြီးထဲက ထွက်ရတော့မယ်ဆိုတာ သိပေမယ့် အမေ ခုပဲ ထွက်သွားလိုက်ချင်တယ်"





ဒေါ်သီတာလင်း ပြောလည်းပြော ငိုလည်းငိုနှင့် ဘယ်တော့မှ ပြန်ပြင်လို့ မရတော့မယ့် အမှားကြီးတစ်ခုက အသက်ဗိညာဉ်တွေကို **နှုတ်ယူလို့ ဟန်ရေးပြနေလေပြီ။ ဘယ်လိုမှ ရှောင်လွှဲ၍ မရနိုင်တော့။**

"အမေရယ် ဝိုင်းတို့ မောင်နှမတွေကို ပစ်မသွားပါနဲ့၊ အမေ့မှာ ဒီရောဂါရှိနေပေမယ့် ဆေးကုသမှု မှန်မှန်ခံယူရင် သက်တမ်းစေ့နေနိုင်မှာပါ အမေရယ်"

ပြောရင်း ဝိုင်း ယူကျုံးမရစွာ တသိမ့်သိမ့် ရှိုက်ငိုရင်း မိခင်ရင်ခွင်ထဲ တိုးဝင်လိုက်သည်။ ဒေါ်သီတာလင်း ဝိုင်းကို ဖက်တွယ်ရင်း

"ဒါပေမဲ့ အမေ ကျေနပ်တယ်၊ မောင်အာကာနဲ့ လက်ထပ်လိုက်တဲ့သမီးရဲ့အခြေအနေကြောင့် မောင်လေး ညီမလေးတွေကို ကောင်းကောင်းစောင့်ရှောက်နိုင်လိမ့်မယ်လို့ အမေ ယုံကြည်တယ်"

"အမေရယ် ဘာတွေပြောနေတာလဲ မောင်လေး ညီမလေးတွေကို ဝိုင်းရော အမေရော တူတူ စောင့်ရှောက်ကြမှာပေါ့လို့"

"အမေ့မှာ အဲဒီဆန္ဒ ရှိပေမယ့် ကံကြမ္မာက အမေ့ကို ခွင့်ပြုပါ့မလား မသိပါဘူးကွယ်၊ ခုတစ်လော အမေ့အခြေအနေကို အမေ အားမရဘူး"

"အမေ့မှာ ဒီရောဂါရှိနေပြီဆိုတာကို ဦးသောင်းကျော် သိလား အမေ"

"ဟင့်အင်း မသိသေးဘူး အမေ ပြောပြဖို့ နှုတ်ကမထွက်ရက်ဘူး၊ သူ အရမ်းစိတ်ထိခိုက်သွားလိမ့်မယ်"



www.burmeseclassic.com

"ဒါဆို သူ့ဆီမှာရော အမေ့ရောဂါ ကူးနေပြီပေါ့ ဟုတ်လား အမေ"

ဒေါ်သီတာလင်း ဘာမှပြန်မဖြေခင်မှာ ဦးသောင်းကျော် အနား ရောက်လာသည်။

"သီတာ ငိုနေတာလား"

ဘယ်အချိန်ကတည်းက မျက်ရည်ကျနေမှန်းမသိ။ ဦးသောင်း ကျော်ပြောမှ ပါးပေါ်မှ မျက်ရည်ကို သုတ်လိုက်ပြီး

"မငိုပါဘူး အစ်ကိုရဲ့"

အမေနှင့်ဦးသောင်းကျော် စကားအေးအေးဆေးဆေး ပြောစေ ရန် ဝိုင်း ရှောင်ထွက်လာလိုက်သည်။

အမေ့ကို ဝိုင်း သနားလိုက်တာ။ အမေရယ် ဝိုင်းဘဝမှာ အကြီးမားဆုံး ဆုံးရှုံးမှုတစ်ရပ်ကြီးနဲ့ ကြုံရတော့မယ့်အရေး ဝိုင်းအတွက် တော့ ကမ္ဘာပျက်သလိုပါပဲ။

ကံကြမ္မာကြီးက ဘာကြောင့် ဝိုင်းကို ဒီလို သောကတွေ ပေး ရတာလဲ။ ဒီဒုက္ခတွေ သောကတွေကြောင့် ဘဝကြီးက အရှင်လတ်လတ် သေနေရသလိုပါပဲ။ တကယ်တော့ ဝိုင်းဘဝမှာ ငယ်စဉ်ကတည်းက ခုချိန်ထိ စိတ်ချမ်းမြေ့စရာတွေ ရှိမလာသေးပါဘူး။

■ ■ ■



## အခန်း (၂၆)

"မဟုတ်ဘူး မဖြစ်နိုင်ဘူး ကိုယ့်ညီမှာ ဒီရောဂါရှိတာ လုံးဝ မဖြစ်နိုင်ဘူး"

သွေးရှူးသွေးတန်း အော်ဟစ်နေသော ဝေယံမင်းသျှံကို ကံ့ ကော်ပွင့် ဘယ်လိုဖြေသိမ့်ရမှန်းပင် မသိတော့။ HIV/AIDS ဝေဒနာ ခံစားနေရသော လူသားတွေထဲမှာ ဒေါက်တာသျှံညီ ပါလာရသတဲ့လား။

"ကိုယ် ကိုယ်တိုင် နောက်တစ်ကြိမ် ပြန်စစ်ကြည့်မယ် ကံ့ကော်"

ကံ့ကော်ပွင့် လက်ထဲမှ သွေးအဖြေစာရွက်ကို ဖျတ်ခနဲ လှမ်း ဆွဲလိုက်သည်။ ဒေါက်တာသျှံ အမှန်တရားကို သိသိကြီးနှင့် လက်မခံနိုင်။

"ကံ့ကော် သေချာစစ်ဆေးထားတာပါ၊ ဒေါက်တာသျှံ ရှိနိုင် မှာ အမှန်တရားတစ်ခုကို ဖွတ်အတင်း ငြင်းဆန်နေမယ့်အစား ထိခိုက် ထဲ့ ကုသမှုကို အမြန်ဆုံးပေးမှ ဖြစ်မယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားကို ရွေးသိပ်ပေးနေပေမယ့် ဒေါက်တာသျှံ ဘယ်လိုမှ မဖြေနိုင်။

"ဒါဟာ ဟိုအပျက်မကြောင့်ဖြစ်ရတာ သေချာတယ် ညီလေး ဒီဝေဒနာဆိုးကြီးကို အဲဒီ အပျက်မဆီက ကူးတာ ကံ့ကော်ရဲ့"

ယူကျုံးမရဖြစ်ခြင်းတွေက ပိုင်းဆီသို့ ဒေါသတွေအဖြစ် အသွင်ပြောင်းကာ ဝုန်းခနဲ ရောက်ရှိသွားသည်။

ထို့ကြောင့် ကိုယ်ပေါ်မှ ဂျူတီကုတ်ကိုချွတ်ကာ အကျီချိတ်သော တိုင်တွင် ချိတ်လိုက်ပြီး စားပွဲပေါ်မှ ကားသော့ကို ဒေါသတကြီး ယူလိုက်သည်။

"ဘယ်သွားမလို့လဲ ဒေါက်တာသျှံ"

စတွေးကတည်းက ဒေါက်တာသျှံ၏ဒေါသကို ကံ့ကော်ပွင့် မြင်ဖူးတာ ဒါဟာ ပထမဆုံးအကြိမ်ပင် ဖြစ်သည်။

"ကိုယ် အိမ်ခဏပြန်မယ် ကံ့ကော်"

"ဘာပြန်လုပ်မလို့လဲ"

မမေးသင့်မှန်း သိပေမယ့် ဒေါက်တာသျှံ ဒေါသကြောင့် စိုးရိမ်တာတော့ အမှန်ပင်။ ဒေါသက အများတွေကို အချိန်မရွေး ဖန်တီးနိုင်သည်မို့

"ကိုယ့်ညီ ယူလာတဲ့ မိန်းမယုတ်ကို အိမ်ပေါ်က ဆွဲချမလို့ ကိုယ် သူ့ကို လုံးဝ လက်မခံနိုင်ဘူး"

ပြောလည်းပြော သွားလည်းသွားမို့ ကံ့ကော် တားချိန်ပင်





မရလိုက်။ နောက်ကပြေးလိုက်ပြီး ဖွတ်အတင်းပြန်ဆွဲခေါ်ပြန်လျှင်လည်း ဆေးရုံတွင်းမှ တခြားလုပ်ဖော်ကိုင်ဖက် ဆရာဝန်တွေ နာ့စ်တွေ လူနာတွေက တစ်မျိုးထင်ကြဦးမည်။

ဒီတော့ သက်မပေါက်ကို ခပ်ဖွဖျော့ဖျော့ချပြီး ဒီအတိုင်းရပ်ကြည့်နေလိုက်သည်။

အိမ်မှာ ဘာပြဿနာတွေ ဖြစ်ဦးမလဲ။

"ငါ မနေဘူး ငါ လောကကြီးထဲက ထွက်သွားတော့မယ်"

မျက်နှာကြက်ပန်ကာတွင် ကြိုးကွင်းလုပ်ပြီး တွဲလောင်းချိတ်ကာ ခုံမြင့်တက်နေသော ဦးသောင်းကျော် တစ်ကိုယ်တော် ကမ္ဘာပျက်ခန်းကို ကိုယ်တစ်ယောက်ထဲ ကျင်းပနေသည်။

"သီတာ မင်းမှာ ဒီပိုးရှိနေမှတော့ ကိုယ့်မှာလည်း ရှိနေတာ သေချာသွားပြီ၊ ဒါကြောင့် ကိုယ် မင်းထက်အရင်ကြိုပြီး သွားတော့မယ်ကွာ၊ AIDS ရောဂါနဲ့ သေရမှာထက်စာရင် ကိုယ့်ကိုကိုယ် ဆွဲကြိုးချပြီး သေလိုက်တာက ပိုပြီးဂုဏ်သိက္ခာရှိပါတယ်ကွာ၊ ကိုယ် ခုလို သေနှင့်တာ မင်းကိုမချစ်လို့ မဟုတ်ပါဘူး၊ ခုချိန်မှာ ကိုယ့်အဖြစ်က စားရမှာလည်း သဲတရှပ်ရှပ် ပစ်ရမှာလည်း အဆီနှင့်တဝင်းဝင်းဆိုသလို မြင်ရင်စားချင်အဲ ချစ်ချင်နေမယ့်အတူတူ ကိုယ် သေလိုက်တာက ကိုယ့်ဆန္ဒတွေကို ချိုးနှိမ်ရာကျပါတယ် သီတာရယ်"

ခုံပေါ်မတ်တပ်ရပ်ကာ ကြိုးကွင်းကို လည်ပင်းမှာ မစွပ်ခင် တစ်ယောက်ထဲ စကားတွေပြောနေသည်။ ပြောလိုက် ငိုလိုက်နှင့် အရှုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှယ်။

ထိုစဉ် ဝုန်းခနဲ အသံနှင့်အတူ အခန်းတံခါး ပွင့်လာသည်။ ကြိုးကွင်းအဝိုင်းထဲ ခေါင်းတိုးဝင်ပြီး စွပ်ဖို့လုပ်တုန်း သွေးရူးသွေးတန်း ဟန်ဖြင့် ဝင်လာသော ဝေယံကို ကြည့်ပြီး ဦးသောင်းကျော် ပို၍ ဝမ်းနည်းလာသည်။

သေချာပါပြီ ဦးလေးမှာ HIV ပိုးရှိတယ်ဆိုတာ သိပြီး ချက်ချင်းရောက်ချလာတာ။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ တူဖြစ်သူကိုလည်း မျက်နှာချင်းမဆိုင်ဝံ့တော့။

"လေးလေး ဒါဘာလုပ်တာလဲ"

အထိတ်တလန့် မေးလိုက်သောအမေးကြောင့် မျှော်လင့်ချက်မဲ့သော အကြည့်ဖြင့် ပြန်ကြည့်လိုက်ပြီး

"ငါ့ဘဝကို ရှေ့ဆက်ဖို့မှ မလိုတော့တာကွာ"

"ဟာ အဓိပ္ပာယ်မရှိ ဘာတွေပြောနေတာလဲ၊ ဘာကြောင့် ရှေ့ဆက်ဖို့ မလိုရမှာလဲ လေးလေးရာ ကျွန်တော် ကမ္ဘာပျက်မတတ် စိတ်သောကရောက်နေပါတယ်ဆိုမှ လေးလေးက တစ်မျောက်ဗျာ"

"ဒီမှာ ငါ့တူ မင်းက လေးလေးအတွက်ကမ္ဘာပျက်မတတ် ခံစားနေရလို့ ခုလို ပြေးလာခဲ့ပေမယ့် လေးလေးကတော့ မင်းရှေ့မှာ အားတင်းမပြနိုင်တော့ဘူးကွာ၊ ဒါပေမဲ့ လေးလေး ကျေနပ်ပါတယ်၊ အချစ်ကြောင့် ရလာတဲ့ရောဂါဆိုးကြီးကို ပိုင်ဆိုင်လိုက်ရပေမယ့် လေးလေး ကိုယ့်ကိုကိုယ် အပြစ်မတင်ဘူး၊ မသေခင်မှာ အချစ်ကို ပြည့်ပြည့်





ဝဝကြီး ပိုင်ဆိုင်ခံစားခွင့်ရခဲ့လို့ သေမယ်ဆိုရင်တောင် သေပျော်ပါပြီ"

ဝမ်းနည်းပက်လက်ဖြင့် ပြောပြောပြီး ငိုနေသော လေးလေးကို ကြည့်ပြီး ဝေယံ ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်ပြီး

"ဒီမှာ လေးလေး ဘာကြောင့် ခုလို လုပ်နေရတာလဲဆိုတာ ကျွန်တော့်ကို ပြောပါဦး"

"မင်း သိရဲ့သားနဲ့ကွာ ငါ ငါ့မှာ HIV ပိုး ရှိနေပြီမဟုတ်လား၊ ငါ့ ငါ့သွေးထဲမှာ အဲဒီပိုး ရှိနေတာ သေချာပါတယ်"

"ကျွတ် လေးလေးရာ အခု အဲဒီ HIV ပိုး တကယ်ရှိနေတဲ့ သူက လေးလေးမဟုတ်ဘူး၊ ညီလေးမှာ ရှိနေတာဗျ၊ ညီလေးမှာ ရှိနေတာ"

"ဘာ"

ဦးသောင်းကျော် လည်ပင်းမှာစွပ်နေသော ကြိုးကွင်းကို ဖြုတ်ပြီး ခုံရှည်ကြီးပေါ်မှ ခုန်ဆင်းလိုက်သည်။

"ပြန်ပြောစမ်း ပြန်ပြောစမ်း HIV ပိုးက ဘယ်သူ့မှာရှိနေတယ်"

"ညီဆီမှာ"

"ဟား မ မဖြစ်နိုင်ဘူး၊ ငါ့တူဆီမှာ အဲဒီပိုးက ဘာလို့ရှိရမှာလဲ ရှိချင်းရှိ ငါ့ဆီမှာ ရှိရမှာကွ မင်းမှားပြောတာလား ဟုတ်တယ်နော် မင်းမှားပြောတာ"

သေဖို့အထိ ရည်ရွယ်ထားသော ဦးသောင်းကျော်၏စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပို၍ ကစဉ့်ကလျား ဖြစ်သွားသည်။

"ကျွန်တော် မှားပြောတာ မဟုတ်ဘူး ညီလေးဆီမှာ HIV positive ဖြစ်နေတာ လုံးဝ ကျိန်းသေနေပြီ"

"ဟ ရှိချင်းရှိ ငါကရှိရမှာကွ၊ သီတာမှာ အဲဒီရောဂါရှိနေလို့ ငါ့မှာ ရှိရမှာလေ"

ဦးသောင်းကျော် စကားကြောင့် ဝေယံ ခပ်တွေတွေဖြစ်သွားသည်။

"ဒါနဲ့ ဦးလေးနဲ့ အဲဒီမိန်းမကြီး အတူတူနေကြတော့ အကာအကွယ်ပစ္စည်းသုံးလား"

"ဟင် သုံး သုံးဖြစ်တယ်၊ ငါက မသုံးချင်ပေမယ့် သီတာက ဖွတ်အင်္ကျင်းသုံးလို့ အမြဲတမ်း သုံးဖြစ်တယ်"

နေထိုင်မှုစနစ်ကျသောကြောင့် လေးလေးမှာ ဒီရောဂါကူးစက်ခြင်း မရှိတာဖြစ်သည်။

သို့ဆိုလျှင် ဝိုင်းနှင့်ညီက လေးလေးတို့လို အကာအကွယ် သုံးပြီး မနေကြသည့်အတွက် ဝိုင်းဆီမှတစ်ဆင့် ညီလေး ကူးစက်ရခြင်း ဖြစ်သည်။

အဓိက တရားခံက အဲဒီမိန်းမယုတ် ဝိုင်းပင်ဖြစ်သည်။

ဒီလို အကျင့်ပျက်မိန်းကလေးကိုမှ သွားပြီး ပတ်သက်မိသော ညီ့ကိုလည်း ဒေါသဖြစ်သည်။

"ညီ ဘယ်သွားလဲ"





"မရှိကြဘူး သူ့ကောင်မလေး ဝိုင်းနဲ့ ဈေးဝယ်ထွက်ကြတယ်"

"တောက်"

ဝေယံ့ရင်ထဲ ဝိုင်းကို အမှုန့်ချေပစ်ချင်ရလောက်အောင်ကို မုန်းတီးနေမိသည်။

■ ■ ■

"ဖြန်း"

ဝေယံမင်းသျှ ဝိုင်းကိုမြင်သည်နှင့် ဘယ်တော့မှ မဖြစ်ပေါ်ဖူးသော ဒေါသစိတ်နှင့်အတူ ဝိုင်း၏မျက်နှာကို အားဖြင့်လွှဲရိုက်ပစ်လိုက်သည်။

မျက်နှာလည်ထွက်သွားအောင် ပါးရိုက်ခံလိုက်ရ၍ ဝိုင်း ဝေယံကို အထိတ်တလန့် ကြည့်လိုက်ပြီး

"ဝိုင်း ဝိုင်းကို ဘာဖြစ်လို့ ပါးရိုက်ရတာလဲ"

အပြစ်ကင်းစင်သော မျက်နှာဖြင့် အထိတ်တလန့် မေးလာသော ဝိုင်းကိုကြည့်ပြီး ဝေယံ့စိတ်ထဲမှာ အော်ဂလီဆန်ချင်လာသည်။

တခဏအတွင်း ဖြစ်ပျက်သွားသော အဖြစ်အပျက်ကြောင့် အာကာ ကြောင်ကြည့်နေရာမှ

"ကိုကို ဝိုင်းကို ဘာကြောင့် ပါးရိုက်ရတာလဲဗျ"

လက်ထဲမှ ဝယ်လာသော အဝတ်အစားအိတ်တွေကို ဒေါသတကြီး ပစ်ချလိုက်ပြီး အော်ဟစ်မေးလိုက်သည်။

"ဝိုင်းဆိုတဲ့ အဲဒီအမျိုးယုတ်မက မင်းကို သေမင်းဆီ တွန်းပို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီကွ ညီရ"

ဝေယံ မျက်ရည်နှင့်ဒေါသရောပြီး အာခေါင်ခြစ်၍ အော်လိုက်သည်။

"ဘာ ဝိုင်းက ကျွန်တော့်ကို သေမင်းဆီ တွန်းပို့လိုက်တယ် ဟုတ်လား"

"ဟုတ်တယ် မင်း မင်းကွာ ဘာကြောင့် ဒီလိုမိန်းမစားမျိုးကို မှ ချစ်ရတာလဲကွာ မိုက်လိုက်တာ"

အညာအတာ ကင်းမဲ့စွာ ပြောနေသော အစ်ကိုဖြစ်သူကြောင့် အာကာ ဝိုင်းကိုအားနာမိကာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး

"ဝိုင်းက ကိုကိုထင်သလို မိန်းမမျိုး မဟုတ်ဘူးဗျ၊ စိတ်ထဲ ထင်ရာတွေ စွတ်မပြောပါနဲ့၊ ကိုကိုလည်း ပညာတတ်တစ်ယောက်ပါ"

"အေး ငါ ပညာတတ်တစ်ယောက်ဖြစ်နေလို့ ငါ့အမြင်နဲ့ မင်း အမြင်ကွာဟသွားတာပေါ့၊ ငါဆိုရင် ဒီလိုအခြေအမြစ်မရှိ ပေါက်လွှတ် ပဲစားမိန်းမမျိုးကို ဘဝလက်တွဲဖော်အဖြစ် မရွေးချယ်ဘူးကွ"

"ကိုကို"

အာကာဆက်ပြီး သည်းမခံနိုင်တော့၊ ဝေယံ့အင်္ကျီရင်ဘတ်စကို ဒေါသတကြီး ဆောင့်ဆွဲလိုက်သည်။

"ကျွန်တော်ဆက်ပြီး သည်းမခံနိုင်တော့ဘူးနော် ဒီမှာ ကိုကို ဝိုင်းဟာ ကိုကို့အတွက် တန်ဖိုးမဲ့ချင်မဲ့နေလိမ့်မယ် ဒါပေမဲ့ ကျွန်တော့် အတွက်တော့ သိပ်ကိုတန်ဖိုးထားရတဲ့ မိန်းကလေးတစ်ယောက်၊ ယုတ်စွ





အဆုံး ကျွန်တော့်ဘဝမှာ သူမရှိတော့ရင် ကျွန်တော် သေသွားနိုင်တယ်"

အချစ်အတွက် ဘယ်အချိန်ကတည်းက စတင်ရူးသွပ်နေမှန်း မသိသော ညီလေးကို ကြည့်ပြီး ဝေယံ ဒေါသမထွက်ရက်တော့။

"ညီ မင်း မင်းကို ကိုကို ဆုံးရှုံးရတော့မယ်ဆိုတဲ့ အသိကြောင့် ကိုကို အဲဒီမိန်းမသားအမိကို လုံးဝ ခွင့်မလွှတ်နိုင်ဘူး။ သူ့ကြောင့် သူ့ ကြောင့် မင်း"

ဝေယံ အသံတိုးပြောရင်းနှင့် တိမ်ဝင်သွားကာ မျက်ရည်တို့ စီးကျလာသည်။ မျက်နှာငယ်လေးဖြင့် စိုးရွံ့ထိတ်လန့်နေသော ဝိုင်းကို မုန်းတီးစက်ဆုပ်သောအကြည့်ဖြင့် ကြည့်ပြီး

"မင်းမှာ HIV ပိုး ရှိနေပြီ ညီ"

"ရှင်"

ဒီတစ်ခါ စိတ်လှုပ်ရှားတုန်လှုပ်သွားသူက ဝိုင်းပဲ ဖြစ်သည်။

"အဲဒီပိုးက မင်း ဒီမိန်းမနဲ့ပတ်သက်လို့ ရခဲ့တဲ့ ဆိုးကျိုးတစ်ခုပဲ သူတို့လို မိန်းမမျိုးတွေကြောင့် လူတော်တော်များများကို ဒီပိုးတွေ ကူးစက် တုန်တာကွ"

ရိုက်ချက်ပြင်းလွန်းသော စကားကြောင့် ဝိုင်း ခြေအစုံပင် မရပ်နိုင်တော့လောက်အောင် ဒူးတို့ ညွှတ်ခွေကျကာ အရှုပ်ကျိုးပြတ် ထိုင်ချလိုက်သည်။

ဝိုင်းကို ကြိုက်သလောက် စွပ်စွဲပါ၊ ကြိုက်သလောက် ဆဲရေး တိုင်းထွာပြီး ကြိုက်သလောက် ရိုက်နှက်ပါ၊ ဝိုင်းသည်းခံနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားဟန်မပြဘဲ ငြိမ်နေနိုင်ခဲ့ပါသည်။

သို့သော် ယခု ပြောလိုက်သောစကားကတော့ ဝိုင်း ဘယ်လိုမှ နားထောင်နိုင်စွမ်းမရှိ။

နာကျင်လက်စ ရင်ဘတ်တွေကို နောက်ထပ်သေလုမျောပါး နာကျင်အောင် ဓားထက်ထက်ဖြင့် တစ်ဆုံးထိုးသွင်းခံလိုက်သလို သေလုမျောပါး ခံစားလိုက်ရသည်။

ဝိုင်းရဲ့ကျေးဇူးရှင် မေမေနှင့် ဝိုင်းအားကိုး မှီခိုလိုက်သူ အာကာဆီမှာမှ ဒီရောဂါဆိုးကြီးက ပြိုင်တူရှိနေကြသည်တဲ့လား။ လောကဓံ၏ ရိုက်ချက်က အရှယ်နှင့်မမျှအောင်ကို ပြင်းထန်လွန်းသည်မို့ ဝိုင်း ဘယ်လိုမှ နလန်ထူနိုင်တော့မည်မထင်။

ဝိုင်း စိတ်ချောက်ချား တုန်လှုပ်နေသလောက် အာကာကတော့ တုန်လှုပ်ဟန် တစိုးတစိမှ မပြ။

"ကျွန်တော့်မှာ ဒီပိုးရှိနေတာ ဝိုင်းနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ မင်း သူနဲ့ပတ်သက်လို့ သူ့ဆီက ကူးတာပေါ့"

"ကျုတ် ခု ကိုကို ပြောနေတာတွေက ပညာတတ်မဆန်လိုက်တာ ကိုကိုရာ၊ ကိုယ့်ကိုကိုယ် ဆရာဝန်တစ်ယောက်ဆိုတာကိုလည်း တဆိတ် သတိထားပါဦး ကိုကို"

အာကာ ဝေယံကို ခြံထဲသို့ ဆွဲခေါ်လာလိုက်သည်။ ဝိုင်းရှေ့မှာ ဒီကိစ္စကို ဆက်မဆွေးနွေးချင်တော့။ ကိုကို ဝိုင်းကို စော်ကားမိသည့်အတွက် အဲဒီအပြစ်ကြွေးကို ကိုကို ပြန်လည်ပေးဆပ်စေရမည်ဟု အာကာ





ရင်ထဲမှာ ခိုင်မာစွာ သန္နိဋ္ဌာန်ချလိုက်သည်။

ဒီတော့ ကိုကိုနှင့် အပေးအယူလုပ်မှ ရမည်။ ဒါမှ ဝိုင်း၏ဂုဏ်သိက္ခာကို ပြန်လည်၍ အဖတ်ဆည်ပေးနိုင်မည်။

ဝိုင်းရေ ကိုကို့ရဲ့ရင့်သီးရိုင်းပျတဲ့ စော်ကားခံရမှုတွေကို အစားပြန်ရအောင် ကိုယ် ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲဝံ့ဝံ့ ချလိုက်ပါပြီ။

လောကကြီးထဲက ထွက်ခွာရတော့မယ့် ကိုယ်ဟာ ဝိုင်းကို ကူကယ်ရာမဲ့ မုဆိုးမတစ်ယောက်အဖြစ် မကျန်ရစ်ခဲ့ရအောင် ကိုယ် စီစဉ်ပေးခဲ့မယ်။

အဲဒီအစီအစဉ်ကို ဝိုင်း လက်ခံချင်ချင် လက်မခံချင်ချင် လုံးဝကို၊ လက်ခံရလိမ့်မယ်။

ဒါမှ ကိုယ် လောကကြီးထဲက စိတ်အေးလက်အေး ထွက်သွားနိုင်မှာမို့လို့ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟင့်အင်း ဟင့်အင်း အမေ အဲလိုလုပ်သွားမှာကို ဝိုင်း လက်မခံပါရစေနဲ့ အမေရယ်၊ မောင်လေးတွေ ညီမလေးတွေ အမေ့ကြောင့် စိတ်သောကရောက်ကြမှာပေါ့"

"သာသနာ့ဘောင်ထဲ ဝင်တာပဲ သမီးရယ် သူတို့လေးတွေအတွက် သောကရောက်စရာလား"

"ကိုယ်ကတော့ လက်မခံချင်ဘူး သီတာ၊ ကိုယ့်မှာ ဒီရောဂါဆိုးကြီးရှိမှ သာသနာ့ဘောင်ထဲ ဝင်တယ်ဆိုတာ ကောင်းတဲ့လုပ်ရပ်ကြီး မဟုတ်ပါဘူး။ ဒီတော့ ကိုယ့်ဆန္ဒကို နောက်ဆုံး လိုက်လျောတဲ့အနေနဲ့ သီတာ ကိုယ့်ကို လက်ထပ်ပါ"

'အတင့်ရဲလွန်းသော တောင်းဆိုမှုဟု အထိတ်တလန့် ကြည့်လိုက်ပြီး





"အို မဖြစ်နိုင်တာ အစ်ကိုရယ်၊ ကျွန်မ သေတော့မယ့်လူတစ်ယောက်ပါ၊ ကျွန်မကြောင့် အစ်ကို့ကိုရော သမီးတို့သားတို့ကိုရော ဂုဏ်သိက္ခာ မညှိုးနွမ်းစေချင်ဘူး"

"အဲဒါ သီတာရဲ့အားငယ်မှုသက်သက်ပါ၊ ကိုယ်ကတော့ အဲလို မထင်ဘူး၊ မိသားစုအတွက် ကိုယ့်အသွေးအသားကို ရင်းမိလို့ ခုလို ဝေဒနာကြီးခံစားရတဲ့အတွက် သီတာဟာ သိပ်ကိုလေးစားဂုဏ်ယူစရာကောင်းတဲ့ မိခင်တစ်ယောက်ပါ"

ဒေါ်သီတာလင်း မျက်ရည်တို့ ယိုစီမ့်ကျလာပြန်သည်။ မျက်ရည်ဆိုတာ ခံစားမှုရဲ့ ထွက်ပေါက်တစ်ခုပဲ။ ခုချိန်မှာ ကိုယ်ဟာ ကိုသောင်းကျော်အတွက်ရော သားတွေသမီးတွေအတွက်ရော ဘာမှအသုံးမဝင်တော့တဲ့ ကြွက်အိုမကြီးတစ်ကောင် ဖြစ်နိုင်သလို မီးဖိုခန်းထဲမှာ သုံးတဲ့ ကြမ်းတိုက်ဝတ်တစ်ထည်သာသာ အဆင့်လောက်လည်း ဖြစ်နိုင်တာပဲလေ။

"မငိုပါနဲ့ သီတာရယ်၊ ကိုယ်လေ အခု အကောင်းဆုံးအစီအစဉ်တစ်ခုကို စီစဉ်ထားတယ်"

ဒေါ်သီတာလင်း ပါးပေါ်မှ မျက်ရည်တို့ကို ဦးသောင်းကျော် ညင်သာစွာ သုတ်ပေးပြီး

"ကိုယ် သီတာ့ကို လက်ထပ်မယ်၊ ပြီးရင် ကိုယ်ရယ် သီတာရယ် နောက်ပြီး သီတာ့သားသမီးသုံးယောက်ကိုပါခေါ်ပြီး မေမြို့ကို ပြောင်းနေကြမယ်၊ ဝိုင်းကတော့ ဒီမှာ အာကာနဲ့ကျန်ခဲ့ဦးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ဒေါ်သီတာလင်းမှာသာ HIV မရှိခဲ့ဘူးဆိုလျှင် ထိုအစီအစဉ်သည် ဝမ်းသာကျေနပ်စရာကောင်းသော အစီအစဉ်ဖြစ်သည်။ ပိုင်းလည်း ထိုအစီအစဉ်ကို သဘောကျပါသည်။ အမေ့အပေါ် တန်ဖိုးထား ချစ်မြတ်နိုးသော ဦးသောင်းကျော်ကိုလည်း လေးစားမိပါသည်။

"ကျွန်မမှာ ဒီပိုးရှိနေမှတော့ လက်ထပ်လို့ ဘယ်လိုဖြစ်မယ်"

"ဖြစ်တယ် ကိုယ်တို့ မောင်နှမတွေလို နေကြပြီး သီတာ့ဝေဒနာကို ဆေးကနေ ဂရုစိုက် စောင့်ရှောက်ပေးမယ်၊ ဒီရောဂါကြောင့် သီတာကိုယ်တို့ကို ခွဲမသွားစေရဘူး၊ သက်တမ်းစေ့ ပျော်ပျော်ရွှင်ရွှင် နေရမယ် ပြင်ဦးလွင်မှာ ကိုယ်ဝယ်ထားတဲ့အိမ်ရှိတယ်၊ အဲဒီမှာ သွားနေကြမယ် ပြီးရင် ဟိုမှာ ကိုယ့်သူငယ်ချင်းကို လွှဲထားတဲ့ စတော်ဘယ်ရီခြံကို ပြန်ပြီး ဦးစီးလုပ်မယ်၊ သီတာဟာ ကိုယ့်ဇနီး၊ သီတာ့သားသမီးတွေက ကိုယ့်သားသမီးတွေ ဖြစ်ရမယ်"

ဒေါ်သီတာလင်း တွေဝေနေဆဲပါ။ ကိုယ့်ကြောင့် ဦးသောင်းကျော် အရမ်းနစ်နာနေမှာကို မလိုလားပေ။

"မငြင်းပါနဲ့ သီတာသာ ကိုယ့်အပေါ်မှာ အလေးအနက်ထား မစဉ်းစားပေးခဲ့ဘူးဆိုရင် ခုလောက်ဆို ကိုယ်လည်း သီတာနဲ့အတူ HIV ဝေဒနာကို ခံစားနေရပါပြီ၊ သီတာ စနစ်တကျနဲ့ အနာဂတ်ကို ကြိုပြီး တွက်ချက်ခဲ့လို့သာ ကိုယ် ဒီရောဂါဆိုးကြီးနဲ့ လွဲခဲ့ရတာပါ"

"အမေ ပိုင်းတို့မောင်နှမတွေအတွက် အမေ့ရဲ့အသွေးအသား





တွေကို ပေးဆပ်ခဲ့ပြီးပါပြီ၊ ခုလည်း ပိုင်းတို့မောင်နှမတွေအတွက်ပဲ အမေ အသက်ဆက်ရှင်ပေးပါဦး အမေရယ်၊ အဖေ အမေ့ကို ခုလို ဖေးမစာနာပေးတဲ့အတွက် ပိုင်း ကျေးဇူးတင်ပါတယ် အဖေရယ်"

မျက်ရည်တွေ စီးကျလာပြီး ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ခေါ်လိုက်သော အဖေဟူသည့် အခေါ်အဝေါ်ကြောင့် ဦးသောင်းကျော် ပီတိမျက်ရည်တို့ စိမ့်ထွက်ကာ ခေါင်းတဆတ်ဆတ် ညိတ်ရင်း

"ကျေးဇူးတင်ဖို့ မလိုပါဘူး သမီးရယ်၊ သမီးအမေကို ချစ်မြတ်နိုးခွင့် ပိုင်ဆိုင်ခွင့်ပေးတဲ့ သမီးတို့ သားတို့ကို အဖေကပြန်ပြီးတော့ ကျေးဇူးတင်ရမှာပါကွယ်"

ဝမ်းနည်းခြင်း ဝမ်းသာခြင်း စိတ်ကျေနပ်ခြင်း ပူဆွေးသောကဖြစ်ခြင်းတွေက ရင်ထဲမှာ ညီတူညီမျှ တွန်းထိုးရုန်းကန်နေကြသည်။

အဲဒါ ပိုင်း ဘဝတဲ့လား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ကျွန်တော် သူ့ကို လုံးဝ ကွာရှင်းမပေးနိုင်ဘူး ကိုကို"

"မင်း ဘာကြောင့် ခေါင်းမာရတာလဲ ညီ၊ သူဟာ မင်းကို ဘာရင်ခုန်စေလို့လဲ၊ မင်းဆီမှာ HIV ရောဂါဆိုးကြီး ကူးစက်လာတာပဲ အဖတ်တင်တယ်မဟုတ်လား၊ ဟွန်း လေးလေးတောင် ကံကောင်းလို့ အဲဒီပိုး အကူးမခံရတာ"

"ဘယ်အကူးခံရမလဲ အန်တီသီတာက ကွန်ဒုံး အဲ ဟို ဟို လေးလေး မြေကြီးထဲမြှုပ်မြှုပ်နေတာ ဘာလဲဆိုတာ ကိုကိုလည်း သိသားပဲ"

"အေး သူတို့က ကျန်းမာရေးအသိရှိလို့ မင်းလို ရောဂါအကူး မခံရဘူးကွ"

ယခုအချိန်ထိ စွဲစွဲနေတုန်းမို့ အာကာ ခပ်မဲ့မဲ့ ရယ်လိုက်သည်။





တကယ်ဆို ဒီရောဂါပိုးက ဝိုင်းဆီက ကူးတာမှမဟုတ်တာ။ ဠွန့်ဆီက ကူးတာဖြစ်သည်။ ဝိုင်းနှင့်သူ ခုချိန်ထိ အကြင်လင်မယား အဖြစ် မပေါင်းသင်း မဆက်ဆံရသေးတာ ကိုကိုမှမသိတာ။

"ကျွန်တော်ကတော့ သူ့ဆီက မကူးဘူးလို့ ထင်တာပဲ"

"မဖြစ်နိုင်ဘူး သူက မာဆတ်က မိန်းကလေးဖြစ်နေတဲ့အတွက် သူ့မှာ ဒီရောဂါရှိဖို့ဆိုတာ ရှစ်ဆယ်ရာခိုင်နှုန်း သေချာသလောက်ရှိတယ်"

"ဒါဆို ကိုကိုနဲ့ကျွန်တော်နဲ့ အပေးအယူလုပ်ကြမယ်လေ"

ဝေယံ အာကာ့ကို ခပ်စူးစူးကြည့်ပြီး

"မင်းက ဘာအပေးအယူလုပ်ချင်သေးလို့လဲ"

"အကယ်၍ ကျွန်တော်ဟာ ဝိုင်းဆီက HIV ပိုး ကူးစက်ခံခဲ့ရတယ်ဆိုရင် ကျွန်တော် ဝိုင်းကို ကွာရှင်းမယ် ပြီးတော့ ဒယ်ဒီတို့ မာမီတို့ဆီလိုက်သွားပြီး ဆေးကုသမှုခံယူမယ်"

"ဒါပေါ့ ညီ အသက်ဆက်ရှင်ဖို့အတွက် ဒီအပျက်မ ညီ့အနားမှာ မရှိမှဖြစ်မှာ"

"နေဦး ကိုကို၊ ညီ့စကားမှ မဆုံးသေးတာ"

"ညီက ဘာထပ်ပြောဦးမလို့လဲ၊ အေးလေ ဒီမိန်းမနဲ့ကွာရှင်းဖို့က အဓိကပဲဟာ ဆက်ပြောကြည့်ပေါ့"

"အကယ်၍ ဝိုင်းမှာ HIV မရှိခဲ့ဘူးဆိုရင် ကိုကို ဝိုင်းကို စော်ကားထားသမျှတွေအတွက် အကြွေးပြန်ဆပ်ရမယ်"

"ငါဆရာဝန်တစ်ယောက်ပါကွ၊ မင်းဆီက ရောဂါပိုးဟာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီကကူးစက်သလဲဆိုတဲ့ ဖစ်မြစ်ကို ငါသိနေတယ်''

''နေပါဦး ကိုကိုရာ၊ ညီ ပြောပါရစေဦး၊ အကယ်၍ ဝိုင်းမှာ ဒီပိုးလည်းမရှိဘူး ဒီပိုးဟာ ဝိုင်းဆီက ကူးတာမဟုတ်ဘူးဆိုလည်း ညီ ဝိုင်းကို ကွာရှင်းမှာပါ''

ဝေယံ မျက်နှာပေါ်မှာ ကျေနပ်သော အရိပ်ကို လှစ်ခနဲ ဖြတ်ပြေးသွားသည်။

''အေးလေ အဲဒါဆို ဇာတ်လမ်းက ပြီးနေပြီပဲ၊ မင်းက ဘာကို အပေးအယူလုပ်ဦးမလို့လဲ''

''လုပ်ရမယ်လေ ကျွန်တော်က ဝိုင်းကို သိပ်ချစ်တာ ကိုကိုရ ချစ်တာမှ ဝိုင်းဘဝလေးကို အမြဲလှပစိုပြေစေချင်တယ်၊ ကျွန်တော့်မှာ ရှိတဲ့ရောဂါဆိုးကြီး ဝိုင်းဆီကို မကူးစက်စေချင်လို့သာ ဝိုင်းကို ကွာရှင်းပေးလိုက်ရပေမယ့် ကျွန်တော် ဝိုင်းကို ဆက်ပြီး တာဝန်ယူချင်သေးတယ် အချစ်ဆိုတာ သက်တန့်လိုပဲလေ ကိုကိုရ၊ ကိုယ့်ဘက်ကတစ်ခြမ်းတည်းနဲ့လည်း ပြီးပြည့်စုံနေတာပဲ''

ဝေယံ မဲ့လိုက်သည်။

''ဒါကြောင့် ညီ့မှာရှိတဲ့ HIV ပိုး ဝိုင်းဆီ မကူးစက်ရအောင် ဝိုင်းကို လျော်ကြေးပေးပြီး ကွာရှင်းပစ်မယ်၊ ဒါပေမဲ့ အဲဒီလျော်ကြေးက ငွေတော့မဟုတ်ဘူး''

ပဟေဠိဆန်နေသော ညီ့ကို ဝေယံ နားမလည်နိုင်တော့။

''ဒီလိုအတန်းအစားမျိုးက ငွေပေးရင် ကျေနပ်နေတဲ့အတန်း





အစားမျိုးပဲ၊ မင်း ငွေပေးလိုက်ပေါ့၊ ဘာတွေစိတ်ပူနေပြန်ဦးမလို့လဲ ညီ''

''စိတ်မထွင်ပါဘူး ဝိုင်းဘဝလေးကို ဆင်းရဲတွင်းက ရုန်းထွက်စေချင်တာက ဝိုင်းဟာ သိပ်ကို ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်လို့ပါပဲ၊ ဒါကြောင့် ညီ့အစား ဝိုင်းကို ကိုကိုက ဆက်လက်ပြီး တာဝန်ယူစောင့်ရှောက်ပေးပါ''

''ဘာ ဘာပြောတယ်ကွ''

ဝေယံ ဒေါသတကြီး ထိုင်ရာမှ ဝုန်းခနဲထပြီး အော်ဟစ်လိုက်သည်။ အာကာ သွေးအေးအေးဖြင့် မော့ကြည့်လိုက်သည်။ ဝေယံ ကိုယ့်နားကိုယ် မယုံနိုင်လောက်အောင် ဒေါသတို့ဆူပွက်၍ တက်လာပြီး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး

''မင်း ရူးသွားပြီလား ညီ၊ ငါ ငါ့ကို ဒီလို မိန်းမမျိုးနဲ့ မင်း မင်းဖို့ကွာ၊ မင်းဟာ ငါ့ညီဖြစ်နေလို့ ဒီနေရာမှာ တခြားသူစိမ်းတစ်ယောက်သာဆိုရင်လေ ဓားနဲ့ရင်ဝကို ထိုးသတ်ပြီး ငါ ထောင်ထဲဝင်လိုက်တယ် သိလား။ မင်းကောင်မ အစုတ်ပလုပ်မကို ငါက တာဝန်ယူဖို့နေနေသာသာ တံတွေးတောင် လှည့်မထွေးဘူးကွ ရွံလွန်းလို့''

ဝေယံ ဒေါသတွေက အရှိန်ပိုမြင့်လာ၍ စကားလုံးတွေလည်း ပို၍ ဝုန်းဒိုင်းကြဲရင့်သီးလာသည်။

ထိုအပေးအယူပွဲကို အခန်းအပြင်ကနေရပ်ပြီး နားထောင်နေသော ဝိုင်း ရင်ထဲမှာလည်း ရှက်ခြင်း၊ ယူကြုံးမရဖြစ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတွေဖြင့် ပြောင်းဆန်အောင် စိတ်လှုပ်ရှားနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အာကာရယ် ဝိုင်းကို အဲလောက်တောင် ချစ်ရသလား။ ဒါကြောင့် လက်ထပ်ပြီးကတည်းက ဝိုင်းနဲ့အတူတူအိပ်ဖို့ကို အကြောင်းပြချက်အမျိုးမျိုးနဲ့ ငြင်းဆန်အကြောင်းပြနေတာကိုး။

ဝိုင်း ခုတော့ ပိုပြီးနားလည်လိုက်ပါပြီ။ ဝိုင်းလို ရေမျောပန်းတစ်ပွင့်ကို ဆယ်ယူပြီး နမ်းရှိုက်ခွင့်တောင် မပိုင်ဆိုင်ခဲ့ရတဲ့ အာကာရဲ့ ရင်ထဲက နက်ရှိုင်းတဲ့မေတ္တာတရားကို ဝိုင်း ကောင်းကောင်း သိမြင်ခဲ့ရပါပြီ။

မရေရာသော ချစ်ခြင်းတရားတွေဘေးဖယ်ပြီ မိသားစုဘဝ စားဝတ်နေရေးမှုလုံ့ဖို့ ဆန္ဒတစ်ခုထဲနှင့် အာကာ့ကို လက်ထပ်ဖို့ သဘောတူခဲ့သော ဝိုင်း၏လောဘတွေအတွက်သာ နောင်တတွေ မဆုံးနိုင်တော့။

ဝိုင်းကို ခွင့်လွှတ်ပါ အာကာရယ်။

■ ■ ■

## အခန်း (၂၉)

"ဟာ လေးလေးကလည်း တစ်မျိုးပါလား၊ ကျွန်တော်တော့ လေးလေးတို့ တူကြီးတွေကြောင့် ရှုံးတော့မှာပဲ"

ဝေယံ စိတ်ရှုပ်လွန်း၍ နံရံနှင့်ခေါင်း အကြိမ်ကြိမ်သာ ပြေးဆောင့်လိုက်ချင်တော့သည်။

ညီက ဆေးကုသမှု မခံယူဘူးဆို၍ စိတ်တွေညစ်နေရသည့်အထဲ လေးလေးကလည်း ဒေါ်သီတာလင်းနှင့် သူ၏ဘုရစုရှုကလေးတွေကို ခေါ်ပြီး မေမြို့မှာ နှစ်အကန့်အသတ်မရှိ သွားနေမလို့ဟု အသိပေးပြောကြားလာသည်။

ဒီအချိန်မှာ အာကာ့ဘေးကနေပြီး ဆေးကုသမှုခံယူချင်လာအောင် ဖျောင်းဖျပြောဆိုရမှာ မဟုတ်ဘူးလား။

"လေးလေး အသက်ကြီးပါပြီ ဝေယံရာ၊ ယံစဉ်ကဝအချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ခွင့်ရခဲ့စဉ်တုန်းကလည်း မင်းရဲ့မေမေ ငါ့မမကြောင့် လေးလေး သိပ်ချစ်ခဲ့တဲ့ သီတာ့ကို ကျောခိုင်းခဲ့ရတာ၊ ခုတော့ ဖလေးလေးအသက်လည်း ကြီးလာပါပြီ၊ ရတောင့်ရခဲလှတဲ့ အချစ်ကလေးနဲ့ နောက်တစ်ကြိမ် ထပ်ဆုံတုန်း အမိအရဖမ်းဆုပ်ထားလိုက်ချင်တာပါပဲ၊ ဒါကြောင့် လေးလေးရဲ့ကျန်နေတဲ့ သက်တမ်းနည်းနည်းလေးကို လေးလေးစိတ်တိုင်းကျ နေပါရစေတော့''

ယတိပြတ်ပြောလာသော လေးလေး၏တောင်းဆိုမှုကို ဝေယံ ဘယ်လိုအကြောင်းပြချက်ပေးပြီး တားမြစ်ရမှာတဲ့လဲ။

ခုချိန်မှာ သူတို့က အချစ်သူရဲကောင်းကြီးတွေ ကိုယ်က အချစ်ကို လုံးဝ တန်ဖိုးမထားတတ် မစာနာတတ်သော လူရမ်းကားသက်သက် ဖြစ်မှန်းမသိ ဖြစ်ရပြီ။

''အင်းလေ လူဆိုတာ ကိုယ်ကြိုက်တာ ကိုယ်လုပ်ဖို့ အသက်ရှင်နေကြရတာပဲမဟုတ်လား။ ကျွန်တော် လေးလေးကို မတားတော့ပါဘူး ကျွန်တော်တို့ကို ဒီအသက်ဒီအရွယ်ထိ ထိန်းကျောင်းပြုစုလာတဲ့ လေးလေးကို ဒီထက်ပိုပြီးဆွဲမထားတော့ပါဘူး၊ စိတ်မကောင်းဖြစ်ပေမယ့် ကျွန်တော် လိုက်လျောပေးရတော့မှာပေါ့''

ရင်ထဲမှာ မကောင်းလွန်း၍ လေးလေးရှေ့မှ လှည့်ထွက်ကာ အခန်းထဲမှအထွက်

''အင့်''

''အမေ့''





''ချလွင် ခလွင်''

ရုတ်တရက် ပိုင်းနှင့်ဝင်တိုက်မိ၍ ပိုင်း ကိုင်လာသော ဗန်းထဲမှ ကော်ဖီခွက်မှာ ကြမ်းခင်းပေါ်သို့ ကျကွဲလေသည်။ အငွေ့တထောင်းထောင်း ကော်ဖီတွေက ပိုင်း၏ခြေဖမိုးပေါ်သို့ ဖိတ်စင်ကျကုန်၍ ပိုင်း အသည်းခိုက်အောင် ပူလောင်နာကျင်ရသည်။ နာကျင်နေသည့်ကြားမှ

''ကန် ကန်တော့နော် ကိုကို ပိုင်း ကိုကို ထွက်လာတာ မမြင်လိုက်လို့ပါ တောင်းပန်ပါတယ်''

ကြမ်းခင်းမှာ ကျနေသော ကြွေပန်းကန် အကွဲစတွေကို ကြောက်အားလန့်အားနှင့် ကောက်သိမ်းရင်း ဝေယံကို မျက်နှာငယ်ဖြင့် တောင်းပန်တိုးလျှိုးရှာသည်။

''နင် နိုးနားထောင်နေတာ မဟုတ်လား ဟမ် စိတ်ချပါ နင့်အမေရဲ့မာယာထဲမှာ ငါ့ဦးလေး လုံးဝ ရုန်းမထွက်နိုင်တော့ပါဘူး။ ခုတော့ နင်တို့သဘောပေါ့ ဟုတ်လား''

''အ''

ဝေယံစကားကို ကြောက်ရွံ့ပြီး ပြန်၍မတုံ့ပြန်ရဲပါ။ အကွဲစတွေကိုသာ ကမူးရှူးထိုး ကောက်ယူနေတုန်း လက်ကိုရှသွားသည်။ ပိုင်းလက်မှ သွေးတို့ ဖြာခနဲ ကျလာသည်။

ဝေယံ တွေခနဲ ဖြစ်ပြီး ဆရာဝန်စိတ်ဖြင့် ဒဏ်ရာကိုငုံ့ကြည့်ပြီးမှ မာနတို့က တစ်ဖန်ပြန်ပြီး လက်တို့သတိပေးပြန်သဖြင့် မျက်နှာကို ပြန်၍ တင်းမာလိုက်ပြီး ကိုယ်နှင့်မဆိုင်ဘူးဟူသော စိတ်ဖြင့် ပိုင်းအနား



www.burmeseclassic.com

www.burmeseclassic.com



မှ ထွက်လာခဲ့လိုက်သည်။

ဝိုင်း မျက်ရည်တို့ စိမ့်ကျလာပြန်သည်။

■ ■ ■

"ကိုကို"

"ခြောက် မင်းပြန်လာသေးတယ်ပေါ့ ဟုတ်လား"

ကိုကို့ကို ရှောင်သည့်အနေဖြင့် အပြင်ဟိုတယ်မှာ သုံးလေးရက်လောက် သွားနေသော အာကာ့ကို ဝေယံ ခပ်ငေါ့ငေါ့မေးလိုက်သည်။ အာကာ လက်ထဲမှ ဝိုင်းကို သွေးစစ်ထားသော အဖြေလွှာကို ဝေယံရှေ့ ချပေးလိုက်သည်။

ဝေယံ ဘာများလဲဟူသော သိချင်စိတ်ဖြင့် ယူကြည့်လိုက်သည်။ HIV negative ဟု ရေးထားသော သွေးအဖြေကြောင့် ဝေယံမျက်နှာ နှစ်ဖက်မြင့်တက်သွားသည်။ ပြီးမှ ခပ်ထေ့ထေ့ ပြုံးလိုက်ပြီး

"သွေးအဖြေက နက်ဂတစ်ဖြစ်နေပေမယ့် ဝင်းဒိုးပီးရီးရှော့ဒ် (window period) မိနေရင်လည်း ပိုးကို ချက်ချင်းမတွေ့နိုင်ဘူးကွ"

"ဒီမှာ ကိုကို ကိုကိုပြောနေတာတွေ ညီ နားမလည်ပေမယ့် ညီ သေချာတာတစ်ခုကို ကိုကို့ကို ပြောပြမှဖြစ်တော့မယ်၊ တကယ်တော့ ဝိုင်းနဲ့ကျွန်တော်ဟာ အကြင်လင်မယားလို ပေါင်းသင်းဆက်ဆံခဲ့မှုမြင်း မရှိသေးပါဘူး၊ ဝိုင်းဟာ ကျွန်တော်နဲ့မှမဟုတ်ဘူး ဘယ်ယောက်ျားနဲ့မှ သူ့ရဲ့အပျိုစင်ဘဝကို နိဂုံးမချုပ်ရသေးဘူး ကိုကို"

ညီ့စကားကြောင့် ဝေယံ ကိုယ့်နားပင် ကိုယ်မယုံနိုင်တော့။





"ဘာ ဝိုင်းရဲ့အပျိုစင်ဘဝကို နိဂုံးမချုပ်ရသေးဘူး ဟုတ်လား၊ အဟက် မင်းက သူ့လှည့်ကွက်ထဲ ကောင်းကောင်းတိုးဝင်မိနေပြီပဲ"

"တိုးဝင်တာမဟုတ်ဘူး ကိုကို၊ ညီက ဝိုင်းအကြောင်းကို ကိုကို့ထက်ပိုပြီး သိတယ်၊ သူ မာဆတ်မှာလုပ်တယ်ဆိုတာ အလှပြင်ဆိုင်ထင်ပြီး ဝင်လုပ်တာ၊ တစ်လလောက်အလုပ်ဝင်ပြီးမှ အနှိပ်ခန်း စဝင်ရတယ်၊ အဲဒီအနှိပ်ခန်း စဝင်ရတဲ့နေ့မှာပဲ ဝိုင်းဟာ ကျွန်တော့်ကိုဖုန်းဆက် အကူအညီတောင်းတယ်၊ သူ အဲဒီအလုပ်ကို မဖြစ်မနေ လုပ်ရတော့မှာမို့ သွေးရူးသွေးတမ်း အကူအညီတောင်းခဲ့တာပေါ့၊ ကျွန်တော် ချက်ချင်းပဲ ကာစတန်မာတစ်ယောက်အဖြစ် ဝိုင်း တာဝန်ယူရတဲ့အနှိပ်ခန်းထဲ ဝင်ခဲ့ရတယ်၊ ဝိုင်း ဘဝက အရမ်းသနားဖို့ကောင်းတယ် ကိုကို၊ ဒါကြောင့် အဲဒီနေ့မှာပဲ ကျွန်တော် ဝိုင်းကို တရားဝင်လက်ထပ်ယူခဲ့တယ်၊ ကံဆိုးချင်တော့ ဝိုင်းနဲ့လက်ထပ်ခဲ့ပြီး ဝိုင်းနဲ့ပျော်ပျော်ကြီး ချစ်ကြမယ်ဆိုတဲ့ ကျွန်တော့်ရဲ့အပျော်တွေ သက်တမ်းသိပ်မကြာခင်မှာပဲ ဂျွန့်ဆီက ဖုန်းဝင်လာခဲ့တယ်၊ သူ့ ဖုန်းထဲမှာ ဘာပြောလဲဆိုတော့ သူ သင်္ဘောတက်ဖို့ သွေးစစ်တာ သွေးထဲမှာ HIV ပိုး ရှိနေတယ်တဲ့၊ အဲဒီစကားတစ်ခွန်းဟာ ညီ့အတွက်တော့ ကမ္ဘာပျက်မတတ်ပါပဲ"

ဝေယံ ငြိမ်ပြီးနားထောင်နေရင်းမှ အာကာ့ကို ဖျတ်ခနဲ လှမ်းကြည့်သည်။ ဘာမှတော့ မပြော။

"တကယ်တော့ ဂျွန်နဲ့ညီ တစ်ခါတစ်ရံမှာ အပ်တစ်ချောင်းထဲကို အသုံးပြုပြီး မူးယစ်ဆေးသွင်းတတ်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ညီ ညီ မင်း မင်းက ဒါလည်း လုပ်တာပဲလား"

စိတ်လှုပ်ရှားသွားသော ကိုကို့ကိုကြည့်ပြီး အာကာ ခပ်မဲ့မဲ့ ရယ်လိုက်သည်။

"ညီ ဆေးသုံးတာကို ကိုကို မရိပ်မိတာဟာ ညီကပဲ ဟန်ဆောင်ကောင်းနေလို့လား၊ ဒါမှမဟုတ် ကိုကိုကပဲ ဆရာဝန်ပါးမဝသေးတာလား ကိုကိုပဲ ပိုသိမှာပေါ့"

ဝေယံ အပူတွေက တစ်ပူပေါ်တစ်ပူထပ်ဆင့်လာပြန်သည်။ HIV ပိုးဆိုတာ လိင်တူလိင်ကွဲ ဆက်ဆံရုံတင် ကူးစက်တာမဟုတ်။ မူးယစ်ဆေးသုံးစွဲရာမှလည်း အပ်တစ်ချောင်းထဲ နှစ်ယောက်သုံးမိရာမှလည်း ကူးစက်နိုင်သည်။

ဒါဆို ဝိုင်းမှာ HIV ပိုးမရှိတဲ့ ဂွန်ဆီကသာ ကူးခဲ့သည်ဆိုသည့် အနေအထားမျိုးပေါ့။

"မင်း မိုက်လိုက်တာ ညီရယ်၊ မာမီတို့ ဒယ်ဒီတို့သာ မင်း အကြောင်းတွေသိရင် မြန်မာပြည်ကို ချက်ချင်း ပြေးလာကြမှာ"

"ညီ ကိုယ့်မိုက်ပြစ်ကိုယ်ခံမှာပါ ကိုကို၊ ညီ့အတွက်ကြောင့် ဘယ်သူမှ ဂယက်အရိုက်မခံဘူး၊ အထူးသဖြင့် သိပ်ချစ်တဲ့ဝိုင်းကိုပေါ့၊ ဒါကြောင့် ကိုကို ဝိုင်းကို အထင်သေး ရှုတ်ချနှိပ်စက်ထားသမျှတွေအတွက် ကိုကို တာဝန်ယူပေးပါ"

"တော်စမ်း ညီ မင်းရဲ့ဝိုင်းက ဟင်းရွက်ကန်စွန်းမို့လို့ ငါ့လက်ထဲ အထွေးထိုးထည့်နေတာလား"





တခြားအရာဝတ္ထုပစ္စည်းဆိုလျှင် ညီ့သဘောဆန္ဒအတိုင်း ဆက်လက်သိမ်းဆည်းထားနိုင်ပေမယ့် ဒီလို အသက်ရှိ မိန်းကလေးတစ်ယောက်ကို ဆက်လက်တာဝန်ယူထိန်းသိမ်းရမယ်ဆိုသည့် ကိစ္စကြီးက အင်မတန် ရှုးနှမ်းသောလုပ်ရပ်တစ်ခုပါ။

"ဝိုင်းက ဟင်းရွက်ကန်စွန်းဆိုရင် အချိန်တန်ရင် သူ့ဟာသူ နွမ်းခြောက်သွားပါစေပေါ့ ကိုကိုရာ၊ ခုဟာက ကျွန်တော် သိပ်ချစ်တဲ့ မိန်းကလေးမို့ သူ့ဘဝလေးကို ကိုကို့လက်ထဲ အပ်ခဲ့မှ အသေဖြောင့်မှာ ပါ"

"အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းနဲ့ ညီ၊ မင်းရဲ့ကလေးအတွေးနဲ့ မကြံစည်သင့်တာကို မကြံစည်နဲ့၊ မင်းအကြံအစည်တွေ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး၊ ငါ အဲဒီမိန်းကလေးကို အစကတည်းက အထင်မကြီးတာ၊ တစ်သက်လုံး တာဝန်ယူရမယ်ဆိုတဲ့ကိစ္စကြီးက ပိုလို့တောင် မဖြစ်နိုင်သေးတယ်၊ မင်း စိတ်ကူးယဉ်ထားတဲ့ အချစ်ဟီးရိုးသမားကြီး မလုပ်ဘဲ သက်တမ်းစေ့ရှင်သန်နိုင်အောင် ဆေးကုသမှုကို ပုံမှန်ခံယူပါ၊ မင်း နောင်ဆယ်နှစ် အနှစ်နှစ်ဆယ်တောင် မသေစေရဘူး၊ ကိုကို အစွမ်းကုန်ကြိုးစားပြီး ကုမယ်"

"ရတယ် ကိုကို၊ မလိုဘူး ကိုကိုမှ ညီ့ဆန္ဒတွေကို မလုပ်ပေးနိုင်တာ ညီ အသက်ရှင်ပြီး ဘာအဓိပ္ပာယ်ရှိမှာလဲ"

မဆီမဆိုင်ကိစ္စတွေဖြင့် လူကို အပေးအယူလုပ်နေ၍ ဝေယံ ဒေါသထွက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မင်းသဘောပဲ ညီ၊ မင်းကိုယ်တိုင်အသက်ဆက်မရှင်ချင်တော့ဘူးဆိုရင်တော့ သဘောပေါ့"

လိုက်လျောပေးဆပ်ခြင်းဆိုတာ အတိုင်းအတာတစ်ခုထိပဲကောင်းသည်။ ဘဝနှင့်ရင်းဖို့အတွက် အသက်ကို စတေးဆိုလျှင်လည်းယုတ်ဆွအဆုံး စတေးနိုင်သည်။

ခုဟာက ကိုယ်မုန်းနေတဲ့ မိန်းမကို တစ်သက်စာ တာဝန်ယူပေးရမတဲ့။ တစ်ရေးနိုးထတွေးရင်တောင် သွေးပျက်ချင်စရာပါ။

■ ■ ■

## အခန်း (၃၀)

ရင်ခွင်ထဲတိုးဝင်ပြီး တသိမ့်သိမ့် ရှိုက်ငိုနေသော ပိုင်းကို လွှတ်ထွက်မတတ် ဖက်တွယ်လိုက်ပြီး ပိုင်း၏ဆံစတွေကို တရှိုက်မက်မက်နမ်းလိုက်သည်။

"မငိုပါနဲ့ ပိုင်းရယ်၊ အန်တီရော မောင်လေး ညီမလေးရောဟိုရောက်ရင် ပျော်ရွှင်တဲ့မိသားစုဘဝလေးကို ပိုင်ဆိုင်ရမှာပါ"

"ဒါပေမဲ့ ပိုင်း အမေ့ကိုသနားတယ် အာကာရယ်၊ အမေ့မှာခံစားနေရတဲ့ဝေဒနာတွေနဲ့ အာကာ့မှာ ရင်ဆိုင်နေရတဲ့ဝေဒနာတွေကိုပိုင်းတစ်ယောက်ထဲ ရင်ဆိုင်လိုက်ချင်တာပါ၊ ပိုင်းဘဝမှာ အမေရောအာကာရော မရှိတော့ရင် ပိုင်းဘဝ ဘယ်လိုဆက်ရှင်သန်ရမလဲ၊ ပိုင်းတို့ချစ်တဲ့သူနှစ်ယောက်စလုံးကိုမှ ဒီလို ရောဂါခံစားနေသတဲ့လား၊ ကံကြမ္မာကြီးက သိပ်ရက်စက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ဝိုင်းအပြစ်ပုံချခံရသူက ကံကြမ္မာပင်ဖြစ်သည်။

"ကိုယ်တို့ ကွာရှင်းကြရအောင် ဝိုင်းရယ်"

ထိုစကားကြောင့် ဝိုင်း ပို၍ ဝမ်းနည်းရပြန်သည်။ ဝိုင်းကို မနှစ်သက်မချစ်ခင်တော့၍ ကွာရှင်းတာမဟုတ်မှန်း သိပေမယ့် ခုချိန်မှာ ဒီလိုစကားမျိုး ပြောထွက်ရက်တာတော့ အာကာ နည်းနည်းလွန်လွန်းပါသည်။

"ရှင်မို့ပြောရက်တယ် အာကာရယ်၊ အခုချိန်မှာ ဝိုင်းကိုချစ်တဲ့ အမေနဲ့မောင်နှမတွေကလည်း ဝိုင်းကို ခွဲသွားကြပြီး အခုတစ်ခါ ရှင်ကပါ ဝိုင်းကိုထပ်ပြီး ခွဲဦးမလို့လား။ ကိုယ့်မှာ ဒီရောဂါပိုးကြီးရှိလို့ပါဆိုတဲ့ အကြောင်းပြချက်နဲ့ ဝိုင်းကို ထားသွားမလို့လား အာကာရယ်"

"ကိုယ်လို AIDS ရောဂါသည်အနားမှာ ဝိုင်းဘဝကြီးကို အနစ်မွန်းမခံနိုင်ဘူး။ တကယ်ဆို ဝိုင်း ဘဝလေးက ခုချိန်ထိ ဖြူစင်တဲ့အဖြူစင်လေးဘဝမှာပဲ ရှိသေးတာ"

"ဟင့်အင်း ဒါပေမဲ့ ဝိုင်းက အာကာရဲ့မိန်းမပဲလေ"

ခုချိန်မှာ အာကာ ဘယ်လိုအခြေအနေမျိုးမှာပဲရှိရှိ ဝိုင်း အာကာအနားမှာ ရှသက်ပန်နေမည်။ ဝိုင်းဘဝမှာ အာကာကလွဲပြီး အားကိုးရာမရှိတော့။

"ဝိုင်းရယ်"

ချစ်သူကို စွန့်လွှတ်ရမယ်ဟူသော အသိက အာကာ့အတွက် ကမ္ဘာပျက်သလိုကို ချောက်ချားစေပါသည်။





ဒါပေမဲ့ မစွန့်လွှတ်လို့မှ မရတော့တာ။

ဝိုင်းရဲ့ယောကျ်ားဟာ AIDS နှင့် သေသွားပါပြီဆိုမှတော့ လူတွေက ဝိုင်းကိုရော ဒီရောဂါသည်ဟုထင်ပြီး အထင်သေးရွံ့ချကြမှာ ကိုယ့်အစ်ကိုကအစ။

ဝိုင်း လူပုံအလယ်မှာ ဘယ်လိုဂုဏ်သိက္ခာမျိုးနဲ့ ရပ်တည်ရပါတော့မလဲ။

ဒါကြောင့် လူမသိသူမသိ လက်ထပ် လူမသိသူမသိ စွန့်ပစ်ရတော့မှာပေါ့။

■ ■ ■

" Happy Birthday ပါ ကိုကို"

ထမင်းစားပွဲပေါ်တွင် ပြင်ဆင်ထားသော စားသောက်ဖွယ်ရာတွေနှင့်အတူ ထူးထူးခြားခြား ပြုံးရွှင်နေသော ညီ့ကိုကြည့်ပြီး တင်းနေသော ဝေယံမျက်နှာမှာ ပြုံးယောင်သမ်းသွားသည်။

ဒီနေ့ ကိုယ့်မွေးနေ့ဆိုတာကိုပင် ဝေယံ မေ့နေသည့်အဖြစ်။

မေ့နေရအောင်လည်း သောကတွေက နည်းမှမနည်းပဲ၊ အထူးသဖြင့် ခေါင်းမာလွန်းသော ညီ့ကို ဆေးကုသဖို့ပြောမရခြင်းပင်။

"ဒီနေ့ ကိုကို့မွေးနေ့ဆိုတာ မေ့နေတယ်ကွာ၊ ညီက သတိရပေးလို့ သဲ့ခယူးပဲ"

"ညီအစ်ကိုချင်းပဲ ကိုကိုရာ၊ ကျေးဇူးတင်ဖို့ မလိုပါဘူး၊ ပထမတုန်းက ဝိုင်းကို ဒီစားသောက်စရာတွေ ပြင်ဆင်ခိုင်းမလို့၊ ဒါပေမဲ့ ခု



www.burmeseclassic.com

www.burmeseclassic.com



သူ အရမ်းဖျားနေတယ်၊ ညီတို့ မစားမသောက်ခင် ကိုကို ကြည့်ပေးလို့ ရမလား''

ညီ့စကားကြောင့် ကျေနပ်နေသောစိတ်ကလေး အလိုမကျခြင်းတွေ ပြန်ဝင်လာပြီး

''ဒီလမ်းထိပ်မှာ ဆေးခန်းရှိတယ်လေ၊ ကိုကိုက AIDS လူနာတွေကို ကုတာ''

ဒီမိန်းမနှင့်ပတ်သက်လာလျှင် ဝေယံ အားမနာနိုင်။ ယတိပြတ်ပင် ပြောချလိုက်သည်။ ညီ စိတ်ဆိုးဟန်မပြ၍ တော်သေး၏။

''အင်းလေ အဲလိုပဲ လုပ်ရတော့မှာပေါ့''

အာကာ အသင့်ပြင်ထားသော ဖန်ခွက်ထဲသို့ ရေခဲတုံးကို ညှပ်ဖြင့်ထည့်လိုက်ပြီး ဂျော်နီဝါကာ ပုလင်းထဲမှ အရက်အနည်းငယ် ထည့်ပေးလိုက်သည်။

''ရော့ သောက်လိုက်ပါဦး ကိုကို''

''မသောက်ချင်ပါဘူး ညီရာ''

ဝေယံ အရက်မကြိုက်တာ အာကာ သိပေမယ့် ရအောင်တိုက်မှဖြစ်မည်။

''ကိုကိုရာ ညီသောက်ချင်လို့ပါ။ ဟိုကောင် ဂွန်တို့နဲ့သွားသောက်ရင် ဆေးပါသုံးမိသွားမှာစိုးလို့၊ အိမ်မှာပဲ ညီအစ်ကိုနှစ်ယောက်၊ ကိုကို့ မွေးနေ့အထိမ်းအမှတ်ပွဲလေးလုပ်ပြီး တူတူသောက်ကြမယ်၊ ပြီးရင် ညီ ကိုကို့ကိုပြောစရာရှိတယ် ကိုကို ဝမ်းသာမှာပါ ရော့ ညီ့ကိုချစ်ရင်သောက်





ပါ ကိုကိုရာ''

ဟိုးအရင်ငယ်ငယ်ကအတိုင်း သူ လုပ်ချင်တဲ့အရာမှန်သမျှကို ဇွတ်အတင်း မရမက တောင်းဆိုတတ်သော ညီ့အကျင့်ကို သိထားသူမို့ ဝေယံ တအားမငြင်းတော့ဘဲ ကမ်းပေးနေသော အရက်ခွက်ကိုလှမ်းယူပြီးမော့လိုက်သည်။

အရက်သောက်လေ့သောက်ထမရှိ၍ လည်ချောင်းထဲ စီးဝင်သွားသော အရက်၏ပြင်းရှသော ခံစားမှုက သက်သောင့်သက်သာမရှိ။

ညီ နောက်တစ်ခါထပ်ငှဲ့ပေးပြန်သည်။ ငြင်းနေလည်း ဘာမှထူးမှာမဟုတ်၍ သူ့စိတ်တိုင်းကျ အလိုလိုက်ပြီး ဆေးကုသမှုခံယူဖို့ ချော့ပြောရမှာပင်။

''ရော့ ကိုကို အမြည်းစားလိုက်ဦး''

အမြည်းပန်းကန်ထဲမှ အသားပြားတစ်ဖက်ကို တူနှင့်ညှပ်ပြီး သူ့ကိုယ်တိုင် ခွံ့ကျွေးသည်။

''ဒါနဲ့ မမ ကံ့ကော်ပွင့်နဲ့ ကိုကိုနဲ့ရော ဘယ်တော့ လက်ထပ်မှာလဲ''

''အဝေးကြီးရှိပါသေးတယ်ကွာ၊ သူက နိုင်ငံခြားမှာ ပညာတော်သင်သွားဦးမှာ''

''ဟင် ဟုတ်လား၊ ဘယ်တော့လဲ''

''သူ သီးဆစ်တစ်ခုရေးနေတယ် အဲဒါပြီးရင် သွားမှာ''

''ဪ အဟဲ ဒါပေမဲ့ ဒီည ကိုကို့ဆီကို မမကံ့ကော်ပွင့် လာ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်''

ကလေးဆန်လွန်းသော ညီ့စကားကြောင့် ဝေယံ ဟွန့်ခနဲ ရယ်လိုက်ပြီး

''လာတော့ ကောင်းတာပေါ့ကွ ဆေးရုံမှာဆို စီနီယာနဲ့ဂျူနီယာဆိုတဲ့ တလေးတစားဆက်ဆံမှုတွေ လုပ်ငန်းခွင်ရဲ့အရှိန်တွေကြောင့် သူနဲ့ငါ လွတ်လွတ်လပ်လပ်ကို မတွေ့ရပါဘူး''

''ဒါဆို ဒီည ကိုကို တွေ့ရမှာပေါ့''

''မဖြစ်နိုင်တာ ညီရာ၊ ကံ့ကော်ပွင့်က ကိုကို့ဆီ ဘယ်လိုအကြောင်းကြောင့် လာမှာလဲ၊ ဒီအိမ်တောင် တစ်ခါမှ မလာဖူးတာ''

''အဟက် ကိုကို့ရဲ့ညီပါ၊ ကိုကို့မွေးနေ့အထိမ်းအမှတ်အနေနဲ့ ဖိတ်ထားတာ၊ သူ ဆေးခန်းထိုင်ပြီးမှ လာမှာတဲ့''

''မင်းနဲ့ကံ့ကော် ဘယ်လိုသိလဲ''

''ဝိုင်းကို သွေးစစ်ပေးတာ မမကံ့ကော်ပွင့်ပဲဟာ၊ ညီ့ကိုလည်း ကိုကို့ညီမှန်းသိအောင် ညီက မိတ်ဆက်လိုက်တာပေါ့၊ သူက ပြောတယ် ညီ့ရောဂါကြောင့် စိတ်ဓာတ်မကျဖို့နဲ့ ဆေးကုသမှုကို စနစ်တကျခံယူဖို့ပေါ့''

စိတ်ထဲမှာ ကံ့ကော်ပွင့်ကို ကျေးဇူးတင်မိသည်။

''နောက်ပြီး ကိုကို့ကို ပြောစရာရှိတယ်''

''ပြောစေဗျာ ဒီနေ့ ညီ ပြောတာမှန်သမျှ ကိုကို့နားထဲမှာ နားဝင်ချိုနေသလိုပဲကွာ''





ယမကာအရှိန်လေးကြောင့် ဝေယံ စကားတွေရှင်လာသည်။

''ဝိုင်းနဲ့ကျွန်တော် ကွာရှင်းလိုက်ပြီ ကိုကို၊ ကျွန်တော် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးပြီးသွားပြီ''

ကြားရသမျှစကားထဲမှာ ထိုစကားသည် ပျားသကားလို အချိုမြိန်ဆုံးစကားပဲ ဖြစ်သည်။

''ကောင်းတယ် ညီ၊ ဒါဆို ဒီမိန်းကလေးကို လေးလေးတို့ရှိတဲ့ ပြင်ဦးလွင်ကိုသာ လိုက်သွားခိုင်းလိုက်တော့''

အာကာ ဘာမှပြန်မပြော။ အမြည်းတွေကိုသာ တစ်ခုပြီးတစ်ခု နှိုက်စားနေ၏။

''ရော့ ကိုကို ထပ်သောက်ဦး''

အာကာ ထပ်ထည့်ပေးသည်။ ဝေယံ မငြင်းတော့။ ဒီည ညီ့စိတ်တိုင်းကျနေပေးလိုက်ရုံပင်။ ယမကာအရှိန်လေးကလည်း တရိပ်ရိပ်တက်လာ၍ ဝေယံ စကားတွေ လိုအပ်တာထက်ပို၍ ရှင်လာသည်။

■ ■ ■

ခုတင်ထက်တွင် ယှဉ်လျက် အိပ်မောကျနေသော ဝိုင်းနှင့်ဝေယံကိုကြည့်ပြီး အာကာ့ရင်ထဲမှာ တမြေ့မြေ့နှင့် လောင်ကျွမ်းနေရသည့် မီးညွန့်တစ်ခုလိုပါပဲ။

ဒီလိုအခြေအနေဖြစ်အောင် ရင်ကို အကွဲခံ နှလုံးသွေးတွေကို ကိုယ်ကိုယ်တိုင် ဖောက်ထုတ် ဟီးရိုးဆန်သော အချစ်တွေနှင့် ကိုယ့်ချစ်သူကို တစ်ပါးသူရင်ခွင်ထဲ အတင်းပို့လိုက်ရသည့်လုပ်ရပ်ကို တော်ရုံ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမျိုး လုပ်နိုင်မည်မထင်ပါ။

ကိုယ်ကိုယ်တိုင် တစ်ကိုယ်တော် လျှို့ဝှက်စီစဉ်ပြီး ခုလို အခြေအနေမျိုးကို ဖန်တီးလိုက်မိ၍လည်း ဘယ်တော့မှ နောင်တရမိမှာမဟုတ်။

အခု ကိုယ့်အဖြစ်က ဘာနှင့်တူနေသလဲဆိုတော့ ကိုယ့်ခန္ဓာကိုယ်ပေါ်မှာ တဆစ်ဆစ်နာကျင်ကိုက်ခဲနေသော အနာကို ဓားထက်ထက်နှင့် လှီးထုတ်ရသလိုမျိုးပေါ့။ ဘယ်လိုနည်းလမ်းကိုပဲရွေးရွေး အဆုံးမှာ နာကျင်ရမည့်သူက ကိုယ်ပဲဖြစ်သည်။

သို့သော် ထိုနာကျင်မှုသည် ဝိုင်းဘဝလေး ကူကယ်ရာမဲ့ပြန်ဖြစ်သွားမှာထက်စာလျှင် ဘာမှမပြောပလောက်။

တကယ်တော့ ရင်ထဲမှာ ခါးသီးသော ခံစားမှုတွေကို ဖွင့်အတင်းမျိုမြိုနှိုင်းနေသော အာကာမင်းသွဲ့ဆိုတာ အချစ်ကို ကိုးကွယ်ချင်တဲ့အချစ်သမားစစ်စစ်တစ်ယောက်ပါ။

ကိုယ်မသိသော ယောက်ျားတစ်ယောက်၏ရင်ခွင်မှာ ဝိုင်း ထေမိမ်နိုဝင်ရမည့်အတူတူ ကိုယ့်အစ်ကို၏ရင်ခွင်ထဲ စိတ်ချလက်ချ လွှဲအပ်ခဲ့တာက အာကာ့အတွက်-အသေဖြောင့်နိုင်မည့် ယုံကြည်မှုတစ်ခုဖြစ်သည်။

ဝိုင်း၏မနော်စိတ်သည် အရောင်မစုံသော အဖြူရောင်စိတ်ခံစားမှုသက်သက်ဖြစ်သည်။ အရောင်မရှိသော စိတ်ဟာ ရိုးသားသည်ဟုပြော၍ရပေမယ့် တစ်ခါတစ်ရံမှာတော့ လူညံ့ဖြစ်သွားတတ်သည်။

ကိုယ်မရှိတော့သည့်အချိန်မှာ ဝိုင်းကို လူညံ့တစ်ယောက်အဖြစ်နှင့် ရပ်တည်ကျန်ခဲ့ရမှာကို အာကာ မလိုလားပါ။ ဒါကြောင့် ကိုယ်





ဆယ်သူ နမ်းရှိုက်ဖို့ကြိုရွယ်ခဲ့သော ရေမျောပန်းလေးကို ကိုကို့ထံမှာ ဖွင့်အတင်း လွှဲအပ်ခဲ့မိတာပါ။

ခွင့်လွှတ်ပါ ကိုကို။ အကယ်၍ ဝိုင်းဟာ ကိုကိုထင်သလို မိန်းကလေးမျိုး ဖြစ်ခဲ့မယ်ဆိုရင်တော့ ကိုကို့ရင်ခွင်ထဲ လွှဲပြောင်းပေးအပ်ခဲ့မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ဝိုင်းဟာ သိပ်ကိုရိုးသားဖြူစင်တဲ့ ရေမျောပန်းလေးတစ်ပွင့်ပါ။ မယုံရင် နမ်းရှိုက်ကြည့်လိုက်ပါ ကိုကိုရာ။ ကိုကို့ရင်တွေ ရှိန်းမြကြည်လင်လာမှာပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဟာ မိုးတောင်လင်းနေပြီပဲ"

ကျလိကျလိ မြည်နေသော ငှက်ကလေးတွေအသံ နားထဲတိုး ဝင်လာသည့်အတွက်ကြောင့် ဝေယံ မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာပြီး အသားချင်းထိကပ်အောင် အိပ်စက်နေသော ဘေးမှ ပိုင်းကို မြင်လိုက်ရ၍ ခေါင်းတစ်ခုလုံး အစိတ်စိတ်အမွှာမွှာ ပျက်စီးကြေမွသွားသလို လူက အိပ်နေရာမှ ဆတ်ခနဲ ထထိုင်လိုက်သည်။

ဘာမှ ခြယ်သလိမ်းကျံထားခြင်းမရှိသော ပိုင်း၏မျက်နှာဖူးဖူး လေးသည် ပန်းလေးတစ်ပွင့်လို လှသည်ဆိုတာ အနီးကပ်မြင်တွေ့ရ၍ ကြည့်လိုက်ရပေမယ့် စိတ်လှုပ်ရှားတုန်လှုပ်သွားသော ထိုတဒင်္ဂမှာ ထို အလှအပကို ခံစားဖို့ဝေးစွ။ ကိုယ့်ဘဝကြီးတစ်ခုလုံး ပျက်စီးသွားသလို ကိုယ့်ကမ္ဘာလေး ပျက်စီးရပြီ။





"ဒါ ဒါက ဘယ်လိုဖြစ်ရတာလဲ"

လွှမ်းခြုံထားသော မိုးပြာရောင် ယုန်မွေးစောင်ကြီးအောက်မှာ နှစ်ယောက်သား အတူအိပ်စက်ခဲ့ရအောင် ဘယ်သူက ဒီလိုဖန်တီးခဲ့တာ လဲ။ ပိုင်းက မြူဆွယ်ခဲ့တာလား။ ဒါပဲဖြစ်မည်။

လက်တစ်လုံးအင်္ကျီလေးနှင့် မလုံတလုံအိပ်မောကျနေသော ပိုင်း ကို အော်ဂလီဆန်စွာ ကြည့်လိုက်ပြီး ကိုယ်ပေါ်မှ စောင်ကိုဆွဲဖယ်လိုက် သည်။

"ဟင်"

ကိုယ့်ခါးအောက်ပိုင်းက ဇလာမြင်ကွင်းက ကိုယ့်မျက်စိဝင် ကိုယ်ရှက်သွားကာ စောင်ကို အလန့်တကြား ဆွဲ၍ ပြန်ခြုံလိုက်ရပြီး ကိုယ်ကိုယ်တိုင် ချွတ်လိုက်သည်လားဆိုတာ သေချာမသိတော့သော အာရုံ ရှုပ်ထွေးမှုတွေနှင့်အတူ ခုတင်ဘေးတွင် ပုံလျက်သားလေး ငြိမ်သက်နေ သော သက္ကလပ်ဘောင်းဘီရှည်နှင့် အတွင်းခံဘောင်းဘီကို ခပ်မြန်မြန် ကုန်းကောက်လိုက်ပြီး ပိုင်း နိုးမလာခင်မှာ ကပျာကယာ ဝတ်လိုက်သည်။

ဝေယံ စိတ်တွေ တော်တော်လှုပ်ရှားနေသည့်မို့ လက်တွေက ဆေးသမားလို တုန်ခိုက်နေ၏။ ကြောက်လည်း ကြောက်နေသည်။

ထိုစဉ် အခန်းတံခါးချပ် ဖျတ်ခနဲ ပွင့်လာသည်။ မျက်နှာတစ်ခု ဘွားခနဲ ပေါ်လာသည်။ ထိုမျက်နှာပိုင်ရှင်သည် အာကာလည်းမဟုတ် လေးလေးလည်းမဟုတ် ဝေယံချစ်ရသော ကံ့ကော်ပွင့်၏မျက်နှာဖြစ်သည်။

ကံ့ကော်ကို မြင်လိုက်သည်နှင့် ဘောင်းဘီဖစ်ဆွဲ၍ ဝတ်နေသော



www.burmeseclassic.com

ဝေယံမှာ အမြောက်ဆံထိမှန်သူလို ခန္ဓာကိုယ်တစ်ခုလုံး လေထဲမြောက်တက်သွားသလို ခံစားလိုက်ရသည်။ လူက ဆောက်တည်ရာမရတော့လောက်အောင် စိတ်တွေချောက်ချားသွားရသည်။ ဝေယံဘာဝ သွားပြီ။

"ဆောရီးပဲ ဒေါက်တာသျှံ ကံ့ကော် ညက မွေးနေ့လက်ဆောင်လာမပေးဖြစ်လို့ ခုမနက် ဆေးရုံအတူတူသွားရင်း မွေးနေ့လက်ဆောင်ဝယ်ပေးမလို့ လာဝင်ခေါ်တာ၊ ဒီရောက်တော့ မောင်အာကာ ပြောတာတွေက မယုံနိုင်လောက်အောင်ပါပဲ၊ ဒါကြောင့် ကံ့ကော်ကိုယ်တိုင် ဝင်ကြည့်မိတာ"

ကံ့ကော်ပွင့် အသံတို့သည် ရှက်ရွံ့နာကျင်ခြင်းတွေဖြင့် အများခတ်တုန်ယင်နေသည်။

"မဟုတ်ဘူး ဒီ ဒီလို အခြေအနေကို ကိုယ် ဘယ်လိုရင်ဆိုင်လိုက်ရမှန်း မသိအောင်ကို ကိုယ် ဘာတစ်ခုမှ ပြန်စဉ်းစားလို့ မရတော့ဘူး၊ ကိုယ် ကိုယ် နိုးလာတော့ ဝိုင်း ဝိုင်းခုတင်ပေါ်မှာ ကိုယ်ရောက်နေတယ်"

အာကာ အခန်းထဲဝင်လာသည်။

"ညက ကိုကိုကိုယ်တိုင် ဝိုင်းကို တာဝန်ယူမယ်ဆိုပြီး ပြောခဲ့တာပါ"

"ဘာ ငါက ပြောတယ် ဟုတ်လား"

"ဟုတ်တယ်လေ ညီနဲ့ဝိုင်း ကွာရှင်းပြီးသွားတဲ့အတွက် ညီဆန္ဒတွေအတိုင်း ဝိုင်းကို ကိုကို လက်ထပ်ပါမယ်ဆိုပြီး ကိုကိုကိုယ်တိုင်





ကတိတွေအထပ်ထပ် ပေးခဲ့တယ်လေ၊ နောက်ပြီး ဝိုင်း ညက အဖျားတွေအရမ်းတက်နေလို့ ကိုကို ကိုယ်တိုင်ပဲ ဝိုင်းကိုဆေးထိုးပြီး တစ်ကိုယ်လုံးကို ရေပက်တိုက်ပေးမယ်ဆိုပြီး ပြောခဲ့တာပဲ၊ ညီက ဝိုင်းနဲ့ဘာမှမဆိုင်တော့လို့ ကိုကိုကိုယ်တိုင် ဝိုင်းကို ပြုစုမှာပဲဆိုပြီး ညီ့အခန်းထဲ ဝင်အိပ်ခဲ့တာ၊ ဒါပေမဲ့ ဒီလိုအခြေအနေကြီး ဖြစ်သွားလိမ့်မယ်လို့တော့ ညီလည်းကြိုမတွေးထားဘူးလေ"

အပိုင်ချည်ခံလိုက်ရသော အာကာ့စကားက ကံ့ကော်ရှေ့မှာဘယ်လိုအင်အားမျိုးနှင့်မှ ငြင်းဆန်၍မရတော့။ ခုနေ မရမက ငြင်းဆန်နေလည်း ကိုယ်သာလျှင် ဗီလိန်ဖြစ်ဦးမည့်အပြင် ကံ့ကော်၏အထင်သေးရွံချမှုကို ပြင်းပြင်းထန်ထန် ခံစားရဦးမည်။

ဒီတော့ သွေးရူးသွေးတန်း ငြင်းနေမည့်အစား ညီ့ကိုသာ စိမ်းတောက်သောအကြည့်ဖြင့် ကြည့်လိုက်ပြီး

"မင်း ငါ့ကို ညက အရက်မူးအောင်တိုက်ပြီး ဒီလိုအခြေအနေဖြစ်အောင် ဖန်တီးလိုက်တယ်ပေါ့ ဟုတ်လား အာကာမင်းသျှ"

အာကာ ဘာမှပြန်ရှင်းမပြခင်မှာပင်

"သြော် စီနီယာ ကံ့ကော် ဆေးရုံကိုသွားနှင့်တော့မယ်နော်"

ကံ့ကော်နှုတ်ဆက်ပြီး ဝေယံမြင်ကွင်းရှေ့မှ ချာခနဲ လှည့်ထွက်သွားလေ၏။

ဝိုင်းကတော့ အိပ်ဆေးအရှိန်ကြောင့် အိပ်မောကျနေဆဲပါ။

အာကာ စိတ်ထဲမှာ ကြိတ်ပြီး ကျေနပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကို တစ်ချိန်ချိန်မှာ ကိုကို ချစ်သွားပါလိမ့်မယ်။

ညီ သိနေတယ် ကိုကို။

■ ■ ■

"ဟင့်အင်း မဖြစ်နိုင်ဘူး။ ဝိုင်း မယုံဘူး အာကာ၊ ဝိုင်းကို ညာပြောနေတာ"

"ယုံပါ ဝိုင်း။ ခုလေးတင်ပဲ ကိုကို ဒီအခန်းထဲကနေ သွေးရှူး သွေးတန်း ထွက်သွားတာ၊ ဝိုင်း မယုံရင် ကြည့်လိုက်လေ"

"ဝိုင်းက ဘာကိုကြည့်ရမှာလဲ"

"ဝိုင်း ကိုယ်ပေါ်က အကျီတွေကိုပေါ့"

ဝိုင်း ငုံ့ကြည့်လိုက်သည်။

"ဟင် ဒီ ဒီအဝတ်အစားတွေက ဘယ်သူလဲပေးထားတာလဲ"

"ကိုကိုပေါ့ ညက ဝိုင်း အပြင်းဖျားတယ်၊ ကိုကိုကိုယ်တိုင် ဝိုင်းကို ဆေးထိုးပေးတယ်၊ ပြီးတော့ ချွေးတွေရွှဲနစ်လာတဲ့ဝိုင်းကိုယ်ပေါ်က အဝတ်တွေကို ကိုကို ကိုယ်တိုင်လဲပေးတယ်၊ ပြီးတော့ အရက်အလွန် အကျွံသောက်ထားမိတဲ့ ကိုကို ဝိုင်းအပေါ်မှာ အပြစ်ကျူးလွန်လိုက်တယ်"

ဝိုင်း မျက်ရည်တို့ စီးကျလာကာ အာကာ့ကို ကြေကွဲစွာ ကြည့်လိုက်ပြီး

"ရက်စက်လိုက်တာ အာကာရယ်၊ ဝိုင်း ဝိုင်း ရှက်လိုက်တာ"

"ကိုယ့်ကိုခွင့်လွှတ်ပါ ဝိုင်းရယ်၊ ဝိုင်းဘဝလေး တည်ငြိမ်အေး ချမ်းဖို့အတွက် ကိုယ် သိပ်ချစ်တဲ့ဝိုင်းကို ကိုကို့ရင်ခွင်ထဲ လွှဲပြောင်းပေး





အပ်လိုက်ပါပြီ၊ ညက စပြီး ဝိုင်းဟာ ကိုကို့ဇနီးဖြစ်သွားခဲ့ပါပြီ"

"ဝိုင်းဘဝကို ဘာဖြစ်လို့ ကိုယ့်သဘောဆန္ဒအတိုင်း ခြယ်လှယ်နေရတာလဲ အာကာ၊ ဝိုင်းကို အင်မတန်မုန်းတီးနေတဲ့ ကိုကို့ရင်ခွင်ထဲ လွှဲပြောင်းပေးရလောက်အောင် ဝိုင်းက တန်ဖိုးမဲ့တဲ့ မိန်းကလေးလား၊ ဝိုင်းက အဲလောက်တောင် အပေါစားဆန်နေလို့လား"

ထိန်းချုပ်ထားသော ခံစားမှုတို့ ရုပြုပေါက်ကွဲသွား၍ အာကာ့ကို အော်ဟစ်ပြောဆိုလိုက်သည်။

"စိတ်ကြိုက်သာ ပေါက်ကွဲပစ်လိုက်ပါ ဝိုင်း၊ ဒီအချိန်တွေကို ကျော်လွန်သွားတာနဲ့ ဝိုင်းဘဝလေး အေးချမ်းသွားပါလိမ့်မယ်၊ AIDS ဖြစ်နေတဲ့ကောင်ရဲ့ ဇနီးမယားအဖြစ်နဲ့ ရှင်သန်ရတာထက်စာရင် ကိုကို့ ဇနီးအဖြစ် ရှင်သန်ရတာ ဝိုင်းအတွက် သိက္ခာပိုရှိပါတယ်၊ ဒါကြောင့် ကိုယ့်သဘောဆန္ဒအတိုင်း ကိုယ် ခြယ်လှယ်ခဲ့တာပါ"

အာကာ၏အသံက ခံစားချက်ကင်းမဲ့နေသလိုမျိုး လေသံအနိမ့် အမြင့် အတက်အကျမပါ။ သောကတွေကို မနည်းဖုံးဖိထားရမှန်း သိသာပါသည်။

■ ■ ■

"ငါ မင်းကို လက်ထပ်မယ် ဝိုင်း"

အေးစက်ပြီး အသက်မပါသော တောင်းဆိုမှုကြောင့် ဝိုင်း မသိမသာ မဲ့လိုက်သည်။

"ဝိုင်းက ကိုကို့အမြင်မှာ သိပ်ကိုတန်ဖိုးမဲ့တဲ့ မိန်းကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဆိုတာ သီသီကြီးနဲ့ ဝိုင်းက လက်ခံရမှာလား ကိုကို"

အထာကိုင်သည်ဟု ထင်သွားသောကြောင့် ဝေယံ အကြည့်တွေက ဝိုင်းထံသို့ စူးခနဲ ရောက်လာသည်။

"ဒီမှာ ငါက နှင့်ကိုချစ်လွန်းလို့ မြတ်နိုးလွန်းလို့ သိပ်ကိုတန်ဖိုးထားပိုင်ဆိုင်ချင်လွန်းလို့ လက်ထပ်ခွင့်တောင်းနေတယ်လို့ ထင်နေလား ဟမ်"

ဝိုင်း ဘာမှပြန်မချေပတော့။ အစကတည်းက ဝိုင်းရဲ့မာနတွေ အရှက်တရားတွေကို ဦးချိုးခံထားရ၍ ဝိုင်းမှာ ဘာပြန်ပြောနိုင်သည့် အင်အားတွေ သတ္တိတွေ ရှိရမှာလဲ။

"လောကမှာ ငါက ကံအဆိုးဆုံးယောကျ်ားပဲ၊ ငါသိပ်ချစ်တဲ့ ချစ်သူကို မျက်နှာပြောင်တိုက် စွန့်လွှတ်ပြီး ငါ အမုန်းဆုံးဖြစ်တဲ့မိန်းမတစ်ယောက်ကို မလွှဲသာမရှောင်သာလို့ ခရီးသွားဟန်လွှဲ လက်ထပ်ရတော့မှာမို့ ငါ့ရဲ့ဘဝကြီး ခုကစပြီး သေဆုံးသွားပြီ"

မျက်နှာကို တံတွေးဖြင့် အကြိမ်ကြိမ်ထွေးခံနေရသလို ဝိုင်း အရှက်တရားတွေဟာ ဝေယံရှေ့မှာ ဘယ်တော့မှ ကုန်ဆုံးတော့မည်မဟုတ်။

"အဲဒါဆိုရင်လည်း ဝိုင်းကို လက်မထပ်ပါနဲ့ ကိုကို၊ ဝိုင်း ဒီအိမ်ကနေထွက်သွားပေးပါ့မယ်"

"ဟား အဲဒါ ငါအဖြစ်ချင်ဆုံးဆန္ဒတစ်ခုပဲ၊ အဲလိုသာ လုပ်ပေးမယ်ဆိုရင် ငါ မင်းကို သိပ်ကျေးဇူးတင်တယ်၊ ငါ့အမြင်မှာ မင်းဟာ





မနုပ်တဲ့ထမင်းလိုပဲ၊ ဘယ်လိုမှ မစားသင့်တဲ့အရာတစ်ခုပဲ၊ အဲဒီမနုပ်တဲ့ထမင်းထဲမှာ အဆိပ်ဖြန်းထားသလိုကို မင်းဟာ အဆိပ်ပြင်းတဲ့မိန်းမယုတ်တစ်ယောက်ပဲ"

ဝိုင်း ဆက်ပြီး နားထောင်နိုင်စွမ်းမရှိတော့ပါ။ ထို့ကြောင့် ဝေယံရှေ့မှာ မျက်ရည်မကျအောင်ထိန်းပြီး အနားမှ လှည့်ထွက်ခဲ့လိုက်သည်။

ဝိုင်း ဒီအိမ်မှာ ဆက်မရှိသင့်တော့ပါဘူး။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဝုန်း"

"ချလွင်"

"ကိုကို ရက်စက်တယ်၊ ကိုကို့လုပ်ရပ်က လုံးဝကို လူမဆန်ဘူး ဆိုတာ ကိုကို သိရဲ့လား"

ဝိုင်းဘဝလေး ပို၍တည်ငြိမ်သွားပြီဟု ထင်သွားပြီးကာမှ အိမ်မှ ထွက်သွားသော ဝိုင်းကြောင့် ဝေဒနာတွေကြားမှ သောကတို့ ထပ်မွေးပြန်သည်။

"ဝိုင်း ဘယ်ကိုသွားတာလဲ၊ ကိုကို လိုက်မရှာဘူးလား"

"ငါနှင်ချတာမှမဟုတ်တာ၊ သူ့စိတ် သူ့သဘောနဲ့ ထွက်သွားတာပဲ"

"အဲဒါ ကိုကိုစနက်မကောင်းဘူးလေ၊ ဝိုင်းက ကိုကိုထင်သလို





မိန်းကလေးမျိုးမဟုတ်ပါဘူးလို့ ပြောထားရက်နဲ့ဗျာ၊ ဝိုင်းကို ခုလိုလုပ်လိုက်တာဟာ ကိုကို ညီ့ဘဝကို မြန်မြန်သေအောင် သတ်လိုက်သလိုပဲ"

ကလေးတစ်ယောက်လို ဟီးချင်းချ ငိုကာ ပြောသော ညီ့ဝမ်းနည်းကြေကွဲပူဆွေးနေမှုကိုတော့ ဝေယံ စိတ်မကောင်းဖြစ်မိသည်။

သို့သော် ဝေယံ့မှာ နှစ်သိမ့်စရာ စကားလုံးမရှိ။

ဝေယံကြောင့် ဝိုင်း ထွက်သွားရတာ မှန်ပေမယ့် ကိုယ့်ဘက်က ကြည့်လျှင်တော့ ကိုယ့်ခံစားမှုအတိုင်း ဖွင့်ထုတ်ခွင့်ရှိသည်ပဲ။

ဝိုင်းဟာ ငြင်းရက်စရာမရှိအောင် လှပသော မိန်းကလေးဆိုတာ မှန်ပေမယ့် ဝေယံ လက်ထပ်ရမည့် ဇနီးတစ်ယောက်ဖြစ်ဖို့အဆင့်မမီတာ။

ဒါ့အပြင် သူ့ကြောင့် ကံ့ကော်ပွင့်၏ကျောခိုင်းသွားခြင်းကို ခံခဲ့ရသည့်အပြင် ခုဆိုလျှင် ကံ့ကော်ပွင့်ဟာ ဆေးရုံမှထွက်ပြီး နိုင်ငံခြားပညာတော်သင်သွားဖို့ လုပ်နေပြီ။

ကိုယ့်ဘက်က ဘယ်လိုပင် ရှင်းပြခဲ့ပေမယ့် သူ မြင်ခဲ့ရသော မြင်ကွင်းက ဘယ်လိုမှ သူ့ရင်ထဲက နာကျင်မှုကို မလွှမ်းမိုးနိုင်ခဲ့။

"ညီ ကိုကို့ကို မုန်းတယ်၊ ကိုကိုဟာ သိပ်ကိုအတ္တကြီးတဲ့လူတစ်ယောက်"

ဪ ဖြစ်မှဖြစ်ရလေတယ်။ ငါက မင်းသိပ်ချစ်တဲ့ ချစ်သူကို မချစ်ခင်မနှစ်သက်လို့ အကြင်လင်မယားအဖြစ် မပေါင်းသင်းနိုင်တာဟာ ငါအတ္တကြီးတယ်တဲ့လား။ မင်းကြောင့် ငါ မြတ်နိုးတဲ့ ကံ့ကော်ပွင့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းခြင်း ခံခဲ့ရတဲ့အပြင် ငါဟာ သိပ်ကို အတ္တကြီးတဲ့လူတစ်ယောက် ဖြစ်ရပြန်ပြီတဲ့လား။

"ကျွန်တော် ဒီနေ့ကစပြီး ဘာဆေးမှမသောက်တော့ဘူး ကိုကို"

"ဟင် မင်း အဲလိုဖွတ်လုပ်လို့ မရဘူးကွ၊ ပုံမှန်သောက်ရမယ့် ဆေးကို မသောက်ဘဲ ဖျက်လိုက်ရင် ရောဂါပိုးကို သွားဆွသလိုဖြစ်ပြီး ဆေးယဉ်သွားရင် မင်းရောဂါ ပိုဆိုးသွားလိမ့်မယ်"

"ဆိုးပါစေ ကျွန်တော် မမှုဘူး ကိုကို၊ ကျွန်တော်နဲ့ကိုကိုကြောင့် ဝိုင်း ဘဝ လမ်းပေါ်ရောက်သွားတဲ့အတွက် ကျွန်တော် အသက်ဆက်ရှင် တော့ရော ဘာထူးမှာလဲဗျာ"

အာကာမင်းသို့၏ ချောင်ကျသွားသော မျက်နှာပေါ်မှာ သောက တွေက အစုလိုက်အပြုံလိုက် တိုးသိပ်နေ၏။

"ညီ ကိုကို တောင်းပန်တယ်ကွာ၊ ဒီတော့ ကိုကို ဝိုင်းကို ပြန်ရှာပြီး ခေါ်ပေးမယ်"

"ကိုကို ညီ့ကို နှစ်သိမ့်နေတာမဟုတ်လား၊ ရင်ထဲမှာတော့ ဝိုင်းကို သေလောက်အောင် မုန်းနေပြီးတော့"

ကလေးဆန်လွန်းသော ညီ့ကိုကြည့်ပြီး ဝေယံ သက်မခင်းလေး လေးချကာ

"ကိုကို ညီ့ကို မညာပါဘူးကွာ"

"တကယ်နော်"

"တကယ်ပါ ကိုကို မတွေ့တွေ့အောင် ပြန်ရှာပေးမယ်"





"ဘယ်နရက်အတွင်းလဲ"

"တစ်ပတ် အဲ တစ် တစ်လအတွင်းကွာ"

ဒီအချိန်မှာ ညီ့ဆန္ဒကလွဲ၍ ဘာမှအရေးမကြီးတော့တာမို့ စိတ် ထဲက မနှစ်မြို့ပေမယ့်လည်း မတွေ့တွေ့အောင် လိုက်ရှာပေးရတော့မှာ ပင်။

"ဟာ တစ်လကြီးများတောင် ကြာတယ်"

"ညီရယ် ကိုကိုက သူ ဘယ်သွားမှန်းမှ မသိတာကို၊ နောက် ပြီး ဆေးရုံတစ်ဖက်နဲ့ အားတဲ့အချိန်လေးပဲ လိုက်ရှာရမှာ"

"ကောင်းပြီလေ ဒါဆို ညီပါ ဝိုင်းရှာပေးမယ်၊ အကယ်၍ ပြန်တွေ့လို့ အိမ်ကိုပြန်ခေါ်လာရင် ကိုကို ဝိုင်းကို အမြန်ဆုံးလက်ထပ်ရ မှာနော်"

"ဟာ မင်း တောင်းဆိုတာ များလိုက်တာကွာ"

"များတယ်ဆိုရင်လည်း ညီ မတောင်းဆိုတော့ဘူးလေ၊ ဆေးကို လည်း မှန်မှန်မသောက်တော့ဘူး၊ ဝိုင်းကို ပြန်ရှာတွေ့မှ သောက်တော့ မယ်"

"ဒီလိုအကျပ်မကိုင်နဲ့လေ ညီရာ"

"အကျပ်ကိုင်တာ ညီ့အတွက်မဟုတ်ဘူး ကိုကို့အတွက် ဝိုင်းကို ကိုကိုလက်လွှတ်ဆုံးရှုံးသွားမှာစိုးလို့ ဝိုင်းလို ရိုးသားဖြူစင်တဲ့မိန်းကလေး မျိုးကို ကိုကို့ရင်ခွင်ထဲကို ညီ ရက်ရက်ရောရော အပ်ပေးတာပါ"

သူကပဲ အထက်စီးက ပြန်ပြောရတယ်ရှိသေးဟူသော အကြည့်

www.burmeseclassic.com



ဖြင့် ခပ်မဲ့မဲ့ ကြည့်လိုက်သည်။

"နေပါကွာ မင်းရဲ့ဝိုင်း ငါနဲ့လက်ထပ်ရင် ဆရာဝန်ကတော် ဖြစ်မှာမို့ မင်းကိုယ်တိုင် ဝိုင်းကိုယ်စား အပိုင်ဖမ်းပေးလိုက်တာမဟုတ်လား။ အဟက် ဒီလိုညီမျိုး လောကကြီးထဲမှာ ငါတစ်ယောက်ထဲ ပိုင်ဆိုင်ရတာထင်ပါရဲ့ ဟွန်း ကံဆိုးလိုက်တဲ့ ဝေယံမင်းသျှ"

ဝေယံ စကားအဆုံး အာကာ ခွက်ထိုးခွက်လန် ထရယ်တော့သည်။

ဘာပဲဖြစ်ဖြစ် ဆေးပုံမှန်သောက်အောင် ခဏတော့ မက်လုံးပေးရမှာပဲ မဟုတ်လား။

ဝေယံ့ဘဝမှာ မိဘနှစ်ပါးပြီးလျှင် အလေးအနက်ထား ချစ်မြတ်နိုးရမယ့်သူက ညီလေး အာကာပါပဲ။

■ ■ ■

"ဝိုင်း ဝိုင်း"

ကားဘေးမှ ဖြတ်သွားသော မိန်းကလေးတစ်ယောက်ကို နောက်ကျောမှ ဖြတ်ခနဲ မြင်လိုက်ရသည့်အတွက် မီးပွိုင့်မိ၍ ရပ်ထားရသော ကားပေါ်မှ အာကာ ကမူးရှူးထိုးဆင်းကာ အနောက်မှပြေးလိုက်ပြီး ခေါ်သည်။

ဝိုင်း လှည့်အကြည့် မကြားဘူးထင်၍ အမိလိုက်ရန် ခြေလှမ်းကို အရှိန်ထပ်မြှင့်လိုက်သည်။

"ဝိုင်း ခဏရပ်ပါဦး ဝိုင်း ကိုယ်ပါ"





နှုတ်မှ တတွတ်တွတ်ပြောပြီး မီလုမီခင် ဖြစ်နေသော ဝိုင်း၏ လက်မောင်းကို အနောက်မှ လှမ်းဆွဲထားလိုက်သည်။

"ရှင် ဘာလို့ လူကို ဆွဲရတာလဲ ရူးနေလား၊ ဟင်း ပုံကိုက ဆေးသမားရုပ်နဲ့"

"ဟင် ဝိုင်း ဝိုင်း မဟုတ်ဘူးပဲ"

မှိုချိုးမှုစ်ချိုး ပြောလာသော မျက်နှာကိုမြင်လိုက်ရတော့ ဝိုင်း မဟုတ်၊ ဝိုင်းနှင့်ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်နှင့် ဆံပင်ပုံစံကအစ တူနေ၍ လူမှားပြီး ခေါ်လိုက်ခြင်းပင်။

ထိုမိန်းကလေး၏စရိုက်ဆန်သော ရန်တွေ့ချက်တွေက အာကာ့ ထံမှ အင်အားတွေကို စုပ်ယူလိုက်သလို လူက မတ်မတ်တောင် မရပ်ချင်တော့ဘဲ ရင်တွေတလှပ်လှပ် ခုန်လာသည်။ စိတ်ကိုမနည်းတင်းပြီး

"ဆော ဆောရီးပါဗျာ ကျွန်တော် လူမှားသွားလို့ပါ"

မောဟိုက်နေသော အသံဖြင့် အားယူကာ တောင်းပန်တိုးလျှိုးပြီး မီးပွိုင့်တွင်ရပ်ထားခဲ့သော ကားရှိရာသို့ ဒယီးဒယိုင်ဖြင့် ပြန်၍ လျှောက်လာခဲ့ရသည်။ ကားသမားတွေ၏ ဆဲသံဆိုသံတွေကိုပင် အာကာ ဂရုမစိုက်နိုင်ဘဲ ကားပေါ်ပြန်ဝင်ထိုင်ပြီး ကားစက်နှိုးကာ မောင်းထွက်ခဲ့လိုက်၏။

ဝိုင်း ဝိုင်းရယ် ဘယ်ရောက်နေတာလဲကွာ၊ ဝိုင်း ကိုယ့်ကို [illegible] သွားတာ လပေါင်းမနည်းတော့ဘူး။ ကိုယ် ဝိုင်းကို မသေခင်လေးမှာ တွေ့သွားပါရစေ ဝိုင်းရယ်။ ကျေးဇူးပြုပြီး ကံကြမ္မာကြီးကို တိုင်တည်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော်ဟာ သိပ်မကြာခင်မှာ သေဆုံးရတော့မယ့်လူတစ်ယောက်ပါ။ ကျွန်တော် မသေခင်မှာ ပိုင်းရဲ့မျက်နှာလေးကို တွေ့ခွင့်ရခဲ့မယ်ဆိုရင် နောင်ဘဝတွေမှာ လူဖြစ်ခွင့်မရလည်း ကျေနပ်ပါတယ်။

ကားမောင်းရင်း မျက်ရည်တွေ စီးကျကာ အရူးတစ်ယောက်လို တိုင်တည်နေသော အာကာ၏မျက်လုံးတွေသည် လမ်းဘေးဝဲယာရှိ လူတွေကြားထဲမှ ပိုင်းကို တွေ့လိုတွေ့ငြား ရှာနေမိပြန်သည်။

စိတ်ဓာတ်တွေ ဒီလောက်ပြင်းထန်နေမှတော့ ကိုယ့်ဆန္ဒတွေ မသေခင်လေး ပြည့်သွားမယ်ဆိုတာ ကိုယ် ယုံကြည်နေတယ်ပိုင်းရယ်။

ပိုင်းကို ခုနေ တွေ့လိုက်ရလို့ မနက်ဖြန် ကိုယ် လောကကြီးထဲက ထွက်ခွာရမယ်ဆိုရင်လည်း ကိုယ် ထွက်သွားပါ့မယ်။

ကိုယ့်အတွက် အချိန်သိပ်မကျန်တော့ဘူး ပိုင်းရယ်။

■ ■ ■

## အခန်း (၃၃)

"ညီ ပိုင်းကို ကိုကိုလည်း နေ့တိုင်းရှာနေပါတယ်ကွာ၊ ဒါကြောင့် ညီ ထွက်မရှာပါနဲ့တော့၊ ညီ အရမ်းပင်ပန်းနေပြီကွ"

အရိုးပေါ် အရေတင်ကာ ပိန်လှီနေသော အာကာ၏လက်ချောင်းပိန်ပိန်လေးတွေကို ကိုင်ပြီး ဝေယံ ရင်ထဲမှာ မကောင်းလှ။ အဖြစ်ဆိုးလိုက်တဲ့ညီလေးရယ်ဟုသာ အော်ဟစ်ပြောပြီး စိတ်ရှိတိုင်း ငိုလိုက်ချင်သူပါ။

"ကိုကို ရှာနေတာ ခြောက်လကျော် ခုနစ်လထဲတောင် ရောက်နေပြီလေ၊ ဘယ်မှာရှာတွေ့လို့လဲ"

အာကာ့အသံတွေက ရှုံသံပေါက်နေပြီး သိပ်မပီပြင်တော့။ လပိုင်းအတွင်း စိတ်မချမ်းမြေ့မှုတွေနှင့် ကြုံကြိုက်နေရ၍ ဝေဒနာက တိုးတက်ကောင်းမွန်မလာ။ ပိုပို၍သာ ဆိုးလာသည်။

www.burmeseclassic.com



ဝေယံစိတ်ထဲ ဘယ်လိုမှ မကောင်းနိုင်တော့။ ညီလေး ဒီလိုဖြစ်ရတာ ကိုယ့်ပယောဂမကင်းဘူးဟု ယူဆပြီး နေ့စဉ်နှင့်အမျှ ဝိုင်းကို ရှာပါသည်။

အကယ်၍ ရှာတွေ့ခဲ့လျှင်လည်း ညီသဘောအတိုင်း ကြည်ကြည်ဖြူဖြူ လက်ထပ်ဖို့ စိတ်ဆုံးဖြတ်ပြီးသားပါ။

"မာမီတို့ရော"

ဒယ်ဒီနှင့်မာမီပါ အာကာ့အခြေအနေဆိုးဝါးလာပြီမို့ နိုင်ငံခြားမှ ပြန်လာခဲ့ကြသလို ကျန်းမာရေးကောင်းစပြုနေသော ဒေါ်သီတာလင်းတို့ မိသားစုကို ခဏထားခဲ့ပြီး လေးလေးပါ ပြန်ရောက်နေပြီ။ တူဖြစ်သူအတွက် စိတ်မကောင်းဖြစ်လွန်း၍ သီးထန်စွာ ငိုကြွေးကြသေးသည်။

"မာမီတို့ ညီ့အတွက် ဘုရားမှာ ယကြာသွားချေကြတယ် ညီရဲ့"

"ညီ့အတွက် အဲဒါတွေ မလိုတော့ပါဘူး ကိုကိုရာ၊ ညီက သွားရတော့မယ်သူပါ၊ ဪ ကိုကို ပဟောဟိုမှန်ပြတင်းကို လိုက်ကာစ တစ်ခုနဲ့ ဖုံးပေးထားပါလား"

မှန်ပြတင်းရှိရာသို့ အားယူလက်ညှိုးထိုးပြီး တောင်းဆိုလာသော အာကာ့ကိုကြည့်ပြီး ဝေယံ မျက်ရည်တို့ စိမ့်ကျလာကာ

"ဘာဖြစ်လို့လဲ ညီ"

"အဲဒီမှန်ထဲမှာ ကြောက်စရာကောင်းတဲ့ ညီ့ရုပ်ကြီးပေါ်နေတယ် ကိုကိုရဲ၊ ညီအရင်လို မချောတော့ဘူး၊ ခုနေ ညီ့သူငယ်ချင်းတွေနဲ့ ဝိုင်း





သာမြင်ရင် မှတ်မိပါ့မလား"

"ညီ ညီရယ် ခုချိန်မှာ ဒါတွေပြောမနေပါနဲ့ ညီ နေပြန်ကောင်းလာရင်လေ ညီ့မျက်နှာက အရင်လို ခန့်ခန့်ညားညားနဲ့ ကိုရီးယားမင်းသားစတိုင် ပြန်ဖြစ်လာမှာပါ ညီရဲ့"

ဝေယံ မအောင့်အီးနိုင်တော့။ မျက်နှာကို ညီ့ရင်ဘတ်ပေါ်အပ်ကာ ယောကျ်ားကြီးတန်မဲ့ ရှိုက်ငိုလိုက်တော့သည်။

ဝေယံအနေနဲ့ ဖြစ်နိုင်လျှင် ညီ့ကို ဆေးရုံတင်ချင်တာပါ။ ညီက ဆေးရုံကို မသွားချင်ဘူးဆို၍သာ နာ့စ်တွေနဲ့မပြတ် စောင့်ကြည့်ပြီး Home Care အနေနဲ့ ထားရခြင်းဖြစ်သည်။

ဒါတောင် လစ်လျှင်လစ်သလိုကို ကားမောင်းပြီး ဝိုင်းကို ထွက်ရှာနေသဖြင့် ဝေယံမှာ ညီ့ကိုမျက်ခြေမပြတ် စောင့်ကြည့်နေရသည်။

"ကိုကို ညီ ဝိုင်းကို အိပ်မက်မက်တယ် သိလား၊ ဝိုင်းက ဈေးရောင်းနေတယ်၊ ညီ သူ့ဆီရောက်သွားတော့ သူကလေ သူရောင်းနေတဲ့အထဲက ဖရဲသီးစိတ်အကြီးကြီး ညီ့ကို ကျွေးတယ်၊ ညီ စားလို့ကောင်းလိုက်တာ ကိုကိုရာ"

"ဟင် ညီ ညီသူ့ကို အိပ်မက်မက်တယ် ဟုတ်လား"

"အိပ်မက်ဆိုတာထက် ညီက ဝိုင်းဆီကို တကယ်ရောက်သွားရသလို ခံစားလိုက်ရတယ်၊ ဒီထက် ဝမ်းသာစရာကောင်းတာကလေ ဝိုင်းမှာ ကိုကိုနဲ့ရတဲ့ ကိုယ်ဝန်လွယ်ထားရတယ်ဗျ"

ဝိုင်းအကြောင်း ပြောနေသော ထိုတဒင်္ဂတွင် အာကာ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



သည် သွေးရောင်ပြန်လွှမ်းလာသလို မျက်နှာလေးလည်း လန်းလာသလို ခံစားလိုက်ရသည်။

အချစ်ကြီးလိုက်တဲ့ ညီရယ်။ အချစ်ကို သေချာ မခံစားတတ်ခဲ့တဲ့ ကိုကိုတောင် ညီရဲ့အချစ်ကို မလေးစားဘဲနဲ့ မနေနိုင်တော့ပါဘူး။

စိတ်ချပါ ညီရယ် ကိုကိုလေ ဝိုင်းကိုတွေ့အောင်ရှာပြီး ညီပေးချင်ပေမယ့် ပေးခွင့်မရတဲ့ ညီ့ကိုယ်စား ကိုကိုက ချစ်ပေးပါ့မယ်ကွာ။

■ ■ ■

"မဝိုင်းရေ ဒီနေ့ ဖရဲသီးလေးက အရင်နေ့တွေကထက် ပိုပြီးချိုတယ်ဟ၊ နင် ဆေးသကြားရည်တော့ မဖျန်းထားပါဘူးနော်"

ကြာဖံသုပ်သည် မဆွေမြင့်က ဝိုင်းဆီမှ ဖရဲသီးကို အမြဲဝယ်စားနေကြ။

ဝိုင်း နီနီရဲရဲ ဖရဲသီးစိတ်တွေအပေါ် ရေစွတ်ထားသော ဇာပဝါလေးကိုအုပ်လိုက်ပြီး

"ဘယ်ကဖျန်းရမှာလဲ မဆွေမြင့်ရယ်၊ အဲ့ဒါ သဘာဝအချိုပါ၊ စိတ်ချ ဝိုင်းမှာလည်း ကိုယ်ဝန်လွယ်ထားရတာ မဟုတ်တာ လုပ်မရောင်းပါဘူး"

"အေးပါအေ ငါက နောက်တာပါ၊ ဒါနဲ့ နင် ဒီနေ့ ဗိုက်သွားအပ်ရမယ့်ရက်မဟုတ်လား"

"ဟုတ်တယ် မဆွေမြင့်၊ ဒီ ဖရဲသီးလေးကုန်ရင်တော့ နောက်တစ်လုံးထပ်မစိတ်တော့ဘူးလေ၊ စောစောသိမ်းပြီး ဆေးခန်းမှာ ဗိုက်သွား





အပ်ရမှာ"

"ဘယ်သူနဲ့သွားမှာလဲ၊ ငါ့သမီးကို အဖော်ထည့်ပေးလိုက်ရမလား"

"ဝိုင်းသူငယ်ချင်းသဲစု လာခဲ့မယ်လို့တော့ ပြောတယ် မဆွေမြင့်ရဲ့"

"ညည်း ဒီထက်ကိုယ်ဝန်ရင့်လာရင်တော့ ဖရဲသီးရောင်းနေလို့မရတော့ဘူးနော်၊ ဖရဲသီးတစ်လုံးရဲ့အလေးချိန်က နင့်နေတာ၊ မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာစိုးလို့ သတိပေးတာ"

"ဟုတ်ကဲ့ပါ မဆွေမြင့်ရဲ့၊ အဲဒီကျတော့လည်း ဆိုက်ကားသမား ဦးမြမောင်ရဲ့ညီမအဆက်အသွယ်နဲ့ ဖုန်းဆင်းကဒ်တွေ ရောင်းမယ်လေ"

ဖရဲသီးလည်းရောင်း စကားလည်းဖောင်ဖွဲ့အောင် ပြောနေသော ဝိုင်းသည် ရင်သွေးလေးအတွက် အင်အားတွေကို မွေးဖွားပေးနေသည်။

ထိုစဉ် ကားတစ်စီး ကျွီခနဲ ထိုးစိုက်လာသဖြင့် မဆွေမြင့်နှင့် စကားပြောနေသော ဝိုင်း ထိုကားပေါ်မှဆင်းလာသော ပိန်ချုံးချိနဲ့နေသော အာကာ့ကိုမြင်ပြီး ဖဝေဖဝါဖြစ်သွားကာ သေချာပြန်ကြည့်လိုက်သည်။

ဝေယံ ကားမောင်းသူနေရာက ဆင်းလာတာမြင်တော့မှ မျက်နှာအမူအရာ ပျက်ကာ

"ဟင် ကိုကို"

"ဝိုင်း"



www.burmeseclassic.com

www.burmeseclassic.com



အာကာ ဝိုင်းကို တိုးသဲ့သဲ့ ခေါ်သည်။

"အာ အာကာ"

ဝေယံကိုမြင်မှ ကိုယ့်ရှေ့တွင် လဲကျမတတ် ချိနဲ့နဲ့ ရပ်နေသော အာကာ့ကို ပုံဖမ်းမိသွားကာ ချက်ချင်းဆိုသလို အာကာ့ဆီ လျှောက်သွားလိုက်သည်။

"ဝိုင်း ကိုယ့် ကိုယ့်ကိုမှတ်မိတယ်နော်၊ ကိုယ်လေ ဝိုင်းကို ရှာနေတာ ကြာပြီ"

"အာကာ အာကာရယ် ဝိုင်းနဲ့မတွေ့တဲ့အချိန်တွေမှာ အာကာ ဒီလိုအခြေအနေအထိတောင် ပြောင်းလဲသွားရလား"

ဝိုင်း တအိအိနှင့် ငိုပါတော့သည်။ ဝေယံ ဝိုင်းနားကိုလျှောက်လာပြီး

"ဒါတွေအားလုံးဟာ ကိုယ့်အပြစ်တွေပါ ဝိုင်းရယ်"

ဝိုင်း ဘာမှပြန်မပြောရဲ။ အာကာ့ကိုကြည့်ပြီး မျက်ရည်က မဆည်နိုင်။ မချွေမြင့်နှင့်တခြား ဈေးသည်တွေ ဝိုင်းကြည့်နေကြတာကို လည်း ဂရုမစိုက်နိုင်တော့။

"ဝိုင်းကို မတွေ့ရမချင်း ကိုယ် မသေပါဘူး ဝိုင်းရ"

"အို ခုပြန်တွေ့ရလည်း အာကာ မသေပါဘူး ဝိုင်း ဝိုင်းကြောင့် အာကာ စိတ်ဝေဒနာတွေပါ ခံစားလိုက်ရတဲ့အတွက် ဝိုင်းကိုခွင့်လွှတ်ပါ ဝိုင်း ထွက်သွားတာလောက်နဲ့ အာကာ ဒီလောက်ထိ ဖြစ်သွားလိမ့်မယ်လို့ ဝိုင်း မတွေးမိဘူး၊ အဲလို ဖြစ်မယ်မှန်းသိရင် ကိုကို ဘာပြောပြော





ဝိုင်း ကြိတ်မှိတ်သည်းခံပြီး နေခဲ့မိမှာပါ"

"ခု ကိုကိုက ဝိုင်းကို ဘာမှမပြောတော့ဘူး"

"ဟုတ်ပါတယ် ဝိုင်းရယ် ကိုယ် ဝိုင်းကို ဘာမှမပြောတော့ပါဘူး။ ဝိုင်းရဲ့ရိုးသားမှုတွေကို ကိုယ် ဖွတ်အတင်း နှိမ့်ချပြောဆိုခဲ့တဲ့အတွက် ကိုယ်ကတောင် တောင်းပန်ရမှာပါ"

"မလိုပါဘူး ကိုကိုရယ်၊ ဝိုင်း ကိုကို့အပေါ် ဘယ်တုန်းကမှ အပြစ်မယူခဲ့ပါဘူး"

ရိုးသားအေးချမ်းလွန်းသော ဝိုင်း၏အလှတရားတွေသည် ချွေးနေပူအောက်မှာ နေရောင်နှင့်အပြိုင် တောက်ပဝင်းလက်နေသည်။

"ဝိုင်း ဒီကိုယ်ဝန်ဟာ ကိုကို့ကိုယ်ဝန်မဟုတ်လား"

"ရှင်"

ချွေးစို့နေသော ဝိုင်း၏မျက်နှာလေးပေါ်မှ ရှက်သွေးရောင် လွှမ်းသွားသည်။ အာကာ့အမေးကြောင့် ဝိုင်း ဝေယံ့ကို မော်တောင်မကြည့်ဝံ့တော့။

"ဖြေလေ ဝိုင်း"

ဒီတစ်ခါ မေးခဲ့သူက ဝေယံဖြစ်သည်။

ဝိုင်း မဖြေ၍မှမရတာ။ ဒီတော့ အမှန်အတိုင်း ဖြေရတော့မှာပေါ့။

"ဝိုင်းဘဝမှာ ကိုကိုနဲ့ပဲ ပတ်သက်ခဲ့ဖူးတာပါ"

တိုးတိတ်ကာ ရှိုးတိုးရှန့်တန့် ဖြေလိုက်သော ဝိုင်း၏အဖြေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဝေယံရင်ထဲ ဒိတ်ခနဲ ခုန်ကာ စိတ်တွေလှုပ်ရှားလာသည်။

"အာကာ ကြားလား ညီ၊ အဲ အဲဒါ ကိုကို့ရဲ့ရင်သွေးလေးတဲ့"

ဖြူဖျော့နေသော အာကာ့မျက်နှာပေါ်မှာ ကျေနပ်ရိပ်တွေ ဖုံးလွှမ်းသွားသည်။

"ညီ မပြောဘူးလား ကိုကို၊ ညီရဲ့စွဲလမ်းစိတ်ကြောင့် ညီဟာ ဝိုင်းဆီကို ရောက်လာခဲ့ပြီးသားပါ၊ ဘာပဲဖြစ်ဖြစ် မာမီတို့ ဒယ်ဒီတို့ကို အသိပေးဖို့အတွက် ဝိုင်း အိမ်ကို လိုက်ခဲ့ပါ"

"ရှင်"

ဝေယံကို တအံ့တသြ မော့ကြည့်သည်။ အာကာ့ကိုလှမ်းကြည့်တော့ အာကာ ကားဆီသို့ ခြေလှမ်းချိန်နဲ့နဲ့ဖြင့် လျှောက်သွားသည်။ ကားတံခါးဖွင့်လျက်သားကြီး ဖြစ်နေသော ကားအတွင်းထဲသို့ အာကာ ဝင်ထိုင်ပြီး ထိုင်ခုံကိုကျောမှီပြီး မျက်လုံးတို့မှေးစင်းလိုက်သည်။

လူက အင်အားတွေ တဖြည်းဖြည်း ဆုတ်ယုတ်လာ၍ ကြာကြာ မရပ်နိုင်ဖြစ်ကာ ကားထဲဝင်ထိုင်နေခြင်း ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အာကာရဲ့မြင့်မြတ်သော ချစ်ခြင်းတရား၏ စွဲလမ်းတမ်းတမှုကြောင့် ဝိုင်းကိုမသေခင်လေးမှာ တွေ့ခွင့်ရခဲ့ပြီ။ ခုနေ သေမယ်ဆိုလျှင်တောင် ကျေကျေနပ်နပ်ကြီး သေဝံ့ပါပြီ။

မတွေ့ကြရသော ကာလတစ်လျှောက်မှာ ဝိုင်းဟာ သူ ဘယ်လောက်ရိုးသားစွာ ရှင်သန်ခဲ့ပါသလဲဆိုတာကို ကိုကို့မြင်အောင် သက်သေ ပြခဲ့ပြီးပြီပဲ။ အာကာ ကောင်းကောင်းကြီး ကျေနပ်အားရပါသည်။





အောက်စီဂျင်အလုံအလောက် မရတော့သလို အသက်ရှူမ ဖြောင့်တော့သော အာကာသည် ရှိသမျှ အင်အားလေးနှင့် အသက်ကို ခပ်ပြင်းပြင်း ရှူနေရသည်။

ကားအပြင်ကို ဝေဝေဝါးဝါး လှမ်းကြည့်တော့ ကိုကို့နောက်မှ ဝိုင်း လိုက်လာသည်။ ကိုကို့မျက်နှာပေါ်မှာ ဝိုင်းကို မုန်းသော အမုန်းတရားတွေမရှိတော့သည်ကို ခပ်ရေးရေး မြင်ခွင့်ရခဲ့ပါသည်။

"ကဲ ညီရေ ဝိုင်းကို ကိုကို့အိမ်ကို အပါခေါ်ခဲ့ပြီနော်"

အာကာ မျက်လုံးအစုံကို မှေးမိတ်ထားလျက် လေသံမှုန်မှုန်း ဖြင့်

"ကျေးဇူးပဲ ကိုကို၊ ဝိုင်း ရှေ့ခန်းမှာ သွားထိုင်ပါ"

နောက်ခန်းတံခါးဖွင့်ပြီး ဝင်ထိုင်ဖို့ ဟန်ပြင်နေသော ဝိုင်းကို ရှေ့ခန်းမှာထိုင်ဖို့ ပြောလိုက်သည်။

ဝိုင်း လိမ္မာပါသည်၊ အာကာခိုင်းသလို ရှေ့ခန်းမှာ ပြောင်းထိုင် ရှာပါသည်။ သို့သော် ဝိုင်းအကြည့်တွေက အာကာ့ဆီသို့လှည့်တကြည့် ကြည့်။

အာကာ့ကိုကြည့်ပြီး ဝိုင်း ငိုချင်နေသည်ဆိုတာ အာကာ သိ တာပေါ့။

မငိုပါနဲ့ ဝိုင်းရယ်။ ကိုယ် ကျေနပ်နေတဲ့ ဘဝင်စိတ်ကလေး မပျက်စီးဖို့အတွက် ကျေးဇူးပြုပြီး ဝိုင်းရဲ့မျက်ရည်စတွေကို မြိုသိမ်း ထားလိုက်စမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးရေ ကျွန်တော့်ကို ခုချက်ချင်းတော့ လောကအပြင် ရဲ့မှောင်မိုက်တဲ့ဆီကို မခေါ်ပါနဲ့ဦး။ ကျွန်တော် ထပ်ဖတောင်းဆိုပါရစေ။

နောက်ထပ် ရက်အနည်းငယ် ဒါမှမဟုတ် နာရီအနည်းငယ် အထိ ပိုင်းအနားမှာ နေချင်သေးလို့ပါ။

ကျွန်တော် ပိုင်းကို တကယ်ချစ်ခဲ့ပါတယ်ဆိုတဲ့ သစ္စာမှန်ခဲ့မယ် ဆိုရင်ပေါ့။

ဘာပဲဖြစ်ဖြစ် ဒီတစ်ခုကိုတော့ နောက်ဆုံးအကြိမ် လိုက်လျော ပေးပါ။ ကျွန်တော် နောက်ထပ် ဘာမှထပ်ပြီး မတောင်းဆိုတော့ပါဘူး။

ကျွန်တော် လောဘကြီးမှန်း သိပါတယ်။ ဒါပေမဲ့ အဲဒီလောဘ က ပိုင်းကိုချစ်လို့ ထပ်တိုးလာတဲ့ လောဘလေးတစ်ခုပါ။

ပန်းသတ်အတွက်
အမြဲတမ်း
ဖျူး

www.burmeseclassic.com